၁၀၁၂၀

ညောင်ရမ်းဇေယျပဏ္ဍိတ

၏

# ဓမ္မဒေသနာတော်
# နယသာဂရများကျမ်း

…တောသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦး
ကမ္ဘာအေး၊ ရန်ကုန်။

ကာယသုခပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း
ရန်ကုန်မြို့ ။

ကာယသုခ A

ပုံနှိပ်ခြင်း။

၁၉၇၇-ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ် အုပ်ရေ (၂၀၀၀)

၂၉၄.၃
ဇ၊သ၁၂
၁၀၁၂၀
၁၊ ၄ ၂

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၉၄၉၉)

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်လှမြင့် (မြဲ-၀၂၀၉၀) ကာယသုခ ပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍။ ။ဦးဇေယျ- (မြဲ-၀၁၁၉၈) ညောင်ရမ်းဇေယျပဏ္ဍိတာ ရတနာ့စုံ စာပေ၊ အမှတ် ၁၁-၁၃၊ အနောက်ရွှေဂုံတိုင် (၄) လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

တန်ဖိုး ၁၀-ကျပ်။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးပဏာမနှင့်အာသီသ .... | ၁ |
| ၂။ | ကြဉ်ရှောင်ရမည့်ဒုစရိုက်(၁၀)ပါး .... | ၇ |
| ၃။ | ပုညကြိယာ (၁၀)ပါး .... | ၈ |
| ၄။ | ပါရမီ(၁၀)ပါး .... | ၁၀ |
| ၅။ | ကျင့်ဆောင်ရမည့် သုစရိုက်(၁၀)ပါး .... | ၁၂ |
| ၆။ | စံချိန်နှုန်းများ .... | ၁၃ |
| ၇။ | လုံ့လဝီရိယစွမ်းအားဖြင့်မပြီးစီးသော ကိစ္စဟူသည်မရှိ .... | ၁၄ |
| ၈။ | အကုသိုလ်(၁၄)ပါးနှင့်အကျိုးပေး .... | ၁၄ |
| ၉။ | အကုသိုလ်အကျိုးပေးဟန်များ .... | ၁၆ |
| ၁၀။ | ကုသိုလ်နဲ့အကုသိုလ်သဘောလက္ခဏာ .... | ၂၀ |
| | ကုသိုလ်၏သဘောလက္ခဏာ .... | ၂၀ |
| | အကုသိုလ်၏သဘောလက္ခဏာ .... | ၂၀ |
| ၁၁။ | ဘုရား၏အဆုံးအမ .... | ၂၀ |
| ၁၂။ | အကုသိုလ်အတွဲများ .... | ၂၁ |
| ၁၃။ | အာသဝတရား(၄)ပါး .... | ၂၁ |
| ၁၄။ | ဩဃ(၄)ပါး .... | ၂၁ |
| ၁၅။ | ယောဂ(၄)ပါး .... | ၂၁ |
| ၁၆။ | ကာယဂန္ထ(၄)ပါး .... | ၂၂ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ | ဥပါဒါန်(၄)ပါး | .... | ၂၂ |
| ၁၈။ | ရှင်းလင်းချက် | .... | ၂၂ |
| ၁၉။ | အကုသိုလ်စိတ်(၁၂)ပါး | .... | ၂၃ |
| ၂၀။ | အကုသိုလ်စိတ်၏စေတသိက်(၁၄)ပါး (ဝါ)ဆိုခဲ့ပြီး ကိလေသာ(၁၀)ပါး | .... | ၂၃ |
| ၂၁။ | နီဝရဏ(၆)ပါး | .... | ၂၃ |
| ၂၂။ | အနုသယ(၇)ပါး | .... | ၂၄ |
| ၂၃။ | သံယောဇဉ်(၁၀)ပါး | .... | ၂၄ |
| ၂၄။ | ကိလေသာဆိုသည်မှာ | .... | ၂၅ |
| ၂၅။ | မီး(၁၁)ပါး | .... | ၂၅ |
| | မီးဆိုသည်မှာ | .... | ၂၆ |
| ၂၆။ | ဗောဓိပက္ခိယ(၃၇)ပါး | .... | ၂၆ |
| | ၁။ သတိပဋ္ဌာန်တရား(၄)ပါး | .... | ၂၆ |
| | ၂။ သမ္မပ္ပဓာန်တရား(၄)ပါး | .... | ၂၆ |
| | ၃။ ဣဒ္ဓိပါဒ်(၄)ပါး | .... | ၂၆ |
| | ၄။ ဣန္ဒြေ(၅)ပါး | | ၂၆ |
| | ၅။ ဗိုလ်(၅)ပါး | | ၂၆ |
| | ၆။ ဗောဇ္ဈင်(၇)ပါး | .... | ၂၇ |
| | ၇။ မဂ္ဂင်(၈)ပါး | .... | ၂၇ |
| ၂၇။ | တရား | | ၂၈ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၈။ | ခန္ဓာ(၅)ပါး | .... | ၂၈ |
| ၂၉။ | အာယတန(၁၂)ပါး | .... | ၂၈ |
| | အခံဓာတ်(၆)ပါး | .... | ၂၈ |
| | အတိုက်ဓာတ်(၆)ပါး | .... | ၂၈ |
| ၃၀။ | ဓာတ်(၁၈)ပါး | .... | ၂၉ |
| ၃၁။ | သစ္စာ(၄)ပါး | .... | ၃၀ |
| ၃၂။ | ဥဒေ ယျခံတရား(၅)ပါး | .... | ၃၀ |
| ၃၃။ | ဝိဇ္ဇာ(၃)ပါး | .... | ၃၁ |
| ၃၄။ | ဝိဇ္ဇာ(၈)ပါး | .... | ၃၁ |
| ၃၅။ | စရဏ(၁၅)ပါး | .... | ၃၁ |
| ၃၆။ | သစ္စာ(၄)ပါး | .... | ၃၂ |
| ၃၇။ | တရားကျင့်သော်လဲ မဂ်,ဖိုလ် မရထိုက်သော ပုဂ္ဂိုလ်(၁၆)ယောက် | .... | ၃၂ |
| ၃၈။ | ဝိဇ္ဇာဉာဏ် | .... | ၃၃ |
| ၃၉။ | ဘုရား | .... | ၃၄ |
| ၄၀။ | တရား | .... | ၃၅ |
| ၄၁။ | အသာဓာရဏ ဉာဏ်တော်(၆)ပါး | .... | ၃၅ |
| ၄၂။ | အနန္တဂုဏ်တော်(၆(ပါး | .... | ၃၆ |
| ၄၃။ | ဘုန်းတော်(၆)ပါး | .... | ၃၆ |
| ၄၄။ | ရောင်ခြည်တော်(၆)ပါး | .... | ၃၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၅။ | တရားဂုဏ်တော်(၆)ပါး .... | ၃၇ |
| ၄၆။ | ဗုဒ္ဓဘုရားရှင်တော်သည် မိမိ၏ ဓမ္မတရားတော်နှင့် ပတ်သက်၍ .... | ၃၉ |
| ၄၇။ | ဗုဒ္ဓ၏ ဂုဏ်တော်(၉)ပါးတွင် "သုဂတ"မှာ .... | ၄၀ |
| ၄၈။ | သစ္စာ(၄)ပါး–အရိယာသစ္စာ(၄)ပါး .... | ၄၁ |
| ၄၉။ | တရားကျင့်နည်းအစဉ်(ကြိုတင်ပြင်ဆင်မှု) .... | ၄၁ |
| ၅၀။ | သမထ, ဘာဝနာ, အာနာပါနလုပ်ထုံး .... | ၄၂ |
| ၅၁။ | အာနာပါန လုပ်ထုံး .... | ၄၃ |
| ၅၂။ | မေတ္တာချာန် ဝင်စားနည်း .... | ၄၆ |
| ၅၃။ | ဒေါသဖြစ်လာက ဖြေနည်း .... | ၄၇ |
| ၅၄။ | မေတ္တာချာန် ပွားများဝင်စားရန်(သမထ) .... | ၄၈ |
| ၅၅။ | လူ့ဘဝမှ အနှစ်သာရ ရယူခြင်း .... | ၅၀ |
| ၅၆။ | အဘိဓမ္မာပရမတ္ထ တရားဒေသနာတော် .... | ၅၃ |
| ၅၇။ | ယောသက သူဌေးသားဝတ္ထု .... | ၅၆ |
| ၅၈။ | အာဃာတရန်ငြိုးဖွဲ့ခြင်း ဆုတောင်းမိုက်ခြင်း၏ အပြစ်များ သာကေတဝတ္ထုရဏ္ဍုမာလာ ကျွန်မသမီး ဖြစ်သည် .... | ၆၀ |
| ၅၉။ | ရဏ္ဍုမာလာကျွန်မ၏ ပုံထုံးဖြင့် ရန်ငြိုးအမျက် မသိုထားအပ်ပုံ .... | ၆၂ |
| ၆၀။ | ဓမ္မသုတ ဥပါသိကာမအကြောင်း .... | ၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၆၁။ | အရိယာ ဝိဇ္ဇာ သစ္စာ .... | ၆၆ |
| ၆၂။ | မောက္ခဒါတာနှင့် မဂ္ဂဒါတာ ဗုဒ္ဓသာသနာနှင့် အခြားသာသနာယှဉ်ပြချက် ဒေသနာတော်.... | ၆၇ |
| ၆၃။ | ဝိသုဒ္ဓိ(၇)ပါး .... | ၇၁ |
| ၆၄။ | ကိလေသာ(၁၀)ပါး .... | ၇၂ |
| ၆၅။ | မီး(၁၁)ပါး .... | ၇၂ |
| ၆၆။ | ကဏှဇာတ် နိပါတ် .... | ၇၂ |
| ၆၇။ | ဝသလသုတ်ကိုဟော၍ ပုဏ္ဏား အရဟတ္တဖိုလ် တည်ခြင်း .... | ၇၃ |
| ၆၈။ | လောကတွင် မှန်သောစကားသည် သစ္စာတရားသာ ဖြစ်ကြောင်း ကဏှဒီပါယန ဇာတ်တော်ဖြင့် သာဓကေ ပြုပါသည် .... | ၇၅ |
| ၆၉။ | အကုသိုလ်ကံသည် ငယ်သော်လည်း အပါယ် ကျမြဲတည်း .... | ၇၈ |
| ၇၀။ | မိဖုရားသာမာဝတီနှင့် အခြံအရံ ငါးရာတို့၏ အပရာ ပရိယ ဝေဒနီယကံ အကျိုးပေးခြင်း .... | ၈၀ |
| ၇၁။ | သတိပဋ္ဌာန်တရား(၄)ပါး .... | ၈၄ |
| ၇၂။ | ဒီဃဇာဏုသုတ္တန်ဒေသနာတော် လောကီ, လောကုတ္တရာချမ်းသာကြောင်းတရား(၈)ပါး | ၈၅ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၃။ | သုတနုဇာတ်နိပါတ်တော်လာ နယသာဂရ ဓမ္မဒေသနာတော် | .... | ၈၈ |
| ၇၄။ | သိ,ပယ်,ပွား,ချုပ် | .... | ၉၁ |
| ၇၅။ | ဣသိဒါသီရဟန္တာထေရီ | .... | ၉၂ |
| ၇၆။ | နယသာဂရဓမ္မဒေသနာတော် | .... | ၉၆ |
| ၇၇။ | ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ကြောင်းအင်္ဂါ(၅)ပါး | | ၉၈ |
| ၇၈။ | ပညာရှိတို့သည်အဘယ်ကြောင့် တရားအားထုတ်သနည်း | .... | ၉၉ |
| ၇၉။ | ပြုပြင်စီရင်အပ်သောအကြောင်းတရား(၄)ပါး | | ၉၉ |
| ၈၀။ | ဒါနနည်းသော် | .... | ၁၀၀ |
| ၈၁။ | သီလနည်းသော် | .... | ၁၀၀ |
| ၈၂။ | သမထနည်းသော် | .... | ၁၀၀ |
| ၈၃။ | ဝိပဿနာနည်းသော် | .... | ၁၀၀ |
| ၈၄။ | စိတ်အင်္ဂါ(၄)ပါး | .... | ၁၀၁ |
| ၈၅။ | သောတာပန်ဖြစ်ရန် | .... | ၁၀၁ |
| ၈၆။ | မြှူတက်စဉ် | .... | ၁၀၂ |
| ၈၇။ | အဋ္ဌကလာပ်ရုပ် ၈-ပါး | .... | ၁၀၃ |
| ၈၈။ | ၅၂၈-မေတ္တာဗြဟ္မစိုရ်များအားထုတ်နည်း | .... | ၁၀၃ |
| ၈၉။ | အရပ်(၁၀)မျက်နှာ | .... | ၁၀၄ |
| ၉၀။ | ပုဂ္ဂိုလ်တကျိပ်နှစ်ပါး | .... | ၁၀၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၁။ | စကြဝဠာချုပ်မှာ .... | ၁၀၇ |
| ၉၂။ | နိဂုံးချုပ် ၅၂၈–သွယ်ဖြစ်ပုံမှာ .... | ၁၀၇ |
| ၉၃။ | ဤပြဟ္မစိုရ်မေတ္တာ(၄)ပါးကိုပွားနည်းအပြင် | ၁၀၈ |
| ၉၄။ | မေတ္တာသုတ်ဇယား .... | ၁၀၉ |
| ၉၅။ | မေတ္တာအကျိုး(၁၁)ပါး .... | ၁၀၉ |
| ၉၆။ | မေတ္တာ(၃)မျိုး .... | ၁၀၉ |
| ၉၇။ | နိဗ္ဗာန နယသာဂရဓမ္မဒေသနာတော် .... | ၁၁၀ |
| ၉၈။ | ဓမ္မစကြာဇယား | |
| ၉၉။ | လောကဓာတ်အလင်းပွင့်တရားစကြာရတနာ | ၁၁၄ |
| ၁၀၀။ | လက်ဝဲရံ အဂ္ဂသာဝိကာမဥပ္ပလဝဏ်ထေရီမ တန်ခိုးအရာတေဒဂ်ရှင်၏တရားထူးရစေသော နယသာဂရဓမ္မ .... | ၁၁၇ |
| ၁၀၁။ | နိဗ္ဗာန်ရောက်ကြောင်းနည်းလမ်းကောင်း သီဟိုဠ်ကျွန်းမိဂပေါတသာမဏေဝတ္ထု .... | ၁၂၀ |
| ၁၀၂။ | ဓမ္မသုတဥပါသိကာမနှင့်ကဋ္ဌရဇ္ဇဝါသီ မဇ္ဈထေရ်တို့ ကာယဂတာသတိကမ္မဋ္ဌာန်းမှ သစ္စာလေးပါးသိမြင်နည်း .... | ၁၂၃ |
| ၁၀၃။ | မဂ်,ဖိုလ်နိဗ္ဗာန်တိုင်အောင်အားထုတ်ရသော တရား(၁၁)ပါး .... | ၁၂၅ |
| ၁၀၄။ | သစ္စာအနက်(၁၆)ချက် .... | ၁၂၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၅။ | သဒ္ဓါတရားဦးထူးကဲသော သဒ္ဓါတိဿ အမတ်ကြီး၏ ဓမ္မပီတိဓာတ်ဖြင့်တရားထူးရခြင်း .... | ၁၂၇ |
| ၁၀၆။ | နာဂါသတို့သမီးနှင့် မဟာအဘယထေရ်၏ သဒ္ဓါတရားစိတ်ဓာတ်နယူပဒေသနာတော်.... | ၁၃၁ |
| ၁၀၇။ | မူလပဏ္ဏာသပါဠိတော် မူဋ္ဌတဏှာသခ်ယ သုတ္တန်ဒေသနာတော် .... | ၁၃၅ |
| ၁၀၈။ | အနာထပိဏ္ဍိကောဝါဒသုတ် .... | ၁၃၇ |
| ၁၀၉။ | လောက (၂) ပါး .... | ၁၃၉ |
| ၁၁၀။ | သမ္မာဒိဋ္ဌိသုတ္တန်ဒေသနာတော် .... | ၁၄၂ |
| ၁၁၁။ | ဗုဒ္ဓသစ္စာ ဉာဏ်ရောင်ဖြာ ဓမ္မကျင့်နည်းဖြင့် တေရသနိပါတ် ဇဝနဟံသဇာတ် .... | ၁၄၄ |
| ၁၁၂။ | မဟာကပ္ပိနထေရ်နှင့်အနော်ဇာထေရီမ တရားဒေသနာအကြောင်း .... | ၁၄၅ |
| ၁၁၃။ | သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ် တို့ကြောင့် ၈၄၀၀၀-သောသူတို့ တရားထူးရခြင်း .... | ၁၅၀ |
| ၁၁၄။ | ခုနစ်နှစ်ရွယ်ပဏ္ဍိတသာမဏေရဟန္တာ ဖြစ်ခြင်း ဓမ္မဒေသနာတော် .... | ၁၅၂ |


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၅။ | ဧကနိပါတ်ဓမ္မဒေသနာတော် မစ္ဆရိယ ကောသိယသူဌေးအကြောင်း .... | ၁၅၆ |
| ၁၁၆။ | တပဥ္စကကမ္မဋ္ဌာန်း .... | ၁၅၈ |
| ၁၁၇။ | ဓမ္မပဒတရားတော်မှသန္တတိအမတ်ကြီး၏ ပရိနိဗ္ဗာန်ဓာတ်အထူး .... | ၁၅၉ |
| ၁၁၈။ | သုခသာမဏေယ်တရားထူးရရှိပုံ .... | ၁၆၂ |
| ၁၁၉။ | ပကိဏ္ဏကဝဂ်ဓမ္မဒေသနာတော် .... | ၁၆၅ |
| ၁၂၀။ | ဧရကပတ္တနဂါးမင်းတရားထူးအကျိုး ခံစားရမှု .... | ၁၆၉ |
| ၁၂၁။ | ဧကနိပါတ်အင်္ဂုတ္တရအဋ္ဌကထာ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ ပထမ သစ္စာလေးပါးသိဧတဒဂ်ဘွဲ့ရအညာသိ ကောဏ္ဍညမထေရ် .... | ၁၇၂ |
| ၁၂၂။ | နယသာဂရ ဓမ္မဒေသနာတော် သုတ္တန္တ ပိဋကတ် သံယုတ်ပါဠိတော်မှ အာယသုတ္တန် ဒေသနာတော် .... | ၁၇၆ |
| ၁၂၃။ | နယသာဂရ ဓမ္မဒေသနာတော် သုတ္တန္တ ပိဋကတ် မူလ ပဏ္ဏာသ ပါဠိတော် ဝတ္ထသုတ္တန် တရားတော် .... | ၁၇၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၄။ | ဘုရားဝတ်ပြု ရှိခိုးရသော အကျိုး (၁၃)ပါး .... | ၁၈၅ |
| ၁၂၅။ | ပါဠိတော်လာ သိကြားမင်း ဖြစ်နိုင်သော အကျိုး(၇)ပါး .... | ၁၈၆ |
| ၁၂၆။ | ပါဠိတော်လာ သိကြားမင်းက နေ့စဉ်ရှိခိုး သူ၏ဂုဏ်လက္ခဏာ(၄)ပါး .... | ၁၉၆ |
| ၁၂၇။ | နယသာဂရ ဓမ္မဒေသနာ ကုက္ကုဋ္ဌမိတ္တ မိသားစုတို့ ကျွတ်တမ်းဝင်ပုံ .... | ၁၉၇ |
| ၁၂၈။ | ဒါနပါရမီ ခေါင်းပါးခဲ့ခြင်းဖြင့် ခံစားရမည့် အကျိုးတရားဆိုး (၅)ပါးမှာ .... | ၂၀၃ |
| ၁၂၉။ | သီလ လက္ခဏာ(၇)ပါး .... | ၂၀၄ |
| ၁၃၀။ | ပြုပြင်စီရင်ရသော စက်ကြီး(၄)ပါး .... | ၂၀၅ |
| ၁၃၁။ | သမထ သမာဓိတရား၏ ဂုဏ်လက္ခဏာ (၇)ပါး .... | ၂၀၉ |
| ၁၃၂။ | နိဗ္ဗာန်၏ သဘောတရားများ .... | ၂၁၁ |
| ၁၃၃။ | ၃၁-ဘုံ သင်္ခတနယ်မြေ-နိဗ္ဗာန်အသင်္ခတခေတ် | ၂၁၂ |
| ၁၃၄။ | ဗုဒ္ဓဘာသာစင်စစ်ဖြစ်ကြောင်းအင်္ဂါ ၅ပါး.... | ၂၂၇ |
| ၁၃၅။ | စိတ်အင်္ဂါ (၄)ပါး .... | ၂၂၉ |
| ၁၃၆။ | နယသာဂရ ဓမ္မဒေသနာတော် .... | ၂၃၀ |
| ၁၃၇။ | နိဗ္ဗာနဓာတု သဘောတရား .... | ၂၃၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၃၈။ အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသ .... ၂၃၆
၁၃၉။ ရှင်ဥတ္တမာသမာလာ (မဟာဒွါရနိကာယ) အုတ်ဖိုဆရာတော် ဝါဒ .... ၂၃၇
၁၄၀။ ပထမ ရွှေကျင် သာသနာပိုင် ဆရာတော်ကြီး ဝါဒ ၂၃၇
၁၄၁။ မြို့ပြင်ကြီးဆရာတော် ဝါဒ .... ၂၃၉
၁၄၂။ လယ်တီဆရာတော်ဘုရား ဝါဒ ... ၂၄၁
၁၄၃။ ပါဠိတော်ဒေသနာအရ ထောက်ထားစရာများ ၂၄၃
၁၄၄။ ညွှန်းချက် .... ၂၄၄
၁၄၅။ ဗုဒ္ဓဘုရားရှင်၏ ပဗ္ဗဇန ဗုဒ္ဓါဘိသေက အနေကဇာ ဥဒါန်းကျူး ဂါထာတော် .... ၂၄၅
၁၄၆။ ကျေးဇူးရှင် ညောင်ရမ်း ဆရာဘုရားသည် ဦးဓမ္မစာရီ မူမှ ကူးယူ ပေးတော်မူသည့် ပကတိသာဝက ဗောဓိရှင်များ၏ ဆုတောင်း ၂၄၇
၁၄၇။ ဗုဒ္ဓအာဝေဏိက ဂုဏ်တော် (၁၈)ပါး . .... ၂၄၈
၁၄၈။ ပစ္စေကဗုဒ္ဓါ ရဟန္တာတို့နှင့် မဆဲဆိုအပ်သော ဗုဒ္ဓဘုရား၏ အံ့ဘွယ်အထူး ကျေးဇူးတော် (၁၈)ပါး ၂၄၉
၁၄၉။ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ ပရိနိဗ္ဗာန် ဝီထိ သဘောတရား မရဏာသန္နဇောစိတ် .... ၂၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၀။ | ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ ပရိနိဗ္ဗာနစိတ်ထိ သဘောတရားပရဏာသန္နဇောစိတ် နှင့် စုတိစိတ် .... | ၂၅၁ |
| ၁၅၁။ | ပရိနိဗ္ဗာနဓာတ် အနုပါဒိသေသနိဗ္ဗာနဓာတ် | ၂၅၃ |
| ၁၅၂။ | အရှင်အနုရုဒ္ဓါ၏ ဥဒါန်း ဂါထာ .... | ၂၅၄ |
| ၂၅၃။ | အသိဉာဏ်နှင့် ပဋိသန္ဓေသဘာဝ .... | ၂၅၅ |
| ၁၅၄။ | ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ် .... | ၂၅၆ |
| ၁၅၅။ | တဂါထာလျှင်အဘိုးတသိန်းထိုက်သော ဂါထာတော် .... | ၂၆၅ |
| ၁၅၆။ | မေတ္တာ၏အကျိုးတရားများ .... | ၂၆၈ |
| ၁၅၇။ | ဓမ္မဒါယဒသုတ်လာမေတ္တာအကျိုးများ .... | ၂၆၉ |
| ၁၅၈။ | မေတ္တာပို့ဆုတောင်းဂါထာ .... | ၂၇၀ |
| ၁၅၉။ | ကထိန်ခင်းခြင်းအကြောင်းအကျိုးများ .... | ၂၇၂ |
| ၁၆၀။ | ကထိန်၏အကျိုးကိုသံဃာတော်များ ခံစားရသောအကျိုးများ .... | ၂၇၃ |
| ၁၆၁။ | ဒါနရှင်ဒါယကာ,ဒါယိကာမများက ရရှိသောအကျိုး .... | ၂၇၃ |
| ၁၆၂။ | ဗုဒ္ဓဘာသာအခြေခံတရား .... | ၂၇၅ |
| ၁၆၃။ | ဗုဒ္ဓကရဏာလေးပါး .... | ၂၇၈ |
| ၁၆၄။ | စတုဝေသာရဇ္ဇဉာဏ်(ဂုဏ်)၄-ပါး .... | ၂၇၈ |
| ၁၆၅။ | နိဂုံး .... | ၂၇၉ |



# ကျမ်းဦး ပဏာမ ဂါထာ

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

## အတုလရတနာ ၃-ပါး ပဏာမဂါထာ

အနန္တဉာဏံ ကရုဏာ,လယံလယံ၊
မလပ္ပဒ္ဓံ သုသမာဟိတံ ဟိတံ၊
နမာမိ ဓမ္မံ ဘဝ သံဝရံ ဝရံ၊
ဂုဏာကရဉ္စ နိရင်္ဂဏံ ဂဏံ။

အနန္တဉာဏံ၊ အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူသော။ ကရုဏာလယံလယံ၊ မဟာကရုဏာဉာဏ်၏တည်ရာဖြစ်တော်မူထသော။မလဿ၊ကိလေသာတည်းဟူသောအညစ်အကြေးကို ပယ်ဖြတ်သုတ်သင်တော်မူပြီးထသော။ သုသမာ-

ဟိတံ၊ ကောင်းမြတ်သောသမာဓိလည်းရှိတော်မူပြီးထသော။ ဟိတံ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်ထသော။ ဗုဒ္ဓဥ္စ၊ သဗ္ဗညုတ ဓာရဏာညာဏ်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို လည်းကောင်း။

ဘဝသံဝရံ၊ဘဝဝဋ်ဆင်းရဲကို ဆီးတားပိတ်ပင်တတ်သော။ ဝရံ၊ လူ, နတ်, ဗြဟ္မာ, သူတော်စွာတို့သည် တောင့်တအပ်မြတ်လှစွာထသော။ ဓမ္မဥ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်တို့ကိုငှင်း။

ဂုဏာကရံ၊ သုပ္ပဋိပန္နစသည် ကျေးဇူးဂုဏ် အထူးတို့၏ တည်ရာလည်းဖြစ်တော်မူထသော။ နိရင်္ဂဏံ၊ကိလေသာတည်းဟူသော အင်္ဂဏာလည်း မရှိထသော။ ဂဏဉ္စဝ၊ ကလျာဏ ထေရ်ရှင်၊သီလဝန္တတို့နှင့် ပရမတ္ထရှစ်ဖော်အရိယာသံဃာတော်အရှင်မြတ်တို့ကိုလည်းကောင်း။

ဣတိ ဤသို့၊ အတုလရတနာနံ၊ ဘုရား တရား သံဃာ အတုလရတနာ သုံးပါးတို့ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ နမာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဤကဲ့သို့ ထူးမြတ်လှစွာသော အတုလရတနာ သုံးပါးတို့ကို မြတ်နိုးကော်ရော် ပူဇော်ရှိခိုးပြီးသော်။

## သိဒ္ဓါ ဘဝန္တု ဇိန စက္ကဝရာဘိဝဍ္ဎိယော

ဇိနစက္ကဝရာဘိဝဍ္ဎိယော၊ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်စက်ရဟတ်၏ အထွဋ်မြတ်ပြည့်ဖြိုး အကျိုးတရား ကြီးပွားခြင်းတို့သည်။ သိဒ္ဓါ၊ ပြီးစီးအောင်မြင်ကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဤသို့ အတုလရတနာ သုံးပါးတို့ကို ရှိခိုးပူဇော်ရခြင်းကြောင့် ဘေးခပ်သိမ်း ကင်းပျောက်လျက် ဤကျမ်းမြတ် "ဝမ္မဒေသနာ နယသာဂရ"ကို အောင်မြင် ပြီးစီးရပါစေသတည်း ခပ်သိမ်းကုန်သော ဓာတ်ကောင်းသူ သူတော်စင်အပေါင်းတို့သည် မိမိတို့ကောင်းစွာ ခံယူ ထားပြီးသော "ဗောဓိအား" လျော်စွာ ပါရမီသမ္ဘာရဓာတ်ကို ကောင်းစွာဖြည့်ကျင့်၍ "ဗောဓိဉာဏ်"ရင့်၍ ပွင့်လာသော "မဂ္ဂသစ္စာ" မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါက်ရောက်ကြစေရန်ငှါး၊ ဝဋ္ဋဘဝခန္ဓာတွေဆက်၍ဆက်၍ နေသော သံသရာ "ဒုက္ခသစ္စာ"၏ ဖြစ်ကြောင်းတရား "လောဘ"ဟူသော "သမုဒယသစ္စာ"၊ ထိုဒုက္ခ–သမုဒယ တို့၏ ချုပ်ဆုံးအေးငြိမ်းရာမှန်။ အတိသိဝ မဟာအသင်္ခတဓာတ် အမြိုက်နိဗ္ဗာန်၊ "နိရောဓသစ္စာ"သို့ ဆိုက်ရောက်ကြစေရန်ငှါး။

၁၃၂၈-ခုနှစ် လွန်ခဲ့သော (၁၀)နှစ်ခန့်မှစ၍ ရန်ကုန်မြို့ ဗဟို ဗုဒ္ဓသာသနာ့ဝတ္တမမ္မ ဗိမာန်တော်ကြီးတွင် ဝါတွင်းဝါပ တနင်္ဂနွေနေ့တိုင်း ကျေးဇူးရှင် ဟောကြားချီးမြှင့်လာခဲ့သော တရားဒေသနာတော် နယသာဂရ နည်းအဝဝတို့ကို နယ်မြေ အနှံ့အပြားရှိ ပါရမီရှင်အပေါင်းတို့က နာကြားမှတ်သား အားထုတ်လိုပါကြောင်း ပန်ကြား လာကြသောကြောင့် ကောင်းမြတ်သော သဒ္ဓါဓမ္မဖြင့် ဒေသနာအများတို့ထဲမှ တော်သင့်ရာရာ အချို့တို့ကို ကောက်ယူ၍ ကျမ်းစာတအုပ် ဖြစ်အောင် စီရင်ရပါသည်။

ယခု ဒေသနာတရားများမှာ ခမ္မပဒ နိပါတ်တော် ထေရ ထေရီ အပဒါန်စသည့်တို့ကဲ့သို့ အပြည့်အစုံရေးထားခြင်းမျိုး မဟုတ်ဘဲ ဟောမည့်တရားတော်၏ အကျဉ်းချုပ် တရားကိုယ် တစုကိုသာ ရေးသားခြင်း ဖြစ်ပါသည်။ ထိုတရားတော် အကျဉ်းချုပ်ကို ကျောက်သင်ပုန်းကြီးပေါ်ကွင် ရေးတင်ပြီး တရားမနာကြားမီ ရေးကူးစေပါသည်၊တရားဟောရာတွင်မူ မှတ်စုလိုက် ရေးစေပါသည် တချို့နှုတ်မှ ပြောပေးပြီး ရေးစေခဲ့ပါသည်။

ဤနည်းဖြင့် ခေါင်းစဉ်တရားတပုဒ်သည် ၂-နာရီခွဲမှ အများဆုံး၄-နာရီခွဲအထိကြာမှပြီးပါသည်၊တောက်လျှောက် ဟောသွားပြီးလျှင် ကရားနိဂုံး အဘိဓမ္မာပြရာတွင်မူ သစ္စာ

လေးပါးကို ထင်ရှားစွာ ဝေါဟာရ အမျိုးမျိုးတို့ဖြင့် သဘောမိအောင် ဟောကြရန်နှင့်“နိဗ္ဗာနဓာတု”၏ သဘောတရားများကို“ဝိမုတ္တိရသ”အမြိုက်အရသာကို ပိုမိုထင်ရှားစွာ သိမြင်စေရပါမည်၊ ထပ်ဆင့်ဟောကြားသူ မမေ့ကာထိကာပုဂ္ဂိုလ်သည်။ ဤမှုဖြင့် “ခန္ဓာဝန်ထမ်း ဒုက္ခသစ္စာ”ကြီးလေးပုံကို သိမြင်စေမှသာ နိဗ္ဗိန္ဒဓာတ်၊ နိက္ခမဓာတ်၊ နိဿရဏဓာတ် ဟူသော အဇ္ဈာသယဓာတ် တည်ကိန်း ရင့်သန်လာစေရပါသည်။

ဤတရားစာကိုယ်မှုမှာ အကျဉ်းချုပ်မျှသာ ဖော်ပြထားပြီး အကယ်၍ ပြည့်စုံစွာ ဟောကြားလိုခြင်း၊ မှတ်သားလိုခြင်းရှိပါက သက်ဆိုင်ရာ စာပေကျမ်းဂန်များ၌ လေ့လာနိုင်ကြပါသည် သို့မှသာ ပြေရာသပြည့်စုံစွာရရှိမည်ဖြစ်ပါသည်၊ သို့မဟုတ် တရားဝင်ရောက် နာကြားခံယူ မှတ်သားခြင်းလည်း ပြုနိုင်ပါသည်။

တရားပွဲများတွင် ဟောစဉ်ကာအတိုင်းသာ ကောက်ယူထားပါသည်၊သေချာစွာ အစီအစဉ်နှင့်တကွ ရေးစီထားခြင်း မျိုးမဟုတ်၍ရင်း၊ အချိန်ယူပြီး ကျနစွာ ထပ်မံပြင်ဆင်ခြင်း မပြုရပါ၍ရင်း အမှားအယွင်းများတွေ့မြင်ပါကသောက်ညွှန်ပြဆို ဆုံးမပါရန် ခွင့်ပန်အပ်ပါသည်။

ပညာရှိတို့သည် နှစ်သက်ရာရာကိုယူ၍ မနှစ်သက်ရာများ ချထားနိုင်ပါသည်၊ ဤနည်းဖြင့် ဤတရားပွဲ သင်တန်း နည်းသည်၊ဓမ္မသဝန၊သပ္ပုရိသအပေါင်းတို့အား ပိုမိုထိရောက် အကျိုး သက်ရောက်ခြင်းဖြစ်စေခြင်းဖြင့် ရေးသားရသော ဓမ္မရသ ဓမ္မဒါနအကျိုးသည် ပြီးပြည့်စုံခြင်းသို့ ရောက်ပါပြီ။

ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ချမ်းသာပါစေး

ညောင်ရမ်းဇေယျပဏ္ဍိတ။

## ဓမ္မဒေသနာ နယသာဂရ

သုတ်(၃)ကျမ်း ဝိနည်း(၅)ကျမ်း အဘိဓမ္မာ(၇)ကျမ်း နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းသည် ပရိယတ္တိသာသနာ စာပေပိဋကတ်တော်ဖြစ်ပါသည်၊ ထို နည်းလမ်းကောင်းအတိုင်း ကောင်းစွာ ကျင့်သုံး အားထုတ်ခြင်းသည် ပဋိပတ္တိသာသနာပင် ဖြစ်သည်၊ ထို အကျင့်ကောင်းကို ကျင့်သုံးသဖြင့် အကျိုးခံစားရခြင်းသည် ပဋိဝေဓသာသနာ ဖြစ်သည်။

### ကြဉ်ရှောင်ရမည့် ဒုစရိုက် ၁၀-ပါး

၁။ ပါဏာတိပါတာ —သူတပါးအသက်ကို သတ်ခြင်း။

၂။ အဒိန္နာဒါနာ —သူတပါး ပစ္စည်းကို ခိုးယူခြင်း။

၃။ ကာမေသုမိစ္ဆာစာရာ—မှားသော ကာမဂုဏ် ကျူးလွန်ခြင်း။
(ကိုယ်ဖြင့် ပြုလုပ် ရသောကြောင့် ကာယကံ ၃-ပါးမည်၏။)

၄။ မုသာဝါဒါ —မဟုတ် မမှန်သော စကား လိမ်လည် စကားဆိုခြင်း။

၅။ ပိသုနဝါစာ —သူနှစ်ဦးတို့ချစ်ခြင်းပျက်အောင် ကုံးတိုက်ခြင်း။

၆။ ဖရုသဝါစာ —လွှသွား ကဲ့သို့ ကြမ်းတမ်းသော စကား ပြောခြင်း။

၇။ သမ္ဖပ္ပလာပ — အကျိုးမရှိပြိန်ဖျင်းသောစကား ပြောခြင်း။

(နှုတ်ဖြင့် ပြုလုပ်ရသောကြောင့် ဝစီကံ ၄ ပါး မည်၏။)

၈။ အဘိဇ္ဈာ — အလိုဆိုးမနာလိုဝန်တိုမှုရှိခြင်း။

၉။ ဗျာပါဒ — ပူပန်၊ စိုးရိမ်၊ ငိုကြွေးခြင်း။

၁၀။ မိစ္ဆာဒိဋ္ဌိ — အမြင်မှား၊ အသိမှား၊ အယူမှားခြင်း။

(စိတ်ဖြင့် ပြုလုပ် ရသောကြောင့် မနောကံ ၃-ပါး မည်၏။)

အထက်ပါ ဒုစရိုက် ၁၀-ပါး တို့သည်၊ မကောင်းသော ဒုဂ္ဂတိ ဘုံသို့ သွားရာ အကျောင့် ဖြစ်သောကြောင့်၊ သူတော်ကောင်းတို့က ကြဉ်ရှောင်ရမည့် ဒုစရိုက် တရားလို့ ခေါ်ဆိုကြပါသည်၊ ဒုစရိုက် ၁၀-ပါးကို ရှောင်လျှင်သုစရိုက် ၁၀-ပါး ကို ရောက်ပါသည်။

## ပုညကြိယာ ၁၀-ပါး

၁။ ဒါန စင်ကြယ်သော အလှူဝတ္ထုကို နိဗ္ဗာန်ရည်မှန်း၍ စေတနာသုံးတန်ဖြင့် လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း။

၂။ သီလ မိမိလိုင်ရာသီလကို နိဗ္ဗာန်ရည်မှန်း၍ သည်းခံခြိုးခြံ၍ စောင့်စည်းခြင်း ငါးပါး၊ ရှစ်ပါး၊ ကိုးပါး ဆယ်ပါးသီလ။

၃။ ဘာဝနာ,သမထ(၄၀)မှ တပါးပါးကို အချိန်မှတ်၍ နိဗ္ဗာန်ရည်မှန်းပြီး ပွားခြင်း. ဝိပဿနာ, ဘာဝနာ ပွားခြင်း။

၄။ အပစာယန ရှိသေထိုက်သောသူတို့ကို ဂရုဂါရဝရှိသေစွာ နိဗ္ဗာန်ကို ရည်မှန်း၍ ပြုစုခြင်း။

၅။ ဝေယျာဝစ္စ မိဘ,ဆရာ၊ မိကြီး,ဘကြီး စသူတို့၏ အမှုကြီး,ငယ်ကို နိဗ္ဗာန်ရည်မှန်း၍ ရွက်ဆောင်ပြုစုခြင်း။

၆။ ပတ္တိဒါန မိမိသည် နိဗ္ဗာန်ရည်မှန်း၍ ပြုလုပ်သည့် ကုသိုလ်တို့ကို အမျှပေးဝေခြင်း။

၇။ ပတ္တာနုမောဒန သူတော်ကောင်းတို့ နိဗ္ဗာန်ရည်မှန်း၍ ပြုစုရသောအမျှတို့ကို (အမျှ-၃) ပေးဝေခြင်းကို သာဓု ခေါ်ခြင်း။

၈။ ဓမ္မသဝနာ သူတော်ကောင်းတို့ ကောင်းစွာ ဟောကြားသော တရားတော်ကို ရိုသေစွာ နာယူခြင်း။

၉။ ဓမ္မဒေသနာ ဆုံးမဟောကြားထိုက်သော ဝေနေယျတို့ကို နိဗ္ဗာန်ရည်မှန်း၍ တရားဟောပြခြင်း။

၁၀။ ဒိဋ္ဌိဇုကမ္မ မိမိကိုယ်ကိုရင်း၊ လောကသင်္ခါရ တရားတို့ကိုရင်း၊ သမုတိသစ္စာ အနေအားဖြင့်ရင်း၊ ပရမတ္ထသစ္စာအားဖြင့်ရင်း (အမြင်မှား၊ အမှတ်မှား၊ အသိ

မှား၊ အယူမှား) မရှိရလေအောင် သမ္မာဒိဋ္ဌိ အယူဖြောင့်မှန်စွာ သဘာဝတ္တဓမ္မကိုက်အောင် ခံယူတတ်ခြင်း။

(ကာယကံ, ဝစီကံ, မနောကံအားဖြင့် ပွားသောကြောင့် ပုညကြိယာ ၃၀-ဖြစ်၏)။

ဆည်းပူးဖြည့်ကျင့်ရာ တရားမျိုးဖြစ်၍ "ပါရမီဖြစ်ပါသည်၊ ပါရမီမည်ပါသည်" ထိုပါရမီကို ဖြည့်ကျင့်မှသာလျှင် တဘဝထက်, တဘဝ၊ တကမ္ဘာထက်, တကမ္ဘာ၊ "ဗောဓိဉာဏ်" ရင့်သန်, ရင့်သန်၍ လာပါတော့သည်၊ ဗောဓိဉာဏ် ရင့်သန်သည့် "စံချိန်မှီ" သို့ ရောက်လာလျှင် ဗောဓိအားလျော်သော မဂ်ဉာဏ်ဖြစ်ပါသည်၊ မဂ်ဉာဏ်မှသည် ဖိုလ်ဉာဏ်ဖြစ်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုရမြဲပင် ဖြစ်ပါသည်။

## ပါရမီ ၁၀-ပါး နိဗ္ဗာန်ရောက်ကြောင်းတရား

၁။ ဒါနပါရမီ လက္ခဏာ၊ ကိစ္စရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် ဟူသော အင်္ဂါ လေးပါး ရှိလေသည်။ အလှူခံ ပုဂ္ဂိုလ်ကိုရှင်း၊ အလှူဝတ္ထုကိုရှင်း မတိုင်းတာခြင်း သဘော (မှောက်ထားသော အိုး ဥပမာယူ)။

၂။ သီလ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ အသက်နဲ့လဲ၍ စောင့်ခြင်း သဘော (စာမရီငှက် ဥပမာယူ)။

၃။ နိက္ခမ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ အသုဘ မနသိကာရဖြင့် အာရုံ ကင်းကွာစွာ ထွက်ကျင့်ခြင်း သဘော (ထောင်သား ဥပမာယူ)။

၄။ ပညာ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ အပြစ် မရှိသော အသက်မွေးခြင်း အသိတရား (ဆွမ်းခံရဟန်း ဥပမာယူ)။

၅။ ဝီရိယ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ အသိမှန်ဖြင့် မဆုတ်မနစ်သော ဇွဲသဘော (ခြင်္သေ့မင်း ဥပမာယူ)။

၆။ ခန္တီ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ အသက် စည်းစိမ်ကိုပင် လွန်ကျူးသည့်တိုင်၊ စိတ်မှ မလှုပ်ရှားခြင်း သဘော (မြေကြီး ဥပမာယူ)။

၇။ သစ္စာ ပါရမီ အင်္ဂါ ၄ ပါးရှိ၊ မဖောက်ပြန် တည့်မှန်သော သဘော (သောက်ရှူးကြယ် ဥပမာယူ)။

၈။ အဓိဋ္ဌာန် ပါရမီ အင်္ဂါ ၄-ပါးရှိ၊ မယိမ်းမယိုင် ခိုင်မတ်ခြင်း သဘော (ကျောက်ဆောင် ကျောက်ထွဋ် ဥပမာယူ)။

၉။ မေတ္တာပါရမီ အင်္ဂါ ၄-ပါးရှိ၊ သတ္တဝါများ အပေါ်တွင် ကံ ၃ ပါး မပျက်စေခြင်း သဘော (ရေစဉ်အိုး ဥပမာယူ)။

၁၀။ ဥပေက္ခာ ပါရမီ အင်္ဂါ ၄-ပါးရှိ၊ မချစ် မမုန်းသော သဘော (မြေကြီး ဥပမာယူ)။

မိမိတို့ဗောဓိ အားလျော်စွာဖြင့် ကျင့်ရာတွင် "အယုတ် အလတ် အမြတ်" အားဖြင့် ပွားသဖြင့် ပါရမီ ၃၀-ဖြစ်သည်။

## ကျင့်ဆောင်ကြရမည့် သုစရိုက် ၁၀-ပါး

၁။ သူတပါးအသက်ကို မသတ်ခြင်း။
၂။ သူတပါးပစ္စည်းကို မခိုး။
၃။ မှားသောကာမဂုဏ် မလွန်ကြူး။
၄။ မဟုတ်မမှန်သောစကားမဆို၊ မလိမ်လည်မလှည့်ဖြား။
၅။ သူနှစ်ဦးတို့၏ ချစ်ခြင်းကိုမခွဲ၊ ကုံးမချော။
၆။ ကြမ်းတမ်းသော စကားကိုမပြော။
၇။ အကျိုးမရှိသောစကားကို မပြော၊ ပြိန်ဖျင်းသော စကားမပြော။
၈။ အလိုမဆိုး၊ ဝန်တိုမှုမရှိ။
၉။ မပူပန်၊ မစိုးရိမ်၊ မငိုကြွေး။
၁၀။ အမြင်မမှား၊ အသိမမှား၊ အယူမမှား။
(အယူမှန်ခြင်း)

အထက်ပါ သုစရိုက် ၁၀-ပါးတို့သည်လူ့ပြည်နတ်ရွာနိဗ္ဗာန် သုံးတန်သော ကောင်းမြတ်သောနေရာသို့ ရောက်အောင် ပို့ဆောင်ပေးသောကြောင့် ကျင့်ဆောင်ရမည့် သုစရိုက် ၁၀-ပါးလို့ ယူတော်ကောင်းသူမြတ်လောင်းများတို့က ဆိုကြပါသည်။

သုစရိုက် ၁၀ ပါးကို (အယုတ်အလတ်အမြတ်)ဖြင့် ပွားပါက ၃၀—ဖြစ်ပါ၏။

ပုညကြိယာ ၁၀–ပါးကို(ကာယဝစီမနော)ဖြင့်ပွားပါက ၃၀– ဖြစ်၏။

ပါရမီ ၁၀–ပါးကို (အယုတ်, အလတ်, အမြတ် ဖြင့် ပွားပါက ၃၀—ဖြစ်၏။

ပေါင်းလိုက်ခြင်းအားဖြင့် နိဗ္ဗာန်ရောက်ဖွယ် ကြွေးကိုးဆယ်မည်၏။

ဤကြွေးများမကြေက နိဗ္ဗာန် မရောက်ပါကြောင်း။

## စံချိန်နှုန်းများ

၁။ သမ္မာသမ္ဗောဓိ ကမ္ဘာသင်္ချေ ၂၀၊ ပါရမီ ၃၀ ဖြည့်ရပါမည်။

၂။ ပစ္စေကဗောဓိ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း၊ ပါရမီ ၂၀ ပါး ဖြည့်ကျင့်ရပါမည်။

၃။ အဂ္ဂသာဝကဗောဓိ ၁ သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ၁၀ ပါး ဖြည့်ကျင့်ရပါမည်။

၄။ မဟာသာဝကဗောဓိ ကမ္ဘာတသိန်း ပါရမီ ၁၀ ပါး ဖြည့်ကျင့်ရပါမည်။

၅။ ပကတိသာဝကဗောဓိ ကမ္ဘာတထောင်ပါရမီ ၁၀ ပါး ဖြည့်ကျင့်ရပါမည်။

## လုံ့လဝီရိယစွမ်းအားဖြင့် မပြီးစီးသောကိစ္စဟူသည် မရှိ

ဝီရိယေဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ၊

လောကတွင် လုံ့လဝီရိယစွမ်းအားဖြင့် မပြီးစီးသောကိစ္စ ဟူ၍ မရှိပေ။

၁။ န ဘိက္ခဝေ ဟီနေန အဂ္ဂဿ ပတ္တိ ဟောတိ၊ ချစ်သားတို့ ယုတ်ညံ့ပေါ့လျော့သော လုံ့လဖြင့် မွန်မြတ်သော နေရာကောင်းသို့ မရောက်နိုင်။

၂။ တကိုယ်ကောင်း သိမ်ဖျင်းသောစိတ်ကို ပယ်ရမည်၊ မိမိကိုယ်ကို အထင်မသေးရ။ ပဘဿရမိဒံ ဘိက္ခဝေ၊ စိတ်သည် တဖြတ်ဖြတ် အရောင် ထွန်းတောက်၏၊ သို့သော် ညစ်နွမ်းစေတတ်သော ကိလေသာ (ရာဂ စသော မကောင်းစိတ် ၁၄-ပါးတို့က အစဉ်ဖုံးလွှမ်း နေသည်။

၃။ လောက၌ စိတ်ထက် တန်ခိုးကြီးသောအရာမရှိ၊ စိတ်သည် ထွန်းတောက်သော တန်ခိုးဖြင့် အားလုံး ဩဇာသယပြီးမြောက်၏ (ပညာခွင် ပဌမ စာအုပ် ပဏ္ဏာမတွင်ယူ)။

### အကုသိုလ် (၁၄) ပါးနှင့် အကျိုးပေး

၁။ လောဘ—လိုချင်မှု။

၂။ ဒေါသ—အမျက်ထွက်မှု။

၃။ မောဟ—အမိုက်ဖုံးမှု။
၄။ မာန—ထောင်လွှားမှု။
၅။ ဒိဋ္ဌိ—အယူမှားမှု။
၆။ ဝိစိကိစ္ဆာ—ယုံမှားသင်္ကါ မရှင်းမှု။
၇။ ထိန—ငိုက်မြည်းတွေဝေမှု။
၈။ မိဒ္ဓ—မှိန်းမောတွေဝေမှု။
၉။ ဥဒ္ဓစ္စ—စိတ်ပြန့်၊ မတည်ကြည်မှု။
၁၀။ ကုက္ကုစ္စ—ကြောင့်ကြ၊ စိုးရိမ်၊ နောင်တမှု။
၁၁။ ဣဿာ—အလိုဆိုးမှု။
၁၂။ မစ္ဆရိယ—ဝန်တိုမှု။
၁၃။ အဟိရိက—အကုသိုလ်မှု၌ မရှက်မှု။
၁၄။ အနောတ္တပ္ပ—အကုသိုလ်မှု၌ မကြောက်မှု။

ထိုအကုသိုလ် စေတသိက် (၁၄)ပါးတွင် ကိလေသာ (၁၀)ပါးနှင့် အကုသိုလ် (၁၂) ပါး အကျုံးဝင်ပြီး ဖြစ်ပါသည်။

အကုသလံ—အကုသိုလ် စိတ်သည်။ အပါယဂမနိယံ-ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံသို့ လားခြင်းမြဲ၏။

အပါယဘူတ—အပါယ်ဘုံ၌၊ ပစ္စတိ-ပြစ်ချမြဲ၊ ကျရမြဲ ခံရမြဲဖြစ်၏။

ပါပသို့ ရမတိ မနော—စိတ်တို့မည်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်၊ သို့ဖြစ်၍ မိမိက "အသိတရား"ဖြင့် မိမိစိတ်ကို အကုသိုလ်၌ မမွေ့လျော်အောင် စီရင်ကွပ်ကဲရမြဲ ဖြစ်လေသည်။

## အကုသိုလ် အကျိုးပေးဟန်များ

၁။ ကာမရာဂ – ကာမဂုဏ်၌ တပ်မက်သော ရာဂကြောင့် ဟသ်ာ၊ ခို၊ မြည်း၊ စာ၊ ဝမ်းဘဲမျိုးတို့ ဖြစ်ကုန်၏ (လောဘ)

၂။ မုဠ္ဌ-မိုက်မဲတွေဝေကုန်သော သူတို့သည် ကင်းမျိုး၊ သန်းမျိုး၊ ဖေါက်ဖတ်မျိုး+ခူမျိုးတို့ဖြစ်ကုန်၏ (မောဟ)

၃။ ကောပန - အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းတို့ကြောင့် မြွေဟောက်၊ မြွေငန်းမျိုး၊ ခါကျဉ် မျိုးကျားမျိုးတို့၌ ဖြစ်ကုန်၏ (ဒေါသ)

၄။ မာနထဒ္ဓါ—မာန် . ခက်ထန် ခြင်းကြောင့် ခြင်္သေ့၊ ကျား ဝံပုလွေ ခွေးမျိုးတို့၌ ဖြစ်ကြကုန်၏။
(အတိမာနေန) (မာန)

၅။ မစ္ဆရာစ ဝန်တိုမှု ငြူစူ စောင်းမြောင်းတတ်သောကြောင့် ကြောင်မျိုး၊ မျောက်မျိုးတို့၌ ဖြစ်ကြကုန်၏၊ (မစ္ဆရိယ)

၆။ စပလာ–လျှပ်ပေါ်လော်လီ၊ မုခရာနှုတ်ထွက်ကြမ်း၊ အလဇ္ဇာ–အရှက်မိစ္ဆာ ပြုမူကြောင့် ကျီးကန်းမျိုး၊ ဇီးကွက်မျိုး၊ ခင်ပုတ်မျိုးတို့ ဖြစ်ကြကုန်၏ (ဣဿာ)

၇။ သူ့အသက်ကိုသတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ညှဉ်းဆဲခြင်းကြောင့်၊ ကင်း၊ ပုဇွန်၊ ကြောင်၊ မြွေခွေး၊ ဝံ၊ ဖျံ၊ ဂျိုင်း၊ ရေပိုးမွှားတို့ ဖြစ်ကြကုန်၏။

၈။ အမျက်ဒေါသ၊ မာန်မာန ဆောင်လေ့ရှိပြီး၊ အလှူဒါနပေးလေ့ရှိသူတို့သည်၊ နာဂမဟိဒ္ဓိကာ– တန်ခိုးကြီးပြီး စည်းစိမ်နှင့် ပြည့်စုံသော နဂါးမျိုးတို့သည် ဖြစ်ကြကုန်၏၊ အလှူခံတို့အား ရှိသေသောကြောင့်လဲ အခြံအရံနှင့် ပြည့်စုံရလေသည်။

၉။ သူ့အသက်ကို သတ်လေ့ရှိသောကြောင့် လောဟကုမ္ဘိရ ကြေးနီအိုးတွင် သံပူရေ၌ နှစ်ငုတ်ထုတ် သတ်ခံရ၏။ (ပါဏာတိပါတ) ကံ။

၁၀။ သူ့ဥစ္စာခိုးဝှက်၊ အလွဲသုံးစား လိမ်လည်စားသောကြောင့် သံကျင် လျှိုခံရခြင်း၊ သံရေပူ သောက်ရခြင်း။ (အဒိန္နာဒါနကံ)။

၁၁။ သူ့အိမ်ယာ ကျူးလွန်သောကြောင့် သံတံလျှိုလျက် ငရဲအိုးကြီး၌ နှစ်ငုတ်ရလေသည်၊ (ဒု, သ, နဲ, သော သူ့ဌေးသား) ကာမေသုမိစ္ဆာစာရကံ။

၁၂။ သူ့ဥစ္စာကြွေးမြီယူပြီး မပေးဆပ်သောကြောင့် ပြာမှုငရဲတို့မှလွတ်သော် နွား, မြင်း, ဆင်, ကျွန် ဖြစ်ရလေသည်၊ (ကြွေးမြီ)

၁၃။ မုသားဆိုခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်းကြောင့် လက်ပံတောငရဲမှလွတ်သော် တောက်တဲ့,အိမ်မြှောင်၊ ကျွတ် ဖြစ်ရခြင်း၊ (မုသာ)

၁၄။ သူတပါးတို့ကွဲအောင် ဂုံးတိုက်အတင်း ပြောသောကြောင့် ဘင်ပုပ်ငရဲမှ လွတ်သော် ဥသြ, လင်းတ, ငှက်ဆိုး ဖြစ်၏၊ (ပိသုနဝါစာ)

၁၅။ အရက်သေစာ သောက်စားမူးတူး ပျော်ပါးခြင်းကြောင့် သံလျက်တောငရဲမှလွတ်သော် တိရစ္ဆာန်ရူး၊ လူရူး ဖြစ်ရ၏၊ (သုရာမေရိယ)

၁၆။ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကြောင့် လောကန္တရိက်ငရဲတို့မှလွတ်သော် မိစ္ဆာဒိဋ္ဌိလူရိုင်း, ဆင်ရိုင်း, တောရိုင်းလူ ဖြစ်ရ၏။

၁၇။ အဘိဇ္ဈာ ဗျာပါဒတို့ကြောင့် ပြာပူငရဲမှ လွတ်သော် အိမ်ခွေး အထီးကျန်အရူး ရောဂါဆိုးခံ လူမွဲတို့၏ အဖြစ်၌ ဖြစ်ရလေသည်၊ (ဗျာပါဒ)

၁၈။ ကုသိုလ်, အကုသိုလ် ရောထွေး ပြုမိသောကြောင့် နေ့ခံ၊ ညစံရသော အသူရကာယ်ဘုံငရဲ ခံရသည်၊ (မိဿကကံ)

၁၉။ ဘုရားတန်ဆောင်း၊ ဇရပ်စသည်တို့ မီးရှို့၊ မီးသွေးရေးဖျက်ဆီးသောကြောင့်၊ (ငရဲမီး၊ သံပူငရဲ) တစ္ဆေ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ မြေဘုတ် ပဏ္ဍုက် ဥဘတောဗျည်းလူအ ၇-မျိုး၌ (၇ ဘ၀) စီခံရသည်၊ (ငရဲနှစ် ၇၀၀ ခံပြီးမှသာ)

၂၀။ ပြိန်ဖျင်း၊ ပျက်စကားကြမ်း၊ နှုတ်ကြမ်း၊ ပြောလေ့ရှိသောကြောင့် ရေပိုး၊ ရေမွှား၊ ငှက်ကြွားမျိုး၊ ငှက်ယုတ်မျိုးတို့ ဖြစ်ကြကုန်၏။ (သမ္ဘပ္ပလာပ)

၂၁။ သဘင်ကချေသည်တို့ကို လှူဒါန်းသောကြောင့် ဂန္ဓဗ္ဗနတ် (စတုမဟာရာဇ်) ကချေသည် နတ်မျိုး၌သာ ဖြစ်ရ၏။

၂၂။ သူတပါးတို့ အကျိုးယုတ်၊ အရှက်တကွဲ၊ ဥစ္စာနစ်နာမတရားပြုမှုကြောင့် ရောရှ၀ငရဲမှလွတ်သော် ပြိတ္တာ တစ္ဆေ၊ မြွေ၊ ဖား၊ ကြွက်၊ ကြောင်တို့ဖြစ်ကြကုန်၏။

၂၃။ အနန္တငါးပါး ပြစ်မှားသော်ကား အ၀ီစိငရဲ မဟာတာပနငရဲတို့၌ ကမ္ဘာမျှားစွာ ခံရပြီးမှ တိရစ္ဆာန် ပြိတ္တာတို့ ဖြစ်ရလေသည်။ လူကောင်း, သူကောင်း မဖြစ်တော့ပေ။

ယောကျ်ားတို့အား ပရဒါရကကံကြောင့် မိန်းမဖြစ်ရ၍ မိန်းမတို့အား အနာစာရကံကြောင့် ပြိတ္တာဖြစ်ရမြဲမှာ ထင်ရှားလှ၏။

## ကုသိုလ်နဲ့ အကုသိုလ်တို့၏ သဘောလက္ခဏာ

### ကုသိုလ်၏ သဘောလက္ခဏာ

ကုသလာ အနဝဇ္ဇ သုခ ဝိပါကလက္ခဏာ၊အပြစ်မရှိ၊ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော သဘောလက္ခဏာတို့သည် ကုသိုလ်ရယ်လို့ ဆိုပါတယ်။

### အကုသိုလ်၏ သဘောလက္ခဏာ

အကုသလာသာဝဇ္ဇဒုက္ခ ဝိပါကလက္ခဏာ၊အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသော သဘောလက္ခဏာတို့သည် အကုသိုလ်ရယ်လို့ ဆိုပါသည်။

### ဘုရား၏အဆုံးအမ

၁။ ခပ်သိမ်းကုန်သော အကုသိုလ် တရားတို့ မဖြစ်ပွားမတိုးပွားရအောင် ကြိုးစားရမည်။

၂။ ကုသိုလ်တရားများ တိုးပွားလာအောင် ကြိုးစားပေးရမည်။

၃။ မိမိစိတ်ကို အကြည်ဓါတ်ရအောင် ပြုလုပ်ရမည်။

သဗ္ဗပါပဿအကရဏံ ကုသလဿုပသမ္ပဒါ သစိတ္တပရိယောဒါပနံ ဧတံ ဗုဒ္ဓါနုသာသနံ။

ဤသုံးပါးမှာ ဂင်္ဂါဝါဠုသဲစုမျှမက ပွင့်တော်မူသမျှသော ဘုရားရှင်တိုင်း ပါတိမောက်ပြဆုံးမသော သာသနာပင်တည်း။

## အကုသိုလ်အတွဲများ

အကုသလပါပတို့၏ မူလဘူတများမှာ ကာမ၊ ဘဝ၊ ဒိဋ္ဌိ အဝိဇ္ဇာတို့၌ အဖြစ်များခဲ့ပါသည်။

## အာသဝ တရား(၄)ပါး

၁။ ကာမာသဝ ၂။ ဘဝါသဝ ၃။ ဒိဋ္ဌါသဝ ၄။ အဝိဇ္ဇာသဝ။ အာသဝ-ဆိုသည်မှာ စီး၊ ထုံ၊ မူး၊ ယစ်၊ နှစ်၍ ဖွဲစေးပူးကပ် ထွေးတတ်သောကြောင့် အာသဝမည်သည်။

## ဩဃ(၄)ပါး

၁။ ကာမောဃ ၂။ ဘဝေါဃ ၃။ ဒိဋ္ဌောဃ ၄။ အဝိဇ္ဇောဃ။ ဩဃဆိုသည်မှာ နှစ်သက်နစ်မွန်း ပျော်ပါးစေတတ်။ စုတ်စွဲငုတ်စေတတ်သောကြောင့်၊ ဩဃမည်၏။

## ယောဂ(၄)ပါး

၁။ ကာမယောဂ ၂။ ဘဝယောဂ ၃။ ဒိဋ္ဌိယောဂ ၄။ အဝိဇ္ဇာယောဂ။ ယောဂဆိုသည်မှာ- တုတ်နှောင်ဖွဲ့ချုပ် မပြီးမပြတ် အထပ်ထပ်ရစ်ပတ် ပူးဝင် တွယ်ကပ်သောကြောင့် ယောဂမည်၏။

## ကာယဂန္ထ (၄) ပါး

၁။ အဘိဇ္ဈာ ၂။ ဗျာပါဒ ၃။ သီလဗ္ဗတ ပရာမာသ ၄။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ ၄ ပါးဖြစ်၏၊ ကာယဂန္ထ-ဆိုသည်မှာ အဖုအထစ် အထုံးအဖွဲ့ဖြစ်၍ ငြိတွယ် ဖြုတ်မလွယ်သောကြောင့် ဂန္ထ မည်၏။

## ဥပါဒါန် (၄) ပါး

၁။ ကာမုပါဒါန် ၂။ ဒိဋ္ဌုပါဒါန် ၃။ သီလဗ္ဗတုပါဒါန် ၄။ အတ္တဝါဒုပါဒါန်။

ဥပါဒါန်ဆိုသည်မှာ-အဆာမပြေ၊ မက်မောပြီး စွဲလမ်းတသနေသောကြောင့် ဥပါဒါန်မည်၏။

## ရှင်းလင်းချက်

သီလဗ္ဗတပရာမာသကာယဂန္ထမှာ- နွား၊ ခွေး စသောတိရစ္ဆာန်လိုကျင့်မှ သီလဟု ယုံကြည်ခြင်း၊ ကျင့်ခြင်း။

ဣဒံသစ္စာဘိနိ ဝေသကာယဂန္ထမှာ - လောက၌ ရှိရှိသမျှ ကျင့်တို့တွင် ငါတို့အကျင့်သာမှန်သည်။ အခြားအကျင့်တို့ဟာ အမှားတွေချည်းဟု စွဲမြဲစွာ ယူခြင်း ကျင့်ခြင်းထိုတရားဆိုးတို့သည် သတ္တဝါတို့အား အနမတဂ္ဂ သံသရာမှအတုံ့ဖြင့်စွဲဝင်ပြီး လာခဲ့ကြသော လွန်စွာခိုင်မြဲသည့် အနုသယကိလေသာစုတို့ ဖြစ်ကြကုန်၏၊ ယင်းတို့ကို မြင်ရခြင်းသည် ပထမမျက်စိတည်း၊ သိမြင်ပြီး ပယ်သတ်ရန် ကြိုးစား

သမ္မုပြုခြင်းသည် ဒုတိယမျက်စိတည်း၊ မနားမနေ နည်းကောင်းနည်းမြတ်များကို ခံယူပြီး သတ်ပယ်နေခြင်းသည် တတိယမျက်စိတည်း။

## အကုသိုလ်စိတ် ၁၂-ပါး

၁။ လောဘမူစိတ် ၈-ပါး။
၂။ ဒေါသမူစိတ် ၂-ပါး။
၃။ မောဟမူစိတ် ၂-ပါး။
ပေါင်း အကုသိုလ်စိတ် ၁၂-ပါးဖြစ်သည်။

## အကုသိုလ်စိတ်၏ စေတသိက်များ ၁၄-ပါး ဝါ၊ ဆိုခဲ့ပြီး ကိလေသာ ၁၀-ပါး

၁။ လောဘ၊
၂။ ဒေါသ၊
၃။ မောဟ၊
၄။ မာန၊
၅။ ဒိဋ္ဌိ၊
၆။ ထိန-+မိဒ္ဓ
၇။ ဝိစိကိစ္ဆာ၊
၈။ ဥဒ္ဓစ္စ-ကုက္ကုစ္စ၊
၉။ အဟိရိက၊
၁၀။ အနောတ္တပ္ပ။

## နီဝရဏ ၆-ပါး

နီဝရဏဆိုသည်မှာ ဈာန်မဂ်ဖိုလ်ကို ပိတ်ပင် တားဆီးတတ်သောကြောင့် နီဝရဏ ဟုဆိုသည်။

၁။ ကာမစ္ဆန္ဒနီဝရဏ၊
၂။ ဗျာပါဒနီဝရဏ၊
၃။ ထိနမိဒ္ဓနီဝရဏ၊
၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊
၅။ ဝိစိကိစ္ဆာနီဝရဏ၊
၆။ အဝိဇ္ဇာနီဝရဏ။

## အနုသယ ၇-ပါး

အနုသယဆိုသည်မှာ ငုတ်လျှိုးစွာ အစဉ်စွဲကပ်၊ ကိန်းဝပ်တတ်သောကြောင့် အနုသယ မည်သည်။

၁။ ကာမာနုသယ၊
၂။ ဘဝါနုသယ၊
၃။ ပဋိဃာနုသယ၊
၄။ မာနာနုသယ၊
၅။ ဒိဋ္ဌာနုသယ၊
၆။ ဝိစိကိစ္ဆာနုသယ၊
၇။ အဝိဇ္ဇာနုသယ။

## သံယောဇဉ် ၁၀-ပါး

သံယောဇဉ်ဆိုသည်မှာ ဖြုတ်နိုင်ခဲအောင် တုတ်နှောင်ချည်ဆွဲ အမြစ်တွယ်နေသည်ကို သံယောဇဉ်ခေါ်၏။

၁။ ကာမရာဂသံယောဇဉ်၊
၂။ ရူပရာဂသံယောဇဉ်၊
၃။ အရူပရာဂသံယောဇဉ်၊
၄။ ပဋိဃသံယောဇဉ်၊
၅။ မာနသံယောဇဉ်၊
၆။ ဒိဋ္ဌိသံယောဇဉ်၊
၇။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၈။ ဝိစိကိစ္ဆာသံယောဇဉ်၊
၉။ ဥဒ္ဓစ္စသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ် သုတ္တန်အလိုတည်း။

၁။ ကာမရာဂသံယောဇဉ်၊
၂။ ဘဝရာဂသံယောဇဉ်၊
၃။ ပဋိဃသံယောဇဉ်၊
၄။ မာနသံယောဇဉ်၊
၅။ ဒိဋ္ဌိသံယောဇဉ်။
၆။ သီလဗ္ဗတပရာမာသသံယောဇဉ်၊
၇။ ဝိစိကိစ္ဆာသံယောဇဉ်၊
၈။ ဣဿာသံယောဇဉ်၊
၉။ မစ္ဆရိယသံယောဇဉ်၊
၁၀။ အဝိဇ္ဇာသံယောဇဉ်။

## အဘိဓမ္မာအလိုတည်း

အစုစုတရားကိုယ် ၉-ပါးသာရသည်။ လော၊ ဒေါ၊ မော၊ မာ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဣဿာ၊ မစ္ဆရိယ။

## ကိလေသာဆိုသည်မှာ

မိမိလည်ပင်း၊ မီးကျွင်းစွပ်သို့၊ မချွတ်တူစွာ၊ လောင်ကျွမ်းလာ၊ ဆယ်ဖြာကိလေသာ။

## မီး ၁၁ ပါးကား

ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

## မီးဆိုသည်မှာ

ပုလောင်မြိုက်ကျွမ်း ခန္ဓာနှမ်း၍ ပူလောင်ခြင်းပြင်းသော ကြောင့် မီးမည်၏။

### ဗောဓိပက္ခိယတရား ၃၇-ပါး

### ၁။ သတိပဋ္ဌာန်တရား ၄-ပါး

၁။ ကာယနုပဿနာသတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်။

### ၂။ သမ္မပ္ပဓာန်တရား ၄-ပါး

၁။ ဖြစ်ပြီး အကုသိုလ်ပယ်ရန်၊
၂။ မဖြစ်သေး အကုသိုလ် မဖြစ်ရန်၊
၃။ မဖြစ်သေး ကုသိုလ်ဖြစ်စေရန်၊
၄။ ဖြစ်ပြီးကုသိုလ်ပွားရန်။

### ၃။ ဣဒ္ဓိပါဒ်၄-ပါး

၁။ ဆန္ဒိဒ္ဓိပါဒ်၊ ၂။ ဝိရိယိဒ္ဓိပါဒ်၊
၃။ စိတ္တိဒ္ဓိပါဒ်၊ ၄။ ဝိမံသိဒ္ဓိပါဒ်။

### ၄။ ဣန္ဒြေ ၅ ပါး

၁။ သဒ္ဓိန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ၊
၃။ သတိန္ဒြေ၊ ၄။ သမာဓိန္ဒြေ၊ ၅။ ပညိန္ဒြေ။

### ၅။ ဗိုလ် ၅ ပါး

သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယ။

## ၆။ ဗောဇ္ဈင် ၇-ပါး

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်။

## ၇။ မဂ္ဂင် ၈-ပါး

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

သတိပဋ္ဌာန်တရား ၄-ပါးကို အားထုတ်လျှင် သမ္မပ္ပ-ဓာန်တရား ၄-ပါး ဖြစ်လာသည်။ ထိုအခါ ဣဒ္ဓိပါဒ် ၄-ပါးပြည့်စုံပြီး အားထုတ်မှုအင်အား ကြီးထွားရလေသည်။ ဣန္ဒြေ ၅-ပါးလည်း ပြည့်စုံကြီးရင့်လာမည်။ ဗိုလ် ၅-ပါး လည်း ပြည့်စုံသောအင်အားကြီး ဖြစ်ပါသည်။ ထိုအခါ ဗောဇ္ဈင်အဆင့်သို့ ပြည့်ဝင်လာပြီး မဂ္ဂင်ရှစ်ပါးဖြင့် ပွားလာရ လေသည်။

မဂ္ဂင် ၈-ပါးသည် (မဂ္ဂသစ္စာ) မဂ်ပညာ ဖြစ်လာပြီး ဖိုလ်ဇောတော့ကျခါ နိဗ္ဗာန်သို့ စံဝင်ရရိုး လမ်းစဉ်ပါတည်း။ (အတောင်ရှိသော ငှက်သည် မိမိ၏သုခဖြစ်ရာ ရေ,အစာ, အသိုက်သို့ ပျံသွားနိုင်ဘိသကဲ့သို့ (ဗောဓိပက္ခိယ)မှာလည်း အသိတရားကို အသိတရားမှစပြီး ဒုက္ခခပ်သိမ်းတို့ ကင်းငြိမ်းရာ နိဗ္ဗာန်ခေတ်သို့ ပျံသွားနိုင်လေသည်။)

## တရား

တရားဆိုသည်မှာ—မတရားတာတွေမဟုတ်လို့ တရားလို့ဆိုပိုသည်။

၁။ ဆယ်ပါးသောတရားမြတ်မှာမဂ် ၄-ပါး၊ဖိုလ် ၄-ပါး နိဗ္ဗာန် ပရိယတ္တိသာသနာတော်ဖြစ်၏။

၂။ ဒုက္ခသစ္စာ ရှာဖွေခြင်းသည် တရားရှာခြင်းမည်၏။ ဒုက္ခသစ္စာတွေ့မှ ကျန်သစ္စာ ၃-ပါး တွေ့မြဲ။

## ခန္ဓာ ၅-ပါး

ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။

ခန္ဓာဆိုသည်မှာ အစဉ်သဖြင့်စုပေါင်းဖြစ်ပျက် ဆက်လက်ရှိသောကြောင့် ခန္ဓာ မည်သည်။

## အာယတန ၁၂-ပါး

| အခံဓာတ် ၆-ပါး | | အတိုက်ဓာတ် ၆-ပါး |
|---|---|---|
| ၁။ စက္ခာယတန၊ | နှင့် | ၁။ ရူပါယတန၊ |
| ၂။ သောတာယတန၊ | ။ | ၂။ သဒ္ဒါယတန၊ |
| ၃။ ဃာနာယတန၊ | ။ | ၃။ ဂန္ဓာယတန၊ |
| ၄။ ဇိဝှါယတန၊ | ။ | ၄။ ရသာယတန၊ |
| ၅။ ကာယာယတန၊ | ။ | ၅။ ဖောဋ္ဌဗ္ဗာယတန၊ |
| ၆။ မနာယတန၊ | ။ | ၆။ ဓမ္မာယတန၊ |

မြစ်ရေအယဉ်ကဲ့သို့ ဟသွင်သွင်စီးဆင်း အဆက်မပြတ် ဆက်စပ်နေသောကြောင့် အာယတန ဖြစ်သည်။

ဓာတ် ၁၈–ပါး

| ခံဓာတ် ၆–ပါး၊ | | အတိုက်ဓာတ် ၆–ပါး၊ | | အသိဓာတ် ၆–ပါး၊ |
|---|---|---|---|---|
| ၁။ စက္ခုဓာတ် | နှင့် | ၁။ ရူပဓာတ် | တိုက်ဆုံလို့ | ၁။ စက္ခုဝိညာဏဓာတ်ဖြစ်။ |
| ၂။ နား | ။ | ၂။ အသံ | ။ | ၂။ ကြားသိစိတ်ဖြစ်။ |
| ၃။ နှာခေါင်း | ။ | ၃။ အနံ့ | ။ | ၃။ နံသိစိတ်ဖြစ်။ |
| ၄။ လျှာ | ။ | ၄။ အရသာ | ။ | ၄။ စားသိစိတ်ဖြစ်။ |
| ၅။ ကိုယ် | ။ | ၅။ ထိတွေ့ | ။ | ၅။ ထိသိစိတ်ဖြစ်။ |
| ၆။ စိတ် | ။ | ၆။ မနော | ။ | ၆။ အတွေးစိတ်ဖြစ်။ |

မဖောက်မပြန် မိမိသဘောအတိုင်း ရှက်ဆောင်တတ်သောကြောင့် 'ဓာတ်' မည်ကုန်၏။

## သစ္စာ ၄-ပါး

၁။ ဒုက္ခသစ္စာ—ဆင်းရဲခြင်းအမှန် အကျိုးခန္ဓာ။

၂။ သမုဒယသစ္စာ—ဆင်းရဲခြင်းဖြစ်ကြောင်းအမှန်။ (အနမတဂ္ဂ သံသရာမှ ဝါသနာ ငြိတွယ်တတ်သောကြောင့် ခန္ဓာ)။

၃။ နိရောဓသစ္စာ—ဒုက္ခ - သမုဒယ၊ ကြောင်းကျိုး တရားတို့ ချုပ်ငြိမ်းခြင်းသဘော။

၄။ မဂ္ဂသစ္စာ —ကြောင်းကျိုး တရား ၂-ပါးကို ဖြတ်သတ်တတ်သော ပညာ တရား။

## ဉေယျဓံတရား ၅-ပါး

၁။ သင်္ခါရ-နာမ်ရုပ်၊ ၂။ ဝိကာရ-ဖြစ်ပျက်။

၃။ လက္ခဏ,အနတ္တသဘော၊ ၄။ နိဗ္ဗာန်-မဖြစ် မပျက်ခြင်း၊

၅။ ပညတ်-ဘာမျှမရှိခြင်း။

လူသားမှန်သမျှ မုချမသွေ သိရမည့်တရား ဖြစ်သော ကြောင့် ဉေယျဓံတရားမည်၏။

လူ,သိတတ်သည်၊ တိရစ္ဆာန်,မသိတတ်၊ လူပင်ဖြစ်သော် လည်း မသိတတ်လျှင် တိရစ္ဆာန်နှင့်မခြားပေ၊ လူကမေတ္တာ တရားပွားများတတ်သည်၊ တိရစ္ဆာန်ကမပွားများတတ်၊လူက ဟိရီ-ဩတ္တပ္ပကို ကြောက်သည်၊ တိရစ္ဆာန်က နားမလည်။

ရူပက္ခန္ဓာ,ရုပ် ၂၈-ပါးပေါင်းစုထားခြင်းကို ခေါ်သည်။ ရုပ်ဆိုသည်မှာ ဖောက်ပြန်တတ်သော သဘောကို ရုပ်လို့ ခေါ်သည်။

နာမက္ခန္ဓာ ၄-ပါး၊ နာမ်ဆိုသည်မှာ အာရုံသို့ သိတတ်သောကြောင့် နာမ်ခေါ်သည်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ။

ဝိဇ္ဇာ ၃-ပါး

၁။ ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ
၂။ ဒိဗ္ဗစက္ခုဝိဇ္ဇာ၊
၃။ အာသဝက္ခယဝိဇ္ဇာ၊

ဝိဇ္ဇာ ၈-ပါး

၁။ မနောမယိဒ္ဓိဝိဇ္ဇာ၊ ၂။ ဣဒ္ဓိဝိဓဝိဇ္ဇာ၊
၃။ ဒိဗ္ဗသောတဝိဇ္ဇာ၊ ၄။ ပရစိတ္တဝိဇာနနဝိဇ္ဇာ၊
၅။ ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ၊ ၆။ ဒိဗ္ဗစက္ခုဝိဇ္ဇာ၊
၇။ အာသဝက္ခယဝိဇ္ဇာ၊ ၈။ ဝိပဿနာဝိဇ္ဇာ။

စရဏ (၁၅)

၁-သီလသံဝရ၊ ၂-ဣန္ဒြိယသံဝရ၊ ၃-ဘောဇနမတ္တညုတာ၊ ၄-ဇာဂရိယာနုယောဂ၊ ၅-သဒ္ဓါ၊ ၆-သတိ၊ ၇-ဟိရီ၊ ၈-ဩတ္တပ္ပ၊ ၉-ဗာဟုသစ္စ၊ ၁၀-ဝီရိယ၊ ၁၁-၁၂-၁၃-၁၄-ရူပဝစရစတုက္ကထိ ၄-ပါး၊ ၁၅-အရူပစျာန်ထိ ၄-ပါး။

## သစ္စာ (၄) ပါး

**ဒုက္ခသစ္စာ**။ ။လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈။ ပြုပြင်ကြရ၊ ပင်ပန်းလှသောရုပ်၊ ပူပန်သောက လောကဓံကို ဆင်းရဲစွာခံ။

**သမုဒယသစ္စာ**။ ။ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။
၁။ မီးစာသို့မှီး စုပုံပြီး သိမ်းဆည်းနိဒါန်ာ။
၂။ မီးစာကိုပင် မလွှတ်ချင်၊ ခင်စွဲ ငြိပြန် သံယောဂါ။
၃။ မီးစာစုမိ ကြောင့်ကြရှိ ဗလိဗောသော။

**နိရောဓသစ္စာ**။ ။ဒုက္ခ–သမုဒယ ချုပ်ဆုံးရာ၊နိဗ္ဗာန်မှာ– လ–၆၊ဂုဏ်–၃၊ သဘောတရား ၉–ပါးဖြစ်၏။

**မဂ္ဂသစ္စာ**။ ။ပါရမီ ၁၀–ပါးကြောင့် ခံထားရင့်သန် ဗောဓိဉာဏ်၊ ဗောဓိဉာဏ်ရင့်၊ မဂ္ဂင်ဆင့် ရှစ်အင်လက္ခဏာ၊ မဂ်ပညာမှာ မဂ်ဉာဏ်ပါ၊ သံသရာအမြစ်ပြတ်သည့် လောကုတ္တရာတရား ၈–ပါးတည်း။

## တရားကျင့်သော်လဲ မဂ်,ဖိုလ် မရထိုက်သော ပုဂ္ဂိုလ် ၁၆–ယောက်

တရားကို ကောင်းစွာကျင့်သော်လည်း ဈာန်မဂ်ဖိုလ် မရထိုက်သောပုဂ္ဂိုလ် ၁၆–ယောက်မှာ–

တိရစ္ဆာန်၊ ပြိတ္တာ၊ မိစ္ဆာဒိဋ္ဌိ၊ ကုဟာကပုဂ္ဂိုလ်၊ အမိသတ်သူ၊ အဘသတ်သူ၊ ရဟန္တာသတ်သူ၊ သံဃာသင်းခွဲသူ၊ ဘုရားသွေးစိမ်းတည်အောင်ပြုသူ၊ ထေယျသံဝါသက၊ တိတ္ထိတို့ထံ ပြေးဝင်သူ၊ ဘိက္ခုနီမကိုဖျက်ဆီးသူ၊ သံဃာဒိသိသ် ၁၃-ပါး၌ တပါးပါးသင့်သူ၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ လူဖြစ်သော်လည်း ၇-နှစ်အောက်ငယ်သူ။

## ဝိဇ္ဇာဉာဏ်

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ။ ဘဝစဉ်တလျှောက် လုံးသုံးသပ်နိုင်သောဉာဏ် (ဗုဒ္ဓါနုဿတိ-အာဏာပါနကို အားထုတ်မှုရသည်)။

၂။ ဒိဗ္ဗစက္ခု။ ထွန်းတောက် ဘုရားရဟန္တာတို့ အတွက် ခြေဆေးရေ၊ သောက်ရေ၊ ရေ၊ စာအုပ်များ လှူဒါန်းသောပုဂ္ဂိုလ် (ဗုဒ္ဓါနုဿတိ – သတိပဋ္ဌာန်ကျင့်ရမည်)။

၃။ အာသဝက္ခယဉာဏ်ဝိဇ္ဇာ၊ ကိလေသာ ကုန် ခန်း။ သက်န်းလှူရမည်။ (ဗုဒ္ဓါနုဿတိ—ဝိပဿနာဆွေးနွေးရည်—အားထုတ်ရမည်)။

၄။ မနောမယိဒ္ဓိ၊ စိတ်အလိုရှိတိုင်း ပြည့်စုံသောဉာဏ်။

၅။ ဣဒ္ဓိဝိဓ အမျိုးမျိုးသော တန်ခိုး ဖန်ဆင်းနိုင်သော ဉာဏ်။

၆။ ဒိဗ္ဗသောတ၊ နတ်နားကဲ့သို့ကြားသောဉာဏ်။

၇။ ပရစိတ္တဝိဇာနန၊ သူတပါး စိတ်အကြံကို သိသော ဉာဏ် ( ဗုဒ္ဓါနုဿတိ၊ သတိပဋ္ဌာန်၊ အာနာပါန ) လှူရန်ဆေး၊ ခါးပန်းကြိုး၊ ရဟန်းများ၏ သုံးရေ သောက်ရေ။

၈။ ဝိပဿနာဝိဇ္ဇာ၊ ပရိက္ခရာလှူ – ဝိပဿနာအားထုတ် ရမည်။ ဝိပဿနာကို နားလည်လွယ်၊ နားလည် အောင်ဟောတတ်ရမည်၊ ကျင့်တတ်ရမည်။ ခီဏာ-သဝ–ကိလေသာ ကုန်ခန်းပြီးသူကိုခေါ်သည်။

## ဘုရား

၁။ ဗုဒ္ဓဘုရား ဟူသည် အဘယ်သို့ပါနည်း၊ အဘယ်သို့သော ဂုဏ်သဘောရှိပါသနည်း။

ဗုဒ္ဓဘုရားဟူသည် အခြေခံတရား ၃–ပါးဖြင့် ပြည့်စုံပြီး လျှင် ၆–ပါး ၊ –လီ၊ (၆×၄=၂၄) ဂုဏ်နှစ်ဆီတို့ ပြည့်စုံပိုင်သ အစိုးရတော်မူသောကြောင့် ဘုရားမည်တော်မူ၏။

၁။ အသာဓာရဏဉာဏ်တော် ၆–ပါး၊
၂။ အနန္တဂုဏ်တော် ၆–ပါး၊
၃။ ဘုန်းတော် ၆–ပါး၊
၄။ ရောင်ခြည်တော် ၆–ပါး၊

၂၄–ပါး (၆×၄=၂၄–ဖြစ်သည်)

ထိုသို့ ပြည့်စုံ၊ ရရှိပိုင်သ စိုးရတော်မူသောကြောင့် ဗုဒ္ဓ ဘုရားမည်ပါသည်။

### တရား

၂။ **ဓမ္မတရား**ဟူသည် အဘယ်သို့ပါနည်း၊ အဘယ်သို့သော ဂုဏ်သတော ရှိပါသနည်း။

တရားကြောင်းရင်းစစ် ၂၄-ပစ္စည်း (အကြောင်းခံကြောင်း) ပုဏ် ၆-ပါးနှင့် ပြည့်စုံသော 'သစ္စာ' သဘော တရား ၄-ပါးသည် 'ဓမ္မ' မည်၏။'

### အသာဓာရဏဉာဏ်တော် ၆-ပါး

၁။ ဣန္ဒြိယပရောပယတ္တိဉာဏ်တော်=သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့်ကို သိတော်မူသောဉာဏ်တော်။

၂။ အာသယာနုသယဉာဏ်တော်=သတ္တဝါတို့၏ အလိုဓလေ့ စရိုက်ကို သိတော်မူသောဉာဏ်တော်။

၃။ ယမကပါဋိဟာရိယဉာဏ်တော်=ရေ, မီး အစုံ ယမိုက် တန်းခိုးပြာဋိဟာတို့ကို ဖြစ်စေသောဉာဏ်တော်။

၄။ မဟာကရုဏာသမာပတ္တိဉာဏ်တော် = ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့နှင့်မစပ်၊ ကြီးမြတ်လှစွာသောဉာဏ်တော်။

၅။ သဗ္ဗညုတဉာဏ်တော်=ဋ္ဌေယျဓမ် တရားငါးပါး တို့ကို တခုမကျန် သိမြင်တော်မူသောဉာဏ်တော်။ အလုံးစုံသော တရားအပေါင်း။

၆။ အနာဝရဏဉာဏ်တော်=အပိတ်အပင်မရှိ အဆီးအတား မရှိသိမြင်တော်မူသောဉာဏ်တော်။

အနန္တဂုဏ်တော် ၆ ပါး

၁။ အနန္တပညာ၊ ၂။ အနန္တဂုဏာ၊ ၃။ အနန္တဉာဏာ၊
၄။ အနန္တတေဇာ၊ ၅။ အနန္တဣဒ္ဓိမန္တာ၊
၆။ အနန္တဇုတိမန္တာ။
(အတိုင်းမသိ အနန္တဂုဏ်တော် ၆–ပါး ဖြစ်၏။)

ဘုန်းတော် ၆ ပါး

၁။ ဣဿရိယ ၂။ ဓမ္မ၊ ၃။ သိရီ၊ ၄။ ကာမ၊ ၅။ ယသ၊ ၆။ ပယတ္တ။

ရောင်ခြည်တော် ၆ ပါး

၁။ နီလ အညိုရောင်ဝန်း၊
၂။ ပီတ အရွှေရောင်ဝန်း၊
၃။ လောဟိတ အနီရောင်ဝန်း၊
၄။ ဩဒါတ အဖြူရောင်ဝန်း၊
၅။ မဉ္ဇိဋ္ဌ အမောင်းရောင်ဝန်း၊
၆။ ပဘဿရ ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်ဝန်း၊

ဤသို့ ၆–ပါး ၄–လီ ပြည့်စုံညီသော 'အတုလသခင်' ကျေးဇူးတော်ရှင် မြတ်ဘုရားကား တဆူတည်းသော ဘုရား ဖြစ် ပွင့်မြဲသာတည်း။

## တရာဂုဏ်တော် ၆ ပါးမှာ

**၁။ သွာက္ခာတော**

၁—လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရား၊
၂—မဟာကရုဏာ သမာပတ်ဉာဏ်ဖြင့်၊
၃—သတ္တဝါ ဝေနေယျတို့အား၊
၄—အကျိုးကျေးဇူးခံစားကြရစေရန်၊
၅—ကောင်းစွာဟောတော်မူခြင်းဂုဏ်။

**၂။ သံဒိဋ္ဌိကဂုဏ်**

၁—ကျင့်ဆောင်သူတို့အား၊
၂—ယခု ပစ္စက္ခဥ်ပင်၊
၃—ဒိဋ္ဌကိုယ်တိုင် တွေ့သိခြင်း၊ ခံစားကြရသောဂုဏ်။

**၃။ အကာလိကဂုဏ်**

၁—ကာလမရွေး ကျင့်သည့်နေ့၌ပင်၊
၂—တွေ့မြင်သိ ယုံကြည်ကြရသော ကျေးဇူးဂုဏ်၊
၃—အခါမလင့် အကျိုးပေးတတ်သော ကျေးဇူးဂုဏ်

**၄။ ဧဟိပဿိကဂုဏ်**

၁—လာရောက်စမ်းသပ် ကျင့်ကြံအားထုတ်ဘို့ အစဥ်
ဝမ်းသာ ကျေးဇူးတင်စွာ တံခါးဖွင့်ထားလျှ
ရှိခြင်း၊

၂—လာပါအားထုတ်လှည့်ပါဟု တိုက်တွန်းခြင်းငှါ ထိုက်သောဂုဏ်နှင့်လဲ ပြည့်စုံခြင်း၊
၃—မပါ,ပါအောင် အားမထုတ်,ထုတ်အောင် တိုက်တွန်းခြင်းငှါ ထိုက်တဲ့ဂုဏ်ထူး ဝိသေသနဲ့လဲ ပြည့်စုံခြင်း။

၅။ **ဩပနေယျိက**

၁—မိမိခန္ဓာ အဇ္ဈတ္တတွင် ရရှိပေါက်ရောက်ကိုယ်တွေ့ မြောက်အောင်ကပ်လို့ ဆောင်တတ်သော မိမိခံစားရရှိသော ချမ်းသာကို မိမိကိုယ်တိုင်သိပြီး သူတပါးကို ပြောမပြတတ် သောဂုဏ်။

၆။ **ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ**

၁—ပညာရှိ သူတော်ကောင်း အပေါင်းတို့သည်၊ မိမိတို့ ကိုယ်ခန္ဓာ၌ ခံစားသိရသော ချမ်းသာကို (ကိုယ်ရောစိတ်ပါ)ချမ်းသာရာရမှုကို ကိုယ်တိုင်ခံစားရသောဂုဏ်။

၂—ကောင်းလေစွ, ကောင်းလေစွဟု ထင်ထင်ရှားရှားကြီး စံစားသိမြင်ရသော ဝိသေသဂုဏ်ကျေးဇူးကို အဟောဝတ ထောပနာပြု ဥဒါန်းကျူးရင့်ခြင်းဂုဏ်။

ဒါနမှုမှစပြီး သီလ, သမထ, ဝိပဿနာ မှစသည့် သစ္စာ ၄=ပါး (သဘောတရား) တိုင်အောင်သော တရားတော်

မြတ်ကား ဤဖော်ပြခဲ့ပြီးသော ဂုဏ်ကျေးဇူး အတူးအပေါင်း တို့ဖြင့် ပြည့်စုံမြဲပင် ဖြစ်လေသည်၊ မိမိကိုယ်တိုင်သိ ခံစား၊ မိမိကိုယ်တိုင်ပင် 'သဒ္ဓါတရား'ဖြင့် လုံ့လထုတ်ရာသည်။

## ဗုဒ္ဓဘုရားရှင်သည် မိမိ၏ဓမ္မတရားတော်နှင့် ပတ်သက်၍

ဒါဟာ ငါတို့ဘုရားရှင်ဟောတော်မူတာဘဲ၊ ပါဠိတော်မူ အတိုင်းဘဲဆိုပြီးတော့လဲ အရမ်းမဆင်ခြင်ဘဲ မယုံကြည်လေ နဲ့အုံး၊ မိမိ၏ကိုယ်ပိုင်သော ဓမ္မပညာဂုဏ်နဲ့ ခံယူနိုင် အောင် လက်တွေ့စမ်းသပ်ကြည့်ပါ၊ အာထုတ်ကြည့်ပါဦးလို့ သာဓကပြုပြီး ဘယ်ဘုရားဟော၊ ဘယ်ပညာရှိပြောတဲ့ဖြစ်ဖြစ် တရားဂုဏ်တော်ခြောက်ပါးနဲ့ မှန်ကျောက် တင်ကြည့်ရန် နည်းပေး၍ ဟောပြတော် မူလေ့ရှိသော သတိပေးချက် ၁၀-ချက်မှာ....

၁။ တဆင့်ကြား(စကား) ခိုင်မာလှသည်ဆိုပြီးတော့လဲ အမှန်ဟု မယူဆပါနှင့်ဦး။

၂။ ရှေးအစဉ်အဆက် ဆင်းသက်သော စကားဖြစ်ရုံ ဖြင့်လဲ အမှန်ဟု မယူဆပါနှင့်ဦး။

၃။ ဤကဲ့သို့ ဖြစ်လေဘူးသတတ်ဟု ဆိုရုံဖြင့်လဲ အမှန်ဟု မယူဆပါနှင့်ဦး။

၄။ မည်သည့် ကျမ်းဂန်နှင့် ညီတာဘဲ ဆိုပြီးတော့လဲ အမှန်ဟု မယူဆပါနှင့်ဦး။

မမှဒေသနာ နယသာဂရမျာ းကျမ်း

၇။ ကိုယ်ပိုင်ဉာဏ်၊ သူ့ကာပါးဉာဏ်နှင့် ကြံစည်၍ ယူခြင်း မျိုးဖြင့်လဲ အမှန်ဟု မယူဆပါနှင့်ဦး။

၆။ နည်းမှီ၍ ပညာနည်းမှီယူခြင်းမျိုးဖြင့်လဲ အမှန်ဟု မယူဆပါနှင့်ဦး။

၇။ အကြောင်းခြင်းရာ ရှာကြံထောက်ပြလို့ ညီညွတ် ကိုက်ညီတယ်ဆိုပြီးတော့လဲ အမှန်ဟု မယူဆပါ နှင့်ဦး။

၈။ မိမိတို့ကြံစည်နှစ်သက် လက်ခံထားသော အယူနှင့် ကိုက်ညီတယ်ဆိုပြီးတော့လဲအမှန်ဟုမယူဆပါနှင့်ဦး။

၉။ လက်ခံထိုက်သော လေးစားလောက်တဲ့ပုဂ္ဂိုလ်ကြီး၏ စကားဖြစ်ရုံလဲ အမှန်ဟု မယူဆပါနှင့်ဦး။

၁၀။ မိမိကိုးကွယ်သော လေးစားအပ်သော ဆရာ၏ စကားဖြစ်ရုံဖြင့်လဲ အမှန်သို့ မယူဆပါနှင့်ဦး။

ဗုဒ္ဓ၏ဂုဏ်တော် ၉-ပါးတွင် သုဂတမှာ

၁။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်၊

၂။ ကောင်းသောစကား (တရားစကား)ကို ဆိုတော် မူလေ့ရှိပြီး။

၃။ ကောင်းမြတ်သောနိဗ္ဗာန်သို့ စံဝင်တော် မူခြင်းပင် ဖြစ်လေသည်။

## သစ္စာလေးပါး၊ အရိယသစ္စာ ၄-ပါး

၁။ အကျိုးခန္ဓာဟူသော (ဒုက္ခသစ္စာ)
၂။ အကြောင်းအဝိဇ္ဇာဟူသော (သမုဒယသစ္စာ)
၃။ မဂ်ပညာဟူသော (မဂ္ဂသစ္စာ)
၄။ ဒုက္ခသမုဒယတို့ ချုပ်ငြိမ်းခြင်းဟူသော (နိရောဓသစ္စာ) တရားရှာသည်မှာ မိမိခန္ဓာ၌ မိမိဘာသာ ဒုက္ခသစ္စာကို တွေ့ရသိရအောင် ရှာဖွေခြင်းပင်တည်း။ (ခန္ဓာဝန်ထမ်းဒုက္ခသစ္စာ)

## တရားကျင့်နည်းစဉ် (ကြိုတင်ပြင်ဆင်မှု)

၁။ သံသရာဘေးဒုက္ခ 'ဝဋ်ဆင်းရဲ' အပေါင်းမှ လွတ်မြောက်လိုကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် (သတိသံဝေဂဓမ္မ-ရရှိကြသူဟူသမျှတို့သည်) လွတ်မြောက်ကြောင်း၊ အားကိုးရာ ကိုးကွယ်ရာ (နည်းကောင်းလမ်းမှန်) ကိုမှချ ရှာဖွေ ကျင့်ကြံ ကြိုးစားကြရမြဲပင်တည်း။

၂။ ဗုဒ္ဓသဗ္ဗညုတဘုရားရှင်သည်၊ ဤသို့သော သူတော်ကောင်းများအတွက် ပရိယတ္တိသာသနာ 'ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကို သုတ်၊ ဝိနည်း အဘိဓမ္မာ,အားဖြင့် ဟောညွှန်ပြ၍ နည်းပေးတော်မူပါသည်။

၃။ ပါဠိတော်၊ အထူးသဖြင့် 'ဝိသုဒ္ဓိမဂ်-ပဋ္ဌိသမ္ဘိဒါမဂ်' တို့တွင် ဟောတော်မူသော အစီအစဉ်မှာ....

(၁) ကြိုတင်ပြင်ဆင်ပြည့်စုံ နားလည်ထားရန်များ အပိုင်းကို ရှေးဦးစွာဟောတော်မူပါသည်။ (ပ၊၇၅)

(၂) ခန္ဓာစဉ်လူစွန့်။ (ဒု၊ ၄၆)

(၃) ကမ္မဋ္ဌာန်းတောင်း။

(၄) ပုဗ္ဗအာသီသ ၄-ပါး (ကိုယ်၊စိတ်မှာရှေးဦးဖြစ်ပေါ်ရမည့်တရား)

(၅) သဗ္ဗတ္ထကကမ္မဋ္ဌာန်း၄-ပါး။ (နေရာတကာတွင်ကျင့်ရမည့်တရား)

(၆) သံသရာကြောက်ရွံ့။

(၇) သာမညဒေသများတိုင်တည်။

(၈) ကမ္မဋ္ဌာန်းအဓိဋ္ဌာန်တင်။

(၉) အဓိဋ္ဌာန်တရားကျင့်ဝတ်အင်္ဂါ ၇ ပါး (ဒု၊ ၅၀)

(၁၀) အဓိဋ္ဌာန်မှသဖြောက်။

(၁၁) အမျှဝေ (ပတ္တိဒါန)

(၁၂) သာဓုခေါ်။ (ပတ္တာနုမောဒနာ)

(၁၃) ဆုပတ္ထနာပန်ခြင်း။ ပြီးကကျင့်ဝတ် ၄ ပါးပြုပါ။

**သမထဘာဝနာအာနာပါနလုပ်ထုံး** (ဒု၊၈၀-၈)

၁။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ တရားအလှူသည် အားလုံးသောအလှူတို့ကို အောင်၏။

၂။ သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ၊ တရားအရသာသည် အားလုံးသော အရသာတို့ကို အောင်၏။

၃။ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊ တရားမွေ့လျော်မှုသည် အားလုံးသော မွေ့လျော်ခြင်းတို့ကို အောင်၏။

၄။ တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ၊ တဏှာကုန်ရာသည် ဆင်းရဲအားလုံးတို့ကို အောင်၏။

(၁) တန်းခိုးသိဒ္ဓိကမ္မဇိဒ္ဓိသည်၊ အတုလရတနာ သုံးပါး၌ သာရှိသည် (ပို၍မြတ်သည်)။

(၂) တန်းခိုး သိဒ္ဓိကမ္မဇိဒ္ဓိသည် အတုလသာသနာသုံးပါး၌ ရှိသည်။

(၃) တန်းခိုး သိဒ္ဓိကမ္မဇိဒ္ဓိသည်၊ ပါရမီဘာဝနာရဘုန်း၌သာ ရှိသည်။

(၄) ဣဒ္ဓိပါဒ် ၄ ပါးစွမ်းအားသည်၊ခပ်သိမ်းသောအမှုကိစ္စတို့ကို ထမြောက်ပြီးစီးမြဲ ဖြစ်သည်။

## အာနာပါနလုပ်ထုံး

၁။ ဈာန်တရား၊ မဂ်တရားတို့ကို တားဆီးပိတ်ပင်တတ်သောကြောင့် နီဝရဏတရားမည်၏။

၂။ နီဝရဏ တရားဆိုးတို့ကို ခွါတတ် သောကြောင့် ကမ္မဋ္ဌာန်း ပဋိဘာဂနိမိတ်ကို ရှုတတ်သောကြောင့် ဈာန်မည်၏။

၃။ (၁) ဝိတက်ပယ်၊ ပဌမစျာန်သည် ထိနမိဒ္ဓနီဝရဏကို ပယ်၏။

(၂) ဝိစာရပယ်၊ ဒုတိယစျာန်သည် ဝိစိကိစ္ဆာ နီဝရဏကိုပယ်၏။

(၃) ပီတိပယ်၊ တတိယစျာန်သည် ဗျာပါဒ နီဝရဏကိုပယ်၏။

(၄) သုခပယ်၊ စတုတ္ထစျာန်သည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကိုပယ်၏။

(၅) ဧကဂ္ဂတာပယ်၊ ပဥ္စမစျာန်သည် ကာမစ္ဆန္ဒ နီဝရဏကိုပယ်၏။

အဝိဇ္ဇာနီဝရဏကိုစျာန်ငါးပါးလုံးကပင်ပယ်ပါ၏၊ အစုစု နီဝရဏ ၆-ပါး။

**ဝိတက်**—သည်မိမိနှင့်တကွသော နာမ်တရားတို့ကို အာရုံ တခုခုသို့ ပို့ခြင်းသဘောဖြစ်ပါသည်။


**ဝိစာရ**—သည် မိမိနှင့် အတူဖြစ်သော နာမ်တရားတို့ကို အာရုံ၌ သုံးသပ်စေသော သဘောဖြစ်သည်။

**ပီတိ**—သည် အာရုံကိုနှစ်သက်ခြင်းသဘောဖြစ်သည်။

**သုခ**—သည် အာရုံကို ချမ်းသာစွာ ခံစားခြင်းသဘော ဖြစ်သည်။

**ဧကဂ္ဂတာ**—သည် အာရုံ၌တည်ကြည်ခြင်း၊ မပျံ့လွင့်ခြင်း သဘောဖြစ်သည်။

**ပဥ္စမစျာန်**—သည် သမာဓိ=ဧကဂ္ဂတာစျာန်၊ အမှန် 'သိခါ ပတ္တ'သမထ အထွဋ်အထိပ်ရောက်စေရန်ဖြစ်သည်။




ထွက်လေ,ဝင်လေတို့၏ တိုက်ထိမှုကိုသိ ၍,သိ၍နေရမည်။
ထိုသိမှုပေါ်မှာ သတိထပ်၍ ဖိုက်ရပါမည်။
တိုက်ထိမှုကို သတိပြု၍နေသောကြောင့်သာ သိ၍နေခြင်း ဖြစ်သည်။
သိမှုမပါဘဲ မဝင်ပါစေနှင့်၊ မထွက်ပါစေနှင့်။


ထွက်လေ,ဝင်လေတို့၏ (အစ–အလယ်–အဆုံး) သုံးချက်စလုံးကိုသိမှုပါအောင် သတိစိုက်၍ နေရပါမည်။

ထွက်လေ, ဝင်လေဟု လိုက်ရွတ်ဆိုရန်မလို သိမှုအပြည့်ပါကပြီး၏။

## မေတ္တာချွန်ဝင်စားနည်း လက်ာ

မေတ္တာပွားပျိုး (၁၁) အကျိုးကား– အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊နှစ်သက်လူနတ်၊ စောင့်မှတ်နတ်များ၊ဆိပ်ကားမနှံ၊ စိတ်ပုံ့တည်ကြည်၊ လှသည်မျက်နှာ၊ သေခါမသွေ၊ ဖြစ်လေဗြဟ္မာ၊ ဆယ့်တခါစဉ်၊ အာနိသင်ကို လျှင်လျှင်အမြဲရ၏မှတ်။

၁။ ချမ်းသာစွာအိပ်ပျော်ရခြင်း။ ၂။ ချမ်းသာစွာနိုးရခြင်း။ ၃။ ယုတ်ညံ့သောအိပ်မက်မမြင်မက်ခြင်း။ ၄။ လူအပေါင်းတို့ချစ်ခင်ခြင်း။ ၅။ နတ်အပေါင်းတို့ ချစ်ခင်ခြင်း။ ၆။ နတ်ကောင်း နတ်မြတ်တို့ စောင်မခြင်း။ ၇။ အဆိပ်မတက်မသင့်ခြင်း။ ၈။ စိတ်မပုံ့လွင့်ခြင်း။ ၉။ စိတ်တည်ငြိမ်သမာဓိရခြင်း။၁၀။မျက်နှာမြင်ချစ်ခင်ခြင်း၊လှပကြည်ညိုဘွယ်ဖြစ်ခြင်း။ ၁၁။ သေပြီး အခြားမဲ့၌ ဗြဟ္မာ့ဘုံသို့လားရခြင်း။




လောဘ,ဒေါသ,မောဟသည် လူ့အသက်ကိုတိုစေသည်။ ထမင်း, မီး, ရေ မလိမ္မာကဘေး၊ လိမ္မာကဆေး။

**ဒေါသဖြစ်ကဖြေနည်း**

၁။ ဥပေက္ခာ (ရှု)—တွယ်တာစရာမရှိပါ။

၂။ မုဒိတာ ။ —သူ့ကျေးဇူးကိုသိအောင်(အောက်မေ့)နေပါ။

၃။ ကရုဏာ ။ —သနားကျင်နာနေပါ။

၄။ မေတ္တာ ။ —ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ မေတ္တာပို့ပါ။ တို့ဖြင့်ဖြေပါ။

**မေတ္တာဈာန် ပွားများဝင်စားရန်(သမထ)(ဒု ၆၄)**

**(ကေပုတ္တ မနုရက္ခ)**

(တဦးတည်းသော သားအား ချစ်ခင်သော မိခင်၏ စိတ်)

ဓါတ်ဌာပနာဖြစ်၏

ပရိကမ္မနိမိတ်ရှာဖွေတတ်ရန်

**သတ္တလောက**- သတ္တပညတ် တည်းဟူသော သတ္တဝါအနန္တ

၃၁-ဘုံသည် စကြဝဠာ အနန္တ၌ရှိ

ကမ္ဘာကြီး

မြန်မာပြည်

မဟာရန်ကုန်

မိမိနေအိမ်

၁။ နတ်ပြည်–၆၊ ပဌမစျာန် – ၃၊ ဒုတိယစျာန် – ၃၊ သုဒ္ဓါဝါသ–၇ဘုံ၊ အရူပ ၄-ဘုံ။

၂။ မြင့်မိုရ်တောင်ခြေရင်း၊ အလယ်မှာ – အသူရာပြည် ရှိ၍၊ သမုဒ္ဒရာ ၄စင်းနှင့်ဘောဂဝတီ နဂါးပြည် အောက်တွင် ငရဲကြီး–ဂထပ်နှင့် ငရဲငယ်–၁၂၈ ထပ် အောက်အဝီစိ။

၃။ ပတ်လည်တွင် မဟာရံတံတိုင်းကြီးက ဝိုင်းရံထား သည်။ ဝန်းကျင်ကွင် ကျွန်းကြီး၄ကျွန်း၊ ကျွန်းငယ်–၂၀၀၀ သတ္တရဘန်တောင်စဉ်-၇ထပ်၊ သီတာ-၇တန်၊ အာလိန်ငါး ဆင့်၊

ဤအတွင်း၌ ရှိရှိသမျှသော လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ပရိကမ္မနိမိတ် ပြု၍ ကေပုတ္တမနုရက္ခေ တဦးတည်းသော သားအပေါ် ချစ်ခင်အပ်သော မိခင်၏ မေတ္တာစိတ်ဓါတ်ဖြင့် ထားကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ ဟူ၍....

၁။ မေတ္တာတည်းဟူသော ရေဇလာတွေ
၂။ မေတ္တာတည်းဟူသော မြူခိုးမြူငွေ့တွေ
၃။ မေတ္တာတည်းဟူသော အလင်းရောင်တွေ
၄။ မေတ္တာတည်းဟူသော လျှပ်စစ်ဓါတ်တွေ

ခန္ဓာကိုယ်မှညစ်ထုတ်၍ တွက်ပေါ်လာစေပြီး ၃၁-ဘုံကို ဖုံးလွှမ်း လိုက်ပြီးလျှင် သက်ရှိသက်မဲ့ ပုဂ္ဂိုလ် ဘဏ္ဍဝါ

အရာဂတ္တု အနုမြူမှ မကျန်မကြွင်းစေဘဲ ပေါက်ထွင်းဖြတ်သန်း တည်ကိန်းလျက် မေတ္တာစျာန်ကို ဝင်စားနေရပါသည်။ (ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ) ဟူ၍ မနောဓါတ်ဖြင့် ဒလစပ်ပွားများ၍ နေရပါသည်။ (နှုတ်မှ ရွတ်ဆိုရန် မဟုတ်ပါ)


## လူ့ဘဝ၏ အနှစ်သာရ ရယူခြင်း

၁။ ရွှံ့နွံသည် ရေကြောင့် ဖြစ်ရသော်လည်း ထိုရွှံ့နွံကို ရေဖြင့်ပင် စင်ကြယ်စေနိုင်လေသည်။

ထိုအတူပင် မိမိစိတ်ကြောင့် ဖြစ်သော ဒုစရိုက်မှု မကောင်းမှု အကုသိုလ်စုတို့ကို မိမိစိတ်ဖြင့်ပင် စင်ကြယ်စေနိုင်လေသည်။

၂။ သတ္တဝါဟူသမျှပင်လူတို့သည် 'ဝဋ္ဋဘဝ' 'ဒုက္ခသစ္စာ' ခန္ဓာဝန်ထမ်း တာဝန်ကို 'ခန္ဓာ' ကျွန်အဖြစ်ဖြင့် ထမ်းနေကြရသော 'ပါရမီရှင်' တို့သည် မိမိ၏ 'ဘဝမှန်တရား' ကို မှန်သည့်အတိုင်း သိမြင်ပြီး 'သတိသံဝေဂမွေ' ကို ရယူကြရပါမည်။

အနမတဂ္ဂသံသရာမှ လောဘ
ဝါသနာ နှင့်
တကွ ပါခဲ့သော →




၁။ ဘဝမှန်တရားမှာအကြောင်းကမ္မဝဋ်ကြောင့် အကျိုးဝိပါကဝဋ်ဝိပါက်ခန္ဓာတို့တွင် ကိလေသာဝဋ်ပါပြီး ပုည၊

အပုညာ၊ အာနေဉ္ဇ ဟူသောကမ္မဝဋ် အကျိုး 'ဝိပါကခန္ဓာ— အကျိုးခန္ဓာ ဟူသော 'ဒုက္ခသစ္စာ' အတုရော အစစ်ပါ နာမ်ရုပ် ဒုက္ခသစ္စာဟု သိယူပါ။

၂။ 'သတိ သံဝေဂ ဓမ္မ' ဝဋ်ဘဝခန္ဓာ ဝန်ထမ်း ဆိုးမှ လွတ်မြောက်လိုသော စိတ်ဓာတ် (နိ-နိ-နိ) နိ သုံးပါး စိတ်ဓါတ်များ ကိန်းပါ။

**နိ = နိဗ္ဗိန္ဒ ဓာတ်** —ဥာဏ ဘုံကို ပျင်း မုန်း ငြီးငွေ့။
သံသရာကို ပျင်း မုန်း ငြီးငွေ့။
ခန္ဓာကိုယ်ကို ပျင်း မုန်း ငြီးငွေ့။

**နိ = နိဿရဏဓာတ်**—ဥာဏ ဘုံမှ လွတ်မြောက်လိုသောစိတ်။
သံသရာမှ လွတ်မြောက်လိုသောစိတ်။
ခန္ဓာကိုယ်မှလွတ်မြောက်လိုသောစိတ်။

**နိ = နိက္ခမ ဓာတ်** —လောကီ အာရုံ ကာမဘုံ အစုစု တို့မှ
လွတ်မြောက် ထွက်မြောက် လိုစိတ်။
သံသရာမှ လွတ်မြောက် ထွက်မြောက် လိုစိတ်။
ခန္ဓာကိုယ်မှ လွတ်မြောက်ထွက်မြောက် လိုစိတ်။

၃။ လူ့သက်တမ်း ကလေးက တိုတောင်း ပါဘိသနဲ့ ဘေးအန္တရာယ် လောကဓံ ကွေ့ကလဲ ပေါများ ပါဘိသနဲ့ သဒ္ဓါတရား ဆေးစွမ်းကောင်း ၃-လုံးကို အစဥ် မျိုထား

ပြီးလျှင် စက်ကြီး ၄-ပါး ပြည့်စုံစေပြီး၊ ဣဒ္ဓိပါဒ် ၄-ပါး ရှိပါ။

၄။ ခပ်သိမ်းသော လူ ဟူသမျှတို့ မုချ 'သိမြင်' ကြရမည့် တရား(၅-ပါး၊ ဥဿယျုံ တရား ၅-ပါး)ကို သိယူ ကျင့်ပါ။

၁။ သင်္ခါရ —နာမ်ရုပ်၊
၂။ ဝိကာရ —ဖြစ်ပျက်၊
၃။ လက္ခဏာ —အနတ္တသဘော၊
၄။ နိဗ္ဗာန် —မဖြစ်+မပျက်၊
၅။ ပညတ် —ဘာမျှ မရှိ။

၁။ အကျိုးခန္ဓာ ဟူသော ဒုက္ခ သစ္စာ။
၂။ အကြောင်း အဝိဇ္ဇာ ဟူသော သမုဒယသစ္စာ။
၃။ ဒုက္ခ-သမုဒယ ချုပ်ငြိမ်းခြင်း ဟူသော နိရောဓ သစ္စာ။
၄။ ဒုက္ခ-သမုဒယ တို့ကို ဖြတ်သတ် တတ်သော 'မဂ်' ပညာ မဂ္ဂသစ္စာ။

* ထိုသစ္စာ 'ဥဿယျ' ဓမ္မ တို့ကို ပိုင်သ ပေါက် မြောက် ရန် နေ့စဉ်-

က။ ဗုဒ္ဓါနုဿတိ၊ ခ။ မေတ္တာစျာန်တရား။

ဂ။ အာနာပါန၊ ဃ။ ဝိပဿနာဉာဏ်ကို အစဉ် ကျင့် သုံးရာသည်၊ အမိဋ္ဌာန် ဝတ်ထားပါ။

## အဘိဓမ္မာ ပရမတ္ထတရား ဒေသနာတော်

၁။ မဖေါက်မပြန် မြတ်သောကြောင့် 'ပရမတ်' မည်၏။ ထိုပရမတ် တရား များသည် ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်တော်မူသော (ဗုဒ္ဓုပ္ပါဒ နဝမ)ခေတ် အခါ၊ ဗုဒ္ဓ သာသနာတော် အတွင်း၌သာ ထွန်းပေါ်သော တရားထူး တရားမြတ် ဖြစ်လေသည်။

၂။ ထိုပရမတ် တရားမှာ-

၁။ စိတ်၊ အာရုံကို သိတတ်သောကြောင့် စိတ်။

၂။ စေတသိက်၊ စိတ်နှင့် အတူ ယှဉ်တတ် သောကြောင့် စေတသိက်။

၃။ ရုပ်၊ ပြောင်းလဲ ဖေါက်ပြန် တတ်သောကြောင့် ရုပ်။

၄။ နိဗ္ဗာန်၊ ဆင်းရဲ အပေါင်း တို့၏ ချုပ်ငြိမ်းရာဖြစ်၍ နိဗ္ဗာန်။

စိတ်နှင့် စေတသိက်သည်(နာမ်)တရား ဖြစ်၏။ ရုပ်သည် (ရုပ်)ပင် ဖြစ်၍ ရုပ်နာမ် တို့၏ ချုပ်ငြိမ်း ရာသည် နိဗ္ဗာန် (ကေဗိဇီ ၁-ဘ၀)(ကောလံ ကောလ ၃-ဘ၀) (သတ္တက္ခတ္တု ၇-ဘ၀)

၃။ သဠာယတန ၁၂၊ အတိုက်ခေတ် ၆-ပါးတို့က အခံခေတ် ၆-ပါးကို အစဉ် တိုက်ထိပြီး ဆက်လက်၍ စီးဆင်း မပျက်၊ ဒလစပ် ဆက်နေ၍ သတ္တဝါ ဟူသမျှ 'ခန္ဓာဇာတ်' မသိမ်းမချင်း စီးဆင်းမြဲ ဖြစ်သည်။

| အခံဓာတ် | တိုက်ထိ | အတိုက်ဓာတ် | ကုဋေ ၅၀၀ကျော် ဖြစ်ပျက် |
|---|---|---|---|
| ၁။ စက္ခုပသာဒရုပ် — | ဖဿ — | ရူပါရုံ၊ | ၁။ ရူပက္ခန္ဓာသည် ၁။ ရုပ်။ |
| ၂။ သောတ — | ဖဿ — | သဒ္ဒါရုံ၊ | |
| ၃။ ဃာန — | ဖဿ — | ဂန္ဓာရုံ | |
| ၄။ ဇိဝှါ — | ဖဿ — | ရသာရုံ | |
| ၅။ ကာယပသာဒရုပ် — | ဖဿ — | ဖောဋ္ဌဗ္ဗာရုံ | မရပ်မနား ဖြစ်ပျက် |
| ၆။ မနောဓာတ် — | ဖဿ — | ဓမ္မာရုံ | နေသော ရုပ်နာမ် ခန္ဓာ။ ၁၇။ |

၁။ ဖောက်ပြန်မှု—ရူပက္ခန္ဓာ
၂။ ခံစားမှုဝေဒနာ—ဝေဒနက္ခန္ဓာ
၃။ မှတ်သားမှုသညာ—သညက္ခန္ဓာ
၄။ အားထုတ်စေ့ဆော်သင်္ခါရ—သင်္ခါရက္ခန္ဓာ
၅။ သိမှုဝိညာဏ်—ဝိညာဏက္ခန္ဓာ

(၁–၄) နာမက္ခန္ဓာ ၄-ပါးသည် နာမ်။ ကုဋေတသိန်းကျော် ဖြစ်ပျက်

၄။ သံသရာ စသည်မှ စ၍ သတ္တဝါ တဦး တယောက်သည် ရုပ်နာမ် ဖြစ်ပျက်တွေ ၃၁-ဘုံဝယ် ဘယ်ဘဝကူးကူး မရပ်မနား ဒလစပ် ဖြစ်ပျက်တွေ..........ဆက်နေ ခြင်းသည် 'ပရမတ္ထ သံသရာ' မည်၏။

၅။ ထိုဘဝတွေ ရုပ်နာမ် တွေ၏၊ မမြဲသော သဘော 'ဆင်းရဲသော သဘော' 'အစိုးမရသော သဘော' တို့သည် စင်စစ် ဆင်းရဲခြင်း အစစ် များသာဖြစ်၏။

'ဝဋ္ဋဘဝ'ကို ရနေသမျှ ဆင်းရဲခြင်း ဒုက္ခသစ္စာ မှန်ကြောင်း သိမြင်အောင် ဝိပဿနာ ဉာဏ်ဖြင့် ရှုရာသည်။ ဒုက္ခသစ္စာကို မိမိခန္ဓာ၌ ရှာရာသည်၊ ဒုက္ခသစ္စာ တခုတွေ့မှသာ ကျန် သစ္စာ ၃-ပါး တွေ့ရမြဲ ဖြစ်သည်၊ (နိ-နိ-နိ ခေတ်ကိန်းပြီး) ဤဘဝ ဤ သာသနာတော်၌ပင် ဘဝဇာတ်သိမ်း ခန္ဓာ ချုပ်ငြိမ်း ပြီးလျှင် ရုပ်နာမ် ခန္ဓာ တို့၏ မဖြစ် မပျက်ရာကြောင်း ကျိုး ချုပ်ငြိမ်းရာ 'နိဗ္ဗာနဓာတု'၌ ထာဝရ ကိန်းစံရာသည်၊ မိမိတို့ ဗောဓိဉာဏ် ရင့်သန်အောင် ဗိုလ်ငါးပါးဖြင့် အစဉ် ကြိုးစား ကြပါကုန်။

* အဘိဓမ္မာ-အလွန် နက်နဲခက်ခဲသော တရား၊
* ပရမတ် -မဖောက် မပြန်သည့် အတွက် မြတ်သော တရား၊
* စိတ် +စေတနာ+သဒ္ဓါ တည်းဟူသော ပန်းကုံး၊

* သဒ္ဒါ ပေါ့လျှင် ကိုယ့်စိတ် ညံ့သေးသည်ဟု သတိပြုရ ပါမည်၊
* စိတ်ကို စိတ်အတိုင်း ထား၍ မရ(ရဟန္တာမှ ရသည်၊)
* ခပ်သိမ်းသော အရာဝတ္ထု မှန်သမျှ၊ ရုပ် ဝတ္ထုပစ္စည်း မှန်သမျှ ပြောင်းလဲ ဖောက်ပြန် နေသည်၊
* ရူပက္ခန္ဓာ–ရုပ် ဟူသော အစုအဝေး၊
* ရုပ်+နာမ် ဆက်စပ် နေခြင်းသည် ‘ပရမတ္ထ သံသရာ’
* တဘဝပြီး တဘဝ ဆက်စပ် နေခြင်းသည် ‘ပညတ် သံသရာ’

## ဃောသက သူဌေးသား ဝတ္ထု သာဓက
## ပါဠိ ဒေသနာလာ ပါထာတိပါတ ကံ၏
## အကျိုးအပြစ်ပြ ဒေသနာတော်

၁။ ဗုဒ္ဓဘုရား မဖြစ်ပွင့်တော်မီ ကာလ အလ္လကပ္ပတိုင်းတွင် ကပ်ကြီးသုံးပါးတို့ ကျရောက်၍ သူဆင်းရဲ ဖြစ်သော ကောတူ ဟလကနှင့် ဇနီး ကာဠီ သားငယ် တို့သည် ကောသမ္ဗီ ပြည်သို့ ထွက်ပြေးခဲ့စဉ် လမ်းခရီး၌ ‘ပါပကမ္မံ နာမေတိ အပ္ပကန္တိ နအဝမညိ တဗ္ဗံ’ အကုသိုလ် ဟူသည် အနည်းငယ်ဘဲ ဟူ၍ မထိမဲ့မြင် မပြုရာ၊ လမ်း၌ ကလေးအား ချထား ခဲ့ဘူးသည်။

၂။ ထိုဇနီး မောင်နှံ တို့သည် နွားကျောင်းသား၏ အိမ်သို့ ရောက်လာပြီး နွားမ မင်္ဂလာပွဲတွင် ရှင်ပစ္စေကဗုဒ္ဓါ

အား ဖူးတွေ့ရပြီး လင် အစားကြူး သေ၍ ခွေးမ ဝမ်း၌ ဖြစ်လေသည်၊ မယားက ဆန် တကွမ်းစား ချက်၍ လှူဒါန်း သည်။

၃။ ခွေးငယ်လေးက ရှင်ပစ္စေကဗုဒ္ဓါအား ပင့်ခြင်း၊ ကာကွယ်ခြင်း၊ ကြည်ညိုခြင်း ဖြစ်ပြီး နွားကျောင်းသား လှူသော သင်္ကန်းလျာကို ဂန္ဓမာဒနတောင် ကြွစဉ် ခွေး ငယ်သေပြီး၊ တာဝတိံသာ၌ ဖြစ်သည်၊ သက်တမ်း စေ့၍ ကောသမ္ဗီ ပြည်တွင် ပြည့်တန်းဆာ ဝမ်း၌ ဖြစ်လေသည်၊ ပထမဆုံး စွန့်ပစ်ခြင်း ခံရသည်။

၄။ ကောသမ္ဗီ သူဌေးကြီးသည် မင်းထံမှ ခစားအပြန်၌ ပုရောဟိတ်ကြီးနှင့် လမ်းတွင် တွေ့ဆုံ၍ မေးသဖြင့် ယနေ့ မွေးသော သတို့သားသည် ထင်ရှား ကျော်ကြားသော သူဌေးကြီး ဖြစ်လတ္တံ့ ဟူသော စကားအရ မိမိ ဇနီးမှာ မမွေး ဖွါးသေး၍ ယနေ့ မွေးသော ကလေးအား ငွေ တထောင်ဖြင့် ကျွန်မ ကာဠီအား ဝယ်စေပြီး မွေးလေ၏၊ ထိုနောက် သူဌေးကတော် မှာလည်း သား ယောကျ်ားပင် မွေး၍ ဝယ်မွေးသော ကလေးအား သတ်စေပုံမှာ–

၅။ (၁) အမှိုက်ပုံးထဲတွင် စွန့်ပစ်ခြင်းခံရသည်။
(၂) နွားခြံ၌ ချသတ်စေ၏။
(၃) ခိုးသူချရာ ချောက်၌ ချစေ၏။
(၄) သုသာန်၌ ပစ်စေသည်။

(၅) လှည်းငါးရာ ခရီး၌ ချစေသည်။
(၆) အိုးထိန်းသည်ထံ၌ သတ်စေသည်။
(၇) ဘဏ္ဍာစိုးထံ စေလွှတ်ပြီး သတ်စေသော် 'ဇနပုဒ်'မှ သူဌေးသမီး၏ ပညာဂုဏ်ကြောင့် မသေဘဲ လက်ထပ်ပွဲပြုခါ ချမ်းသာစွာနေ ရလေသည်။

၆။ အဘသူဌေးကြီး မကျန်းမာ၍ သုံးခါခေါ်မှ သွားသော် ပစ္စည်းဥစ္စာများ မအပ်ချင်ဘဲ နှုတ်မှအပ်နှင်းသည့်အသံ ထွက်စေပြီးနောက် ဘုရင်ဥတေနမင်းက ခေါ်၍ အဘသူဌေးကြီး အရာ၌ ပေးစေ၏၊ ချမ်းသာ စည်းစိမ်ကို ရ၍ မြို့ လှည့်လည်ပြီး ပြာသာဒ်သို့ တက်နေစဉ် ဇနီး၏ စကားကြောင့် ချမ်းသာရာ ရကြောင်း၊ ကာဠီကျွန်မက သက်သေခံသဖြင့် မိမိ၏ စည်းစိမ်မှာ မယား၏ လိမ္မာသောပညာဉာဏ်ကြောင့်ဟု သိရခါ 'သတိသံဝေဂဓမ္မ'ရယူလျက် နေ့စဉ်ငွေတထောင်တန် လှူဒါန်း ဝတ်မြဲလေသည်။

၇။ ဃောသကသည်–သားကို ပစ်ခဲ့ဘူးသောကံကြောင့် (၇)ကြိမ် အသက်ဘေး ခံရသော်လည်း ခွေးဘဝက ရှင်ပစ္စေကဗုဒ္ဓါအား ကာကွယ် ကြည်ညိုခဲ့ဘူးသောကြောင့် အသက်မသေ ချမ်းသာရာ ရလေသည်။

* ပါဏာတိပါတကံ-ကြဉ်ရှောင်သူအား အသက်ရှည်ရသော အာယုဝဍ္ဍန သတ္တိုသား၏ ဇာတ်တော်ဖြင့် သိသာလေသည်။

* ဘဝဟူသည် ဝဋ်ဆင်းရဲ အသိပြီးသော ဒုက္ခသစ္စာတည်း၊ ကမ္မဝဋ်အကြောင်း အဝိဇ္ဇာသည် သမုဒယသစ္စာတည်း၊ ထိုဘာဝတွင် ဗောဓိဉာဏ် ရင့်အောင်ဖြည့်ကျင့်မှ မဂ္ဂသစ္စာကို ရရှိပြီး ဆင်းရဲခပ်သိမ်းငြိမ်းအေးရာ နိရောဓသစ္စာကိုပြ၍တရားထူးကိုရလေတော့သတည်း။

၁။ အကုသိုလ်ဟူသည် အနည်းငယ်မျှဟူ၍ မလေးမစားမပြုထိုက်ကြောင်း။

၂။ အကျိုးပေးမှာ ကြီးသည် ငယ်သည်ဖြစ်စေ၊ ဇာဝ (၇)ချက်တွင် ကံကြီး(၄)ပါးဖြင့် အကျိုးပေးမြဲဖြစ်ကြောင်း။

၃။ ထိုအကုသိုလ်သည် မိမိ၏စိတ်ဇောအရင်း ပုဂ္ဂလအရင်း ကြီးငယ် ဖြစ်ပွားရလေသည်။

၄။ ဥပမာမှာ-မီးပွားငယ်၊ မြွေပွေးငယ်၊ ကျောက်စရစ်ခဲ ငယ်သည် အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ-အပြစ်နှင့်တကွ မကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာ ရှိသောကြောင့် အကုသိုလ်မည်၏။

၅။ သို့ဖြစ်၍ အကုသိုလ်ကို မစင်ဘင်ပုပ်ကဲ့သို့ စက်ဆုပ်ရာ၏၊ မြွေဆိုးကဲ့သို့ ကြဉ်ရှောင်ရာ၏၊ (သည်းခံခြင်း ပြုရသည့် သဘောဘာရား) ဟီရိဩတပ္ပ (၂)ပါး ဖြစ်၏။

**အာဃာတရန်ညှိုးဖွဲ့ခြင်း ဆုတောင်းမိုက်ခြင်း၏ အပြစ်များ**

**သာဝကဝတ္ထုမှာ ရဏ္ဍုမာလာ ကျွန်မသမီးဖြစ်သည်**

၁။ ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်တွင် သီတင်းသုံး နေတော်မူဆဲ ဖြစ်သည်၊ ဂယာရွာမှ မထင်ရှားသော ပုဏ္ဏားတယောက်၏ သမီးပျိုသည် ထိုရွာမှ မထင်ရှားသော ပုဏ္ဏားတယောက်၏ သားနှင့် ထိမ်းမြား၍လင်၏အိမ်သို့ ပါရလေသည်။

၂။ ပုဏ္ဏားမပျိုသည် လင့်အိမ်မှ ကျွန်မငယ်ကိုမြင်လျှင် မြင်ခြင်းပင်လျှင် ဒေါသအမျက်ထွက်၍ စတင်ရိုက်နှက်ခဲ့ရာ အနွယ်အသီးသီးဖြစ်ပြီး ကျွန်မ၏သမီးအရွယ် ရောက်သည့် တိုင်တနေ့မပြတ် နှိပ်စက်ခဲ့လေသည်။

၃။ ထိုကျွန်မငယ်သည် ကဿပဘုရားရှင်၏လက်ထက်တွင် ပုဏ္ဏားမပျို၏ သခင်မ ဖြစ်ခဲ့ရာ အစဉ်နှိပ်စက်လွန်းသဖြင့် ထိုကျွန်မသည် မိမိစွမ်းနိုင်သမျှသော ဒါနကိုဖြစ်စေပြီးသော် နောင်အခါတွင် ဤသခင်မ၏ အရှင်မဖြစ်ရပြီး ညှဉ်းပန်း နှိပ်စက်နိုင်ရပါလို၏ဟု ဆုတောင်းမှုကို ပြု၍ စုတေခဲ့လေ သည်။

၄။ (၁) ကျွန်မသည် နတ်ဘီလူးမဖြစ်၍ ပုဏ္ဏားမသည် လူမိန်းမဖြစ်၍ ကလေးနှင့်တကွ စားလေသည်။

(၂) ဘီလူးမသည် သမင်မဖြစ်၍ လူမိန်းမသည် ကျားသစ်မဖြစ်၍ စားခံရပြန်သည်။

(၃) ကျားသစ်မသည် ကြက်မ ဖြစ်လာသည်၊ သမင်မသည် ကြောင်မဖြစ်၍ ကလေးများကိုပါစားပြန်လေသည်။

(၄) တဖန် ဗျိုင်းနှင့် စွန်ရဲမဖြစ်ပြီး တလှည့်စားပြန်လေသည်။

(၅) တဖန်တောဝက်မနှင့် ခြသေ့မဖြစ်၍ စားပြန်သည်။

(၆) ဘီလူးမနှင့်လူမိန်းမဖြစ်၍ စားပြန်သည်။

ဤကဲ့သို့အားဖြင့် နှစ်ဦးသော ရန်ညှိုး အာဃာတဆုတောင်းမှုဖြင့် 'ဘုရားတဆူနှင့် တဆူအကြား' အချင်းချင်းကြုံဆုံမိလိုက် တလှည့်စားလိုက် အပါယ်ငရဲကျလိုက်ဖြင့် တပြောင်းတပြန်ပြန် သံသရာ၌ ကြီးစွာသော ဆင်းရဲဒုက္ခအဖုံဖုံခံစားရပြီး ယခုငါတို့ ဘုရားရှင်လက်ထက်တွင် ယခုကဲ့သို့ဆုံရလေသည်။

၅။ ဆံပင်ဆွဲ၍ နှိပ်စက်ဖန်များသဖြင့် ဦးပြည်း(ကတုံး)ရိတ်ထားရသော်လည်း ကြိုးဖြင့်လည်ပင်းတွင် အဆင့်ဆင့်

ဆွဲ၍ရိုက်ရန် လည်ပတ်နှင့် ကြိုးတပ်ထားခြင်းကို စွဲ၍ ထိုကျွန်မအား 'ရဇ္ဇုမာလာ'ဟု အခေါ်တွင်လေသည်။

၆။ တနေ့တွင်သတ်သေရန် ရေအိုးယူ၍ တောသို့ထွက်ခဲ့ရာ၌ ဗုဒ္ဓ ဘုရားရှင်သည် ကရုဏာသမာပတ်ဖြင့် ရှုမြင်လာရောက်စောင့်တွေ့ဆုံပြီး တရားနာယူရသဖြင့် သောတာပတ္တိဖိုလ်၌ တည်လေသည်။

၇။ အိမ်ပြန်သွားပြီးနောက် အိမ်ရှင်ပုဏ္ဏားကြီးက ကျွန်ဘဝမှလွှတ်ပြီး သမီးအဖြစ်တည်လေသည်၊ ဘုရားရှင်အား အိမ်သို့ပင့်၍ ဆွမ်းခဲဘွယ်တို့ဖြင့် လုပ်ကျွေးပြီး တရှာလုံး တရားနာယူခါ အကျိုးတရားထူးရ၍ အချို့သရဏဂုံ၌တည်လေသည်။ (အဘိဓာတ ဆုတောင်း မိုက်တို့လမ်းဆုံးချုပ်ငြိမ်းအေးငြိမ်းခြင်းသို့ ရောက်ကြရလေသည်)

**ရဇ္ဇုမာလာကျွန်မ၏ပုံထုံးဖြင့် ရန်ညိုးအမျက် မသိုထားအပ်ပုံ**

၁။ မသိမိုက်မဲသော(မောဟအဝိဇ္ဇာ)သည် လူအပေါင်းတို့အား မှောင်စေ မိုက်စေ မိုက်မှားစေလေသည်။

၂။ ယင်းသို့ မသိမိုက်မှားသော မောဟ အားဖြင့် (လောဘ) လိုချင်တပ်မက်မောခြင်းသည်ငင်း၊ဝိသမလောဘ ဖေါက်ပြန်သော မိုက်မှားလိုချင် မှုတို့သည် ၄င်း၊ ဒေါသအမျက်ရန်သို ဒေါသပွားခြင်းတို့သည် ၄င်း၊ ရန်ညိုးကြီးစွာသော ပဋိဃ၊ အာဃာတ၊ ဒေါသတို့သည် မီးဟုန်းဟုန်း တောက်စေလေသည်။

၃။ ယင်းသို့သော (မောဟ၊ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဥပါဒါန်၊ သက္ကာယဒိဋ္ဌိ အမိုက်စုတို့သည် လက္ခဏာယ်သန်းခေါင် တောအုပ်အလယ်မိုက်မှောင်ကြီး ကျသကဲ့သို့ မှားယွင်းသော ဆုတောင်းမျိုးများကို မပြုမိစေရန်။

၄။ မိမိ၏စိတ်ကို အလိုမပါဘဲ ပညာရှိသူတော်ကောင်း တို့၌ ဆည်းကပ်လျက် သတိတရား သံဝေဂထား လျက် တရားသဘာဝဓမ္မကို သဒ္ဓါကြည်လင် ရှင်လှ သော 'စိတ်' 'စေတနာ' ပညာဉာဏ်ဖြင့် အစဉ် ချီးမြှင့်ကြပါလေ။

## ဓမ္မသုတ ဥပါသိကာမအကြောင်း

၁။ သုံးလောကမကိုင်၌ ဓမ္မရာဇာမှန်ကူ သယမ္ဘူထွတ် ထား မြတ်စွာဘုရားရှင်သည် ဗကာဗြဟ္မာကြီး၏ အတွင်စွဲ သက္ကာယဒိဋ္ဌိကို ဉာဏ်တန်းခိုးတော်ဖြင့် ကယ်ချွတ်ယူခဲ့ရာ တွင် ဟောတော်မူသော ဓမ္မဒေသနာတော်ကို လက်ဒီပ ကျွန်း၊ ရေဟာဇနပုဒ်၊ မဟာဂါမရွာကြီး၏ အလယ်တွင် "မဏိစေတီတော်" တည်ရှိ၏၊ ထိုစေတီ၏ မုခ်တံခါးအနီးရှိ သုဓမ္မာတရားမဏ္ဍပ်တွင် နေ့စဉ် တရားပွဲကြီး ရှိလေသည်။ ထိုတရားပွဲကြီးသို့ ဓမ္မသုတ ဒါယကာမကြီးသည် သားငယ်ကို လက်ဆွဲ၍ ပရိသတ်အစွန်းမှ တရားတော်ကို ရိုသေစွာနာယူ လေသည်။ ၎င်း၏သားငယ်အား မြေကိုက်၍ အောင်ငိုနေ

သော်လဲ၊ တရားတော်ကို ဆက်လက်၍သာ နာယူနေလေသည်။ ထို့နောက် သစ္စာ ဂ-ချက်ဖြင့် မြေဆိပ်မှ ကင်းစေပြီးသော် အိမ်သို့ပြန်ခဲ့သည်။

၂။ ဗုဒ္ဓဘုရားရှင်သည် ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောကြီးတွင် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူပြီး ငါးဦးလုံးအား ရဟန္တာဖြစ်စေပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ရှေးရှုကြွတော်မူလေသည်။ ခရီးအကြား ဥရုဝေလတောဌ် နေကြကုန်သော ကဿပညီနောင်တို့ အမှူးပြုသော ရသေ့တထောင်တို့ကို ကယ်ချွတ်တော်မူလေသည်။

၃။ ပြာသိုလပြည့်နေ့ ညချမ်းအခါတွင် သီဟိုဠ်ကျွန်း၌ ဘီလူးအပေါင်းတို့ အစည်းအဝေးပွဲကြီး သဘင်ခံခိုက် 'မဟိယင်္ဂဏစေတီတော်' တည်လတံ့သော မြေအထက်ကောင်းကင်တွင် ရပ်တော်မူ၍ အမိုက်တိုက် အချမ်းမိုးကြီး၊ လေကြီး၊ မိုးသီးတို့ကို ဖြစ်စေလျက် ဘီလူးတို့ကို ထိတ်လန့်စေပြီးသော် တဖန် နေမင်းတို့ ထွက်သကဲ့သို့သော အပူအလင်းဓာတ်ဖြင့် တန်းခိုးပြ၍ ဘီလူးတို့အား ယူဇနာ တသောင်းမျှဝေးသော ကျွန်းကို တန်းခိုးတော်ဖြင့် ယှဉ်စေပြီး ဘီလူးတို့အား ဝေးစေလျက် (ဖလသမာပတ်)ကို ဝင်စားတော်မူပြီး၊ ကျွန်းကို ပရိတ် အရံအတားပြု၍ "ဥရုဝေလ"တောသို့ ကြွတော်မူလေသည်။ (သီဟိုဠ်ကျွန်းအား ဤသို့ပြုစေခြင်းမှာ နောင်

အခါ၊ သာသနာတော် တည်ထွန်းစိမ့်သောငှာ ဤကဲ့သို့ပြုသဖြင့် အလက်ာဒီပတွင်ရာမှ •အံ့,ပျောက်ပြီး လက်ာဒီပတွင်လေသည်။)

၄။ ဝိဇယ မင်းသား၏ ရောဟဏအမတ်စားရသောရွာဖြစ်၏။ ရောဟဏဇနပုဒ်တွင်သတည်း။ "ဒေဝါနံ ပီယတိဿ မင်းကြီး၏ ညီရင်း" မဟာနာမ အဘယမင်း တည်ဆောက်သော၊ မဟာဝိဟာရကျောင်း ပရစုဏ်၏ အလယ်တွင် "မဏိစေတီတော်" တည်ရှိလေသည်။ မဟာနာမ်မင်းကြီး၏ မြေးဖြစ်သော "ကာကဝဏ္ဏ အဘယတိဿမင်း"သည် ဘိုးတော် မင်းကြီးတို့ ကိုးကွယ်ခဲ့သော ဗုဒ္ဓဘုရားရှင်၏ နဖူးသင်းကျစ်တော် ရွှေဆင်းတုတော်၏ နဖူးတွင် အမိဋ္ဌာန်ပြု၍ သွင်းထည့်ရာ တသားတည်းဖြစ်လေသည်။

၅။ တပုဿနှင့် ဘလ္လိကညီနောင်တို့ ဆံတော်မြတ်ရှစ်ဆူကို ယူရာတွင် မောဋ္ဌိကျွန်း သဲပြင်တွင် 'ဇမ္ဗုသေန' နဂါးမင်းက နှစ်ဆူခိုးယူခဲ့သည်ကို မင်းကြီး၏ ဆရာအရှင် ရဟန္တာမြတ်က ဆောင်ယူခဲ့ပေသည်။ မိဖုရားကြီးဝိဟာရဒေဝီသည် ထိုဆံတော် နှစ်ဆူကို အမိဋ္ဌာန်၍ လိုဆင်းတုတော်၏ ထိပ်၌ စိုက်တည်ရာ ပကတိအတိုင်းပင် တည်ရှိလေသည်။ ရွှေသားဗောဓိပင် ထပ်လုပ်ပြီး အတူတကွပင် "မဏိစေတီ" တွင်း၌ ဌာပနာ တည်လေသည်။

ဘဝေပါဟံ ဘယံဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိ ဝဒိံ ကိဉ္စိ၊ နန္ဒိဥ္စ နုပါဒိယိံ ။

ဗကဗြဟ္မာ၏ နဖူး, မျက်ခုံးပေါ်မှဟောသော် ဗကဗြဟ္မာကြီး ကျွတ်လေသည်။

**အနက်ကား။** ။အဟံ၊ ငါဘုရားသည်။ ဘဝေ၊ ဘဝသုံးဖြာ သံသရာ၌။ ဘယံ၊ ဇာတိစသည် များလှသောင်းသောင်း ဘေးဒုက္ခအပေါင်းတို့ကို။ဒိသွာဝေ၊ဟုတ်တိုင်းမှန်ရာ ကောင်းစွာမြင်သိသောကြောင့် သာလျှင်။ ဘဝဥ္စ၊ ကာမ, ရူပ,အရူပဟူသော ဘဝသုံးဖြာသံသရာကိုရင်း။ ဝိဘဝေသိနဥ္စ၊ ဘဝကောင်းမည် ရှာကြံစည်လည်း ဆုံလည်နွားမျှ နစ်မွန်းကြသူ သတ္တဝါဟူသမျှကိုရင်း။ ဒိသွာ၊ တတ်အပ်သေချာ ကောင်းစွာသိမြင်ရ၍။ ကိဉ္စိတဝံ၊ သုံးဖြာဘဝ သုံးလောကတွင် တစုံတခုဘဝ စိုးစဉ်းမျှကို။ နာဘိဝဒိံ၊ တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်း မယူမှန်းဘဲ။ နန္ဒိဥ္စ၊ ဘဝသုံးဖြာ တွယ်တာတပ်လှ ဘဝတဏှာ ဟုတ်လှစွာကိုလည်း၊ နုပါဒိယိံ၊ နှစ်သက်ယူမှန်း မစွဲလမ်း။

## အရိယာ ဝိဇ္ဇာ သစ္စာ

၁။ **သမုဒယသစ္စာ**-အကုသိုလ်၊ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ သုံးဖြာဘဝကို၊ ငါ ပုဂ္ဂိုလ်သတ္တဝါ သက္ကာယဒိဋ္ဌိဖြင့်စွဲကပ်၏။

၂။ **မဂ္ဂသစ္စာ**–ကုသိုလ်ကြွေး (၉၀) အကြောင်းရှိသော ဗောဓိဉာဏ် ရင့်သန်ကြီးထွားခြင်း၊ ဗောဓိသမ္ဘာရ အရင်းခံသော မဂ်ပညာ မဂ်ဉာဏ်။

၃။ **နိရောဓသစ္စာ**-အဗျာကတ ကြောင်းကျိုးတရားတို့၏ (သင်္ခါရတို့၏ အသင်္ခတတို့၏) ချုပ်ပျောက်ဆုံးရာ ချုပ်ငြိမ်းအေးရာ အမြိုက်တရား။

၄။ **ဒုက္ခသစ္စာ**– ကုသိုလ်–အကုသိုလ်၊ ဘဝဝဋ္ဋ၏ ဆင်းရဲခြင်းအစု ချုပ်နာမ်တို့၏ ဖြစ်ပျက်၊ အနိစ္စ ဒုက္ခ အနတ္တမှုတို့ဖြင့် ဆင်းရဲခြင်းအတိ ဖြစ်ခြင်း။

(တေန သစ္စဝဇ္ဇေန–သောတ္ထိ မေ ဟောတု သဗ္ဗဒါ) သည့်ဆိုပါ။

---

## မောက္ခဒါတာနှင့် မဂ္ဂဒါတာ ဗုဒ္ဓ သာသနာနှင့် အခြားသာသနာ ယှဉ်ပြချက် ဒေသနာတော်

၁။ (၁) ပညာရှိတို့သည် အဘယ်အရာကို ရှာဖွေကြပါသနည်း။ (၂) အဘယ်ကြောင့် ရှာဖွေကြပါသနည်း။ (၃) ဘုံသုံးပါးတွင် အဘယ်သူသည် ခေါင်းဆောင် ဖြစ်သနည်း။ (၄) သတ္တဝါတို့သည် အဘယ်သူကို အားကိုးရမည်နည်း။

၂။ ဤလောကတွင် 'ဘာသာတရား' အများ တို့သည် ထာဝရ ဘုရားတို့၏ နှုတ်ကပါဌ်တော် များကို တမန်တော် များမှ တဆင့်ခံယူ ကျင့်သုံး နေကြခြင်းသာ များလေသည်၊

ယုံကြည် ကိုးကွယ် သူတို့အား 'လွတ်မြောက် ငြိမ်းချမ်းမှု' ပေးရန်ပင် ဖြစ်လေသည်၊ ၎င်းတို့၏ ဝိညာဉ်များကို၊ ငရဲသို့ မကျ သွားစေရန် ကယ်တင်ခြင်း ဖြစ်သည်၊ ထာဝရ ဘုရား၏ တမန်တော်များဟု ယုံကြည်ပြီး ဘုရားသခင်၏ နှုတ်ခပါဌ် တော်မှ အမိန့်တော်ကို နာခံကြရ လေသည်။

၃။ ဗုဒ္ဓ ဘုရားသခင်သည်၊ ကိုယ်တိုင် ဆည်းပူး ရှာဖွေ တွေ့သိရချက်များ အရ ကိုယ်တိုင် ဘုရားစင်စစ် ဖြစ်တော် မူကြောင်း အတိအလင်း ဝန်ခံတော်မူသည်၊ လူသားတို့၏ ဘဝကို နက်နက်နဲနဲ စူးစမ်း ရှာဖွေ တွေ့သိရချက် များစွာ 'အမှန်တရား များသာ ဖြစ်ကြောင်း' စတင်သည်မှ အဆုံး တိုင် အကြွင်းမရှိ ကြောင်းကျိုး ဓမ္မ မှန်သမျှ သိမြင်ရချက် များကို မိမိကဲ့သို့ သိမြင်ပြီး လွတ်မြောက် ငြိမ်းချမ်းကြစေ ရန် နည်းကောင်း ပြပေး ညွှန်တော်မူလေသည်။

၄။ တမန်တော်များ အားလုံးကပင် လွတ်မြောက် ငြိမ်း ချမ်းမှုကို ရစေမည်ဟု အာမခံကြလေသည်၊ ဗုဒ္ဓ ဘုရားရှင် ကမူ ထိုအာမခံချက် မျိုးကို မပေး၊ ကိုယ်တိုင်လွတ်မြောက် ငြိမ်းအေးရန် ကိုယ်တိုင်ပင် ကြိုးပမ်း ရမည်ဟု ဟောတော် လေသည်။

၅။ **မောက္ခဒါတာ**-ဝိညာဉ်ကို ငရဲ မကျအောင် လွတ် မြောက် ငြိမ်းချမ်းမှုကို ပေးသူ ဖြစ်ပြီး။

**မဂ္ဂဒါတာ** မှာ လွတ်မြောက် ငြိမ်းချမ်းမှု အတွက် နည်းပေးလမ်းညွှန် ပြခြင်းသာ ဖြစ်လေသည်၊ ကိုယ့်ကိုယ်ကို အားကိုး ရလေသည်။ မောဂ္ဂလာန ဗြဟ္မဏ သုတ္တန်တွင် ထင်လင်းစွာ ဟောရှင်းတော် မူခဲ့ပါသည်၊ အခါတပါး ဗုဒ္ဓ ဘုရားသခင်သည် သာဝတ္ထိပြည် မိဂါရ မာတာ (ဝိသာခါ)၏ ကောင်းမှု ပုဗ္ဗါရုံ ကျောင်းတော်တွင် စာရင်းကိုင် ပုဏ္ဏား၏ မေးလျှောက် ချက်မှာ အဆင့်ဆင့် သင်ကြားလေသလား ဟူသော ပြာသာဒ် ဥပမာ ဂဏန်းသင်္ချာ ဥပမာ ခဗဒင် ဥပမာ လေး အတတ် ဥပမာ များဖြင့် မေးလာသည် ဗုဒ္ဓ၏ ဓမ္မများကို တဆင့်ပြီး တဆင့် သင်ပြ နိုင်သလားဟု မေးလျှောက် လေသည်။

၆။ ဗုဒ္ဓ ဘုရား သခင်က ဗြဟ္မဏ ၏ သင်ဆို ခဲ့သော အဆင့်ဆင့် တဆင့်ပြီး တဆင့် နည်းသာ ဖြစ်သည်ကို အာဇာနည် မြင်းဆရာ၏ ဥပမာဖြင့်ပင် ဟောဖြေ ပြတော် မူလေသည်။

၁။ **ပါတိမောက္ခ သံဝရ သီလဖြင့်**၊ မြင်းကို ဇက်ကြိုး တပ်၍ ထိန်းချုပ် လိုက်ပုံ၊ (လူ သီလ-သာမဏေ သီလ ရဟန်း-သီလ များ ဝိနည်း သိက္ခာပုဒ် များ။)

၂။ **ဣန္ဒြိယ သံဝရ သီလဖြင့်**၊ စက္ခု စသော အာရုံ ငါးပါးတို့၌ ကိလေသာ ဖြစ်ပြီး၊ ရေကြီး လွှမ်းမိုး သလို မခံရစေရန် စောင့်ထိန်း စေသည်၊ စက္ခုနှင့်

ရှုပါရုံ ဝေဒနာ အပေါ်၌ တဏှာ မဖြစ်စေသော နည်းကို ကျင့်စေသည်။

၃။ ပစ္စယ သန္နိဿိတ သီလဖြင့်၊ အစာ အာဟာရ စားမှု စသော ပစ္စည်း ၄-ပါးတို့၌ လောလုပ္ပ တဏှာ မဖြစ်စေရန် ခြိုးခြံခြင်း၊ ရှောင်ရှားလွယ်ခြင်း၊ ခေါင်းပါးစွာ သည်းခံခြင်း စသည်ဖြင့် ပစ္စဝေက္ခဏာဉာဏ် ဂ-ပါးဖြင့် ကျင့်စေသည်။

၄။ အာဇီဝ ပါရိသုဒ္ဓိ သီလဖြင့်၊ မိမိ၏ အသက် ဇီဝိတိန္ဒြေကို မျှတစေရုံမျှသာ အပို ကြိုတင်လုံး၀ မပါစေဘဲ၊ တရားသဖြင့် ခွင့်ပြု ထားသော အလွယ်ဆုံးနည်း၊ တခဏသာ အာရုံထားပြီး လျစ်လျူ ရှုထား ကျင့်စေသည်။

၇။ အစဉ် သတိသမ္ပဇဉ်ဖြင့်၊ မိမိ၏ ကိုယ်ရော စိတ်ပါ လှုပ်ရှားမှု တို့တွင် အစဉ် နိုးကြား ထက်သန်စွာဖြင့် စိတ်နှလုံး၌ ကိလေသာ အညစ်အကြေး ကင်းစင်အောင် ပြုလုပ်ရမည်ဟု ဆုံးမ နည်းပေးသည်။ (နှေ့-ည ဇာဂရိယာပုထ် ၄-ပါး)

ဂ။ သတိပဋ္ဌာန် တရား ၄-ပါး အကျင့်ဖြင့် နိဗ္ဗာန်ကို တောင့်တသော ယောဂီအား ရဟန်းအား ဝိသုဒ္ဓိ ၇-ပါးတွင် ဉာဏ် ၁၆-ပါး ယှဉ်စေပြီး လွတ်မြောက် ငြိမ်းချမ်းရာ အစစ် နိဗ္ဗာန်သို့ မျက်မှောက် ပြုခြင်းဖြင့်—

၉။ အာသဝေါ ကုန်ခန်း ပြီးသော 'ရဟန္တာ' အဆင့်သို့ အဆင့်ဆင့် စနစ်ဖြင့်ပင် ရောက်ရလေသည်၊ ကိလေသာ ဝန်

ထုပ်ကို ချ၍ ဘဝအနှောင် အဖွဲ့ကို ဖြတ်တောက် ပြီးသော ပုပ္ဗဘွယ် ကိစ္စများ ပြုပြီးသော အရိယ သစ္စာကို သိမြင်ရ လေသည်။

၁၀။ မောဂ္ဂလာန ပြဟ္မဏက သင်၏ တပည့် သားတို့ သည် အားလုံးပင် နိဗ္ဗာန်သို့ ရရောက်ကြသလား ဟူသော ထပ်မံ မေးမြန်း ချက်ကိုမူ ရာဇဂြိုဟ်မြို့သွား လမ်းလာ မေး သူ များအား လမ်းပြသူ အဖြစ် မေး၍ ဖြေကြားတော် မူသည်။

**အဓိကမှာ—**ဗုဒ္ဓ ဘုရားသခင်သည် မည်သူကို မဆို လွတ် မြောက် ငြိမ်းချမ်းမှု ကို ပေးသူ မဟုတ်၊ နည်းလမ်း မှန် ကိုသာ ညွှန်ပြသူ ဖြစ်ကြောင်း မိမိ(၁၁)မိမိ တို့၏ ကင်းလွတ် ငြိမ်းအောင် မိမိကိုယ်တိုင်ပင် နည်းလမ်း အတိုင်း အားထုတ်၊ မိမိကိုယ်ကို အားကိုးရမည် ဖြစ် ကြောင်းကထာ ဝတ္ထုအဘိဓမ္မာကိုဟောတော် မူရာ၌ မောဂ္ဂလာန ပြဟ္မဏသည် ပရိသတ်နှင့်အတူ အရဟတ္တ ဖိုလ်သို့ ရောက်ရှိ လေသည်။

* ဗုဒ္ဓ ဘုရားရှင်၏ ဓမ္မ တရားတော်မှာ၊ တရားဂုဏ် တော် ၆–ပါးအရ အစစ်ဆေး အစမ်းသပ် ခံနိုင်ကြောင်း ဟောတော် မူလေသည်။

ဝိသုဒ္ဓိ ၇–ပါး

၁။ သီလ ဝိသုဒ္ဓိ၊ ၂။ စိတ္တ ဝိသုဒ္ဓိ၊ ၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ၊

၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ ၇။ ဉာဏဒဿန ဝိသုဒ္ဓိ။
၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊

### ကိလေသာ ၁၀-ပါး

၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ မာန၊ ၅။ ဒိဋ္ဌိ၊ ၆။ ဝိစိကိစ္ဆာ၊ ၇။ ထိနမိဒ္ဓ၊ ၈။ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ၉။ အဟိရိက၊ ၁၀။ အနောတ္တပ္ပ။

### မီး ၁၁-ပါး

၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ ဇာတိ၊ ၅။ ဇရာ၊ ၆။ မရဏ၊ ၇။ သောက၊ ၈။ ပရိဒေဝ၊ ၉။ ဒုက္ခ၊ ၁၀။ ဒေါမနဿ၊ ၁၁။ ဥပါယာသ။

---

### ကဏှဇာတ် နိပါတ်

လူတို့ သေဆုံးပြီး နောက် အပါယ် လေးဘုံသို့ ၉၀-ရာ နှုန်း ကျရောက် ကုန်ကြောင်းကို ဤဇာတ် နိပါတ်ဖြင့် ဟော တော် မူပါသည်။ (လူသေ လူဖြစ်သလော)

၁။ အဝိဇ္ဇာ မောဟ လကွယ် သန်းခေါင် တောအုပ် မှောင်ထဲ မိးလေ သဲသဲကြီး ထဲတွင် ရူးနှမ်းသူ ခရီးသွား သို့ သာတည်း။

၂။ လောဘ ဘေးဒုက္ခကြီးတွေ အကုသိုလ်တွေကို မမြင်၊ ငါးမျှား ချိတ်မှ အစာကို ဟပ်မျိုသော ငါးမိုက်ကန်း သို့ သာတည်း။

၃။ ဒေါသ လူစိတ်ပျောက်ခါ တိရစ္ဆာန်ရိုင်းစိတ်ကူးဝင်၍ မီးဟုန်းကနဲ ထတောက်သော ကျားဆိုးကြီးသို့ သာတည်း။

၄။ မာန အတ္တာလွန်ကဲ ငါမိုက်စွဲရင်း မာန်ထန် ပြင်းလှသည့် မြွေဟောက် ငန်း ကဲ့သို့သာတည်း။

၅။ တဏှာ ညစ်ကြေး ယုတ်သိ အပုပ်ညှီကို သတိကြိုက်မက်သော ခွေးပုပ် သားစား ကြူးသည့် တောခွေးအသို့ သာတည်း။

၆။ ဣဿာ—ဝန်တိုငြူငြင် ပြိတ္တာစိတ် ပူးဝင်သော၊ ဘဝဓလေ့ စောင်းမန်ညစ်သို့ မြွေနဂါးသို့သာတည်း။

၇။ ဒိဋ္ဌိ—မျက်ကန်း တစ္ဆေမကြောက်ဘဲ၊ ပေါက်လွှတ်ပဲစား စိတ်ထင်ရာစွဲသည့်၊ နွားပင်း၊ မျက်ကန်း၊ ဆွံ့အသူအားပြောရဘိသကဲ့သို့ သာတည်း။

မှတ်သားစရာ (သူယုတ်မာ)ဟူသော တရားကို သုတ္တန်ဝသလသုတ်တွင် ဟောတော်မူလေသည်။

(ဝသလ=သူယုတ်မာ)

## ဝသလသုတ်ကို ဟော၍ ပုဏ္ဏား အရဟတ္တဖိုလ် တည်ခြင်း

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် အဂ္ဂိဘာရဒွါဇ ပုဏ္ဏား၏ မီးယစ်ပူဇော်ရာသို့ ကြွသွားစဉ် ပုဏ္ဏားက သူယုတ်မာ မလာနှင့်-ဟု

တားမြစ်ရာမှ ဘုရားရှင်က ပုဏ္ဏား သင်သည် (၁) သူယုတ်မာကို သော်၎င်း၊ (၂) သူယုတ်မာ ဖြစ်စေကြောင်း တရားဆိုးကို သော်၎င်း၊ သင်သိသလော-ဟု မေးရာမှ မသိ၍ ပုဏ္ဏားသည် အရဟတ္တဖိုလ်ကို ရ၍၊ နိဗ္ဗာန်ချမ်းသာကို ရစေတော်မူသည်။ ၎င်းတို့မှာ—

၁။ လူတို့သည် စုတိမနေ့ သေလွန်ကြ ပြီးသော်လည်း အနည်းငယ်မျှတို့သာ နတ်ဘုံ၌ ဖြစ်၍ အများစုတို့သည် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံတို့၌ ဖြစ်ကြကုန်၏ ဟူ၍ "သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ" ဟူသော မဟာပဒေသ ၄-ပါးဖြင့် သိယူ။

၂။ ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လောကတ္တစရိယဂုဏ်ကို ရဟန်းတို့ ချီးကျူးရာ၌ ဟောတော်မူသည်။

၃။ ပဥ္စဝဂ္ဂီတို့အား ခရီးယူဇနာများစွာသွား၍ အရဟတ္တဖိုလ်ချမ်းသာကို ရစေသည်။

ဥရုဝေလ တောမှ ရသေ့တထောင်ကိုလည်း ထို့အတူ ပြုလေသည်။ အသျှင်မဟာကဿပ၊ ပက္ကုသာတိမင်း၊ မဟာကပ္ပိနနှင့် အနော်ဇာမိဖုရား၊ အင်္ဂုလိမာလ၊ ဗကဗြဟ္မာအား ချွတ်ခြင်း စသည်ဖြင့် နဂါး, ဂဠုန်, နတ်, လူ, ဗြဟ္မာတို့၏ အကျိုးစီးပွါးကို ဆောင်တော်မူ၏။ ထိုစကားတို့ကို အကြောင်းပြု၍ ကသာ့ဇာတ်တော်ကို ဟောတော်မူလေသည်။

## လောကတွင် မှန်သော စကားသည် သစ္စာတရားသာ ဖြစ်ကြောင်း

### ကဏှဒီပါယန ဇာတ်တော်ဖြင့် သာဓက ပြုပါသည်

၁။ သဗ္ဗညုတ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် သာသနာတော်၌ ငြိုငွေ့သော ရဟန်းကို အကြောင်းပြု၍ ဤနိပါတ်ကို ဟောတော်မူပါသည်။ ရဟန်းတို့ လွန်လေပြီးသော အခါကာလက ဝံသတိုင်း ကောသမ္ဗီပြည်၌ တရားရှိသော ကောသမ္ဗကမင်းသည် မင်းပြုလေသည်။ တခုသော နိဂုံးတွင် ကုဋေ (၈၀)စီ ကြွယ်ဝသော သူကြွယ် အဇုဆွေခင်ပွန်း ပုဏ္ဏားနှစ်ဦး ရှိကြကုန်၏။ ဒီပါယနနှင့် မဏ္ဍဗျ အမည်ရှိလေသည်။ လူ့ဘောင်လောက၌ သံဝေဂဖြစ်၍ ကြီးစွာသော အလှူကြီးကို ပေး၍ ရသေ့ရဟန်းပြုကာ လူတို့ ငိုကြွေးစဉ် ဟိမဝန္တာ တောသို့ ဝင်ပြီးလျှင် သင်္ချိုင်းကျောင်း ဆောက်၍ တရား အားထုတ်ကြကုန်၏။ (ဘာဝနာ အားထုတ်ကြသည်)

၂။ နှစ်ငါးဆယ်တို့ ကာလပတ်လုံး ဟိမဝန္တာတော၌ နေပြီးသော် ချဉ်ဆားအလို့ငှါ ကာသိကတိုင်းမှ မိတ်ဆွေဟောင်း မဏ္ဍဗျသူကြွယ်ထံ၌ (၄)နှစ် ကျောင်းဆောက် ကိုးကွယ်ခြင်း ခံယူသည်။ ထိုမှတဖန် ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွလျက် အဓိမုတ္တမည်သော သုသာန်၌ သင်္ချိုင်း ကျောင်းပြု၍ နေပြန်လေသည်။ ဒီပါယန ရသေ့သည် မူလ

ကျောင်းသို့ ပြန်ကြပြီး မဏ္ဍဗျရသေ့သည် သုသာန်တွင် နေရစ်ခဲ့ဆဲ၊ ခိုးသူ ထားပစ်ခဲ့သော ဥစ္စာထုပ်ကြောင့် တံကျင် လျှိုခံရရာ သစ်သား တံကျင်လျှိုရန် ဇာတိဿရဉာဏ်ဖြင့် မိမိ၏ ဘဝဟောင်းမှ ယင်ကောင်ကို ဖမ်းပြီး၊ အဘာ လယ်သမား နားတွင်ရှိသော ကသစ်ဖြစ်ငယ်ဖြင့် တံကျင်လျှိုခဲ့ မိသော အကုသိုလ်ကံကို မြင်မိပြီး မင်းမှုထမ်းတို့အားရင်း၊ မင်းအားရင်း၊ အမျက်အာဃာတ ဒေါသမဖြစ်ဘဲ မေတ္တာ ထားပြီး ခံယူလေသည်။ မိတ်ဆွေ ဒီပါယန လိုက်လာပြီး မေးဖြေသော စကားကို မင်းချင်းတို့ ကြားပြီး မင်းထံ တင်လျှောက်၍ မင်းကြီးကိုယ်တိုင် မဏ္ဍဗျရသေ့၏ တံကျင် ရင်း၌ မှီပြီး စောင့်ရှောက်လျက်ရှိသော ဒီပါယနရသေ့အား မေး၍ တရားနာကြားရပြီး တံကျင်မှ ချ၍ နှုတ်မရသော ကြောင့် ဖြတ်ပြီး တံကျင်ကိုယ်တွင်း၌ ရှိသောကြောင့် အာဏိ မဏ္ဍဗျရသေ့-ဟု တွင်လေသည်။ တံကျင်ရင်း၌ သွေးတို့ဖြင့် မဲကွက်ပျောက်လျက် ရှိနေသောကြောင့် ကဏှဒီပါယန မည်လေသည်။ ရသေ့နှစ်ပါး ဥယျာဉ်တော်၌ ထား၍ အသက် ထက်ဆုံး ကိုယ်းကွယ်လုပ်ကျွေး အဆုံးအမ ခံလေသည်။

၃။ ကဏှဒီပါယနရသေ့သည် အသင့်အတင့်နေပြီး မူလ ကျောင်းသို့ ပြန်ကြလေသည်။ မူလ နေရာသို့ ရောက်သော် မဏ္ဍဗျသူကြွယ်က သားမယားနှင့် တကွ လာရောက် ကန်တော့စဉ် သားငယ် ယညဒတ်၏ ကျင်(ဂျင်) မြေတွင်းသို့ ကျ၍ နှိုက်မိရာမှ မြွေဟောက်ကိုက်၍ မိန်းမောလေသည်။

မှန်သော သစ္စာစကားကို ရသေ့မြတ် ဘခင် မိခင်တို့ (၃) ခါစီ ဆို၍ မြေဆိပ်မှ ကင်းလွတ်ပြီး ရသေ့မြတ်က အချင်းချင်း အမှားတွေ ပြုပြင်ကြကာ တရားသဖြင့် အသက်ထက်ဆုံး နေကြလေသည်။ ဇာတ်တော်ကို ပေါင်း၍ သစ္စာပြသော အခါ၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာ ပတ္တိဖိုလ်၌ တည်ပြီး တရားထူး ရသူတို့ကား အရာမကတည်း။

၁။ အာဏိမဏ္ဍဗျရသေ့သည်- အရှင်သာရိပုတြာ ဖြစ်လာသည်။

၂။ မဏ္ဍဗျသူကြွယ်သည်- အရှင်အာနန္ဒာဖြစ် လာသည်။

၄။ ကဿပဘုရားရှင်၏ နောက်ပိုင်း သာသနာတော်၌ ဗာရာဏသီပြည်တွင် ဥသိနကမင်း လက်ထက်၌ ရဟန်းတို့သည် စီးပွါးရှာ၍ အိမ်ထောင်ပြုကုန်ပြီးလျှင် လူတို့သည် ဝိသမ အဓမ္မ-ဟူသော ဒုစရိုက်ဆိုး (၁၀)ပါးတို့၌ ကျင့်ယုတ်ကုန်၏။ သေဆုံးသော လူတို့အား အပါယ်လေးပါး၌ ဖြစ်စေ ပြည့်စေ ကုန်၏။

၅။ ထိုအခါ သိကြားမင်းသည် မာတလိနတ်သားကို ခေါ်၍ လူ့ပြည်သို့ သက်ဆင်းခဲ့ပြီးလျှင် ခွေးနက်ကြီးနှင့် မုဆိုးကြီး အသွင်ဖြင့် မင်းနှင့်တကွသော လူတို့ကို ခြိမ်းခြောက် သည်။ အဓမ္မပါပ ကောင်များကိုလည်း ဖမ်း၍ စားပြဟန် ဖန်ဆင်းပြီးမှ လူတို့အား သုစရိုက်တရား (ကုသလကမ္မပထ)

သီလတော်၌ တည်စေပြီး ပညာကြိယာ၌ ကျင့်စေပြီးသော် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကို နှစ်ပေါင်းတထောင် တိုးမြှင့် တည်စေပြီး နတ်ပြည်၌ ဖြစ်စေကုန်၏။ သတရဟာ ၄-ဂါထာဖြင့် ဟော၍ ဆုံးမပြီးလျှင် နတ်ပြည်သို့ ပြန်လေသည်။

*** သိကြားမင်းသည် ယခု ဂေါတမဘုရားဖြစ်လေသည်။ မာတလိသည် အာနန္ဒာဖြစ်လာ၍ မင်းသည် အရှင်သာရိပုတြာ ဖြစ်လာလေသည်။ ဇာတ်တော်ကို ပေါင်း၍ အရိယာသစ္စာပြရာ ရဟန်း,ရှင်,လူတို့ တသောင်းမျှ တရားထူး ရကြကုန်၏။

***ပညတ်နယ်မှာ လူဖြင်လျှင် ပညတ်မပယ်ရ။ ပညတ်လဲ ပညတ်အတိုင်း တန်းခိုးရှိသည်။ ဝိပဿနာဝိဇ္ဇာဉာဏ်ဖြင့် ကိလေသာ(၁၀)ပါးကို ခွါထုတ်ရပေမည်။

## အကုသိုလ်ကံသည် ယော်သော်လည်း အပါယ်ကျမြဲတည်း

(၁) သီဒန္တေဝ ဇလေ ခိတ္တာ၊ သီလာ မဟာဝ ခုဒ္ဒကာ၊
ပတန္တိ ခုဒ္ဒကေ နာပိ၊ အပါယံ ပါပ ကမ္မုနာ။

ဇလေ၊ ရေ၌။ ခိတ္တာ၊ ပစ်ချအပ်သော။ ခုဒ္ဒကာသိလာ၊ ကျောက်စရစ်ငယ်တို့သည်။ မဟာဝ၊ ကြီးသော ကျောက်ခဲ

ကြီးကဲ့သို့။ သီဒန္တေဝါနစ်မြုပ်ကုန်သည်သာတည်း။ ခုဒ္ဒကေနာ၊ သေးငယ်လှသော။ ပါပကမ္မုနာပိ၊ မကောင်းသော ကံကြောင့်လည်း။ အပါယံ၊ အပါယ်လေးဘုံသို့။ ပတန္တိ၊ ကျကုန်၏။

(၂) ပါဏာတိပါတ ကံ၏ အကျိုးအပြစ်များကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဟောတော်မူလေသည်။

သာဓက ပုဂ္ဂိုလ်များ— (၁) စုန္ဒ ဝက်ထိုးသမားသည် နှစ်ငါးဆယ် ဝက်သတ်ခဲ့၍ အဝီစိ ငရဲမှ မီးကူးလေသည်။

(၂) သာဝတ္ထိပြည် နန္ဒ နွားသတ်သမား ငါးဆယ့်ငါးနှစ်တွင် နွားသတ်၊ နွားအရှင်၏ လျှာဖြတ်စား၍ အဝီစိငရဲ ကျသည်။

(၃) ဓမ္မဒိန္နာ အလောင်း-ဆိတ်သတ်သမား ဖြစ်ခဲ့ဘူး၍ ငရဲမှလွတ်ပြီးသော် ဆိတ်မွေးပမာဏဘဝတွေအသတ်ခံရပြီးမှ နောက်ဆုံး မိဖုရားဘဝတွင်လည်း သတ်ရန်အဖမ်းခံရရာမှ ၎င်း၏ပြုမှုပုံ(တရားသစ္စာ) ဖြစ်၍

ရက္ခစိုးက နှစ်ကြိမ်ထွက်၍ ပူဇော်ရသည်၊ အိမ်ရှေ့မင်းကို ရဲဝံ့စွာ တရားဟောမှု (ငိုခြင်း၊ရီခြင်းမေးမှု) အားလုံးလွတ်ကြောင်း ဟောတော်မူသည်။ (အပြစ်ငါးမျိုးရှိ) အကျိုးတရားပေါင်းမှာ (၂၂) မျိုးရှိသည်၊အကျိုးငါးပါးရှိသည်။သုဘာဝုဏ္ဏားလျှောက်ထား၍ ဟောတော်မူလေသည်။

## မိဖုရား သာမာဝတီနှင့် အခြံအရံ ငါးရာတို့၏ အပရာပရိယဝေဒနီယကံ၏ အကျိုးပေးခြင်း

၁။ ဗုဒ္ဓသဗ္ဗညုတ ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်တွင် သာမာဝတီနှင့် အခြံအရံငါးရာတို့၏ အကျိုးပေးပုံနှင့် အရိယမဂ်ကိုရခြင်း၊ လားရာဂတိများကို ဆွေးနွေးကြစဉ် ဘုရားရှင်ကြွလာတော်မူပြီး၍ ဟောတော်မူလေသည်။

၂။ လောကတွင် အားအကြီးဆုံးကား 'ကံ'တရားပင်ဖြစ်လေသည်၊ ထိုကံ (အကုသိုလ်ကံဆိုး)တရား၏ အကျိုးပေးပုံကို သိမြင်ပြီး သတိသံဝေဂရယူ၍ ပါရမီဗောဓိဉာဏ်ကိုဖြည့်ကျင့်ဆည်းပူးထိုက်ကြောင်းတွင် အခြေခံရလေသည်။

၃။ ဗုဒ္ဓဘုရားမပွင့်မီကာလတွင် ဘဒ္ဒဝတီပြည်၌ ဘဒ္ဒဝတီသူဌေးသည် ကောသမ္ဗီပြည်မှ ဃောသက သူဌေးကြီးနှင့် အဒိဋ္ဌသဟာယသူဌေးတို့သည် မမြင်ဘူးသော မိတ်ဆွေများဖြစ်ကြလေသည်။ ဘဒ္ဒဝတီ သူဌေး၏အိမ်၌ ယင်းအနာ

ကျရောက် သေဆုံးကုန်သဖြင့် သူဌေးလင်မယားနှင့် သမီး သာမာဝတီသည် ၎င်း၏ မိတ်ဆွေ သူဌေးကြီးထံသို့ လက်လွတ် ထွက်ပြေးလာခဲ့ကြရာမှ ဃောသက သူဌေးကြီး၏ အလှူတွင် ထမင်းတောင်းခံစား၍ တနေ့တယောက် သေဆုံးကြလေ သည်။ အလှူတင်းကုပ်မှူး သူကြွယ်က သာမာအား မေးစား ပြီးလျှင် အလှူတင်းကုပ်တို့ကို အသံဆိတ်အောင်ပြု၍ ဃော သကသူဌေးကြီးသိပြီး ထပ်ဆင့်၍ သမီးအဖြစ်ယူခါ၊ အခြံ အရံသူတို့ သမီးငါးရာပေး၍ သမီးအရာ၌ ထားလေသည်။ နက္ခတ်သဘင်ပွဲတွင် မင်းယင်ပြင်သို့ ဖြတ်သွားသော သာမာ အား ဥတေနမင်းကမြင်၍ မိဖုရားမြှောက်လေသည်။

ကျွန်မခုဇ္ဇုတ္တရာသည် ဘုရားရှင် ကြွလာပြီး တရားပွဲ၌ ပဌမသောတာပန်ဖြစ်၍ သာမာဝတီနှင့် အခြံအရံငါးရာတို့ အား ထပ်ဆင့်ဟော၍ သောတာပတ္တိဖိုလ်၌ တည်ကြလေ သည်။ ဥတေနမင်း၌ စန္ဒပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာနှင့် မာဂဏ္ဍီတို့ရှိပြီးဖြစ်၏၊မာဂဏ္ဍီသည်ရှေးကပင် ဗုဒ္ဓဘုရားအပေါ်၌ အမျက်အာဃာတရန်ညှိုး ဖွဲ့ထားပြီး ဖြစ်၏။ ဘုရားရှင်အား ကောင်းစွာ လုပ်ကျွေးသော (အရိယာသေက္ခ) သာမာဝတီတို့အား ကြက်အရှင်ပို့၍ များစွာ ပျက်စီးအံ့သော အကြံအစည်တို့ဖြင့် လုပ်ကြံသမျှ မအောင်မြင်သဖြင့် ၎င်းဘထွေးပုက္ကူသအားစေပြီး ပြာသာဒ် တိုက်တခုလုံး ရေနံဝတ်ဖြင့်ပတ်၍ မီးတိုက်သတ်လေသည်။ ဥတေနမင်းသည် သာမာဝတီ ဂုဏ်ကျေးဇူးများ အောက်မေ့

နာကျည်းလှသော အမျက်ဒေါသကို ကောင်း စွာဖုံးလွှမ်း လျက် ဥပါယ်တမည်ဖြင့်ပြု၍ ဖော်ထုတ်ခါ သံချွန်တို့ဖြင့် အပိုင်းပိုင်းဖြတ်စေ၍ စီရင်ခြင်းကို ခံရလေသည်။

၄။ ပြာသာဒ်ကြီးအား မီးလောင်ရာ၌ အရိယာခေတ် သောတာပန် မခုဇ္ဇုတ္တရာ အခြံအရံမိန်းမ ငါးရာတို့အား သာမာဝတီမိဖုရားဟောကြားသော **နယသာဂရဓမ္မ** တို့ကား ရှင်မတို့–အစမထင် အဆုံးမမြင်သော ဝဋ်ဘဝသံသရာစက် ရဟတ်တွင် ကျင်လည်ခဲ့စဉ်က ငါတို့၏ မသိမိုက်မဲသမျှ အဝိဇ္ဇာစုတို့ကြောင့် ပြုမိခဲ့သော အပရာပရိယဝေဒနီယကံ ကွင်းကား-အကျိုးပေးပေပြီ၊ငါတို့၏ ရတနာသုံးပါး မင်္ဂဖိုလ် တရားမှ တပါးအားကိုးရာမရှိပြီ၊ အထက်မင်္ဂ အထက်ဖိုလ် တို့ကို ပစ္စဝေက္ခဏာဉာဏ်ကို သုံးသပ်သဖြင့် တက်လှမ်းကြပါ ကုန် စသည့် ဟောဟန်တို့ကား....

၁။ ထိုဘာဝ-ဟူသည်မှာ ပစ္စုပ္ပန် သတ္တဝါအကျိုး ခန္ဓာ မျက်မြင်တွေ့ရမှု ဖြစ်သည်။

၂။ ထိုဘာဝမှာ-အမြင်အမြင်အတိုင်း ကာယကိုယ်ခန္ဓာ ကောဋ္ဌာသရုပ်တရားအစုပညတ်အစု။

၃။ ထိုခန္ဓာကိုယ်၏ အတွင်းသား အနှစ်ခေတ်အစုနှင့် အတွင်းပရမတ္ထ ရုပ်,နာမ်,ခန္ဓာ,ဟူသော ပရမတ်အစု တို့၏ သဘောပင်ဖြစ်သည်။

၄။ သံသရာဟူသည်မှာ–မပြတ်မလပ် လည်ပတ်နေသော သံကွင်း(၁၂)ကွင်းတို့ ဆက်စပ်ထားမှုကိုမပြတ်မလပ် လည်ပတ်နေသော လှုပ်ရှားမှုသဘောတရား၊ ရုပ်, နာမ်၊ ဖြစ်, တည်,ပျက်ပင် ဖြစ်လေသည်။

၅။ ထိုစက်ဝိုင်းမှာ တချာချာလည်ပတ်နေသဖြင့် **အစ,** အလယ် မထင်၊ အဆုံးလည်းမမြင်ရပေ။

၆။ ယင်းလှုပ်ရှားလည်ပတ်ရာမှာလဲ မှန်ဒသောအကြောင်းတရားကား ရှိသည်သာတည်း။ ထိုတဆယ့်နှစ်ကွင်းသော သံကွင်းဆက်များကား မည်သို့သော တရားနှင့်မျှ ဖြတ်၍ မပြတ်နိုင်သော်လည်း **အမှတ် (၇) ကွင်းတခုမှာ**မူဖြတ်၍ ပြတ်နိုင်သောကွင်းတကွင်းသာ ပါလေသည်။ (ဂဟောဆော်မထားသော ဟော့ဆက်ကွင်း)ထိုကွင်းကို ဆန့်ထွက် ပြတ်ထွက်သွားအောင် ဖြတ်နိုင်သော လက်နက်ကား (၄–၄–၄)ပင် ဖြစ်လေသည်။

၇။ ဣဒ္ဓိပါဒ်-၄ပါး၊ ဗိုလ် ၅-ပါးဖြင့် လက်ကိုင်ထားပြီး သတိပဋ္ဌာန် ၄-ပါး၊ ဓမ္မနယသာဂရဝိပဿနာ ဝိဇ္ဇာ ဉာဏ်လက်နက်ဖြင့်သာလျှင် ဖြတ်စွမ်းနိုင်ပြီး သစ္စာ ၄ ပါးကို သိမြင်ခြင်းဖြင့် သံသရာ၌ အစလဲထင်ပြီး အဆုံးလဲမြင်ရလေတော့သည်။ပြင်ပခန္ဓာရုပ်,နာမ်ကို ကြည့်ထား၍ အဇ္ဈတ္တိက ရုပ်,နာမ် ခန္ဓာကို ရှုမှတ်

အားထုတ်ရာသည်။ပစ္စဝေက္ခဏာ ဉာဏ်အားဖြင့်သာ မှာထက်မဂ်တို့ကို ရကုန်ရာသည် ရှင်မတို့။

၈။ ဤတရားစဉ်ဖြင့် မီးလောင် သေဆုံးကြကုန်သော သာမာဝတီနှင့် အခြံအရံငါးရာတို့သည်—

(က) အချို့ အနာဂါမိဖိုလ်၌တည်ပြီး သုဒ္ဓါဝါသ ဘုံသို့ ဝင်ကုန်၏။

(ခ) အချို့ သကဒါဂါမိဖိုလ်၌တည်ပြီး တတိယ စျာန်သုံးဘုံနှင့် ပရနိမ္မိတဝသဝတီဘုံ၌ တည် ကုန်၏။

(ဂ) သောတာပန်တို့မှာမူ-ကာမာဝစရ နတ်ပြည် ငါးထပ်သို့ စံဝင်ကုန်၏။

၉။ သာမာဝတီတို့၏ အကုသိုလ်မှာ—စေတနာ မပါဘဲ လျက် ရဟန္တာကို မီးသင့်စေဘူး၏။ (အတိတ်မှ)

၁၀။ မာဂန္ဒီတို့၏ အကုသိုလ်ကား—ပစ္စေကဗုဒ္ဓါကိုမီးသင့် လောင်စေခဲ့ဘူး၏။

ဖဿ-ထ၀-၀၀၀ ဝေဒနာ { တဏှာ+မဖြစ်စေဘဲ / (သိ) ဝိပဿနာဉာဏ်ဆက်ပါ... / ပညာ }

## သတိပဋ္ဌာန်တရား ၄-ပါး

ခန္ဓာကိုယ်မှာ ကျရောက်သမျှ ကာယာနုပဿနာ သတိ ပဋ္ဌာန်ကိုခံစားမှု ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပေါ်၌စူးစိုက်

တည်ငြိမ်သော စိတ္တာနုပဿနာ ဖြစ်စေလျက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟုသော ရုပ်, နာမ် ပရမတ္ထဓမ္မတို့ကို အနတ္တ ဝိပဿနာဝိဇ္ဇာဉာဏ်ဖြင့် အစဉ်မပြတ် ရှုမှတ်နေရာသည်။ ဤကား—သတိပဋ္ဌာန်တရား ၄-ပါးတည်း။ (မြတ်စွာဘုရား အချီးမွမ်း ဆုံးသော တရားသည်ကား (ဝိပဿနာ အနာပါန သတိပဋ္ဌာန်နည်းပါ)။

## ဒီဃဇာဏု သုတ္တန် ဒေသနာတော်

## လောကီ လောကုတ္တရာ ချမ်းသာကြောင်း တရား ဂ-ပါး

၁။ အခါတပါး၌ ဗုဒ္ဓ သဗ္ဗညုတ ဘုရားရှင်သည်၊ ကောလိယမြို့၌ ကက္ကရ ပတ္တ မည်သော ကောလိယ မင်းတို့၏ နိဂုံးတွင် သီတင်းသုံး နေတော် မူလေသည်၊ ထိုအခါ ဒီဃဇာဏု မည်သောကောလိယ မင်းသားသည်အခြံအရံ များနှင့် တကွ ဘုရားရှင်အား လာရောက် ဖူးမြော်ပြီးသော် မြတ်စွာ ဘုရားရှင်အား အိမ်ယာထောင်သော လူ့ဘောင်၌ သား မယား တို့နှင့် နေထိုင်လျက် လောကီ ချမ်းသာ စီးပွားကို လည်း ပြည့်စုံ၍ လောကုတ္တရာ ချမ်းသာကိုလည်း ရောက်ရ စေသော တရားတော် မြတ်ကို ဟောကြား မူပါဘုရားဟု ရှိသေစွာ လျှောက်ထား သောကြောင့် ဤသုတ္တန် ဒေသနာ တော်ကို ဟောကြားတော် မူလေသည်။

ဘုရားသခင်က ဗျဂ္ဃပဇ္ဇ အမျိုးသား အစချီလျက် ဟော တော် မူလေသည်။

၂။ ၁။ **ဥဋ္ဌာန သမ္ပဒါ**-ထကြွလုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း၊ မိမိ၏ လုပ်ငန်း ဆောင်တာ ဥစ္စာ၊ ပညာ-ကုသိုလ် ရှာဖွေ ဆည်းပူး ရာ၌ အပြစ် ၆-ပါးကို ရှောင် ကြဉ်၍ ရှင်လန်း တက်ကြွစွာ သတိ ဝီရိယဖြင့် နိုး ကြားသူ (ကုမ္ဘဃောသက)။

၂။ **အာရက္ခ သမ္ပဒါ**-မိမိတွင် ရောက်ရှိပြီး ဥစ္စာပစ္စည်း၊ ဘဏ္ဍာ ရိက္ခာမျိုး တို့ကို ချွေတာခြိုးခြံ စုဆောင်း လျက် ဝေဖန် စီရင် သိမြင် တတ်ခြင်း ဟူသော အင်္ဂါကို ကျင့်သုံးလေ့ ရှိသူ(ကောသလ၏ မလ္လိကာ မိဖုရား) ရန်သူမျိုး ငါးပါး။

၃။ **ကလျာဏ မိတ္တာ**-ကျေးဇူး သစ္စာ သိသူ၊ အခြံအရံ စစ်မှန်သော မိတ်ကောင်း ဆွေကောင်း ပညာရှိ ဥစ္စာ အာဏာရှိသူ အမှီကောင်း သစ္စာ၊ စာဂ၊ ခန္တီ၊ ဝီရိယ၊ ရန်အောင် တရား ၄ ပါး၌ ကျင့်သူ (မိတ္တ ဗန္ဓက)။

၄။ **သမ ဇီဝိတ**-မျှတစွာ အသက်မွေး ကောင်းခြင်း၊ မိစ္ဆာ ဇီဝမှ ကြဉ်၍ ကျန်းမာရေး၊ စိတ်ချမ်းသာ ရေးကို မထိခိုက် စေခြင်း၊ သူခပ်သိမ်းတို့ အကျိုး ဖြစ်စေခြင်း ဂုဏ်သုံးပါးဖြင့်ညီစွာအသက် မွေးသူ။ (မိတ္တ ဗန္ဓက)

၃။ ဥစ္စာပစ္စည်း ပျက်စီးကြောင်း ၄-ပါးကိုလည်း ကြဉ် ရှောင်ရာသည်။

၁။ အပျော်အပါး လိုက်စားမှု၊
၂။ သေရည်သေရက် သောက်စားမှု၊
၃။ လောင်းကစား ကျူးလွန်မှု၊
၄။ ယုတ်မာသော အဆွေ ခင်ပွန်းရှိမှု၊

အပျော်အပါး၊ အသောက် အစား၊ လောင်းကစားမှုတို့မှ ကင်းရှင်း ပြီးလျှင်၊ မိတ်ဆွေကောင်း ပညာရှိ၌၊ အကျွမ်းဝင်မှုတို့သည် သာလျှင် ဥစ္စာ စည်းစိမ် တိုးပွားကြောင်း ဖြစ်လေသည်။

၄။ (၁) သဒ္ဓါ သိက္ခာနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ရတနာ သုံးပါးဂုဏ်၊ ကုသိုလ် ဓမ္မ၌ သိခြင်း၊ ကံနှင့် ကံ၏ အကျိုးကို မြင်သိခြင်း။

(၂) အကျင့် သီလ သိက္ခာနှင့် ပြည့်စုံခြင်း၊ ဒုစရိုက်မှုတို့မှ ကြဉ်ရှောင် စောင့်ထိန်းခြင်း။

(၃) ဒါန စွန့်ကြဲလှူဒါန်း ပေးကမ်းခြင်း၊ မစ္ဆရိယကို ဖျက်ဆီး၍ သနားမေတ္တာဖြင့် သံသရာ ဝဋ်မှ လွတ်လိုခြင်း။

(၄) ပညာဉာဏ်ဖြင့် ပြည့်စုံခြင်း၊ ပညတ်၊ ခေတ် ပရမတ္ထဓမ္မ တို့ကို ဆွေးနွေး ကြားနာ ကျင့် သုံးခြင်း။

နိဂုံး

(၁) အစဉ် ထကြွ နိုးကြား၊ သတိတရား၊ ဝီရိယ ထား၍ အထူးစီမံ သိမ်းဆည်း ခြင်းနှင့် ပြည့်စုံ

သူသည်၊မျှတစွာ အသက်မွေးလျက် မိတ်ကောင်း ဆွေကောင်း မိတ်ဆွေကောင်းတို့ ခြံရံလျက် ကြီးစွာသော စည်းစိမ်ကို ရရှိလေသည်။

(၂) သဒ္ဓါတရား ရှိ၍ အကျင့် သီလနှင့် ပြည့်စုံ သူသည်၊ မစ္ဆရိယကို ဖျက်ဆီး၍၊ စွန့်ကြဲ ပေးကမ်း ခြင်းဖြင့်၊ အသိပညာဉာဏ်၊ ဝိပဿနာ ဝိဇ္ဇာဉာဏ် တို့ကို ပွား၍ နိဗ္ဗာန်သို့ လှမ်းဝင်ရလေသည်။

၅။ ထိုသုတ္တန် ဒေသနာတော်ကို ကောလိယ ခင်းသားနှင့် အမျိုးကောင်း သားတို့ ကြားနာ ကျင့်သုံး ကြလျက် လောကီ ချမ်းသာ ပြည့်စုံခြင်း၊ လောကုတ္တရာ မဂ်+ဖိုလ် နိဗ္ဗာန်သို့ ဝင်ရ ရောက်ရလေ သတည်း။

---

## သုတနုဇာတ် နိပါတ်တော်လာ နယ သာဂရ ဓမ္မ ဒေသနာတော်

၁။ ပုဂ္ဂိုလ် တဦး တယောက်သည် ကုသိုလ် ဖြစ်စေ၊ တစုံတရာ ပြုမူ ပြောဆို လုပ်ကိုင်သမျှသည် ဝါသနာဘာဂီ ပင် ဖြစ်လေသည်၊ ထိုဝါသနာဘာဂီ ဟူသော ‘လောဘ’ တသံသရာလုံးတွင် မိမိ၌ ထိုညာဉ် ဓလေ့ ဝသီမှ စရိုက်ဖြစ်၍ ထပ်ခါတလဲပင် ထပ်မံ ပြုလုပ်တတ်သော ဝသီဘော် ဖြစ်ခါ၊ အထုံဓလေ့ အဖြစ်လဲ ပါစမြဲပါတည်း၊ ယောဂီသည် မိမိ၌

ထိုခလေ့သည် ကောင်း မကောင်း ခွဲခြား သိမြင်ခါ ကောင်း သော အချက်၌ သဒ္ဓါဖြင့် တိုးတက် ချီးမြှင့်လျက် မကောင်း ဓလေ့ဆိုး ဖြစ်ပါက၊ ထပ်မံ မပြုမိ စေရန် အသိ တရား သမ္ပဒါ ဓမ္မဖြင့် ပယ်နှိပ် ရလေသည်၊ သံသရာတွင် 'လောဘ'သည် ပဓါနကြီး အဓိပတိ ဖြစ်လေသည်။

၂။ နတ်နှင့် တကွသော လောကကို ဆုံးမ တတ်သော သဗ္ဗညုတ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် မိခင်ကို ကောင်းစွာ လုပ်ကျွေး သော ရဟန်းတော် တပါးကို အကြောင်းပြု၍ ဤဇာတ်ကို ဟောတော် မူလေသည်၊ ဖခင် လွန်သော် မိခင်အား ကောင်းစွာ လုပ်ကျွေး လေသည်၊ တနေ့သော် မင်းသည် အခြံအရံ မှုဆိုးတို့နှင့် တောကစား ထွက်၍ တခုသော တော တွင် တဘက်မှ တာများ ခွဲပြီး တောချောက် စေရာတွင် ဇော်ဂျီ မည်သော သားသည် မင်းကြီးတာမှ လွတ်ထွက် သွား ၍ မင်းကြီး တယောက်ထဲ သမင်လိုက်၍ သမင်ကို ရယူ ပြီး အပြန်တွင် ပညောင်ပင် ရိပ်၌ အိပ်ပျော်ရာ ပညောင် ပင်စောင့် မာဃဒေဝ၏ ဘမ်းဆီးခြင်း ခံရလေသည်။

မင်းသည် တနေ့လျှင် သားပြွမ်း ထမင်းခွက်နှင့် လူ တယောက် ပေးပါမည်ဟု ဝန်ခံ၍ ပြန်ခဲ့လေသည်၊ နှောင် အိမ်မှ လူများ တနေ့ တယောက်ဖြင့် ကုန်သော် ထောင် ထုပ်ဖြင့် မောင်းခတ် ရှာဖွေ ရလေသည်၊ ထိုအခါ သူတနု

လုလင်က ဆင်ထက်မှ ထောင်တုပ်ကို ယူ၍ မိခင်အား ပေးအပ်ပြီး ဘီလူးထံသို့ ထမင်းပို့ရန် ရွှေခွက်၊ ခြေနင်း၊ သံလျက်၊ ထီးဖြူ တို့ကို လက်စွဲ၍ သွားရောက်ပြီး မာဃဒေဝ ဘီလူးအား ငါးပါးသီလ၌ တည်စေပြီး မြို့သို့ ခေါ်ခဲ့လေသည်၊ မင်းနှင့် တကွ အမတ်ပြည်သူ တို့က ကြိုပြီး မြို့တံခါးတွင် ထား၍ နေ့စဉ် ထမင်းဦးကို ပေးလှူ ကြလေသည်၊ မင်းကြီးသည် အသက်သခင် သုတနု မင်းလုလင်အား စစ်သူကြီးအရာ ပေး၍ အဆုံးအမ၌ တည်စေ၍ ပြည်သူ အားလုံးတချုး၌ ဒါန, သီလ, ဘာဝနာ တို့ကို ဖြစ်စေ၍ နတ်ပြည်ကို ပြည့်စေလေသည်၊ သစ္စာကို ပြ၍ ဇာတ်တော်ကို ပေါင်းတော်မူလေသည်၊ ထိုအခါ မိခင် လုပ်ကျွေးသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေသည်၊ အများပင် အမြိုက် အရသာကို ရလေသည်။

၁။ အင်္ဂုလိမာလ ထေရ်သည် ထိုအခါက မာဃဒေဝ ဘီလူး ဖြစ်ဘူးလေပြီ။

၂။ အရှင်အာနန္ဒာသည် ထိုအခါက ဗြဟ္မဒတ်မင်း ဖြစ်လေသည်။

၃။ ငါဘုရားသည် ထိုအခါက မိခင် လုပ်ကျွေးသော သုတနု စစ်သူကြီး ပညာရှိ ဖြစ်ဘူးပြီ ဟူ၍ ဓမ္မ ဒေသနာတော် ပြတော် မူလေသည်။


မဒမတ္တတာ၊ မတ္တတာ၊ အသခ်တံ မနုတ္တရံ။
နိဗ္ဗာန မိတိ သာသန္တိ ဝါန မုတ္တာ မဟော သယော။

အစ္စုတံ၊ စုတိခြင်း မရှိသော။ အစ္စန္တံ၊ သေခြင်း၏ အဆုံးကို လွန်သော။ အသင်္ခတံ၊ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားတို့သည် မပြုမပြင်, မဖီရင် အပ်သော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တရားမရှိသော။ ပဒံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော တရားကို။ နိဗ္ဗာန မီတိ၊ နိရောဓ သစ္စာ နိဗ္ဗာန် ဟူ၍။ ဝါန မုတ္တာ၊ ထမုဒယသစ္စာ တဏှာမှ လွတ်တော် မူကုန် ပြီးသော။ မဟေသယော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် အပေါင်း တို့သည်။ ဘာ သန္တိ၊ ဟောတော် မူကုန်၏။

---

## သိပယ်ပွားချုပ်

( သိ ) ၁။ နတ္ထိ ခန္ဓာ သမာ ဒုက္ခာ — ဝဋ္ဋဘဝ ဟူသော အကျိုးခန္ဓာ၏ ဆင်းရဲအစစ်ကို သိမြင်သော **ဒုက္ခသစ္စာ**။

(ပယ်) ၂။ လောဘ 

ဝါသနာ နှင့် တကွ ငြိကပ် တတ်သော အကြောင်း ကို ပယ်သတ်ရန် **သမုဒယသစ္စာ**။

(ပွား) ၃။ ထိုအကြောင်းအကျိုးနှစ်ပါးကို ဖြက်သတ်စေနိုင်သည့် ဗောဓိဉာဏ်မှ ရသော မဂ်သည် **မဂ္ဂသစ္စာ**။

(ချုပ်) ၄။ ထိုဒုက္ခ၊ သမုဒယတို့၏ ချုပ်ဆုံး ငြိမ်းအေးရာ မဖြစ်မပျက်ရာနိဗ္ဗာန်ဟူသော **နိရောဓသစ္စာ**။

(က) ပဋိရူပဒေသဝါသစက် ( အင်္ဂါငါးပါး )တင့်အပ်လျောက်ပတ်သောအရပ်။

( ခ ) ပုဗ္ဗေစကတပုညတာ(အင်္ဂါငါးပါး) ရှေးကပြုခဲ့ဘူးသောကုသိုလ်ရှိသူ။

( ဂ ) အတ္တသမာပဏိဓိစက် (အင်္ဂါငါးပါး) မိမိကိုယ်စိတ်ကို နိုင်နင်းသူ။

(ဃ) သပ္ပုရိသသံသေဝစက် (အင်္ဂါငါးပါး) ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းဖော် မှီဝဲဆည်းကပ်သူ။

(အခြံအရံကောင်း ၊မိတ်ဆွေကောင်း၊ အမှီကောင်း)။

## ဣသိဒါသီရဟန္တာထေရီ

နာညတြဗောဇ္ဈတပသာ နာညတြိန္ဒြိယသံဝရာ နာညတြသဗ္ဗနိဿဂ္ဂါ သောတ္ထိံ ပဿာမိ ပါဏိနံ။

၁။ ဗောဇ္ဈတပသာ၊ ဗောဇ္ဈင် ၇-ပါး အကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊

ချမ်းသာရာ ချမ်းသာခွင့်ကို။အဟံ၊ငါဘုရားသည်။နပဿာမိ၊ မြင်တော်မမူ။

၂။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရ ၆-ပါး မြတ်တရားကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။အဟံ၊ငါဘုရားသည်။နပဿာမိ၊ မြင်တော်မမူ။

၃။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံသော တပ်နှစ်သက်ခြင်းကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာတို့။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။သောတ္ထိံ၊ချမ်းသာရာချမ်းသာခွင့်ကို။ အဟံ၊ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

က။ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ,ပဿဒ္ဓိ, သမာဓိ၊ ဥပေက္ခာ၊ ဗောဇ္ဈင် ၇ ပါး (ဣန္ဒြေ၆-ပါး)

ခ။ ဗုဒ္ဓဘုရားရှင်၏ လက်ထက်တွင် အဝန္တီတိုင်း ဥဇ္ဇေနီပြည်တွင် အကျင့်ကောင်းပြီး သူတော်ကောင်းဖြစ်သော သူဌေးကြီး၏သမီး ကုလဒါသီသူဌေးသမီးသည် အရွယ် ရောက်သော်လင် ၃–ဦးတို့၏ စွန့်ပစ်ခြင်းခံရသဖြင့် မိဘသူတော်ကောင်းသမီးဖြစ်သဖြင့် သတိသံဝေဂရယူခါ မိဘထံ ခွင့်ပန်ပြီး 'ဇိနဒတ္တ' ရဟန္တာထေရီထံတွင် ရဟန်းပြုလေသည်။ "ဗောဇ္ဈင်

အကျင့် ဣန္ဒြိယသံဝါသအကျင့်”ဖြင့် မကြာမြင့်မီ ရဟန္တာထေရီမအဖြစ် ရလေသည်။

ဂ။ တနေ့သ၌ အဆွေမ ဗောဓိထေရီမနှင့် အတူ ပါဋလိပုတ်ပြည်တွင် ဆွမ်းခံပြီး ဂင်္ဂါမြစ်သဲပြင်တွင်ဆွမ်းစားပြီးသော် ဗောဓိထေရီမ၏ မေးမြန်းစကားအရ ဟောပြသည်မှာ....

မိမိသည် ရှေးရှေးကုန်သော ဗုဒ္ဓဘုရားရှင်များထံတွင် ယောကျ်ားကောင်းတယောက် အဖြစ်ဖြင့် ပါရမီဗောဓိဉာဏ်ရင့်ကျက်အောင် ဖြည့်ကျင့် ပြီးခဲ့ပြီးပါသော်လဲ ဤဘဝမှ ၇-ဘဝအောက်တွင် ရကကစ္ဆပြည်၌ ပညာ,ဥစ္စာ,အဆင်းနှင့်ပြည့်စုံသော ရွှေပန်းထိမ်သား ဖြစ်ပါသည်။ သူယုတ်မာနှင့် ပေါင်းမိပြီး မိစ္ဆာပါပံ ပရဒါရကကံ ကျူးလွန်မိဘူးသဖြင့် (၁) ငရဲ၌ အနှစ် ၇၀၀ ခံရခြင်း၊ (၂) မျောက်ဘဝ၊ (၃) ဆိတ်ဘဝ၊ (၄) နွားဘဝ၊ (၅) ကျွန်မဝမ်းတွင်း၌နပုံးပဏ္ဍုက်ဘဝနှစ် ၃၀။ (၆) ကြွေးထူလှပြီး ဆင်းရဲလှသော လှည်းသမား၏သမီးဖြစ်ပြီး။ (၇) ယခုသူတော်ကောင်းသော သူဌေးမိဘဝမ်း၌ ဖြစ်ပါသော်လည်း လင် ၃-လင်တို့၏ စွန့်ပစ်ခြင်းခံရပြီး သတိသံဝေဂရယူခါ မိဘသူတော်ကောင်းတို့၏သြဝါဒဖြင့် ရဟန်းပြုခဲ့ကြောင်း။ ဒုက္ခဇာတ်သိမ်း ဘဝငြိမ်းခဲ့သော ဣသိဒါသီထေရီမသည် သစ္စာလေးပါး တရားထူး ရပြီး ပရိနိဗ္ဗာန် ပြုရလေတော့သည်။

(၁) ဘုရားငါးဆူတိုင်တိုင် ယောကျ်ားကောင်း စင်စစ်ဖြင့် ပါရမီဖြည့်ကျင့်ပြီးသော်လည်း နောက်ဆုံး ၇-ဘဝမှာ မိစ္ဆာစာရ ပရဒါရကကံ ကျူးလွန်မိ၍ မိန်းမရဟန္တာဘဝနှင့် ပရိနိဗ္ဗာန်သို့ ရောက်ရသည်။

(၂) ဘယ်လောက်ဘဲပါရမီဖြည့်ပြီးသော်လဲ မကောင်းသော သူယုတ်မာနှင့်ပေါင်းမိ၍ အပါယ်လေးပါးသို့လားရသည်။

(၃) မိဘကောင်း သူတော်ကောင်းမှာ ဖြစ်ရသည့်အတွက် တရားထူးကိုရ၍ မဂ်, ဖိုလ် နိဗ္ဗာန်သို့ချောမောစွာရောက်ရလေသည်။

မိစ္ဆာစာရ ပရဒါရကံ—သူတပါးတို့၏ အိမ်ယာကျူးလွန်ခြင်းသည်—

(၁) ငရဲ-၇၀၀၊
(၂) ပြိတ္တာ ၇-ဘဝ၊
(၃) တိရစ္ဆာန် ၇-ဘဝ၊
(၄) နပုံးပဏ္ဍုက် ၇-ဘဝ၊
(၅) ယောကျ်ားတလှည့်-မိန်းမတလှည့်၊
(၆) မိန်းမဖြစ်သော်လည်းခင်ပွန်းတို့၏စွန့်ပစ်ခံရ၊
(၇) ကိုယ်အနံ့ နံလွန်းပြီးသူများ စွန့်ပစ်ခြင်းကို ခံရသည်။

## နယသာဂရဓမ္မဒေသနာတော်

၁။ ပါရမီရှင်ဟူသမျှ မုချသိရမည့် 'ဥေယျံ'တရားငါးပါး ဟူသည်မှာ....

(၁) **သင်္ခါရ** = ၃၁-ဘုံတွင် ပုဂ္ဂိုလ်သတ္တဝါမရှိ၊ **ခန္ဓာငါးပါး၊ နာမ်ရုပ်တရားနှစ်ပါး** သာရှိသည်။

(၂) **ဝိကာရ** = ထိုနာမ်ရုပ်တို့သည် မတည်မမြဲ ဖြစ်ပြီး ပျက်မြဲသဘော ရှိသည်မှန်၏။

(၃) **လက္ခဏ** = ထိုနာမ်ရုပ်တို့ ဖြစ်ပျက်သောကြောင့် 'အနတ္တလက္ခဏာ'သဘောသာ ကေန်အစစ် ဖြစ်သည်။

(၄) **နိဗ္ဗာန်** = ထိုနာမ်ရုပ်သင်္ခတနယ်မှလွတ်မြောက်ရာ "မဖြစ်မပျက်သော အသင်္ခတ"ဓာတ် သည်လည်း ကေန်အမှန် ရှိသည်။

(၅) **ပညတ်** = သဘော သုံးပါးရှိအော ခေါ်ဝေါ် သမုတ်ခါမျှသာ သမုတိပညတ်ဖြစ်သည်။ သမုတိ သစ္စာအနေဖြင့် အမှန်သာရှိသည်။

၂။ လောကတွင် 'အတွေ့ထွေဗဟုသုတပညာ'သည်၊ မြတ်နိုး ထိုက်သော 'ရတနာ'တပါးပင် ဖြစ်သည်။

(၁) ဗဟုသုတကို ဆည်းပူးမြတ်နိုးခြင်းသည် **အသိပညာ** ကို ဆည်းပူးမြတ်နိုးသည်မည်၏။

(၂) ဗဟုသုတကို တိုးပွားစေသူသည် တရားဓမ္မကို ပွားများစေသည် မည်၏။

(၃) ဗဟုသုတပညာသာပြည့်စုံပါက ပစ္စည်းဥစ္စာကိုငင်း၊ ကုသိုလ်ဓမ္မကိုငင်း၊ အသိအလိမ္မာ အရည်အချင်းကိုငင်း လိုရာပြီးစေနိုင်လေသည်။

သို့မှသာ နက်ရှိုင်းရှုပ်ထွေး ဘေးအန္တရာယ်တွေ ပေါများလှသော ဤလူ့ဘောင် သမုဒ္ဒရာကြီးကို လမ်းမှန်အတိုင်း စိတ်ချမ်းသာစွာဖြင့် အောင်မြင်စွာ ကူးမြောက်နိုင်ပေမည်။

၃။ လောကတွင် အသက်နှင့် စည်းစိမ်ကိုပါ စွန့်ထိုက်သော အချက် ၂-ချက်သာ ရှိလေသည်။

(၁) ရတနာ ၃-ပါးဖြစ်သော ဗုဒ္ဓ သာသနာရေး အတွက်ငင်း၊

(၂) မိမိ၏ ဗောဓိဉာဏ် ရင့်သန်ရေး အတွက်ငင်း၊ အသက်ကိုစွန့်ရာသည်။

ယင်းနှစ်ချက်ကို ထိခိုက်မခံဘဲ ရှိရာသည်၊ ထိုစိတ်ဓာတ် မြင့်မားလာသည်နှင့်အမျှ ဘဝလဲ မြင့်မားရလေသည်။

၄။ လောကတွင် မိမိ အမှားများကို အစဉ် သုံးသပ်၍ ကြိုးစားပြုပြင်လေ့ရှိသူသည် တနေ့ထက်တနေ့ လူတော် လူကောင်း ဖြစ်ထွန်းလာရမဲ့ ဖြစ်သည်။ (သူတပါး အပြစ်ကို ရှုကြည့်နေပါက ရန်များပြီး မုန်းမည်။

၅။ လောကတွင် သူ့သဘောအတိုင်း ဖြစ်ပေါ်နေသော လောကဓံတရား အမျိုးမျိုးတို့နှင့် ထူးဆန်းသော လူ့စိတ်ဆန္ဒတို့ တွေ့မိလျှင် ပဋိပက္ခတို့ ဖြစ်ပေါ်မြဲပင် ဖြစ်လေသည်။ ထိုသဘောတရားကို သိမြင်ပြီး မိမိ၏စိတ်ဓာတ်ကိုသာ ပြုပြင်ရလေသည်။ အံကိုက် စေရပါမည်၊ ယင်းသို့ဖြင့် ခံနိုင်ရည်၊ တိုးတက်လာပြီးလျှင် ဆထက်တိုးတက်လာပါလိမ့်မည်၊ ဤသို့မှ သင်မပြုလျှင် သင်၏စိတ်သည် လောကဓံအမျိုးမျိုးတို့၏ ထောင်းထုမှုဒဏ်ဖြင့် အစဉ်ဆင်းရဲဒုက္ခ သောကများဖြင့် အသက်တိုရမည်သာ ဖြစ်လေသည်။

## ဗုဒ္ဓဘာသာ(ဝင်စစ်)ဖြစ်ကြောင်းအင်္ဂါ ၅-ပါး

၁။ ရတနာသုံးပါးကို အသက်နှင့် ထပ်တူ ဆည်းကပ်ကိုးကွယ်သူ ဖြစ်ခြင်း၊ (အတ္တသန္နိယျာတန သရဏဂုံရှိသူ)

၂။ ကံနှင့် ကံ၏ အကျိုးပေးတရားကိုသက်ဝင် ယုံကြည်ခြင်း၊ (ကမ္မသကတဉာဏ်နှင့် ပြည့်စုံခြင်း၊ တနည်း ယုံကြည်ခြင်း)

၃။ တရားတော်ကို ကောင်းစွာ ခံယူကျင့်သုံးသူဖြစ်ခြင်း၊ (ဓမ္မာနုဓမ္မပဋိပန္နဂုဏ် ပြည့်စုံသူ)

၄။ ၃၁-ဘုံကိုဝဋ်ဘုံ၊ ဒုက္ခဘုံကြီးအဖြစ် ခံယူထားပြီး၊ တနည်း-နားလည်ထားပြီး ဝဋ်ဆင်းရဲဘဝ ခန္ဓာမှ

လွှတ်မြောက်လိုသော စိတ်ဓာတ်အစဉ် ကိန်းဝပ်သူ၊ (နိဗ္ဗိန္ဒဓာတ်) (နိဿရဏဓာတ်၊နိက္ခမဓာတ်ကိန်းသူ)

၅။ နိဗ္ဗာန်ကို အစဉ်အာရုံကိုင်းရှိုင်းသူဖြစ်ခြင်း၊ (နိဗ္ဗာန-သစ္စိကရဏဉာဏ်ရှိသူ)

## ပညာရှိတို့သည် အဘယ်ကြောင့် တရားအားထုတ်ကုန်သနည်း

၁။ သေဆုံးစုတေသောအခါတွင်တစုံတခုသောတရားကို လက်ကိုင်ထားပြီး သေရန်၊

၂။ သံသရာတွင် ကောင်းစွာ ကျင်လည်နိုင်ရန်၊

၃။ ပါရမီ ၁၀-ပါးကို ကောင်းစွာ ဖြည့်ကျင့်နိုင်ပြီး ဗောဓိဉာဏ် ရင့်သန်စေရန်၊

၄။ ဗောဓိဉာဏ်ရင့်ပြီး မဂ်ဉာဏ်-ဖိုလ်ဉာဏ် ရရှိစေရန်၊

၅။ ထိုမဂ်ဉာဏ်-ဖိုလ်ဉာဏ်မှနိဗ္ဗာန်သို့ မျက်မှောက်ပြုရန်၊ (ပစ္စဝေက္ခဏာဉာဏ်ဖြင့်)

## ပြုပြင်စီရင်အပ်သော အကြောင်းတရား ၄-ပါး

၂၄-ပစ္စည်း တည်းဟူသော စွဲချက်အရ၊ ကံ-ဟူသော တရားသူကြီးက စီရင်ဆုံးဖြတ် ပစ်ချရာကို သတ္တဝါဟူသမျှ ခံရစမြဲပင် ဖြစ်လေသည်။

ပြုပြင်စီရင်အပ်သော အကြောင်းလေးပါး ကံ, စိတ်, ဥတု, အာဟာရ ကို လုံ့လစိုက်ယနှင့် ပြုပြင်ရာသည်။

### ဒါနနည်းသော်

(၁) ဆင်းရဲစွာလုပ်ကိုင်စားရသည်၊ (ကိုယ်ခန္ဓာ ပင်ပန်းစွာဖြင့်)

(၃) တသက်လုံး ဆင်းရဲခြင်းဖြင့်ပင် သေဆုံးရသည်။

### သီလနည်းသော်

(၁) ဥပဓိရုပ်ညံ့သည်၊ အင်္ဂါရုပ် ပျက်ယွင်းသည်၊

(၂) အနာရောဂါ ပေါသည်၊

။၄။ သက်တမ်းစေ့ မနေရ၊

### သမထနည်းသော်

(၁) မကြာခဏစိတ်ဆင်းရဲ (ပဋိပက္ခရှိသောမိတ်၊ စိတ်ဆင်းရဲသောမိတ်ဥ်ဖြစ်၍)

(၂) တွေ့သည့် သူတိုင်းက စိတ်ဆင်းရဲအောင် ပြုလုပ်သည်။

(၃) တသက်လုံး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် နေတတ်သည်။

### ဝိပဿနာ နည်းသော်

(၁) ဉာဏ်ပညာမကောင်း၊

(၂) ပညာမသင်ရ၊

(၃) လွှတ်လပ်စွာ တရားအားမထုတ်ရ။ (အား ထုတ်ခွင့်မကြုံ)

လူတယောက်အား တန်ဘိုးဖြတ်လိုသော် ၎င်း၏ **ဝီရိယ၊ သစ္စာ၊ သဒ္ဓါ၊ ပညာ** ဖြင့် ဆုံးဖြတ်၍ ရနိုင်လေသည်။

**စိတ်အင်္ဂါ ၄-ပါး**

(၁) ဂုဟာသယံ-ဟဒယဝတ္ထုရုပ် ဟူသော နှလုံး အိမ်၌ တည်ကိန်း၏၊

(၂) အသရီရံ-အထည်ဒြပ်သဏ္ဌာန်မရှိ၊

(၃) ဒူရင်္ဂမံ-အဝေးသို့လည်း သွားရောက်ကျက် စား၏.

(၄) ဧကစာရံ-တခုဖြစ်ပြီးမှ တခုဖြစ်၏။

**မှတ်သားရန်မှာ**—ဆန်းကြယ်သောကြောင့် စိတ်၊ တနည်း အာရုံကိုသိသောကြောင့်စိတ်။

**သောတာပန်ဖြစ်ရန်**

အနတ္တဖြင့်ကျင့်ရာသည်၊ (အနိစ္စ၊ ဒုက္ခ၊ အသုဘလည်း အနတ္တတွင်အကျုံးဝင်သည်)။

၁။ ခေါ်ဝေါ်သမုတ်ခါမျှ ဖြစ်သောကြောင့် ပညတ် မည်၏။

၂။ မရေမတွက်နိုင်အောင် များသောကြောင့် ပညတ် မည်၏။

၃။ ဘာမျှအနှစ်သာရမရှိသောကြောင့် ပညတ် မည်၏။ (သမုတိ)

(က) ဗဟုသုတပညာကို စာပေဖတ်ရှုမှုဖြင့် ရရှိနိုင်သည်။

(ခ) အချင်းချင်း ဆွေးနွေး မေးမြန်းခြင်းဖြင့်လဲ ရရှိနိုင်သည်။

(ဂ) သူတပါးတို့ ဟောပြောခြင်း ဖြင့်လဲ ရရှိနိုင်သည်။

(နားနှင့်မှတ်၊ ထင်မြင်မှတ်၊ တိုင်းတာမှတ်၊ မနောမှတ်၊ မှတ်စုဖြင့် မှတ်ရာ၏)။

## မြူတက်စဉ်

၁။ အဋ္ဌကလာပ်ရုပ်ပေါင်း သိန်းသောင်း ကုဋေ စုမိမှသာလျှင် ပရမာနုမြူတလုံးဖြစ်သည်။

၂။ ပရမာနုမြူ ၃၆-လုံးစုမိလျှင် အနုမြူတလုံးဖြစ်သည်။

၃။ အနုမြူ ၃၆-လုံးစုမိလျှင် တဇ္ဇာရီမြူတလုံးဖြစ်သည်။

၄။ တဇ္ဇာရီမြူ ၃၆-လုံးစုမိလျှင် ရထရေဏုမြူ တလုံးဖြစ်သည်။ (ရထရေဏုမြူ)

၅။ ၎င်း ရထရေဏုမြူသည် နေရောင်ခြည်တွင် အဝတ်ခါလိုက်သောအခါ၌ မြင်ရသောမြူ ဖြစ်ပါသည်။

## အဋ္ဌကလာပ်ရုပ် ၈-ပါး

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့သည် တခုဖြစ်လျှင် အကုန်စုပေါင်း၍ ဖြစ်သည်။ တခုမရှိလျှင် အကုန်မရှိကြပါ။ သို့ဖြစ်၍ တပြိုင်နက်ဖြစ်ခြင်း၊ တပြိုင်နက်ပျက်ခြင်းသဘောရှိပါသည်။ (ကေတောဝုဒ္ဓိ—ဟုခေါ်ပါသည်)။

---

## "၅၂၈-သွယ်မေတ္တာ ဗြဟ္မစိုရ်ပွားများအားထုတ်နည်း"

### ၁—မေတ္တာ

၁။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၂။ အဗျာပဇ္ဇာ၊ စိုးရိမ်ပူပန်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၃။ အနီဃာ၊ဆင်းရဲဗူပန်ခြင်းမရှိကြကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၄။ သုခီအတ္တာနံ၊ ချမ်းသာသောကိုယ်စိတ်ကို။ ပရိ-ဟရန္တု၊ ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

(ဤကား မေတ္တာစင်စစ် ၄-ပါးပြီး)

### ၂—ကရုဏာ

ဒုက္ခာ၊ ဆင်းရဲခြင်းအမျိုးမျိုးတို့မှ။ မုစ္စန္တု၊ လွတ်ကင်းနိုင်ကြပါစေကုန်သတည်း။

၃—မုဒိတာ

ယထာလဒ္ဓသမ္ပတ္တိတော၊ရမြဲတိုင်းသော စည်းစိမ်ချမ်းသာ အပေါင်းတို့မှ။ မာဝိဂစ္ဆန္တု၊ မကင်းပျောက် မပျက်စီးနိုင်ကြပါစေကုန်သတည်း။

၄—ဥပေက္ခာ

ကမ္မဿကာ၊ ကံသာလျှင် အကြောင်းရင်း ရှိကြပါပေကုန်၏။

(ဗြဟ္မစိုရ် ၄-ပါး ပြီး၏)

အရပ်ဆယ်မျက်နှာ

၁။ ပုရတ္ထိမာယ အနုဒိသာယ — အရှေ့မြောက် မျက်နှာ အရပ်၌။ (တနင်္ဂနွေ)

၂။ ပုရတ္ထိမာယဒိသာယ—အရှေ့မျက်နှာအရပ်၌။ (တနင်းလာ)

၃။ ဒက္ခိဏာယအနုဒိသာယ — အရှေ့တောင်မျက်နှာ အရပ်၌။ (အင်္ဂါ)

၄။ ဒက္ခိဏာယဒိသာယ—တောင်မျက်နှာအရပ်၌။ (ဗုဒ္ဓဟူး)

၅။ ပစ္ဆိမာယအနုဒိသာယ — အနောက်တောင် အရပ်မျက်နှာ၌။ (စနေ)

၆။ ပစ္ဆိမာယဒိသာယ—အနောက်မျက်နှာအရပ်၌။
(ကြာသပတေး)

၇။ ဥတ္တရာယအနုဒိသာယ — အနောက်မြောက်မျက်နှာ
အရပ်၌။ (ရာဟု)

၈။ ဥတ္တရာယဒိသာယ—မြောက်မျက်နှာအရပ်၌။
(သောကြာ)

၉။ ဟေဋ္ဌိမာယဒိသာယ—အောက်မျက်နှာအရပ်၌။

၁၀။ ဥပရိမာယဒိသာယ—အထက်မျက်နှာအရပ်၌။

### ပုဂ္ဂိုလ်တကျိပ် နှစ်ပါး

၁။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သတ္တာ၊ သတ္တဝါ, ဟူသမျှ အပေါင်း တို့သည်။

၂။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ပါဏာ၊ သက်ရှိ သတ္တဝါ, ဟူသမျှ အပေါင်း တို့သည်။

၃။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဘူတာ၊ ကိုယ်ထင် ရှား ရှိကြကုန်သော သတ္တဝါ, ဟူသမျှ အပေါင်း တို့သည်။

၄။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ် ဟူသမျှ အပေါင်း တို့သည်။

၅။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ အတ္တဘာဝ ပရိယာပန္နာ၊ အတ္တဘောကို ဆောင်လျက် ရှိကြကုန်သော သတ္တဝါ, ဟူသမျှ အပေါင်း တို့သည်၊
မရည်မှန်းသော အနောဒိဿ ပုဂ္ဂိုလ်
(၅) ယောက် ပြီး၏။

၆။ သဗ္ဗာ၊ ခပ်သိမ်း ကုန်သော။ ဣတ္ထိယော၊ မိန်းမ ဟူသမျှ အပေါင်း တို့သည်။

၇။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ပုရိသာ၊ ယောကျ်ား ဟူသမျှ အပေါင်း တို့သည်။

၈။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ အရိယာ၊ အရိယာ ပုဂ္ဂိုလ် ဟူသမျှ အပေါင်း တို့သည်။

၉။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ အနရိယာ၊ ပုထုဇဉ် ဟူသမျှ အပေါင်း တို့သည်။

၁၀။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဒေဝါ၊ နတ်, ဗြဟ္မာ ဟူသမျှ အပေါင်း တို့သည်။

၁၁။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ မနုဿာ၊ လူသား ဟူသမျှ အပေါင်း တို့သည်။

၁၂။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဝိနိပါတိကာ၊ ဝေမာနိက ဘုတ်, ပြိတ္တာ, တစ္ဆေ ဟူသမျှ အပေါင်း တို့သည်။

ရည်မှန်းသော ဩဒိဿ ပုဂ္ဂိုလ်(၇) ယောက် ပြီး၏။

## စကြဝဠာချုပ်မှာ

၄။ ဥဒ္ဓံယာဝ ဘဝဂ္ဂါစ အဓောယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု ယေသတ္တာ။
ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အထက်ကို ဘဝဂ် တိုင်
အောင်ရှင်း။

အဓောယာဝ အဝီစိတော၊ အောက်ကို အဝီစိ တိုင်
အောင်ရှင်း။

သမန္တာ၊ ဤစကြဝဠာ တိုက်၏ ထက်ဝန်းကျင်သော
အရပ်တို့၌ တည်နေကြ ကုန်သော။ စက္ကဝါဠေသု၊
တသောင်းသော စကြဝဠာ တိုက်တို့၌။ ယေသတ္တာ၊
အကြင် တကျိပ် နှစ်ပါးသော သတ္တဝါ တို့သည်။
သန္တိ၊ နိ၏။ သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သတ္တာ၊
သတ္တဝါဟူသမျှ အပေါင်းတို့သည် စသည်ဆက်ဆို
ပွားပါ (မေတ္တာ ၄-ပါးလုံး ဆိုပါ) သဗ္ဗေ ပါဏာ
စသည်ဆက်ဆို ပွားပါ။

## နိဂုံးချုပ် ၅၂၈-သွယ် ဖြစ်ပုံမှာ

၁။ အရပ် (၁)မျက်နှာမှ ပုဂ္ဂိုလ်တဦးတွင် မေတ္တာ
ဖြာပွားစိုရ် ၄-ပါးစီ ပွါး၍။

၂။ ပုဂ္ဂိုလ် တကျိပ်နှစ်ပါး ဖြစ်၍၊ ၁၂ × ၄ = ၄၈ ပါး
ဖြစ်ပါသည်။

၃။ ဤအတိုင်း အရပ် ( ၁၀ )မျက်နှာ ပွါးပါက ( ၁ )မျက်နှာလျှင် ၄၈-ပါး။

အရပ် ( ၁၀ )မျက်နှာ ပွါးသော် ၄၈၀-ပါး
စကြွဝဠာချုပ်က ၄၈-ပါး
၅၂၈-ပါး ဖြစ်၏။

## ထို့ကြောင့် ဗြဟ္မစိုရ်မေတ္တာ ၅၂၈-သွယ် ဖြစ်လာပုံ ဖြစ်ပါသည်

## ဤ ဗြဟ္မစိုရ်မေတ္တာ ၄-ပါးကို ပွါးနည်းအပြင်

မေတ္တာစစ်စစ်သာ ပွါးလိုပါက ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကို ထည့်ဆို မပွါးဘဲ မေတ္တာစစ်စစ်ချည်း ၄-ပါး ဖြစ်၍၊ ၅၂၈,ပင် ဖြစ်ပါသည်။ မိမိတို့၏ အခိုဌာန်အတိုင်းပင် ပွါးရပါမည်။

မေတ္တာသုတ်အရ တဿာဝါ, ထာဝရာ, သဗ္ဗေသတ္တာ စသည်ဖြင့် အပိုဒ်တိုင်း ထည့်ဆိုရပါသည်။ ၇-ဝါရ ဖြစ်၍ ၃၆၉၆-ပါးသော မေတ္တာ ဖြစ်ပါသည်။ မေတ္တာစစ်စစ် ၃၆၉၆,လဲ ပွါးရပါသည်။ နှစ်သက် အခိုဌာန်ယူရာ ပွါးရာသည်။

"အကျယ် နာယူရပါမည်"

---

## မေတ္တာ အကျိုး (၁၁)ပါး လင်္ကာ

မေတ္တာပွားမျိုး၊ ၁၁-အကျိုးကား၊ အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်မှတ်နတ်များ၊ စိတ်ကားမန္တံ၊ စိတ်ထားတည်ကြည်၊ လှသည်မျက်နှာ၊ သေခါမတွေ၊ ဖြစ်လေဗြဟ္မာ၊ ဆယ့်တခါစဉ်၊ အာနိသင်ကို၊ လျှင်လျှင်အမြဲ၊ ရ၏မှတ်။ ။

## မေတ္တာ (၃) မျိုး

(၁) မေတ္တာ ဗြဟ္မစိုရ်။
(၂) မေတ္တာစစ်စစ်။
(၃) ဥဗ္ဗဇ္ဇ။

၁။ နီဝရဏ-ပိတ်ပင်သည်တားဆီးတတ်သည် စျာန်သည် နီဝရဏကို ခွာနိုင်သည်၊ ထို့ကြောင့် (ပ) စျာန်သည် ထိန မိဒ္ဓ နီဝရဏကို ပယ်သည်၊ (ဒု-တ) စျာန်သည် ဗျာပါဒကို ပယ်သည်၊ (စ) စျာန်သည် ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်သည်၊ စျာန် လေးပါး လုံးသည် ကာမစ္ဆန္ဒ နီဝရဏကို တဒင်္ဂ ပယ်သည်။

၂။ ရူပကုသိုလ်သည် ဝိက္ခမ္ဘန ပယ်သည်။
၃။ မဂ်လေးပါးသည် သမုစ္ဆေဒ ပယ်သည်။
၄။ ဖိုလ်လေးပါးသည် ပဋိပဿမ္ဘန ပယ်သည်။
၅။ နိဗ္ဗာန်သည် နိဿရဏ ပယ်သည်။

## နိဗ္ဗာန နယသာဂရ ဓမ္မဒေသနာတော်

၁။ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်း ကောင်းသည် 'မဂ္ဂင် ရှစ်ပါး တရားမြတ် ရတနာ နည်းလမ်းသာ ရှိသည်၊ ထိုမဂ္ဂင်လမ်းစဉ်ကို ကျင့်ဆောင်ရန် နည်းလမ်း သည်လည်း ဤပဋိပါတ် ကျင့်စဉ်သာ ဖြစ်လေသည်။

၁—ကမ္မသမ္မောဟ-ကင်းလွတ်အောင် (၃) ဆင့် သိမြင်လျှင် ကမ္မသကတာဉာဏ် အလင်းသို့ရောက်သည်။

၂—ဓမ္မသမ္မောဟ-ကင်းပျောက်အောင် ဉာဏ်သက်ရောက်လျှင် ဓမ္မ ဝဝတ္ထာန ဉာဏ် အလင်းသို့ ရောက်သည်။

၃—ပစ္စယသမ္မောဟ-ကင်းလွတ်အောင် ဉာဏ်လင်းရလျှင် ပစ္စယ ဝဝတ္ထာန ဉာဏ် အလင်းသို့ ရောက်၏။

၄—လက္ခဏာသမ္မောဟ-ဖောက်ခွဲ သိမြင်လာလျှင် လက္ခဏာ ဝဝတ္ထာနဉာဏ် အလင်းသို့ ရောက်၏။

အ—နိဗ္ဗာနသမ္မောဟ-ကိုဖြိုခွင်း ပြစ်လိုက်နိုင်လျှင် နိဗ္ဗာန ပဋိဝေဓဉာဏ် အလင်းသို့ ရောက်၏။

၂။ အာဠဝက သုတ္တန်မှ ဘီလူး၏ အမေးကို ဗုဒ္ဓဘုရား၏ အဖြေများ ဖြစ်သည်။

### ပထမ ဂါထာ

မေး။ ....၁။ ဥစ္စာတကာ တို့တွင် အမြတ်ဆုံး ဥစ္စာမှာ အဘယ် ဥစ္စာ ဖြစ်ပါသနည်း။

ဖြေ။ ....၁။ ဥစ္စာတကာ တို့တွင် အမြတ်ဆုံး ဥစ္စာမှာ သဒ္ဓါတရား ဖြစ်ပါသည်။

မေး။ ....၂။ လေ့လာစရာမျိုး များစွာ အဘယ် လေ့လာမှုဖြင့် ချမ်းသာကို ရှက်ဆောင် နိုင်သနည်း။

ဖြေ။ ....၂။ လေ့လာစရာ မျိုးများစွာ တရား လေ့လာမှုက ချမ်းသာကို ဆောင်နိုင်သည်။

မေး။ ....၃။ ရသာတကာ ပေါင်းများစွာ အဘယ်အရသာ အမြတ်ဆုံးနည်း။

ဖြေ။ ....၃။ ရသာတကာ ပေါင်းများစွာ သစ္စာတရားသာ အမြတ်ဆုံးတည်း။

မေး။ ....၄။ အသက်မွေးရာ နည်းများစွာ အဘယ်နည်းသာ အမြတ်ဆုံးနည်း။

ဖြေ။ ....၄။ အသက်မွေးရာ နည်းများစွာ ပညာ ဖြင့်သာ အမြတ်ဆုံးပါ။

## ဒုတိယ ဂါထာ

မေး။ ....၁။ ဩဃ ၄-ပါး၊ နက်ရှိုင်းပြြား ဘယ် တရားက ကူးနိုင် သနည်း။

ဖြေ။ ....၁။ ဩဃ ၄-ပါး၊ နက်ရှိုင်းပြြား သဒ္ဓါတရားသာ ကူးနိုင်သည်။

မေး။ ....၂။ သမုဒ္ဒရာ သံသရာ၊ ဘယ်တရားက ကူးနိုင် သနည်း။

ဖြေ။ ....၂။ သမုဒ္ဒရာ သံသရာ၊ သတိတရားသာ ကူးနိုင်သည်။

မေး။ ....၃။ ဆင်းရဲများစွာ လွန်မြောက်ရာ၊ဘယ်တရားသာ ဖြစ်သနည်း။

ဖြေ ။....၃။ ဆင်းရဲများစွာ လွန်မြောက်ရာ၊ ဝီရိယတရားသာ ပါတကား။

မေး ။....၄။ ကိလေသာများစွာ စင်ကြယ်ရာ၊ ဘယ်တရားသာ ဖြစ်သနည်း။

ဖြေ ။....၄။ ကိလေသာများစွာ၊ လွန်မြောက်ရာ၊ ပညာတရားသာ ဖြစ်ပါသည်။

## တတိယ ဂါထာ

မေး ။....၁။ ပညာများစွာ ရကြောင်းမှာ အဘယ်နည်းသာ ဖြစ်သနည်း။

ဖြေ ။....၁။ ပညာများစွာ ရကြောင်းမှာ အကြားအမြင်များအောင် ဆည်းပူးခြင်း သာတည်း။

မေး ။....၂။ စီးပွားဥစ္စာ ရကြောင်းမှာ အဘယ်သာကောင်း သနည်း။

ဖြေ ။....၂။ စီးပွားဥစ္စာ ရကြောင်းမှာ ထကြွ လုံ့လဝီရိယသာတည်း။

မေး ။....၃။ ကျော်စောကိတ္တိ ရရှိဘို့ရာ အဘယ်နည်းသာ ဖြစ်သနည်း။

ဖြေ ။....၃။ ကျော်စောကိတ္တိ ရရှိဘို့ရာ သစ္စာအကျင့် သိကြောင်း တခုပါတည်း။

မေး ။....၄။ မိတ်ဆွေစစ်ကောင်း ရစေကြောင်း အဘယ်လမ်းကောင်း ရှိပါသနည်း။

ဖြေ ။....၄။ မိတ်ဆွေစစ်ကောင်း ရစေကြောင်း ပေးကမ်းစွန့်ကြဲချီးမြှင့်မှုသာ ဖြစ်ပါသည်။

မေး ။....၅။ ဘယ်လောက်ပင် ဖြည့်ဖြည့် မပြည့်နိုင်သောအိုးများကို ဖော်ပြပါ။

ဖြေ ။....၅။ ဘယ်လောက်ပင်ဖြည့်ဖြည့် ဆန္ဒတည်းဟူသောအိုး၊ ဗဟုသုတ ပညာအိုးတို့ မပြည့်နိုင်ပါ။

မေး ။....၆။ သတ္တဝါတို့အား လူတို့အား နှိပ်စက်နေသောတရားဆိုး နှစ်ပါးကို ဖော်ပြပါ။

ဖြေ ။....၆။ သတ္တဝါတို့အား တောင့်တမှု (လောဘ) နှင့်ကြောင့်ကြမှု (ဒေါသ) တို့ ပါတည်း။

မေး ။....၇။ ထိုတရားဆိုး တို့ကို နှိပ်ကွပ် နိုင်သော တရားနှစ်ပါးကိုလည်း ဖော်ပြပါ။

ဖြေ ။....၇။ ထိုတရားဆိုး တို့ကို သန္တုဋ္ဌိ၊ ရောင့်ရဲ ကြေနပ်သလ္လေခ၊ ချေတာ ခြိုးခြံစွာ ကျင့်။

ဖြစ်တည်ပျက် တို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်ပေါ်နေခြင်းသည် လက္ခဏာ သမ္မောဟ ပျောက်၍ သဗ္ဗာသ သတ္တာန ဉာဏ် ဖြစ်သည်၊ အာလောကော ဥဒပါဒိ၊ ဖြစ်ပျက်တွင်

အနုတ္တ ဘာဝနာ တပါးသည်သာ ထင်ခြင်းမှာ၊ ဥဒယဗ္ဗယ ဉာဏ် ဦးဆောင် နေခြင်း ဖြစ်သည်၊ ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်စဉ် ၁၆-ပါး မဏ္ဍိုင်ထား၍ သွားသည်၊ အာဋ္ဌာဝက သုတ္တန် ဒေသနာတော် အရ ကျင့်စဉ် (၈) ပါး ရှိပါသည်၊ ၎င်းတို့မှာ သတိ၊ သဒ္ဓါ၊ ဝီရိယ၊ ဓမ္မ၊ ပညာ၊ သစ္စာ၊ ဗဟုသုတ၊ စာဂတို့ ဖြစ်လေသည်။

## လောကဓာတ် အလင်းပွင့်တရား စကြာရတနာ

ဗုဒ္ဓဘုရားရှင် ကိုယ်တော်ပျောက်ပြီး ဗကပြဟ္မာမင်းအား ဟောတော်မူသောတရား။

ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိ ဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ နဉပါဒိယိံ ။

အဟံ၊ တရားမင်းဖြစ်တော်မူသော ငါဘုရားသည်။ ဘဝေ၊ ဘဝသုံးဖြာ သံသရာ၌။ ဘယံ၊ ဇာတိ,စသည် များလှ သောင်းသောင်း ရန်ဘေးအပေါင်းတို့ကို။ ဒိသွာဝ၊ဟုတ်တိုင်း မှန်ရာ ကောင်းစွာ မြင်သောကြောင့် သာလျင်။ ဘဝဉ္စ၊ ဘဝ သုံးဖြာ သံသရာကိုရင်း။ ဝိဘဝေသိနဉ္စ၊ ဘဝကောင်းမည် ရှာကြမည်လည်း ဆိုလည်းနွားမျှ နစ်မွမ်းကြသူ သတ္တဝါ ဟူသမျှကိုရင်း။ ဒိသွာ၊ အတတ်ထင်ထင် ကောင်းစွာမြင်၍။ ကိဉ္စိဘဝံ၊ သုံးဖြာဘဝ သုံးလောကတွင် တစုံတခုဘဝ စိုးစဉ်း မျှကို။ နာဘိဝဒိံ ၊ တဏှာ,ဒိဋ္ဌိ ကပ်ငြိစွဲလမ်း မယူမှန်း။ နန္ဒိဉ္စ၊

ဘဝသုံးဖြာ တွယ်တာသမှု တဏှာစုကိုလည်း။ နုဥပါဒိယံ၊ နှစ်သက်ယူမှုန်း စွဲလမ်းတော်မမူ။

သမ္မောဟ ၅-ပါး ပျောက်၍၊ အလင်းဓာတ် ၅-ပါး ပြည့်စုံသည်။ လက္ခဏာအားဖြင့် ၆-ပါး၊ ဂုဏ်အားဖြင့် ၃-ပါး,ဟူသော နိဗ္ဗာန်ဓာတ်သို့ ပဋိဝေဓဉာဏ်ဖြင့် မျက်မှောက် ပြုပြီး စံအေးငြိမ်းမည်။

ဂုဏ် ၆-ပါး ရှိသော၊ မဂ္ဂင် ၈-ပါးကို ကျင့်ကြံလျှင်၊ အင်္ဂါ ၈-ပါးစီ ရှိသော သစ္စာ ၄-ပါးကို သိမြင်ရမည်။ (၂၀)ဂုဏ်အင်္ဂါ ၈-ပါးနှင့် ပြည့်စုံစွာ နိဗ္ဗာန်မျက်မှောက် ပြုပြီး သဘောတရား ၉-ပါး ရှိသော နိဗ္ဗာန်၌ စံအေးငြိမ်း မည်။

ဒိဋ္ဌဓမ္မော=မြင်အပ်ပြီး သစ္စာရှိ။ ပတ္တဓမ္မော=ရောက်။ ဝိဒိတဓမ္မော = သိ။ ပရိယောဂါဠ္ဟဓမ္မော = ဉာဏ်သက်-၄။ တိဏ္ဏဝိစိကိစ္ဆော=ကူးလွန်မြောက်ပြီး။ ဝိဂထကထံကထော= တွေး,ထင်,ယုံကင်း။ ဝေသာရဇ္ဇပတ္တော=ရဲရင့်ခြင်းသို့ရောက်။ အပ္ပရပ္ပစ္စယော=ကိုယ်တိုင်မျက်မှောက် သိမြင်။ ဂုဏ်အင်္ဂါမြတ် ၈-ပါးနှင့် ပြည့်စုံ။

(စ)သမုဒယသစ္စာမြင် ပညာမျက်စိရ။

(ဉ) သ + တဏှာ ၁၀၁ ကျယ်သိ။

(ပ) သ + ၁၀၈,ကို အမှန်သိ။

(ဝိ) သ + ကို ထွင်းသိ။

(အာ) မောဟဖျက်ဆီး။

အရိယသစ္စာ ၄-ပါးတွင် ဝိဇ္ဇာသိ ၅-ပါးစီ ပေါက်
၄×၅=၂၀ သိမြင်။ ပါရိဟာရိကလမ်း-ဝိပဿနာပွါး
ခန္ဓာ,ရုပ်,နာမ် "ဖြစ်+ပျက် .... .... အနတ္တ
ဘာဝနာဉာဏ်စဉ်တက်၊ ဒုက္ခသစ္စာသိမြင်=၄."

ပညာက္ခန္ဓ မဂ္ဂင် ၂-ပါး။ သီလက္ခန္ဓ မဂ္ဂင် ၃-ပါး။
သမာဓိက္ခန္ဓ မဂ္ဂင် ၃-ပါး။ "စ"၄ ပ မျက်စိပွင့်။ "ဉာ"၄
သိမြင်းပွင့်။ "ဥ"ကိုမြင်းကျိုးပွင့်။ "အ"၄ ထူး သိခြင်းပွင့်။
'သံ"၄ ထိုး ကောင်းပွင့်ခြင်းပွင့်။ "နိ"ဗ္ဗာ အသခ်တကျိုးပွင့်။
မဂ္ဂင် ၈ ပါး တရားမြတ်+ဂုဏ် ၆-ပါး ပြည့်စုံ

မဇ္ဈိမပဋိပဒါဝါဒ

↓

ဟီ-ဂံ-ပေါ-အ-နပယ် ၅-ချက် | ပယ် ၃-ချက် ဒု-အ-န။
ကာမသုခလ္လိကာနုယောဂ | အတ္တကိလမထာနုယောဂ

ဒွေ မေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ

(၁) ပါတိမောက္ခသံဝရသီလ (၂) ဣန္ဒြိယသံဝရသီလ
(၃) ပစ္စယသန္နိဿိတသီလ (၄) အာဇီဝပါရိသုဒ္ဓိသီလ၊
စတုပါရိသုဒ္ဓိသီလက္ခန္ဓမဂ္ဂင်
လူတို့၏ သဘာဝဓမ္မ

## လက်ဝဲရံ အဂ္ဂသာဝိကာမ ဥပ္ပလဝဏ်ထေရီမ တန်းခိုးအရာ တေဒဂ်ရှင်၏ တရားထူးရသော နယ သာဂရ ဓမ္မ

၁။ အပဒါန် ပါဠိတော် ထေရီဂါထာ အဋ္ဌကထာ(၁) ကေဥမ္မာရ ပုပ္ဖမ္ပိ ဗုဒ္ဓဂုဏံ အနုဿရိတွာ ပူဇန္တဿ ဖလံ ဗုဒ္ဓ ညာဏေန၊ ပရိဆိန္ဒိတုံ နသက္ကာ .... .... ဗုဒ္ဓစေတီတော်,ဆင်းတု တော်တို့အား ဉာဏ်တော် ကိုးပါးကို ရည်သန်လှူဒါန်းရသည့် ရှိသော် စပါယ်,ချယား စကား,မြတ်လေးတို့ကို မဆိုထားလင့် တောချုံထဲက အောင်မဲညိုဘပွင့်၏ ကြီးမြတ်သော အကျိုးကား ဘုရားဉာဏ်တော်ဖြင့်ပင် ပိုင်းခြား၍ မဟော။

၂။ ပန်းတပွင့်၏ အကျိုးသည်ပင်းလျှင် အရဟတ္တဖိုလ် အမြိုက်နိဗ္ဗာန် အဆုံးတိုင်အောင် ကျေးဇူးဂုဏ်ရှိ၏။ ကေ ပုပ္ဖံ ယဇိတွာန အသီတိ ကပ္ပကောဋိယော၊ ဒုဂ္ဂတိံ နာဘိ ဇာနာမိ ဒေဝေသုစ မနုဿေသုစ၊ သဿေန ပရိနိဗ္ဗုတော.... ဟောသောကြောင့်လည်း ဥပ္ပလ္လာဏ်ထေရီမ,အား သာဓက ထား၍ ဟောတော်မူလေသည်။

၃။ ဤဘဒ္ဒကမ္ဘာ၏ နောက်, ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရဘုရား ပွင့်တော်မူလေသည်။ ဟံသာဝတီမှ အမျိုးသမီး တယောက်သည်၊ ဘုရားကျောင်းတော်၌ တရားနာရာတွင် တန်းခိုးကြီးအရာ၌ တေဒဂ်ထားတော်မူသော အဂ္ဂသာဝိကာ ရဟန္တာမ တဦးကို တွေ့မြင် ကြည်ညိုလှတောကြောင့် ဘုရား အမှူးရှိသော သံဃာတော်တို့အား (၇)ရက် ပတ်လုံး

အလှူကြီးပေး၍ထိုအဂ္ဂသာဝိကာဗောဓိ,ဆုကို ပန်ယူလေသည်၊ ထိုမှ စုတေသော် ကမ္ဘာတသိန်း ကာလပတ်လုံး လူ့ပြည် နတ်ပြည်သို့၌သာ မွေလျော်ရလေသည်။

၄။ ကဿပဘုရား ပွင့်တော်မူသော အခါ၌ ဗာရာဏသီ ပြည် ကိကီမင်းကြီး၏ သမီး ၇-ယောက်တွင် သမဏဂုတ္တာ မည်သော သမီးတော်လတ်သည် အိမ်ယာ,မထောင် အနှစ် (၂၀၀၀၀) ဘုရားသံဃာတော်တို့အား လုပ်ကျွေး၏။

၅။ ထိုဘဝမှ စုတေသော် နတ်ချမ်းသာကို ရ၏။

၆။ ထိုမှ ရွာငယ်၌ ဆင်းရဲသမီး ဖြစ်ရလေသည်။ ကြာ ပန်းနှင့် ပေါက်ပေါက်(၅၀၀) လှူပြီး ပစ္စေကဗုဒ္ဓါ သား (၅၀၀) ရရန် ဆုပန်ပြန်သည်။

၇။ နတ်ပြည်၌ ဖြစ်ပြန်သည်။

၈။ ဟိမဝန္တာအနီး ပဒုမ္မာကြာအိုင် ကြာပွင့်၌ ပဋိသန္ဓေ ယူ၍ ပဒုမဝတီမိဖုရားကြီးဖြစ်ကာ သား,ငါးရာ ပစ္စေက ဗုဒ္ဓါများ ရလေသည်။

၉။ ရာဇဂြိုဟ်မြို့ တံခါးအနီး ရွာတွင် သူဆင်းရဲသမီး ဖြစ်လေသည်။ လယ်တောရှိ ခင်ပွန်းထံ ယာဂုပို့ရာ သား ၈-ပါးမှ တဆင့် သား(၅၀၀)အား ဆွမ်းလှူပြီး ကြာညိုပန်း ၈-လက်ပါ လှူ၍ ဆုပန်ပြန်သည်။

၁၀။ တဖန် နတ်ပြည်၌ ဖြစ်ပြန်သည်။

၁၁။ ထိုမှ တဖန် ဘုရားရှင်၏ လက်ထက်တွင် သာဝတ္ထိ ပြည်၌ သူဌေးကြီး၏ သမီးဖြစ်၍ ကြာညိုပန်းနှံ့ လိုင်၍ "ဥပ္ပလဝဏ်"ဟူ၍ ခေါ်တွင်လေသည်။ အများကပင် လိုချင်ကြ၍ ရဟန်းပြုသွားလေသည်။ တနေ့သ၌ ဥပုသ် သိမ်တွင် အလှည့်ကျ၍ ဆီမီးထွန်းညှိထားသော တေဇော ကသိုဏ်းကို ရှု၍ ဈာန်ရလေသည်။ ထိုဈာန်ကို အခြေပြု၍ ဝိပဿနာ ဉာဏ်စဉ်တက်ကာ ပဋိသမ္ဘိဒါ ၄-ပါး၊ အဘိညာဉ် ၆-ပါးနှင့် တကွ ရဟန္တာဖြစ်လေတော့သည်။

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ"

ဟူသော ဧတဒဂ်ရလေတော့သည်။ ဗုဒ္ဓဘုရားရှင်က နိဒါန်းတွင် ပါသော ဂါထာတော်ဖြင့် သစ္စာကို ဖြတော်မူရာ အများပင် အမြိုက်နိဗ္ဗာန်ကို ရကြလေသည်။ (ဥပ္ပလဝဏ် ထေရီမ လက်ဝဲတော်ရံ)

၁။ ကုသိုလ်တရား ပါရမီအားကို များစွာ ပြုထားပေ သော်လည်း သံသရာမှ တစုံတခုသော အကုသိုလ်ကလည်း ၎င်း၏ အလှည့်အဖြစ် ဝင်၍ အကျိုးပေးတတ်သဖြင့် အလွန် မြင့်ရာမှ အလွန်ဆင်းရဲခြင်းသို့ ရောက်တတ်လေ သေးသည်။

၂။ အကုသိုလ်အပေါင်းတို့တွင် ဣဿာမစ္ဆရိယတို့သည် အဆိုးယုတ်ဆုံးသော ပါပီစ္ဆာများ ဖြစ်လေသည်။ ယင်းသို့ ကြောက်စရာကောင်းသော တရားဆိုးကို သတိနှင့် ပယ်သတ် ရာ၏။

၃။ နောက်ဆုံးတွင်ကား ရေရှည်အကျိုးပေး အားကြီးသော ကုသိုလ်တရားက သာလျှင် အောင်နိုင်လွှမ်းမိုး ပန်းးတိုင်သို့ ဝင်ရမြဲ ဖြစ်သည်။

## နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်း
## သီဟိုဠ်ကျွန်း မိဂပေါတ သာမဏေဝတ္ထု

သီဟိုဠ်ကျွန်းတွင် ဥတ္တာလောမိတ မည်သော တောရကျောင်းတွင် လောကီအဘိညာဉ် ငါးပါးရသော အဘယထေရ်၏ တရားနာကြားရန် ဘိတ်ကြားသံကို အာရုံပြု၍ မြွားမှန် သေဆုံးသော သမင်သည် ထိုမထေရ်၏ ညီမဝမ်းတွင် ပဋိသန္ဓေယူ ဖွားမြင်သည်။ ၇-နှစ်သား အရွယ်တွင် ရှင်သာမဏေ ပြု၍ ဆံပင်ရိတ် အပြီး၌ ပဋိသမ္ဘိဒါ ၄-ပါး၊ အဘိညာဉ် ၇-ပါးဖြင့် ရဟန္တာဖြစ်လေသည်။ ဦးရီးတော် အဘယထေရ်အား လျှောက်ထားသော ဂါထာ—

၁။ အကြင်ပညာ မရှိသော ယောကျ်ားသည် သမုဒ္ဒရာကမ်းနားတွင် ရပ်ခါ ရေများစွာ မြင်၍၊ ငါသည် သမုဒ္ဒရာကို မြင်ရပြီဟု ပညာ မရှိသောကြောင့် ဆိုဘိသကဲ့သို့။

၂။ ထို့အတူ အကြင် ရဟန်းသည် အချို့သော ကိလေသာကို ပယ်ကာမျှဖြင့် ကိလေသာကို မစွန့်သေးဘဲ လျက်'မမြဲသော လောကီ အဘိညာဉ် စွမ်းအား'ကို ရကာမျှဖြင့်။

၃။ တဏှာ၏ ကျွန်အဖြစ်မှ မလွတ်သေးဘဲလျက် လွတ်ပြီဟု ထင်ယောင်မှား၏။

၄။ ထိုရဟန်းသည် အသရေမရှိ၊ ဒါယကာတို့ လှူသော ဆွမ်း–သင်္ကန်း ကျောင်းကို သုံးစွဲခြင်းဖြင့် အကျိုးမရှိပေ၊ အဘယ်သို့ ဟူမူ 'ကြောက် ဘွယ်သော သံလျှက်ကို မျိုမိလေ သကဲ့သို့ သာတည်း၊ အကြင် ရဟန်းသည် တဏှာအညစ် အကြေးကို စွန့်ပြီးသည် ဖြစ်မူ ထိုရဟန်းသည် မာရ်နတ်၏ အနှောင်အဖွဲ့မှ လွတ်လေတော့သည်။

## ထေရဂါထာ

အဗ္ဘတီတာ သဟာယာ၊ အတီတာ ဂတ သတ္ထုနော။
နတ္ထိ တောဒိသံ မိတ္တံ ယထာ ကာယ ဂတာ သတိ။

အတီတ ဂတ သတ္ထုနော၊ ပရိနိဗ္ဗာန် စံတော် မူသည် ဖြစ်၍ လွန်လေ ပြီးသော ဘုရား ရှိထသော။ အဗ္ဘတီတ သဟာယာ၊ ပေါင်းဖေါ်စရာ ကလျာဏမိတ် မရှိသော ပုဂ္ဂိုလ်အား။ ကာယဂတာ သတိ၊ ကာယဂတာ သတိ ကမ္မဋ္ဌာန်းသည်။ မိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန် ကောင်းသော ကလျာဏမိတ်သည်။ ယောတိ·ယထာ၊ ဖြစ် သကဲ့သို့။ တောဒိသံ၊ ဤကာယ ဂတာသတိ ကမ္မဋ္ဌာန်းနှင့် တူသော။ မိတ္တံ၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းညွှန်ကောင်း သော ကလျာဏ မိတ်သည်။ နတ္ထိ၊ မရှိ။

မဖေါက်ပြန် သောကြောင့် ပဒမတ် မည်၏၊ ထိုတရား သည် ဘုရားပွင့်သော အခါ၌သာသိရသည်၊ (ထိုတရားသည် ဘုရားပွင့်ပွင့် မပွင့်ပွင့် အမြဲရှိသော တရား ဖြစ်၏။)

(၁) စိတ် ၈၉- ဆန်းကြယ်၍ အာရုံကို သိတတ်သော ကြောင့် စိတ် မည်၏။

(၂) စေတသိက် ၅၂- စိတ်နှင့် အတူ ယှဉ်တတ်သော ကြောင့် စေတသိက် မည်၏၊ နာမ်တရား။

(၃) ရုပ် ၂၈- ပြောင်းလဲ ဖေါက်ပြန် တတ်သော ကြောင့် ရုပ် မည်၏၊ ရုပ်တရား။
ထို နာမ် ရုပ် တရားကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားနှင့် ဖြစ်၍ သ ပစ္စယ ဓမ္မ မည်၏။

(၄) နိဗ္ဗာန် ဆင်းရဲ အပေါင်း တို့၏ ချုပ်ရာ ငြိမ်းရာ ဖြစ်သောကြောင့် နိဗ္ဗာန်။

သတိပဋ္ဌာန် တရား ၄–ပါးဖြင့် မိမိ၏ ခန္ဓာစဉ်တွင် (နှလုံး သား ရင်ချိုင့်တွင်) ဝေဒနာပေါ်သမျှ နောက်သို့ မလိုက် မှူ၍ အမှတ် (၇)တွင် သဒ္ဓါ+ပညာဖြင့် ဝိပဿနာ ဉာဏ်ဖြင့် စူးစိုက် ရှုရာသည်၊ ဝိသုဒ္ဓိ ၇-ပါးဖြင့် ဉာဏ်စဉ် ယှဉ်၍ နိဗ္ဗာန် ဓာတု ဖြစ်၏။

## ဓမ္မသုတ ဥပါသိကာမနှင့် ကဌရဇ္ဇ ဝါသီ မထေရ်တို့ ကာယ ဂတာသတိ ကမ္မဋ္ဌာန်းမှ သစ္စာ ၄-ပါး သိမြင်နည်း

လင်္ကာဒီပကျွန်း ရောဟဏ မြို့စား တည်သော မြို့ကြီးတွင် အိမ်ခြေ သုံးသောင်း ရှိသော "မဟာဂါမ" ရွာကြီး ရှိသည်၊ ဒေဝါနံ ပိယ တိဿ မင်း၏ ညီရင်း မဟာ နာဂမ အဘယ မင်း၏ ကောင်းမှု ဖြစ်သော ကျောင်း ပရဝုဏ်၏ အလယ်တွင် "မဏိ စေတီတော်" တည်ထား ကိုးကွယ် လေသည်၊ ထို စေတီတော် လိုဏ်တွင် ဗုဒ္ဓ ရှင်တော်ဘုရား ပမာဏ ရှိသော ရွှေဆင်းတုတော် ရှိသည်၊ ထိုမဟာနာဂ မင်း၏ မြေးတော် ကာကဝဏ္ဏ အဘယ တိဿ မင်းသည် ဘိုးတော်မင်း ကိုးကွယ် ခဲ့သော နဖူး သင်းကျစ် တော်ကို ဆင်းတုတော်၏ နဖူးတွင် အမိဋ္ဌာန်ဖြင့် တည်သွင်းသည်၊ တပုဿနှင့် ဘလ္လိကတို့ ရသော ဆံတော် ရှစ်ဆူအနက် နှစ်ဆူကို မောဠိကျွန်း သဲပြင်တွင် နားစဉ် ဇေယျသေန နဂါးမင်း ခိုးယူသည်ကို မင်းကြီး၏ဆရာ ရဟန္တာမြတ် တန်ခိုးတော်ဖြင့် ဆောင်ယူ ပေး၍ 'ဝိဟာရ ဒေဝီ' မိဖုရားသည် အမိဋ္ဌာန်ဖြင့် ထို ဆင်းတုတော်၏ ဦးခေါင်း၌ တည်စိုက် ကိုးကွယ် ပြန်လေသည်။

ထို စေတီတော်၏ မုခ်ဝ ဓမ္မာရုံ ကြီးတွင် သီတင်းပတ် တရားပွဲကြီး ရှိလေသည်၊ တဦးသော ဥပါသိကာမကြီးသည်

ကလေးငယ်ကို ခေါ်၍ ပရိသတ် စွန်းမှ တရားတော်ကို နာစဉ် ကလေးငယ်အား မြွေခဲ၍ လဲသော်လည်း မထမူ၍ တရားတော်၌သာ အာရုံစိုက် မှတ်သား နာယူလေသည်၊ တရားပွဲကြီး ပြီးမှသာ သစ္စာဂ-ချက်ဖြင့် ကလေးအား ပကတိ အတိုင်း ဖြစ်စေလေသည်။

ကင္ဘရစ္စာ ဝါသီ မထေရ်သည် ထိုစေတီတော်တွင် တနှစ် တကြိမ် တပေါင်းလပြည့် နေ့တွင် 'အရိယာဝံသ သုတ်တော် အဘိဓမ္မာ' တရားကြီးကို ဟောကြားရာတွင် တဦးသော မထေရ်ကြီးသည် အဝေးမှ လာခဲ့ရ၍ အစွန်ဆုံး ချုံ ပိတ်ပေါင်း ထဲမှ နာကြားစ ကပင် 'ဂေါဏသပ္ပ' မြွေတကောင် သည် ခြေကြားသို့ ဝင်ပြီး တင်ပါးကို ခဲလေသည်၊ တရား ပီတိဓာတ် ပွားဆဲ တရား အာရုံကို မဖြတ်ဘဲ မြွေကို ဦး ခေါင်းမှ ကိုင်ဖယ်၍ ဘိနပ်အိမ်တွင် ထည့်၍ ချုပ်ချည် ထား ပြီးလျှင် တရားတော်ကို မိုးလင်းအထိ ဆက်လက်၍ နာ ကြား လေသည်၊ တရားပွဲကြီး ပြီးမှ မထေရ် မြတ်တို့အား လျှောက်ထား၍ မြွေကို ပြလေသည်၊ မြွေဆိပ်တို့ကိုလဲ တရား ပွဲပြီးမှ သစ္စာ (၃) ချက်ဖြင့် ပျောက်ပျက် စေပြီးသော်'အရိ ယဝံသ 'ဓမ္မ တို့ကို ဟောကြားခြင်းနှင့် တရားတော် မြတ်၏ ဂုဏ်ကျေးဇူးတော် တို့ကို သုံးဂါထာဖြင့် ချီးကျူး ဟော တော် မူလေ၏။

## မဂ်+ဖိုလ်+နိဗ္ဗာန် တိုင်အောင် အားထုတ် ရသော (၁၁) ပါး

၁။ သပ္ပုရိသူပ နိဿယ-ပညာရှိ သူတော်ကောင်း တို့ကို မှီဝဲခြင်း။

၂။ သဒ္ဓမ္မ သဝန- သူတော်ကောင်း တို့၏ တရားကို နာကြားခြင်း။

၃။ ယောနိသော မနသိကာရ-အသင့် အတင့် နှလုံးသွင်း တတ်ခြင်း။

၄။ အတ္တသမာ ပဏိဓိ-မိမိကိုယ်+စိတ်ကိုကောင်းစွာ စောင့် ရှောက်ခြင်း။ (သီလကြီး လေးဖြာ)

၅။ အာတာပ အာရဒ္ဓ ဝီရိယ-ကိလေသာကို ခွါစွန့် စေ တတ်သော လုံ့လ ဝီရိယ။

၆။ ပါဠိဟာရိယ ပညာ-ဓမ္မအတွက် ဗဟုသစ္စ ပညာဉာဏ် ဆည်းပူးခြင်း။

၇။ သမထ ဘာဝနာ-ဘာဝနာ ကမ္မဋ္ဌာန်း ၃၈ (အာကာသ ကသိုဏ်း+အာလောက ကသိုဏ်းကြဉ်)။

၈။ ဝိပဿနာ ဘာဝနာ-ဝိပဿနာ ကမ္မဋ္ဌာန်း(၄၀)။

၉။ မဂ္ဂ ဓမ္မ=မဂ်—၄-ပါး။

၁၀။ ဖလဓမ္မ=ဖိုလ်-၄-ပါး။

၁၁။ နိဗ္ဗာန ဓာတု-အသင်္ခတဓာတ်။

ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော။

၁။ တစ ပဉ္စက နည်း။

၂။ ၃၂-ကောဋ္ဌာသနည်း။

## သစ္စာအနက်(၁၆)ချက်

### (၁) ဒုက္ခသစ္စာ၌ ၄-ပါး

၁။ ရုပ်နာမ် ခန္ဓာ၏ ပင်ပန်းချက်သက်သက် ၁-ပီဠနဋ္ဌ။

၂။ ရုပ်နာမ် ပူပြင်ရ ပင်ပန်းလှ ၂-သင်္ခတဋ္ဌ။

၃။ ရုပ်နာမ် ပူပန်သောက ဖြစ်သမျှ ၃-သန္တာပဋ္ဌ။

၄။ ရုပ်နာမ် ဖရိုဖရဲ ပြိုပျက်ကွဲ ၄-ဝိပရိနာမဋ္ဌ။

### (၂) သမုဒယသစ္စာ ၄-ပါး

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ

၁။ မီးစာအစု ရှာမှိုးမှု ၅-အာယူဟနဋ္ဌ။

၂။ မီးစာ သိုမှိုး စုပုံပြီး ၆-နိဒါနဋ္ဌ။

၃။ မီးစာကိုပင် မလွှတ်ချင်ခင်မင် ၇-သံယောဂဋ္ဌ။

၄။ မီးစာစုမိ ကြောင့်ကြရှိ ၈-ပလိဗောဓဋ္ဌ။

### (၃) နိရောဓသစ္စာ ၄-ပါး

၁။ ဇာတိ၊အဲဆုံးဟိုဘက်ကမ်းသံသရာသြဃ ကျွတ်လွှတ်
ရာနိဗ္ဗာန်။ ၉-နိဿရဏ။

၂။ ဇရာ၊ ဘေးပေါင်းတရံမဆက်ဆံ ၁၀-ပဝိဝေကဋ္ဌ။

၃။ ဗျာဓိ၊ သေခြင်းမဆက်ဆံကင်းဝေးရန် ၁၁-အမတဠ္ဌ။
၄။ မရဏ၊ မပြုပြင်ရငြိမ်းအေးလှ။ ၁၂-အသင်္ခတဠ္ဌ။

(၄) မဂ္ဂသစ္စာ ၄-ပါး

၁။ ပထမ မဂ်ရှစ်ပါးမှာ (၄-ဖြာ) ထွက်မြောက်ရာ မှတ်ပါ။ ၁၃-နိယျာနဠ္ဌ။
၂။ ဒုတိယ ဖြူစင်ဖြောင့်မတ်လွန်ကောင်းမြတ် မှတ်အပ် ၁၄-ဟေတုဠ္ဌ။
၃။ တတိယ သစ္စာလေးအင် ထိုးထွင်းမြင်စင်ကြယ်။ ၁၅-ဒဿနဠ္ဌ။
၄။ စတုတ္ထ မဂ်ပညာရှိအုပ်စိုးဘိ။ ၁၆=အဓိပတေယျ။

## သဒ္ဓါတရား၌ထူးကဲသော "သဒ္ဓါတိဿအမတ်ကြီး၏ ဓမ္မပီတိခေတ်ဖြင့် တရားထူးရခြင်း"

၁။ လင်္ကာဒီပ သီဟဠဒီပကျွန်း အနုရာဓမြို့တွင် သဒ္ဓါ တိဿမင်း မင်းပြုသည်၊ တဦးသော တိဿ အမည်ရှိသော အမတ်သည် "သဒ္ဓါတရား" ၌ ထက်သန်လှသောကြောင့် "သဒ္ဓတိဿ"အမည်ဟူ၍ ကျော်ကြားလေသည်။

တရံရောအခါမင်းထံမှ ခစားပြီးအပြန်တွင် ထန်းလေးပင် စင်မှ "သုဒဿနဒါနဇရပ်"တွင် ပိဏ္ဍပါတ်ခုတင်ဆောက်တည် နေသော "တိဿမထေရ်"ဆွမ်းခံကြုံခိုက်တွင် ငွေရှစ်ကျပ်ဖြင့်

ဆွမ်းတထုပ်ဝယ်ယူ၍လှူဒါန်းလေသည်။ မထေရ်ကခဲယဉ်းစွာ ထက်သန်လှသောသဒ္ဓါဖြင့် လှူဒါန်းမှန်းသိ၍ ဤဆွမ်းကို "ကိလေသာ"ရှိလျက် စားခြင်းငှါ မထိုက်ဟု ဆင်ခြင်ပြီးမှ 'ကာယဂတာသတိ+ဒွတ္တိံသကာယကမ္မဋ္ဌာန်းဖြင့်' ကိလေသာတို့ကိုကုန်စင်စေပြီးမှ ဆွမ်းဘုဉ်းပေးသည်။ ထီးချက်စောင့်နတ်သမီးကသာဓုခေါ်၍ မင်းကြီးသိပြီးလျှင် အမတ်နှင့် မိဘသုံးဦးတို့အား "ဖုဋ္ဌမြို့"ကိုပေး၍ ပူဇော်လေသည်။

၂။ မိုးခေါင်၍ ရေရှားခိုက်တွင် နတ်တို့က "ဇာတဿရရေအိုင်"မှ ရေအိုးဟိုဖြင့် ပို့လာသည်။ အရှင်မြတ်ရဟန္တာ ၃၀၀၀ တို့အားလှူဒါန်းပြန်သည်။ ထီးချက်စောင့်နတ်သမီးသာဓုခေါ်၍ မင်းကြီးသိရှိပြန်ရာ "အန္တာရဂင်္ဂါဆိပ်မြို့"ကို ပေးပြန်၏။

၃။ တနေ့ ထိုရေဆိပ်မြို့သို့အသွား "ကဏ္ဍဒါရုံ"ဒေသ၌ "ဥဒေါင်းသား"စားလို၍ မေးသဖြင့် နတ်တို့ပို့လာပြန်သည်။ အရှင်ကောင်းတို့အား ကြွေးကြော်၍ ပင့်ဖိတ် လှူဒါန်းပြန်သည်။ ထီးချက်စောင့်နတ်သမီးသာဓုခေါ်၍သိရပြန်ပြီး ကြီးစွာသော စည်းစိမ်တို့ကိုပေး၍ပူဇော်ပြန်သည်။ တရံရော အခါ မင်းကြီးနှင့်အတူ စေတိယတောင်ထိပ်ရှိ အမ္ဗတ္ထစေတီတော်အား ဆေးဒါန်း အင်္ဂတေတို့ဖြင့် ရွှေသင်္ကန်းကပ်လှူပြီးသော် "၁၂၁၀၀"သော အရှင်မြတ်တို့အား ဆေးဒါန်း ရောင် သင်္ကန်းဒွိစုံတို့ကိုကပ်လှူပြီး ထိုမထေရ်တို့ကြွရောက်၍

စေတီတော်အား ပူဇော်ခြင်းကို ကြည်ညိုလှစွာသော ပီတိ ပါမောဇ္ဇ ပီတိဓာတ်စုံ ကွန့်မြူးပွားရာမှ ဝိပဿနာဉာဏ်စဉ် တက်ခါ သောတာပတ္တိဖိုလ်၌ တည်လေသည်။ အထောင် မကသောပရိသတ်တို့လည်း သောတာပတ္တိဖိုလ်၌တည်ကုန်၏။ ကျန်သောပရိသတ်များမှာ ဒါန,သီလ,ဘာဝနာကို အဆက် ထက်ဆုံးပွားများပြီး နတ်ပြည်၌တည်စေလေသည်။

၄။ ဗုဒ္ဓပီတိသမာဓိ၊ ဓမ္မပီတိသမာဓိ၊ သံဃပီတိသမာဓိ၊ ဥဗ္ဗေဂါပီတိသမာဓိ၊ပီတိပါမောဇ္ဇဖြစ်ပွားကွန့်မြူးပေါ်ပြီးလျှင် မိမိခန္ဓာစဉ်၌ ရုပ်နာမ်တရား မြင်သိလာရလေသည်။

(ကာဠီအမျိုးသမီးတူ)

၅။ ရုပ် အကြောင်းတရား လေးပါးကြောင့် ဖြစ်သော "စတုသမုဋ္ဌာနိကရုပ်"သည် အချမ်း-အပူ ဟူသော ဝိရောဓိ သတ္တိတို့ကြောင့် ဖောက်ပြန်ပြောင်းလဲတတ်သော သဘော ရှိသည်။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက ပြား၍ (၁၁)ပါးရှိသည်။ ထိုရုပ်(၁၁)ပါးသည် အနတ္တစုသာမှန်၏။ (ပစ္စဝေက္ခဏာပါထင်)ကိုယ်မဟုတ် အနှစ်မရှိ၊ အလိုသို့မလိုက် တတ်၊ အတ္တမှဆိတ်သုဉ်း၏၊ မိစ္ဆာဒိဋ္ဌိတို့ ကြံအပ်သော အတ္တ၏ ဆန့်ကျင်ဘက် ဖြစ်ခြင်း၊ ၂-ချက်သဘော ရှိသောကြောင့် အနတ္တတည်း။ အလိုသို့ မလိုက်တတ်သော သဘော၊ အစိုး မရခြင်းသဘော၊ ပွါးပြင်ခြင်း၊ ခံစားခြင်း၊ မဆောက်တည်နိုင်ခြင်း

ဆုံးဖြတ်ခြင်းမှ ဆိတ်သောသဘော၊ မိစ္ဆာဒိဋ္ဌိတို့ ကြံအပ်သော အတ္တာသဘောနှင့် ဆန့်ကျင်သောသဘော။

ဝေဒနာ၊ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ၊ အားဖြင့်ပြားသော စိတ်တခုယုတ် ၉၀(ဂ၉)၊ ဝေဒနာတခုယုတ် ၉၀(ဂ၉)၊ ၎င်း ထက်အင်္ဂါ လေးပါးကြောင့် အနတ္တမည်၏။

သညာ—စိတ်တခုယုတ် ၉၀(ဂ၉)သည်လည်း အင်္ဂါလေးပါးသဘောကြောင့် အနတ္တပင်တည်း။

သင်္ခါရ—ဝေဒနာ သညာမှကြွင်းသော စိတ်, စေတသိက် ၅၀-ဟူသော သင်္ခါရသည်လည်း အင်္ဂါလေးပါး ဖြစ်၍ အနတ္တတည်း။

ဝိညာဏ်—စိတ်တခုယုတ် ၉၀ (ဂ၉) ဟူသော ဝိညာဏ်သည်လည်း အင်္ဂါလေးပါးဖြစ်၍ အနတ္တပင်တည်း။

အနိစ္စကို သန္တတိဖုံးသည်၊ ဒုက္ခကို ဣရိယာပုထ်ဖုံးသည်၊ အနတ္တကို ဃနဖုံးသည်၊ မြင်အောင်ဉာဏ်ရှု။

ရုပ်နာမ်ခန္ဓာသည် ဆင်းရဲခြင်းအစစ်ဖြစ်သောခန္ဓာကျွန်။ ဒုက္ခ-အကျိုးခန္ဓာဟူသော အရိယသစ္စာ။

အကြောင်းရင်း၊ လောဘ တွယ်တာ ငြိကပ်တတ်သော သဘောဟူသော အရိယသစ္စာ။ ကြောင်းကျိုး တရားတို့၏ ချုပ်ဆုံးရာ ငြိမ်းအေးခြင်း—နိရောဓသဘောဟူသော အရိယ

သစ္စာ။ ဒုက္ခ, သမုဒယတို့ ကုန်ဆုံးစေတတ်သော ဗောဓိဉာဏ်မှ ရသော မဂ်ပညာဟူသော အရိယသစ္စာ။ ဣဒ္ဓိပါဒ်လေးပါး၊ ဗိုလ်ငါးပါးဖြင့် ပြည့်စုံကုန်သော့။

မြင့်ရမည့်တရား ၂-ပါး သဒ္ဓါ+ဗောဓိဉာဏ်ရင့်သန်။
နှိမ့်ရမည့်တရား ၂-ပါး လောဘ+မာန။

## နာဂါသတို့သမီးနှင့် မဟာအဘယထေရ်၏ သဒ္ဓါတရားစိတ်ဓာတ်
## (နယူပဒေသတရားတော်)

၁။ သုံးလောကနာထမကိုဠ်သရဖူ သယမ္ဘူဗုဒ္ဓသဗ္ဗညုတ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ၅=နှစ်မြောက် သီတင်းသုံးနေတော်မူသော နှောင်းတန်ကူးလကွယ်နေ့ နံနက်စောစောတွင် သီဟိုဠ်ကျွန်း အနီးရှိ နာဂဒီပ ကျွန်းငယ်တွင် စူဠောဒရနှင့်မဟောဒရမည်သော နဂါးမင်းတူဝရီးတို့သည် ပတ္တမြားရတနာ ၇-ပါး စီခြယ်ထားသော စိမ်းညိုသောမြပလ္လင်အတွက် ရန်စစ်ကြီး ဖြစ်ပွားလေသည်။
(တောင်သမုဒ္ဒရာ)

၂။ ထိုအခါ ဘုရားသခင်သည် ထိုနဂါးမင်း နှစ်ဦးတို့၏ ရန်စစ်ကြီးငြိမ်းအေးရန် ဇကျောင်းတော် တံခါးဝ အနီးရှိ သမိဒ္ဓိသုမနနတ်မင်းကိုခေါ်၍ ကြွတော်မူပြီးလျှင် နဂါး အပေါင်းတို့အား ထိတ်လန့်စေပြီး ရဲရင့်စေလျက်စစ်ပွဲကြီး

အလယ် လင်းလွန်းပင် ပေါက်လတ့ံသောအရပ်၌ သက်လေ သည်။ ထိုနေရာကား ထိုနတ်မင်း လူဖြစ်ခဲ့စဉ်က တပေါ်းသော ပစ္စေကဗုဒ္ဓါအား သပိတ်ဆေးရေနှင့် သစ်ခက်တို့ကိုလှူခဲ့ဘူးရာ အရပ်တည်း။ (ကဿပသာသနာနောက်)

၃။ နဂါးစစ်သည် အပေါင်းတို့သည် လက်နက်များ စွန့်၍ ဘုရားရှင်ထံဖူးရောက်လာပြီး ငြိမ်းချမ်းရေး, ညီညွတ် ရေး, ကျင့်ဝတ်ရေး မွေဒေသနာဖြင့် စစ်ကြီးကို အေးငြိမ်း စေလေသည်။ နဂါးမင်း တူဝရီးတို့သည် မြစိမ်းညိုပလ္လင်ကို ဘုရားရှင်သို့ အညီအညွတ်လှူဒါန်းပြီး သရဏဂုဏ်၊ ပဥ္စသီလ၊ အဋ္ဌင်္ဂသီလတို့၌ တည်ကြကုန်၏။ ဘုရားရှင်သည် ပလ္လင်ထက်၌ နိရောဓသမာပတ်ကို ဝင်စားတော်မူပြီး နဂါးအပေါင်းတို့၏ ပရိဘောဂစေတီတော်အဖြစ် ကိုးကွယ်ကြရန်အပ်နှင်းပြီးလျှင် လင်းလွန်းပင်နှင့် သမိဒ္ဓသုမနနတ်မင်းပါချန်ထားခဲ့၍ ဇေတ ဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေသည်။ နောင်လူတို့ ရောက်ပြီး သာသနာတော်တည်ကာလ ကာကဝဏ္ဏတိဿ မင်းသည် " ရာဇာယတနစေတီတော် " ဟူ၍ ထိုပလ္လင်ကော် ကိုပါထည့် ဌာပနာပြုပုံ၍ စေတီဘုရား တည်ထားလေသည်။

၄။ သီဟိုဠ်ကျွန်းမှ ၆-ကျိပ်သောရဟန်းတို့သည် "သမန္တ ကူဋတောင်" ခြေတော်ရာကျောင်းရပ် ကလျာဏီစေတီ၊ မဟာ စေတီ၊ မဏိစေတီ စသော စေတီဘုရား ဗောဓိပင်များအား ပူဇော်ခရီး ဒေသစာရီ ကြွလေသည်။ နာဂဒီပကျွန်းတွင်

ထိုရာဇာယနစေတီတော်ကို တည၌ပတ်လုံး ပူဇော်ပြီး၍နံနက်မိုးသောက်တွင် အနီးရှိရွာသို့ဆွမ်းခံဝင်လေသည်။ ဆေးတိုင်းသော သပိတ်တို့ဖြင့်ပင် ရွာမှထွက်ခဲ့ကြရာ ထိုရွာတွင် မိဘ၏ကြွေးမြီ ၆ဝ-တင်၍ ကျွန်ဖြစ်ရသော နာဂသတို့သမီးနှင့်ရေခပ်အလာတွေ့ပြီး ဆွမ်းရ,မရ လျှောက်ထား၍ မရရှိမှန်းသိပြီး မိမိ၏ရေအိုးကို တမတ်တန်၏ဟုချ၍ တန့်စေပြီး ရွာသို့ပြန်၍ သူကြွယ်ထံမှ ညဥ့်ကျွန်အဖြစ်ဖြင့် အသပြာ ၁၆ဝ-ထပ်မံယူလေသည်။ အမျိုးကောင်းအိမ် ၆ဝ တို့အား တသပြာစီပေး၍ ဆွမ်းဟင်းခဲဘွယ်စုံတို့ ဖြစ်စေပြီးလျှင် အရှင်မြတ်တို့ထံမှသပိတ်များယူ၍ ပြည့်စေလျက်လှူဒါန်းပြီး ၄-ဂါထာဖြင့်လျှောက်ထားလေသည်။

၅။ ရဟန်းတော် ၆-ကျိပ်တို့လည်း လှန်စွာမှ အံ့ဩတုန်လှုပ်၍ ဆွမ်းသပိတ်ကိုယူခါ မဟာနာမ ရေအိုင်အနီးမုစလိန္ဒဝန ကျည်းပင်တောသို့ ကြွကြလေသည်။ အကြီးအမှူးမဟာထေရ်က ၃-ဂါထာဖြင့် ဆုံးမဩဝါဒပေး၍ "မိမိတို့၌ကိလေသာအာသဝတို့ ရှိနေသမျှ ဤဆွမ်းကို မစားကြရန်" အဓိဋ္ဌာန်ပြုပြီး ကျည်းပင်တောများအတွင်း တပါးစီခွဲ၍ရက္ခမူစုတင်ဖြင့် အဇ္ဈတ္တိက ရုပ်,နာမ်ဓမ္မတို့ကို ဝိပဿနာဉာဏ်ဖြင့် စူးစိုက် ရှုမှတ်ကြလျက် ကိလေသာကို ကုန်ခန်းစေတော်မူကြလေသည်။ တညီတည်း ဆွမ်းဘုဉ်းပေးကြလေသည်။

၆။ ထိုအခါ မင်းကြီး၏ ထီးချက်စောင့်နတ်သမီးသည်သာခု (၃) မဟာသဒ္ဒေ အစရှိသော ဂါထာဖြင့် သာခု

ခေါ်တော်မူလေသည်။ မင်းကြီးမေးသဖြင့် နတ်သမီးက အကြောင်းစုံ လျှောက်ထား၍ သိပြီးသော် သူကြွယ်နှင့် နာဂါသတို့သမီးကို ခေါ်ပြီး ၁–ကြွေးမြီကို ဆပ်ပေးခြင်း၊ ၂–သူ့ကျွန်အဖြစ်မှ လွတ်စေခြင်း၊ ၃–နေအိမ် ရွှေ့ငွေ ရတနာ စည်းစိမ်ကို ပေးတော်မူလေသည်၊ ၄–နာဂါဒိပ ကျွန်းကိုလည်း ဆုပေးတော်မူ၍ စားစေလေသည်၊ ထိုနာဂါ သတို့သမီးသည် တသက်ပတ်လုံး ကုသိုလ်ပါရမီတို့ကို ဆည်း ပူး၍ နတ်ပြည်၌ ဖြစ်လေသည်၊ထိုအခါ ထိုကျွန်းသည်လည်း "နာဂါဒိပါကျွန်း" ဟူ၍ ထင်ရှားပြန်လေသည်။

၁။ အာနာပါန သမာဓိကိုရစေပြီးနောက် မိမိ၏ "ခန္ဓာ နာမ်ရုပ်" အစုတ္တိက ရုပ်နာမ်ဓမ္မမြင်ရန် ရင်ချိုင့် နှလုံးအိမ်ကို စူးစိုက်ရှုပါ။

၂။ ပညတ်ကို ပညတ်မှန်းသိမြင်စေပြီးသော် "ဓာတ်" ကို မြင်အောင်စေရာသည်၊ ထိုမှ ပရမတ္ထဓမ္မ ရုပ်,နာမ်ကို မြင်တွေ့မည်၊ နာမရူပပရိစ္ဆေဒဉာဏ်။

(က) ဝဋ္ဋဘဝ ခန္ဓာအိမ်အကျိုး ခန္ဓာသင်္ခါရစုတို့ သည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း ဟူသော ဒုက္ခသစ္စာစစ်။

(ခ) ဘေးဒုက္ခခပ်သိမ်း ကြောင်းကျိုး ဓမ္မသင်္ခါရ အပေါင်းတို့ ချုပ်ငြိမ်းရာဟူသော နိရောဓ သစ္စာစစ်။

(ဂ) အကုသိုလ်စိတ်စု၊သမုဒယမှုတို့ကိုခန်းခြောက် စေပြီး၊ ဗောဓိဉာဏ်ကို ရင့်သန်စေလျက် တဘဝထက်တဘဝ၊ တကမ္ဘာထက်တကမ္ဘာ ဗောဓိဉာဏ် ပွင့်ပြီး မဂ်ပညာ စသော မဂ္ဂသစ္စာ။ သစ္စာလေးတန် သိမြင်ပြန် ကေန်နိစ္စချမ်းသာမြဲ—သန္တိသုခတည်း။

## မူလပဏ္ဏာသပါဠိတော်
## မူဠတဏှာသင်္ခယသုတ္တန်ဒေသနာတော်

ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည် မိဂါရမာတာ၏ ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် တာဝတိံသာသိကြားမင်းသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး ပြီးလျှင် တဏှာသင်္ခယဝိမုတ္တတရားကို လျှောက်ထားမေးမြန်း လေသည်၊ အရှင်ဘုရား—

၁။ တဏှာသင်္ခယဝိမုတ္တ၊ တဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံ ပြု၍ လွတ်မြောက်သောစိတ်ရှိသူသည်၊

၂။ အစ္စန္တနိဋ္ဌော၊ စင်စစ် ပြီးဆုံးခြင်းရှိသူသည်၊

၃။ အစ္စန္တယောဂက္ခေမော၊ စင်စစ် ယောဂတို့၏ကုန်ရာ နိဗ္ဗာန်ရှိသူသည်၊

၄။ အစ္စန္တဗြဟ္မစရိယာ စင်စစ် မြတ်သောအကျင့်ရှိသူသည်၊

၅။ အစ္စန္တပရိယောသာနော၊ စင်စစ် စ, လယ်, ဆုံး

ကောင်းခြင်းရှိသူသည်၊နတ်တို့ထက်မြတ်သူအဘယ်သို့
ဖြစ်ပါလေသနည်းဟု လျှောက်ထားလေသည်၊
ဗုဒ္ဓဘုရားရှင်က သိကြားမင်း ဤလောက၌ ရဟန်းသည်–
၁။ ခန္ဓာငါးပါးစသော တရားကို အထူးသိ၏၊ အဘိ
ဇာနာတိ။
၂။ ခန္ဓာငါးပါးစသော တရားကို ပိုင်းခြားသိ၏၊ ပရိ
ဇာနာတိ။
၃။ ခန္ဓာငါးပါးစသော တရားကို ပိုင်းခြား သိပြီး၍
ချမ်းသာသော်လည်း ဖြစ်သော၊ ဆင်းရဲသော်လည်း
ဖြစ်သော ဆင်းရဲမဟုတ်၊ချမ်းသာမဟုတ်သော်လည်း
ဖြစ်သော အနည်းငယ်မျှသော ဝေဒနာကိုခံစား၏။
ထိုရဟန်းသည် ထိုဝေဒနာ၌–

အနိစ္စာနုပဿီ၊ မမြဲသောအားဖြင့် အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝိရာဂါနုပဿီ၊ ရာဂကင်းရာ နိဗ္ဗာန်ကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ နိရောဓာနုပဿီ၊ ရာဂချုပ်ရာနိဗ္ဗာန်ကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပဋိနိဿဂ္ဂါနုပဿီ၊စွန့်လွှတ်ခြင်းကို အဖန်တလဲလဲရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ထိုဝေဒနာတို့ကို ဤသို့ရှုနေလျှင်–

လောက၌ တစုံတခုသော "သင်္ခါရ"ကို မစွဲလမ်း–နဥပါဒိယတိ။ ဤသို့မစွဲလမ်းသော် မတပ်မက်(မတောင့်တ) နပရိတဿတိ။ အပရိတဿ၊ ထိုသို့ မတပ်မက်သည်ရှိသော် ပစ္စတ္တံယေဝ–ကိုယ်တိုင်သာလျှင် ပရိနိဗ္ဗာယတိ–ငြိမ်းအေး၏။

ဇာတိ၊ ပဋိသန္ဓေသည်။ ခိဏာ၊ ကုန်ပြီး။ ဗြဟ္မစရိယံ၊ မဂ်ဟူသော မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်အပ်ပြီး။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။

ဣတ္ထတ္တာယ ၁၆-ပါးသော မဂ်ကိစ္စအလို့ငှါ။ အပရံ၊ တပါးသော ကျင့်ဘွယ်ကိစ္စသည်။နှ၊ မရှိ ဟူ၍ ဟောတော်မူလေ၏။ သိကြားမင်းလည်း ကောင်းစွာ မှတ်သားပြီး တာဝတိံသာသို့ပြန်ပြီး မေ့လျော့စွာ နေပြန်သဖြင့် အရှင်မဟာမောဂ္ဂလာန်လိုက်သွားပြီး မေးခါမရ၍ ထိတ်လန့်စေပြီး ပြန်လည်သတိရစေတော်မူလေသည်။

(စူဠတဏှာသင်္ခယသုတ္တန် ပြီး၏။)

**အနာထပိဏ္ဍိကောဝါဒသုတ်**

ဗုဒ္ဓမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီးသည် သည်းထန်စွာ ရောဂါဝေဒနာခံနေရသဖြင့် မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ လူစေလွှတ် လျှောက်ထားလေသည်။ ဗုဒ္ဓဘုရား၏ အမိန့်အရ အရှင်သာရိပုတ္တရာသည် အရှင်အာနန္ဒာနှင့်အတူ သူဌေးကြီး၏အိမ်သို့ကြွရောက်ပြီးကစ္စိခမနီယံ ကစ္စိ ယာပနီယံစသည့် စကားမေးကြားပြီးနောက် နှလုံးသွင်းတရားကို ဟောလေသည်။ သက်ရှိသက်မဲ့တို့အား မစွဲလမ်းရန်၊ မစွဲလမ်းက မကပ်ငြိဘဲ ဝိညာဉ်မဖြစ်ကြောင်း ၆-ပါးသော အရာဌာနစမ္မတို့၌ အသီးသီး ဒိဋ္ဌိတဏှာစွဲသတ်ပုံကမ္မဋ္ဌာန်းနည်းပေး ဟောပြလေသည်။

| အခံဓာတ် ၆-ပါး | အတိုက်ဓာတ် ၆-ပါး | ဝိညာဏဓာတ် ၆-ပါး |
|---|---|---|
| ၁။ စက္ခုပသာဒရုပ် | ရူပါရုံ | စက္ခုဝိညာဉ် (သိ) |
| ၂။ သောတပသာဒရုပ် | သဒ္ဒါရုံ | သောတဝိညာဉ် (သိ) |
| ၃။ ဃာနပသာဒရုပ် | ဂန္ဓာရုံ | ဃာနဝိညာဉ် (သိ) |
| ၄။ ဇိဝှါပသာဒရုပ် | ရသာရုံ | ဇိဝှါဝိညာဉ် (သိ) |
| ၅။ ကာယပသာဒရုပ် | ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဉ် (သိ) |
| ၆။ မနပသာဒရုပ် | ဓမ္မာရုံ | မနောဝိညာဉ် (သိ) |

| ဖဿဓာတ် ၆ ပါး | ခံစားဓာတ် ၆-ပါး | ဓာတ် ၆-ပါး | ခန္ဓာ၅ပါး |
|---|---|---|---|
| ၁။ စက္ခုဖဿ | စက္ခုသမ္ဖဿကြောင့်ခံစား | ပထဝီဓာတ် | ရူပက္ခန္ဓာ |
| ၂။ သောတ | သောတကြောင့်ခံစား | အာပေါဓာတ် | ဝေဒနက္ခန္ဓာ |
| ၃။ ဃာန | ဃာနကြောင့်ခံစား | တေဇောဓာတ် | သညက္ခန္ဓာ |
| ၄။ ဇိဝှါ | ဇိဝှါကြောင့်ခံစား | ဝါယောဓာတ် | သင်္ခါရက္ခန္ဓာ |
| ၆။ ကာယ | ကာယကြောင့်ခံစား | ကာယဝိညာဉ်ဓာတ် | ဝိညာဏက္ခန္ဓာ |
| ၆။ မနောဖဿ | မနောကြောင့်ခံစား | ဝိညာဏဓာတ် | |

## လောက ၂—ပါး

၁-ဤပစ္စုပ္ပန်လောက "မနုဿလောက" မစွဲလမ်းရာ။
၂-ပရလောက "တမလွန်လောက"ကို မစွဲလမ်းရာ။

အကြင်အာရုံကိုလဲ မြင်အပ်ပြီ၊ ကြားအပ်ပြီ၊ တွေ့အပ်ပြီ၊ ရောက်အပ်ပြီ၊ ရှာမှီးအပ်ပြီ၊ အဖန်တလဲလဲရှာမှီးအပ်ပြီ၊ အဖန်တလဲလဲ ကျက်စားအပ်ပြီ၊ ထိုအာရုံကိုလည်း မစွဲလမ်းတော့၊ တပ်မက်သော ဝိညာဉ်လဲ ထိုအာရုံကိုမှီ၍ မဖြစ်လတ္တံ့။

သူဌေးကြီးသည် တရားနာလုံး သွင်းပြီးနောက် ပြင်းစွာ ငိုကြွေးလေသည်။ ရှေးကမကြားစဖူးသော တရားဖြစ်၍ လူတို့အား ဟောပါဟု လျှောက်လေသည်။ အရှင်သာရိပုတ္တရာတို့နှစ်ပါး ပြန်ကြွပြီး မကြာမြင့်မီပင် သူဌေးကြီး စုတေ၍ တုသိတာနတ်သားဖြစ်လေသည်။ချက်ခြင်းဇေတဝန်ကျောင်းတော်သို့ ထွန်းလင်းသော ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့် ရောက်ပြီးလျှင် ဘုရားရှင်အား ဇေတဝန်ကျောင်းတော်ကြီး ထွက် ပီတိသဒ္ဒါပွားကြောင်းနှင့် ဥဒါန်းဂါထာဖြင့် လျှောက်လေသည်။ ၎င်းရသော သိသောတရားများ လျှောက်ပုံမှာ—

အမျိုးအနွယ်သည်ရှင်း၊ ဥစ္စာစည်းစိမ်သည်ရှင်း၊ ကြီးစွာ အာဏာဂုဏ်သည်ရှင်း၊ ကိလေသာကို မစင်ကြယ်နိုင်၊ အား မကိုးနိုင်ကြောင်း ၄-ပါးသော သစ္စာတရားဖြင့် ခန္ဓာငါးပါးကို စူးစမ်းဆင်ခြင်ခြင်းဖြင့်သာ ကိလေသာကို ဝိသုဒ္ဓိတိ၊ စင်ကြယ်စေပါကြောင်း၊ ကိလေသာ ငြိမ်းခြင်းအားဖြင့်

ကမ်းတဘက်သို့ရောက်၏ဟု အရှင်သာရိပုတ္တရာမထေရ် ဟော ၍သာ စင်ကြယ်ခဲ့ကြောင်း မြတ်စွာဘုရားအားလျှောက်ထား လေသည်။

မြတ်စွာဘုရားက နံနက်ရောက်လျှင် ရဟန်းတို့အား ခေါ်တော်မူ၍ ညဥ့်က နတ်သားတဦး ရောက်လာကြောင်း မိန့်၍ အရှင်အာနန္ဒာက၊ မနေ့ညဥ့်က သူဌေးကြီး အနိစ္စ ရောက်၍ အနာထပိဏ်သူဌေး နတ်သားဖြစ်မည်ဟု လျှောက် ထားရာ၊ ဗုဒ္ဓဘုရားက ဝန်ခံပြီး၊ ၎င်းတရားကို လူတို့အား ဟောကြားရန်နှင့် အရှင်သာရိပုတ္တရာအား ချီးမွမ်းတော်မူ လေသည်။

| | | | |
|---|---|---|---|
| စက္ခုပသာဒရုပ် | —သန်း၏ ဦးခေါင်းပမာဏနှင့်တူ | | မျက်စိ |
| သောတ | ။ | —မောင်းကွင်းလက်စွပ်နှင့်ပမာတူ | နား |
| ဃာန | ။ | —မြင်းခွါနှင့်ပမာတူ | နှာ |
| ဇိဝှါ | ။ | —ကြာရွက်သဏ္ဍာန်ပမာတူ | လျှာ |
| ကာယ | ။ | —ခန္ဓာကိုယ် တကိုယ်လုံး ထိသ၍ ဖောက်ပြန်မှုဖြစ်သမျှကိုယ် | |
| မ | ။ | —ဟာဒယဝတ္ထုရုပ်မှာ တည်သည်။ | |

သတိထားအားထုတ်ရာ၌ ရောက်ယက်မခတ်ပါနှင့် တံခါး ဇ–ပေါက်၌ မလိုက်ပါနှင့် အစဉ်သဖြင့် သတိနှင့် ပိတ်ချုပ် ထားပါ။

အဆင်းရှိသောရူပါရုံကို မစွဲလမ်းပါနှင့် ရူပါရုံကိုသတိနှင့် ချုပ်ထားပါ။

မည်သည့်အသံကိုမဆို၊ မစွဲလမ်းဘဲ သတိနှင့် ပိတ်ချုပ်ထားပါ။

မည်သည့် ရသာရုံကိုမှ မစွဲလမ်းဘဲ သတိနှင့် ပိတ်ချုပ်ထားပါ။

အသားပေါ်မှာ တိုက်ထိမိသမျှကိုလဲ သတိနှင့်ပိတ်ချုပ်ထားပါ။

စိတ်ပေါ်မှာ တွေးသမျှ၊ ကြံသမျှ ချုပ်ငြိမ်းအောင်ပိတ်ချုပ်ထားပါ။

စက္ခုဝိညာဉ်ဖြစ်တိုင်း ပိတ်ထားပါ။ မစွဲလမ်းပါနှင့် သတိနှင့် ပိတ်ချုပ်ထားပါ။

သောတဝိညာဉ်မှာလဲ ပိတ်ထားပါ။ မစွဲလမ်းပါနှင့် သတိနှင့်ပိတ်ချုပ်ထားပါ။

ဖဿကြောင့် ဝေဒနာဖြစ်သည်။ စက္ခုနှင့် ပေါင်းရုံးပြီး ဖြစ်ပေါ်လာတဲ့ ဝေဒနာဖြစ်သည်။

ရူပက္ခန္ဓာသည်---ရုပ်တရား

ဝေဒနက္ခန္ဓာ }
သညက္ခန္ဓာ } နာမ်တရား
သင်္ခါရက္ခန္ဓာ }
ဝိညာဏက္ခန္ဓာ }

## သမ္မာဒိဋ္ဌိသုတ္တန်ဒေသနာတော်

ဗုဒ္ဓဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်သည် ရဟန်းတို့အား ဟောကြားတော် မူလေသည်။ (ဘုရားရှင် ကိုယ်စား ဟောကြားသည်)

မေး။ ။အရိယာဖြစ်သော တပည့်သည် "မှန်ကန်သော အယူ"ရှိသူဖြစ်၍ ထိုအယူသည် အဘယ်ကဲ့သို့ ဖြောင့်မတ်သနည်း။

ဖြေ။ ။အကုသိုလ်ကို ခွဲခြား၍ သိခြင်း၊ အကုသိုလ် အကြောင်းရင်း ကိုလည်း ခွဲခြား၍သိခြင်းနှင့် ကုသိုလ်ကို ခွဲခြား၍သိခြင်း၊ ကုသိုလ်အကြောင်းရင်းကိုလည်း ခွဲခြား၍ သိခြင်း။

အကုသိုလ် ဟူသည် အပြစ်နှင့် တကွ မကောင်းသော အကျိုးကိုပေးခြင်းလက္ခဏာရှိသည်။ ကုသိုလ်က အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသည်။

အကုသိုလ်သည် ဒုစရိုက်တရားဆိုး ၁၀-ပါးဖြစ်သည်၊ ကုသိုလ်သည် သုစရိုက်တရား ၁၀-ပါး ဖြစ်သည်။ (သီလ အာစာရနှင့် ပြည့်စုံလေသည်)။

အကုသိုလ်၏ အကြောင်းရင်းမှာ ၁-လိုချင်တပ်မက်ခြင်း (လောဘ)၊ ၂-ကြမ်းတမ်းပြစ်မှားခြင်း(ဒေါသ)၊၃ တွေဝေ မိုက်မဲခြင်း (မောဟ) တို့ အရင်းခံလေသည်။ ၄-ကုသိုလ်၏

အကြောင်းရင်းမှာ မတပ်မက်, မလိုချင်ခြင်း (အလောဘ)၊ ၂-မကြမ်းတမ်း မပြစ်မှားခြင်း (အဒေါသ)၊ ၃-မတွေဝေ မမိုက်မဲခြင်းမဖုံးလွှမ်းခြင်း(အမောဟ) တို့အရင်းခံလေသည်။

မေး။ ။ထို တပည့်မြတ်သည် တရားတော်၌ "မတုန် မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် သူတော်ကောင်းတရား"သို့ ရောက်လာသူဖြစ်သနည်း။

ဖြေ။ ။အရိယာတပည့်သည် "မှန်ကန်သောအယူ"ရှိသူ ဖြစ်၍ ထိုအသိတရားဖြင့် ပြည့်စုံခြင်းသည်ပင် "ဖြောင့်မတ် ခြင်း"၏ ပထမအဆင့် ဖြစ်လေသည်။

အရိယာဖြစ်သော တပည့်သားသာဝက "ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ကြောင်း အင်္ဂါ ၅-ပါး"မှာ ဤသို့တွန် အလို သာတည်း။

၁။ အတ္တသန္နိယျာတန = သရဏဂုဏ်၌တည်သူ။
၂။ ကမ္မသကတာဉာဏ်နှင့် ပြည့်စုံသူ။
၃။ ဓမ္မာနုဓမ္မပဋိပန္နဂုဏ်နှင့်ပြည့်စုံသူ။
၄။ ဝဋ္ဋဘာဝဒုက္ခနိဗ္ဗိန္န နိက္ခမ နိဿရဏဓာတ်ရှိသူ၊
(ပျင်း၊ ထွက်၊ လွတ်)
၅။ နိစ္စရူဝ-နိဗ္ဗာနသစ္ဆိကရဏဓာတ်ရှိသူ။
"ဗုဒ္ဓဘာသာဖြစ်ပါပြီ"

## ဗုဒ္ဓသစ္စာ+ဉာဏ်ရောင်ဖြာ+ဓမ္မ ကျင့်နည်းမြတ်
## ထေရသ နိပါတ်–ဇဝန ဟံသာဇာတ်

နိဒါန်း–ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် ဒဠှဓမ္မ ဓနုဂ္ဂဟ သုတ္တန်ကို ဟောတော် မူခြင်းကို အကြောင်းပြု၍ ဤ ဇဝနဟံသာဇာတ်ကို ဟောတော် မူပါသည်။

(၁) ဖေဏ ပိဏ္ဍုပမံ၊ ရူပံ၊ ရုပ်သည်၊ ဖေဏ ပိဏ္ဍုပမံ–ငါဟု စွဲမှား အားထားရော အနှစ်သာရဘာမျှမရှိ၊ပေါင်းငြိစုကွဲ ရေမြှုပ်ခဲကြီးနှင့် ပမာတူ၏။

(၂) ဝေဒနာ ပုပ္ဖုဠူ ပမာ—ဝေဒနာ – ဝေဒနာသည်၊ ပုပ္ဖုဠူ ပမာ၊ ငါဟု စွဲမှား အားထားစရာ အနှစ်သာရ ဘာမျှမရှိ ခဏဆူတက် ရေပွက်နှင့် ပမာတူ၏။

(၃) မရီစိကူပမာ သညာ—သညာ · သညာသည်၊ မရီစိကူပမာ၊ ငါဟု စွဲမှား အားထား စရာ ဘာမျှမရှိ၊ခဏလင်းလတ် တံလျှပ်နှင့် ပမာ တူ၏။

(၄) သင်္ခါရာ ကဒလူ ပမာ— သင်္ခါရာ—သင်္ခါရတို့သည်။ ကဒ လူ ပမာ၊ငါဟုစွဲမှား အားထားစရာ အနှစ်သာရ ဘာမျှမရှိ၊ မလိုမသုံး ငှက်ပျောတုံးနှင့် ပမာ တူ၏။

(၅) မာယူ ပမဥ္စ ဝိညာဏံ—ဝိညာဏံ— ဝိညာဉ် သည်၊ မာယူပမံ၊ ငါဟု စွဲမှား အားထားစရာ အနှစ်သာရ ဘာမျှမရှိ၊ မျက်လှည့် ပြသည်နှင့် တူ၏။

၂။ ဒဋ္ဌဓမ္မ ဓနေဂ္ဂဟ သုတ္တန်မှာ (၁) လေးသမား ၄-ဦးတို့ ပစ်သော မြှားကို မြေမကျမီ ကောက်ယူ နိုင်သော လျင်မြန်ခြင်းထက်၊ (၂) နေနှင့် လတို့က လျင်မြန်သည်၊ (၃) နေလတို့ လျင်မြန်ခြင်းထက်၊ နတ်တို့က လျင်မြန်သည်၊ (၄) နတ်တို့ထက် 'အာယုသင်္ခါရ' တို့က 'ခဏိက မရဏ' တို့သည် များစွာ မြန်လေသည်၊ ငါဘုရား၏ သာသနာတော်၌ မမေ့မလျော့ ကျင့်ကုန်လော့ဟု ဟောပါသည်။

၃။ ထိုမှ ၇-ရက်မြောက် ရဟန်း တို့၏ တရား သဘင်တွင် ပုထုဇဉ် ရဟန်းတို့သည် လွန်စွာမှ ထိတ်လန့်ခြင်း သံဝေဂဖြစ်ကုန်၍ တရား စကားတို့ ဖြစ်ပေါ်ရာမှ မေးတော် မူ၍ ထို'ဇဓန ဟံသာ' ဇာတ်ကို ဟောတော် မူပါသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းပြုဆဲတွင် စိတ္တကူဋ်တောင်၌ ဘုရားလောင်း ဟင်္သာ မင်းသည် ဟင်္သာ ကိုးသောင်း ခြံရံ၍ ပျော်မွေ့ နေသည်။


၁။ မင်းကြီးအား မရဏာနုဿတိ။
၁။ မင်းကျင့်တရားနှင့် အညီ ကျင့်စေသည်။
၃။ ဒါနစသော ကုသိုလ်တို့ကို ပြုစေ၏။
၄။ သတိသမ္ပဇဉ်နှင့် ယှဉ်စေ၏။
၅။ ငါးပါးသီလ၌ တည်စေ၏၊ အသက်ရှင်မှု ဆိုသည်မှာ စိတ္တက္ခဏ တခုသာ ရှည်၏ဟု သိရာ၏။

၁။ ဇာတ်ပေါင်း

၁။ ဗြဟ္မဒတ် မင်းသည် အရှင်အာနန္ဒာ ဖြစ်လာသည်။
၂။ ညီတော် ဟသ်ာ ၂ ခု မှာ အရှင် သာရိပုတြာ
အရှင် မောဂ္ဂလာန် ဖြစ်လာသည်။
၃။ ဇဝန ဟသ်ာ မင်းသည် ဘုရားရှင် ဖြစ်လာသည်။
၄။ ထိုအခါ ပရိသတ်သည် ယခု ပရိသတ်ဖြစ်လာသည်။

၂။ သစ္စာပြ

၁။ ဝဋ်ဘဝခန္ဓာ၏ အနိစ္စ ခဏိကမရဏသည် ဒုက္ခသစ္စာ။
၂။ အကြောင်း ဝါသနာဘာဂီ
လောဘသည်၊ သမုဒယ
သစ္စာ။




၃။ ကြောင်း ကျိုး တရားတို့ ချုပ်ငြိမ်း ခြင်းသည်
နိရောဓ သစ္စာ။
၄။ ထိုဒုက္ခ+သမုဒယ(ကြောင်းကျိုးတရားများကိုဖြတ်
သတ် တတ်သော မဂ်ပညာသည် မဂ္ဂသစ္စာ။

လက္ခဏာ ၆+ဂုဏ် ၃-သဘောတရား(၉)ပါးနှင့် ပြည့်စုံ
သော နိဗ္ဗာန် နိဗ္ဗာန် ဓာတုကို အာရုံ စေလွှတ် ကိုင်းရှိုင်း
ကုန်ရာသည်။

## မဟာကပ္ပိနထေရ်နှင့် အနောဇာ ထေရီမ တရားဒေသနာတော် အကြောင်း

နိဒါန်း–ဗုဒ္ဓ သဗ္ဗညုတ မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံး နေတော် မူစဉ် မဟာကပ္ပိန ထေရ်၏ အဟောဝတ သုခံ ဟူသော ဥဒါန်း ကျူးရင့်လေ့ ရှိခြင်းကို အကြောင်း ပြု၍ ဟောတော် မူပါသည်။

၁။ ဒူရေ ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်း ထက်တွင် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်၌ ဘုရားအမှူး ရှိသော သံဃာတော် များအား ဆွမ်း သင်္ကန်း အလှူကြီးကို ရှာသား တထောင်တို့ဖြင့် လှူဒါန်း ဆုပန် ယူခဲ့ဘူးသည်။

၂။ အဝိဒူရေ ဗာရာဏသီပြည် မနီးမဝေးတွင် ယက်ကန်းသည်မ ရွာကြီးတွင် အကြီးအမှူး ပြု၍ အရှင် ပစ္စေကဗုဒ္ဓါ တထောင် တို့အား မိုးလေးလ ကာလ ပတ်လုံး ဆွမ်း ကျောင်း အရံနှင့် တကွ အသပြာ တထောင်တန် သင်္ကန်း လျာများကို တပည့် ယက်ကန်းသည် တထောင် တို့ဖြင့် လှူဒါန်း အားထုတ်ခဲ့ ဘူးသည်၊ ထိုမှ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြသည်။

၃။ သန္တိကေ၊ ထိုမှ ကဿပ ဗုဒ္ဓဘုရား လက်ထက်တွင် ဗာရာဏသီ ပြည်တွင် သူကြွယ်မျိုး တို့၌ ဖြစ်ကြ ကုန်ပြီးလျှင် အစဉ်အတိုင်းပင် အိမ်ထောင် ညီညွတ် ကြလေသည်၊ တနေ့

သဉ္စ ဘုရားသခင် ထံတော်သို့ သူကြွယ် တထောင် တို့နှင့် အတူ တရားနာ သွားဆဲ၌ မိုးကြီး သည်းထန်စွာ မိ၍ ခိုနား ရော မရှိမှ 'သတိသံဝေဂ' ဖြစ်ပြီး ကြီးစွာသော ကျောင်း တော် ပရငုဏ် တည်ဆောက်ပြီး ဘုရားအမှူး ရှိသော သံဃာ တော် နှစ်သောင်း တို့အား ပင့်တင်၍ ၇-ရက် ပတ်လုံး ဆွမ်း စသော ပစ္စည်း လေးပါးဖြင့် ပူဇော် လုပ်ကျွေး၍ အသပြာ တထောင်တန် သင်္ကန်း ပရိက္ခရာမျှား လှူဒါန်း ကြလေသည်၊ သူကြွယ်မကြီး မှာမူ အထူးသဖြင့် 'အနော်ဇာ ပန်းမျှား' ဖြင့် ဆန်းကျယ်စွာ ပြု၍ အထူးလှူပြီး ဆုတောင်း လိုက်လေသည်၊ 'ဘန္တေ နိဗ္ဗတ္တ-နိဗ္ဗတ္တ ဌာနေ အနောဇ- ပုပ္ဖယေ မေ သရီရံ ဟောတု၊ အနောဇာ ဝေ စ နာမံ- ဟောတု' ဟူ၍ ဆုပန်လိုက် လေသည်၊ ထိုဘဝမှ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြ ကုန်သည်။

၄။ ပစ္စုပ္ပန် ယခု ဗုဒ္ဓ ဂေါတမ ဘုရားအဖြစ် ပွင့်တော် မူသော အခါတွင် ကုက္ကုဋဝတီ ပြည်၌ မဟာကပ္ပိန မင်းကြီး ဖြစ်၍ မဒ္ဒရာစ်ပြည် သာကလမြို့ မင်းသမီး အနော်ဇာဟု ဖြင်လာ၍ နောက် မဟာကပ္ပိန မင်းကြီး၏ မိဖုရားကြီး ဖြစ်လာသည်၊ အဘော်တို့ သည်ကား အမတ် တထောင်၊ အမတ်ကတော် တထောင်ပင် ဖြစ်လာ၍ မင်းကြီးနှင့် ထပ် တူ ရင်းနှီးကျွမ်းဝင် မြှောက်စား လေသည်၊ မင်းကြီး၌ မြင်း တော် ငါးကောင်မှာ ဗလ ဗလဝါဟန-ပုပ္ဖ-ပုပ္ဖဝါဟန-သု ပတ္တဟု (၅)ကောင် ရှိသည်၊ နေ့စဉ် သတင်း ယူရန် မြင်း

လေးကောင်ဖြင့် အရပ် လေးမျက်နှာသို့ စေလွှတ်လေ့ရှိသည်။

၅။ တနေ့သ၌ ယူဇနာ(၁၂၀)ကွာဝေးသော သာဝတ္ထိပြည်မှ ကုန်သည် လှည်း ငါးရာတို့ ရောက်လာရာမှ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာ ရတနာ ရတနာ သုံးပါး သိရပြီး အသပြာ တသိန်း နှစ်သိန်း တို့ဖြင့် ပူဇော်၍ ထီးနန်းကို စွန့်ခွာလျက် ဘုရားရှင်၏ အထံတော်သို့ မြစ် သုံးတန် ကူးခါ (၁) အပရစ္ဆ မြစ်၊ (၂) နီလဝါဟန မြစ်၊ (၃) စန္ဒဘာဂါ မြစ်။ ဘုရားရှင်က ကြိုတော်မူခါ မြစ်ကမ်းပါးအနီး ပညောင်ပင်ကြီးမှ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးလျက် ကြိုဆောင့်လင့်သည်၊ ရောက်ပြီးနောက် ဧဟိ-ဘိက္ခု ရဟန္တာများ ဖြစ်စေလေသည်။

၆။ အနော်ဇာ မိဖုရားနှင့် အမတ် ကတော် တထောင်တို့လည်း မြင်း ရထားယာဉ် တထောင်ဖြင့် ထပ်မံ ရောက်လာသမျှ တို့ကိုလည်း ရဟန္တာ ချည်းပင်ဖြစ်စေတော် မူလေသည်။

ဓမ္မ ပီတိ သုခံ သေတိ ဝိပသန္နေန စေတသာ၊
အရိယပ္ပ ဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

၇။ ဓမ္မပီတိ၊ လောကုတ္တရာ ကိုးပါး အမြိုက်တရားသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရပေ၏။ ပဏ္ဍိ-တော၊ ပညာရှိသော သူသည်။ အရိယပ္ပ ဝေဒိတေ၊ ဘုရားအရိယာတို့သာ သိမြင်ပေ အပ်သော။ ဓမ္မေ၊ ဗောဓိပက္ခိယ

တရားမြတ်၌။ ဝိပဿနေန စေတသာ၊ဥပ က္ကိလေသာစင်သော ကြည်လင်စိတ် ရှိသည်ဖြစ်၍။ သဒ္ဒါ၊ အခါခါပ်သိမ်း။ ရမတိ၊ မွေ့လျော် ရပေ၏။

၁။ ဘဝ သံသရာ+ဝဋ်ဆင်းရဲအဖုံဖုံကား ခန္ဓာဝန်ထမ်း ဒုက္ခာသစ္စာ။

၂။ ဝဋ်ဘဝဆင်းရဲခန္ဓာကိုယ်ကို ရစေတတ်သော (လောဘ) သမုဒယသစ္စာ။

၃။ ထို ကြောင်းကျိုးနှ စ်ပါးတို့ ချုပ်ငြိမ်းရာ (ချုပ်ဆုံးရာ) နိရောဓသစ္စာ။

၄။ ထို ဒုက္ခ+သမုဒယတို့ကို ဖြတ်သတ် တတ်သော မဂ်ပညာ မဂ္ဂသစ္စာ။

## သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့ကြောင့် ၈၄၀၀၀ သောသူတို့ တရားထူးရခြင်း

## နိဒါန်း

ဗုဒ္ဓသဗ္ဗညုတမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည် သား သူကြွယ်နှစ်ဦးတို့၏ ဆရာ ဆည်းကပ်မှု ဆွဲဆောင်စမ်း သပ်ကြရာတွင် ဟောတော်မူပါသည်။

# အတိတ်

ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း သည် ဟရေးနှင့်အညီ မင်းပြုစဉ်၊ ဘုရားအလောင်းတော်သည် သူဌေးကြီး ဖြစ်၍ အလှူတင်းကုပ် ခြောက်ခုတို့၌ နေ့စဉ် [illegible] သီလ၌ တည်လေသည်။ တနေ့သ၌ နိရောဓသမာပတ်မှ ထလာသော ရှင်ပစ္စေကဗုဒ္ဓါတပါး ဆွမ်းရပ်လာရာ၌၊ မာရ်နတ်လာ၍ မီးကျွင်းကြီး ဖန်ဆင်းကာ ဖျက်သော်လည်း အဓိဋ္ဌာန်သစ္စာ သဒ္ဓါတရားဖြင့် မာရ်နတ်ကို အောင်နိုင် လှူဒါန်းရလေသည်။ နှစ်ဇာတ်လုံးတွင် မီးတွင်းမှ ပဒုမ္မာကြာပွင့်ကြီးများ ပေါ်ထွက် ခံယူလာကြောင်း တရားပွဲတွင် (၈၄၀၀၀) သော ဝေနေယျတို့ သူကြွယ်နှစ်ဦး ၊ါ သောတာပတ္တိဖိုလ်၌ တည်လေသည်။ (ဇာတ်ပေါင်း သစ္စာပြုလေသည်)

၁။ အကုသိုလ် ဒုစရိုက်မှုဟူသည် ဆိတ်ကွယ်ရာမရှိပုံနှင့် အကုသိုလ်ဟူသည် ကြီးငယ်မဟူ အပါယ်ငရဲသို့လားကျရစမြဲ ဖြစ်သည်။ သဗ္ဗပါပ သအကရဏံ၊ အကုသိုလ် ကြိုးစားကြဉ်ရှောင်ကြ။

၂။ ကုသိုလ်တရားဟူသည် ကောင်းရာ သုဂတိသို့သာ လားခြင်း၊ ကောင်းကျိုးချမ်းသာကို ဆောင်မြဲဖြစ်ခြင်း၊ ဗောဓိဉာဏ်ရင့်၍ မဂ်ဖိုလ် ရောက်မြဲဖြစ်သည်။ ကုသလသုပ–သမ္ပဒါ ကုသိုလ်ကြိုးစားဆည်းပူးကြ။

၃။ ဝဋ္ဋဘဝ ခန္ဓာကိုယ်သည်၊ ဆင်းရဲခြင်း အကျိုးသာ ရစေကြောင်း "ဒုက္ခသစ္စာ"သိရန် ပညတ်နှင့် ပရမတ်ခွဲခြား သိရန်နှင့် အနိစ္စ, ဒုက္ခ, အနတ္တစု အသုဘမှုသာ ဖြစ်ခြင်း လက္ခဏာသဘောတရား သိမြင်ခံယူရန်။

၄။ မည်သူမဆို ကံသုံးပါးကို ပြုတိုင်းပင် ဇောတို့သည် ၇-ချက်စောကုန်၏။ "ဝီထိတို့ ကျကုန်၏"

(ပ-ဒု၊ ၁၃၁တွင်ရှုပါ)

၅။ ထိုဇော ၇-ချက်တို့သည် ကံကြီး ၄-ပါး (ဒိဋ္ဌဓမ္မ ဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယ ဝေဒနီယကံ- အဟောသိကံ)တို့ဖြင့် အကျိုးပေးမြဲပင် ဖြစ်လေသည်။

## ခုနစ်နှစ်အရွယ် ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်ခြင်း
## (ရဟန်းဖြစ်ခြင်း)

### ဓမ္မပဒတရားတော်

### နိဒါန်း

ဗုဒ္ဓသဗ္ဗညု မြတ်စွာဘုရားသည်၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် (၇) နှစ်အရွယ် ရဟန္တာဖြစ်ပြီးသော ပဏ္ဍိတ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူလေသည်။

## အတိတ်

ဤဘဒ္ဒကမ္ဘာ၊ ကဿပဘုရားရှင်သည် ရဟန္တာပေါင်း နှစ်သောင်းဖြင့် ဗာရာဏသီပြည်သို့ ကြွလာစဉ် ဟောတော်မူသော "တရားတော်လေးပါးကြောင့်" တဦးသော ပညာရှိယောကျ်ားသည်။ ထိုတရားတော်ကို နာကြားပြီး ဘုရားအမှူးပြုသော သံဃာနှစ်သောင်းတို့ကို ပင့်၍ မိမိရွာတွင် စာရင်းဖြင့် သံဃာတော်များကို အသီးသီး ယူစေရာ၌ သူဆင်းရဲ မဟာဒုက် လဲင်မယားကိုလည်း သံဃာတပါးကို ယူစေရာသည်။

၁။ မိမိသာလှူဒါန်းပြီး သူတပါးတို့အား မတိုက်တွန်းသူ၌ စည်းစိမ်ဥစ္စာဖြင့်သာပြည့်စုံပြီး အခြံအရံ မရှိခြင်း။

၂။ မိမိကား မလှူဒါန်းဘဲ သူတပါးအား လှူဒါန်းအောင်တိုက်တွန်းသူ၌ စည်းစိမ်ဥစ္စာကားမရှိ၊ အခြံအရံဖြင့် ပြည့်စုံ၏။

၃။ မိမိလည်း မလှူဒါန်းဘဲ သူတပါးတို့အားလည်း မတိုက်တွန်းသူ၌ စည်းစိမ်ဥစ္စာလည်း မရှိ၊ အခြံအရံလည်း မရှိခြင်း။

၄။ မိမိလည်း လှူဒါန်းပြီး သူတပါးတို့ အားလည်း တိုက်တွန်းသူ၌ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံ အခြံအရံနှင့်လည်း ပြည့်စုံခြင်း။

## ပစ္စုပ္ပန်

သာဝတ္ထိပြည်တွင် တရားစစ်သူကြီး "အရှင်သာရိပုတ္တရာ" မထေရ်၏ဒါယိကာမ သူဌေးတဦး၏သမီး ဝမ်းတွင်း၌ဖြစ်လာပြီး "ပဏ္ဍိတ"သတို့သားဟု တွင်လေသည်။

၁။ (၁) ဆံချစဉ် "တစပဥ္စက" ကမ္မဋ္ဌာန်းဖြင့် ချပြီး ရဟန်းပြုလေသည်။

(၂) ဆွမ်းခံသွားရာတွင် မြောင်း၊ မျှား၊သစ်သား အကန့်တို့ကိုဆင်ခြင်ပြီး ပြန်လည်၍ကျောင်း တိုက်တွင်း၌ထိုင်ခါ—

၂။ ကရဇကာယ၌ ဉာဏ်ကိုသက်ဝင်စေပြီး အတ္တဘောကို သုံးသပ်ခါ ဖိုလ်သုံးတန်သို့ရောက်လေသည်။

၃။ အရဟတ္တဖိုလ်ရောက်ရန်မှာ သိကြား၊ စတုလောက ပါလနတ်ကြီးလေးပါး၊ နေ–လ နတ်သားနှစ်ပါး၊ ဘုရားရှင် ကိုယ်တော်တိုင်နှင့် အရှင်သာရိပုတ္တရာမထေရ်ကြီးက ဆွမ်းခံ ကျွေးရလေသည်။

၄။ ဘုရားရှင်မေး၍ အရှင်သာရိပုတ္တရာကဖြေခါ "ပုစ္ဆာ လေးထွေ"အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ရလေသတည်း။

## ပုစ္ဆာလေးထွေ

၁။ **အဘယ်ကို ရအပ်သနည်း—အာဟာရကို ရအပ် ပါသည်အရှင်ဘုရား။**

၂။ **အာဟာရသည် အဘယ်ကို ဆောင်တတ်ပါသနည်း**—ဝေဒနာကို ဆောင်တတ်ပါသည်။
၃။ **ဝေဒနာသည် အဘယ်ကို ဆောင်တတ်လေသနည်း**—ဝေဒနာသည် ရုပ်ကို ဆောင်တတ်ပါသည်။
၄။ **ရုပ်သည် အဘယ်ကို ဆောင်တတ်ပါသနည်း**—ရုပ်သည် ဖဿကို ဆောင်တတ်ပါသည်။

ပဏ္ဍိတမထေရ်သည် ထိုတရားအပေါ်၌ဆင်ခြင်၍ ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ် ၁၆-ပါး ဖြစ်ပေါ်ခါ သစ္စာလေးပါးအပြီး တိုင် သိမြင်တော်မူလေသည်။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပေါ်ပုံ

| | | | |
|---|---|---|---|
| မဂ်,ဖိုလ်,နိဗ္ဗာန် | ကိပယ်ကျန် | ၁၉-တန်ဆင်ခြင်မြဲ | ၁ |
| မဂ်,ဖိုလ်,နိဗ္ဗာန် | ကိပယ်ကျန် | ၅-တန်ဆင်ခြင်မြဲ | ၂ |
| မဂ်,ဖိုလ်,နိဗ္ဗာန် | ကိပယ်ကျန် | ၅-တန်ဆင်ခြင်မြဲ | ၃ |
| မဂ်,ဖိုလ်,နိဗ္ဗာန် | ကိမကျန် | ၄ တန်ဆင်ခြင်မြဲ | ၄ |

ဉာဏ် ၁၆-တန် သိမြင်ပြန် ကျေန်နိုဗ္ဗ ချမ်းသာမြဲ၊
အနုပါဒိသေသံ မြတ်နိဗ္ဗာန် ကျေန်ရောက်သည့်
ဤနည်းဘဲ၊
အသခ်တခေတ် ထွတ်အမြတ် မပြတ်ရောက်သည့်
ဤနည်းဘဲ။

ဤသို့ လောကုတ္တရာ ကိုးပါး အားလျော်သော မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ဘုရား,တရား,သံဃာ ရတနာသုံးပါး အပေါင်းတို့အား ခန္ဓာငါးပါး အစုအဝေးမျှသာ ဖြစ်သော ဘုရားတပည့်တော်သည် ဦး,လက်,နဖူး ထိငါးဦးဖြင့် ကြည်ညိုသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

## ကေနိပါတ် ဓမ္မဒေသနာတော်
## မစ္ဆရိယကောသိယ သူဌေးအကြောင်း

### နိဒါန်း

ဗုဒ္ဓသဗ္ဗညုတ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မစ္ဆရိယသူဌေး ဇနီးမောင်နှံကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ပစ္စုပ္ပန်

ဗုဒ္ဓဘုရားသည် နေ့စဉ် လောကကို နှစ်ကြိမ် ရှုကြည့်မြဲဖြစ်သော 'မဟာကရုဏာ သမာပတ်ဉာဏ်တော်' ကွန်ရက်တွင် ၄၅-ယူဇနာကွာသော ရာဇဂြိုဟ်ပြည်၏ မနီးမဝေးရှိ 'သက္ကာရ' နိဂုံးတွင် ရှိသော မစ္ဆရိယကောသိယ,သူဌေး ဇနီးမောင်နှံတို့၏ အရဟတ္တဖိုလ် ဥပနိဿယကို မြင်တော်မူသဖြင့် လက်ဝဲရံ အရှင်မဟာ မောဂ္ဂလာန်ကို ခေါ်တော်မူ၍ သဒ္ဓါတရားဖြင့် ကမ္မသကတာဉာဏ်ကို အခြေပြုစေပြီး ဆောင်ယူစေတော်မူပြီး ကယ်မျှတ်တော်မူလေသည်။

## အတိတ်

ဤဘဒ္ဒကမ္ဘာမှ နောက်ကမ္ဘာတရောဟွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြုသည်။ ထိုပြည်တွင် "ဣလ္လိသ"မည်သော သူဌေး ဇနီးမောင်နှံတို့သည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ လွန်စွာမှ ဝန်တိုမိစ္ဆာကြီး၍ အလှူတင်းကုပ်များ ဖျက်ဆီးပြီး အလှူခံတို့အား နှင်ထုတ်၍ ၎င်း၏ ဘခင့်သိကြားမင်းက လာဟောမှသာ ဘခင့်သူဌေး အတူပြု၍ လှူဒါန်းပြန်ခါ သဒ္ဓါတရားနှင့် ကမ္မသကတာဉာဏ်၌ တည်စေပြီး မင်းနှင့် တကွသော ပြည်သူတို့အား ဒါန,သီလ, ဘာဝနာတို့၌ တည်စေပြီး နတ်ပြည်၌ ပြည့်စေခဲ့လေသည်။

မစ္ဆရိယကောသိယ သူဌေးအား 'ခန္ဓာဝန်ထမ်း—ဒုက္ခသစ္စာ' 'တစပဥ္စကကမ္မဋ္ဌာန်း'ဖြင့် 'ဗောဓိဉာဏ်' အခြေခံသော 'သဒ္ဓါတရား' မြင့်မားစေတော်မူလျက် 'သစ္စာလေးပါး' သိစေတော်မူသည်။


အနုသန္ဓေ ဇာတ်တော်ပေါင်းပြီး သစ္စာပြတော်မူသည်။ ထိုဓမ္မသဘင်ရှိ ရဟန်းအပေါင်းတို့ 'တရားအမြိုက်—အမရ' များစွာရလေသည်။

၁။ ဣလ္လိသသူဌေးသည် မစ္ဆရိယသူဌေးဖြစ်လာလည်။
၂။ အဘသိကြားမင်းသည်.... အရှင်မဟာ မောဂ္ဂလာန် ဖြစ်လာသည်။

၃။ ဗာရာဏသီမင်းသည်.... အရှင်အာနန္ဒာ ဖြစ်လာသည်။

၄။ ပုရောဟိတ် ပညာရှိသည်.... ဘုရားရှင် ဖြစ်လာသည်။

၁။ ဝဋ္ဋဘဝအကျိုးခန္ဓာ–ဒုက္ခသစ္စာ (အရိယသစ္စာလေးပါး)။




၂။ အကြောင်းလောက သမုဒယသစ္စာ။

၃။ ကြောင်းကျိုး ချုပ်ဆုံးခြင်း နိရောဓသစ္စာ။

၄။ မဂ္ဂင်ရှစ်ပါး 'ဗောဓိဉာဏ်ရင့်' မဂ္ဂသစ္စာ။

နေ့စဉ် အမြဲမြှင့်ရမည့်တရား=သဒ္ဓါတရား+ဗောဓိဉာဏ်
နေ့စဉ် အမြဲနှိမ့်ရမည့်တရား=လောဘ +မာန

## တစပဉ္စက ကမ္မဋ္ဌာန်း

ကေသာ = ဆံပင်များ၊
လောမာ = အမွေးများ၊
နခါ = ခြေသည်း,လက်သည်းများ၊
ဒန္တာ = သွားများ၊
တစော = အရေများ (ဓာတ်မှ ပရမတ်သို့ မြင်သိ)
အဇ္ဈတ္တိက = ရုပ်,နာမ် မြင်သိရေး (ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ် ၁၆-ပါး ယှဉ်ပြီး သိမြင်)

# ဓမ္မပဒတရားတော်မှ သန္တတိအမတ်ကြီး (ပရိနိဗ္ဗာန်ခေတ်အထူး)

## နိဒါန်း

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် နိဗ္ဗာန်ဆော် အမျိုးသား၏ ကောင်းမှုအကျိုးကို အကြောင်းပြု၍ ဟောတော်မူလေသည်။

တနေ့သ၌ ပသေနဒီ ကောသလမင်းကြီးသည် တိုင်းစွန် ဖျားမှ သူပုန်ရန်တို့ကို အောင်မြင် လာခဲ့သော သန္တတိ အမတ်ကြီးအား (၇)ရက်မျှသော မင်းစည်းစိမ်ကို ပေး၍ ချီးမြှောက်တော်မူသည်။ (၇)ရက် စေ့သော နေ့တွင် မိမိ ရရှိသော ကချေသည် အလှမ,ကလေးအား လေသင်ဓုန်း ဖြတ်၍ သေဆုံးသဖြင့် လွန်စွာသောက နှိပ်စက်လှသဖြင့် ဗုဒ္ဓ ဘုရား၏ ထံသို့ ချဉ်းကပ်လေသည်။ ဘုရားရှင်က ဗျာဒိတ် စကားကို ဟော၍ တရားအမြိုက်ရစေလေသည်။ သန္တတိ အမတ်ကြီး၏ မင်းမြှောက်တန်းဆာတို့ဖြင့် ကောင်းကင်တွင် ပရိနိဗ္ဗာန်ပြု၍ တေဇောခေတ် လောင်သည်။

ယံပုဗ္ဗေတံ ဝိသောဓေဟိ၊ ပစ္ဆာတေမာဟုကိဉ္စနံ
မဇ္ဈေစေနော ဂဟိဿသိ၊ ဥပသန္တော စရိဿသိ။

တကျော့,ဥပါဒါန်၏ အာရုံဖြစ်တဲ့ ခန္ဓာဖြစ်တဲ့ ခန္ဓာ ငါးပါး+ရုပ်,နာမ်တရား နှစ်ပါး၌ သောက+ဒုက္ခ။

ဤကမ္ဘာမှ နောက် ၉၁-ကမ္ဘာထက်တွင် ဝိပဿီဘုရားရှင်၏ လက်ထက်တော်၌ ဗန္ဓုမတီပြည်ကြီးတွင် တဦးသော အမျိုးသား လုလင်သည် မိမိ၏ စေတနာအတိုင်း အနှစ်နှစ်သောင်းတိုင်တိုင် နိဗ္ဗာန်ဆော် ဂါထာကို ရွတ်၍ နှိုးဆော်သောကြောင့် ဗန္ဓုမတီမင်းကြီး၏ မြင်း, ရထား, ဆင် သုံးကြိမ်မျှ ချီးမြှင့်ခံရသည်။ ဤကုသိုလ်မှာ ယခုကဲ့သို့သော အကျိုးကို ရရှိလေသည်။

ရဟန်းတို့၏ တရားသဘင်တွင် သန္တတိအမတ်ကြီးသည် သမဏောလော,ဗြာဟ္မဏောလော-ဟူသော ဆွေးနွေးချက်များကို ဘုရားရှင်က သန္တတိအမတ်ကြီးသည်—


၁။ မ ကာင်းမှု ဟူသမျှတို့မှအပ ပြုပြီးသည့်၏ အဖြစ်ကြောင့်— **ဗြာဟ္မဏမည်၏**၊

၂။ မကောင်းမှု အပေါင်းတို့မှ ငြိမ်းစေအပ် ပြီးသည်၏ အဖြစ်ကြောင့်— **သမဏလည်း** မည်၏၊

ကိလေသာ အစုတို့မှ ခွဲဖေါက် ဖြတ်တောက်အပ် ပြီးသည်၏ သဖြစ်ကြောင့်— **ဘိက္ခုလည်း** မည်၏။

ဤသို့ သစ္စာကို ပြသော အဆုံး၌ ရဟန်းအပေါင်းတို့သည်၊ အမြိုက်အရသာ = အမရ+အမတ တို့ကို ရကုန်ကြ၏။

သံသရာမှ"ဝါသနာ"နှင့် ပါခဲ့သော




ကြောင့် ဥပါဒါန်ဖြစ်သည်။

ဥပါဒါနိ်၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါး.... ရုပ်,နာမ်တရားသည် အနတ္တဖြစ်၍ ဒုက္ခအရိယသစ္စာ။

ကာမတဏှာ-ဘဝတဏှာ-ဝိဘဝတဏှာစု အာသဝသည်- သမုဒယသစ္စာ။

ဆင်းရဲခြင်းအပေါင်းတို့၏ ချုပ်ဆုံးရာ ဖြစ်သော နိရောဓ အရိယသစ္စာ။

ဆင်းရဲခြင်း ချုပ်ဆုံးရာသို့ ရောက်ကြောင်း ဖြစ်တဲ့ အင်္ဂါရှစ်ပါး ရှိတဲ့ မဂ်လမ်းသည် မဂ္ဂအရိယသစ္စာ။

## သန္တုတိ အမတ်ကြီး နိဗ္ဗာန်ဆော် ပြုရခြင်းကြောင်း ရရှိသော အကျိုး (၆) ပါး

၁။ ၉၁-ကမ္ဘာ ကာလပတ်လုံး အပါယ်သို့ မလားရခြင်း။

၂။ ၉၁-ကမ္ဘာ ကာလပတ်လုံး လူ နတ် တို့၏ ချမ်းသာကို ရရှိခြင်း။

၃။ ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း၊ ချမ်းသာ ကြီးခြင်း၊ ခွန်အား ကြီးခြင်း၊ ဉာဏ်ပညာ ကြီးခြင်း (ငါးပါး) တို့ဖြင့် ဘဝတိုင်း ပြည့်စုံရခြင်း။

၄။ ခံတွင်းမှာ ကြာညိုပန်း အနံ့ ကဲ့သို့ ဘဝတိုင်း ကြိုင်နိုင် ရခြင်း။

၅။ ကိုယ်မှ စန္ဒကူးနံ့ တို့ဖြင့် လှိုင်ခြင်း။

၆။ နိဗ္ဗာန်သို့ သုခပဋိပဒါဖြင့် မျက်မှောက် ပြုနိုင်ခြင်း။

## သုခသာမဏေငယ် တရားထူး ရရှိပုံ
## (ဓမ္မပဒ ဒေသနာတော်)

### နိဒါန်း

သုံးလောက နာထ သဗ္ဗညုတ ဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံး နေတော် မူစဉ် 'သုခ သာမဏေငယ်' အား အမြိုက် တရားကို ကိုယ်တော် တိုင် ရောက်ရစေရန် ရွက်ဆောင်တော် မူပြီး သကာလ ည ချမ်းတွင် ရဟန်းအပေါင်း၏ တရားသဘင်၌ ကုသိုလ် ပါရမီ ကြီးမြတ် သူတို့၏ ဂုဏ်ထူးကို ဖေါ်ထုတ်ပေးခါ သစ္စာပြ တော် မူသော အခါ ရဟန်းအပေါင်း တထောင် မက အမြိုက် နိဗ္ဗာန်သို့ ရောက်စေ၏။

### အတိတ်

ဤကမ္ဘာတွင် ကဿပ ဗုဒ္ဓ ဘုရားရှင် ဖြစ်ပွင့်၍ သာသနာ တော် ကုန်ဆုံး ပြီးနောက် ဗာရာဏသီ ပြည်တွင် ကုဋေများ စွာ ကြွယ်ဝသော သူဌေးကြီး ကွယ်လွန်လျှင် သားဂန္ဓသည် ဂန္ဓ သူဌေးကြီး ဖြစ်သာသည်၊ ဘဏ္ဍာထိုက်မှ များလှစွာ သော ရတနာ တို့ကို အကုန် စားသုံး သွားမည်ဟု ဆိုကာ ကိုးသိန်းစီသော ရတနာ တို့ကို ကုန်စေလျက် ထမင်းတနပ် အထွက် ငွေတသိန်း သုံးစွဲလျက် စည်းစိမ်ချမ်းသာကို ခံစား လေသည်၊ တောတွင်းသား ထင်းသည် ယောကျာ်း တဦးက

ထိုထမင်းကို စားလိုလှ၍ သုံးနှစ် ကျန်ခံပြီးမှ ရသော ထမင်း တနပ်ကို အရှင်ပစ္စေကဗုဒ္ဓါ အရှင် မြတ်အား ပညာ ဉာဏ် ယှဉ် သဒ္ဓါတရား ဝင်လျက် လှူဒါန်း ဆုတောင်းခဲ့ လေသည်၊ ထို ထူးကဲလှသော အလှူကြီး၏ အဘိုအမျှ-အမျှ-အမျှ ကို ဂန္ဓ သူဌေးကရင်း၊ ပြဟ္မဒတ် မင်းကြီးက ရင်း တထောင် သောငွေ ပေး၍ သာဓု-သာဓု-သာဓု ခံယူ ကြပြီးလျှင် နှစ် ဦးသား တို့က စည်းစိမ် ချမ်းသာ ပေး၍ သူဌေးကြီး ဘတ္တ ဘတိက အဖြစ် ချီးမြှောက်ခါ အသက်ထက်ဆုံး ကုသိုလ် ကောင်းမှု ပြု၍ နတ်ပြည်၌ ဖြစ်ကြလေသည်။

## ပစ္စုပ္ပန်

နတ်ပြည်၌ ဘုရားတဆူ ကာလ ပတ်လုံး မွေ့လျော်ပြီး ဗုဒ္ဓ ဂေါတမဘုရား ဖြစ်ပွင့်သော အခါ အရှင် သာရိပုတြာ မထေရ်ကြီး၏ ဒါယကာ သူကြွယ် အိမ်၌ ပဋိသန္ဓေ ယူလေ သည်၊ သတ ရသ 'ရာပြည့် အရသာ' ဆွမ်းများ အထပ်ထပ် ကျွေးပြီး ဖွားမြင်၍ (၇) နှစ်ပြည့်တွင် အရှင် သာရိပုတြာ၏ အထံတွင် ရဟန်း ပြုလေသည်၊ မိဘ တို့က (၇) ရက် တိုင် အောင် သတ ရသ ဆွမ်းတို့ဖြင့် ဘုရားအမှူး ပြုသော သံဃာ တို့အား လုပ်ကျွေးပြီး (၈) ရက် မြောက်သော နေ့တွင် အရှင် သာရိပုတြာနှင့် အတူ ဆွမ်းခံ ထွက်ရာမှ (၁) ရေ မြောင်း ပုဏ္ဍာ၊ (၂) မြားတံ ပုဏ္ဍာ၊ (၃) သစ်ရွေ သမား၏ သစ် ပုဏ္ဍာ များကို နာကြား ပြီးတုံ့ပြန်ခါ ကျောင်းတွင်း၌

ထိုင်လျက် ကိုယ်ခန္ဓာတွင် 'ဉာဏ် ပညာ' သက်ဝင်လျက် အနာ ဂါမိ ဖိုလ်သို့ ရောက်လေသည်၊ သိကြား မင်းသည် စတု လောက ပါလ နတ်မင်းကြီး လေးပါးနှင့် အတူ ကြိုး ချောက် ငှက်နှင့် စောင့်ရှောက်ကြခြင်း၊ နေ နတ်သား+လ နတ်သား တို့သည် မိမိတို့ ဗိမာန်ကို ဆွဲကိုင်လျက် စောင့်လင့် ကြကုန် ၏၊ အရှင် သာရိပုတြာက 'သတ ရသ' ဆွမ်းကို ခံယူ၍ အမြန် ပြန်လာရာ အရဟတ္တဖိုလ်၏ အန္တရာယ် မဖြစ် စိမ့်သောငှါ ဗုဒ္ဓ ဘုရားရှင်သည် တံခါးတွင် ကြွရောက် စောင့်တည့်ခါ အရှင် သာရိပုတြာ အား မေးခွန်း ၄—ချက်ဖြင့် ကျောင်း တွင်းမှ သာမဏေသည် 'အရဟတ္တဖိုလ်' သို့ ရောက်စေပြီးမှ ဘုရားရှင် ကြွလေသည်၊ သာမဏေ ဆွမ်းစားပြီး သပိတ် ဆေးပြီးမှ သိကြား နတ်များ ပြန်ကြ၍ နေ—လ နတ်သား တို့က ဗိမာန်ကို လွှတ်ကုန်၏၊ ချက်ချင်း မှန်းယိမ်းပြီး ညနေ ချမ်း ဖြစ်လေသည်၊ ထိုအခါ ရဟန်းတို့က အုတ်သြသောင်း တင်း သတင်း ပြောဆို အံ့သြ ကြကုန်၏။

ပုစ္ဆာ ၄–ချက်

## ချစ်သား သာရိပုတြာ

မေး ။....၁။ သင် အဘယ်ဝန်ကို ဆောင်ယူခဲ့ သနည်း။

၂။ သင်၏ ဝန်၌ အကြွင်းအကျန် ရှိသလော၊ မရှိ သလော။

၃။ သင် ဘယ်မျှ သိမြင်အပ်ပါ သနည်း။

၄။ သင် အဘယ်သို့ ပြုအပ် သနည်း။

ဖြေ ။....၁။ ခန္ဓာဝန်ကို ဆောင်ယူခဲ့ ပါသည် ဘုရား။ (သတ္တဝါ ဟူသမျှ)

၂။ ကိလေသာရှိ ကိလေသာ ကျန်ပါသေးသည် ဘုရား။

၃။ မဂ် ဖိုလ် နိဗ္ဗာန် ကိုယ်ကျန် ငါးတန် ဆင်ခြင်မြဲ။ (အနာဂါမ်မှ ရဟန္တာသို့)

၄။ ပစ္စဝေက္ခဏာဉာဏ်ဆင်ခြင် အပ်ပါသည်ဘုရား။ (၁၆)

## ပကိဏ္ဏကဝဂ် ဓမ္မ ဒေသနာတော်

## နိဒါန်း

သုံးလောက နာထ သဗ္ဗညုတ ဘုရားသခင်သည် ဇေတဝန် ကျောင်းတော်တွင် သီတင်းသုံး နေတော် မူစဉ် အနာထပိဏ် သူဌေးကြီး၏ သမီး စူဠ သုဘဒ္ဒါအား အကြောင်းပြု၍ ဟောတော် မူလေသည်။

အနာထပိဏ် သူဌေးကြီးသည် ပျိုရွယ်စဉ်က ဥဂ္ဂမြို့တွင် ဥဂ္ဂမြို့ သူဌေးကြီး၏ သား ဥဂ္ဂလုလင်နှင့် ဆရာ တူ တပည့် ချစ်ကျွမ်း ခဲ့သူများ ဖြစ်လေသည်၊ နောင်အခါ သားပေး သမီးယူ ပြုကြရန် ကတိကဝတ် ထားကြ လေသည်၊ နောင် အခါတွင် ဥဂ္ဂ သူဌေးကြီး အနာထပိဏ် သူဌေးကြီးများ ဖြစ်လာကြခါ သား သမီးများ ရကြလေသည်၊ ဥဂ္ဂ သူဌေး

ကြီးက လှည်းငါးရာဖြင့် သာဝတ္ထိပြည်သို့ ကုန်ကူး ရောက် လာသဖြင့် သူဌေးကြီး၏ သမီး စူဠ သုဘဒ္ဒါအား သဘော ကျပြီး ပူဇော် ဂတိ အတိုင်း လက်ထပ်ပွဲကို ခမ်းနားစွာ ပြုပြီး ဩဝါဒ (၁၀) ပါး ပေးခါ သူကြွယ်တို့အား အပ်ထည့် လိုက်သည်။

## ဩဝါဒ (၁၀) ပါးမှာ

၁။ အတွင်းမီးကို အပြင်သို့ မထုတ်ဆောင်အပ်။
၂။ အပြင်မှ မီးကို အတွင်းသို့ မသွင်းအပ်။
၃။ ပေးကမ်းသောသူအားသာလျှင် ပေးကမ်းအပ်၏။
၄။ ပေးကမ်းသော သူအား မပေးကမ်းအပ်။
၅။ ပေးကမ်းသော သူအားငင်း၊ မပေးကမ်းသော သူအားငင်း ပေးကမ်းအပ်၏။
၆။ ချမ်းသာစွာ နေထိုင်အပ်၏။
၇။ ချမ်းသာစွာ စားသောက် အပ်၏။
၈။ ချမ်းသာစွာ အိပ်အပ်၏။
၉။ မီးကို လုပ်ကျွေး အပ်၏။
၁၀။ အိမ်တွင်းနတ်ကို ရိုသေစွာ ရှိခိုးအပ်၏။ ။

ဥဂ္ဂမြို့တွင် ဧည့်ခံပွဲ၌ ဥဂ္ဂသူဌေး ကိုးကွယ်သော အစေ လက တို့အား မကန်တော့ သောကြောင့် စိတ်ဆိုး ခံရ၏။

ပြာသာဒ် အထက်ဆုံး ထပ်မှ စူဠ သုဘဒ္ဒါက မြတ်လေး ပန်းဖြင့် အဓိဋ္ဌာန်ပင့်၍ မြတ်စွာဘုရား သခင်သည် ရဟန္တာ

ငါးရာ တို့ဖြင့် သိကြားမင်း ပေးလှူသော ပြာသာဒ်ယာဉ် ငါးရာဖြင့် ဥဂ္ဂမြို့သို့ ကြွရောက်ပြီး (၇) ရက်တိုင်တိုင် တရား ဓမ္မ တို့ကို ဟောကြားတော်မူ၍ ဝေနေယျ အပေါင်း (၈၄၀၀၀)တို့ အမြိုက်တရား ရကြလေသည်၊ အရှင် အနုရုဒ္ဓါ မထေရ်အား ဥဂ္ဂမြို့၌ ထားရစ်တော်မူလေသည်၊ စူဠသုဘဒ္ဒါ နှင့် ခင်ပွန်းပါသောတာပတ္တိဖိုလ်၌ တည်လေသည်၊ ထိုအခါ မှ စ၍ ဥဂ္ဂမြို့တွင် ဗုဒ္ဓ သာသနာတော် စတင် တည်ထွန်းခဲ့ ပြန်လေသည်၊ (ယူဇနာ-၁၂၀ ကွာသည်။)

## အတိတ်

ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တွင် ကိကီမင်း ကြီး၏ သမီးတော်တပါးဖြစ်စဉ်အခါက ဘုရားအမှူးရှိသော သံဃာတော်များအား ရိုသေစွာ နှစ်(၂၀၀၀၀)ကြာမျှ ဆွမ်း လုပ်ကျွေးဘူးသော ကုသိုလ်ကြောင့် နတ်ပြည်၌ ဖြစ်ရပြီး ယခုကဲ့သို့ ဥဂ္ဂမြို့သူမြို့သားများအား ဗုဒ္ဓဘုရား ပင့်ယူပြီး ကယ်ချွတ်နိုင်ခဲ့လေသည်။

## ဥဂ္ဂမြို့ ၇-ရက်တရားပွဲများ

၁။ ဒါနပါရမီသာလျှင် နတ်လူတို့ အနှစ်သက်အမြတ်နိုး ဆုံးသော အတိအာစာရဓမ္မ ဖြစ်လေသည်။

၂။ ဇမ္ဘုကိထားသော အိုးပမာဖြင့်သာလျှင် ဒိဋ္ဌဓမ္မ အကျိုးစသော အကျိုးကြီးရနိုင်သည်။

၃။ အကုသိုလ်ပါပိစ္ဆမှုများသည် တသံသရာလုံးနစ်မွန်း မျောပါစေပြီး ဆင်းရဲတာရှည်စေသည်။
၄။ အမှန်တရားကို ရှာဖွေဆည်းပူး ကျင့်ဆောင်ကြရာသည်။ ကံ့သုံးပါးလုံး ကျင့်ယူရာသည်။
၅။ စိတ်ဓာတ်သည် ပဓာနတရားဖြစ်၍ မိမိစိတ်ကိုသာလျှင် ဆုံးမယဉ်ကျေးစေရာသည်။
၆။ သံသရာဝဋ်ဆင်းရဲဟူသည်မှာ မိမိ၏ဝဋ္ဋဘဝခန္ဓာကိုသာလျှင် ဖြစ်ကြောင်း သမ္မာဒိဋ္ဌိဖြစ်ရေး။
၇။ ရဟန်းတို့၏ ကျင့်ဆောင်မြဲ သန္တုဋ္ဌိ-သလ္လေခအခြေခံပြီး ကိုပယ်သတ်ကုန်ရာသည်။

လောဘ

## ဤကားသစ္စာလေးပါးအမြိုက်တရာသို့ခရီးမဂ္ဂင်စင်ကြယ်ခြင်း

(၃)တန်ဉာဏ်ပါပေတည်း

၃-တန်

| | | |
|---|---|---|
| အဓိသီလသိက္ခာ | အဓိစိတ္တသိက္ခာ | အဓိပညာသိက |
| သီလဝိသုဒ္ဓိ | စိတ္တဝိသုဒ္ဓိ | ဒိဋ္ဌိဝိသုဒ္ဓိ |
| သီလက္ခန္ဓမဂ္ဂင် | သမာဓိက္ခန္ဓမဂ္ဂင် | ပညာက္ခန္ဓမဂ္ဂ |
| (၃) ပါး | (၃) ပါး | (၂) ပါး |

## ရေကပတ္တနဂါးမင်း တရားထူးအကျိုး ခံစားရမှု (ကေဗိဇ်)

### နိဒါန်း

ဆအာသာခါရဏာရှင် ဗုဒ္ဓဘုရားသခင်သည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဗာရာဏသီမြို့အနီးရှိ ကုက္ကိုပင်ပျို (၇)ပင်သို့ ကြွရောက် ဟောချွတ်တော်မူသည်။

### အတိတ်

ရေကပတ္တနဂါးမင်းသည် ကဿပ မြတ်စွာဘုရားရှင်၏ သာသနာတော်တွင် သဒ္ဓါတရားဖြင့် ရဟန်းပြုလေသည်။ တနေ့သ၌ မြစ်အတွင်းလှေဖြင့် ခရီးသွားစဉ် ပိန်းပင်တပင်မှ အရွက်ကိုဖြတ်ကိုက်မိ၍ ပြတ်ပြီးနောက် ဒေသနာမကြားဘဲ နေခဲ့ပြီး အနှစ်(၂၀၀၀၀)ပတ်လုံး တောတွင် ရဟန်းတရားကို အားထုတ်နေပြီး စုတေခါနီးတွင် ပိန်းရွက်နွယ်က လည်ပင်းတွင် ရစ်ပတ်လာကြောင်း တွေ့မြင်သတိဖြစ်၊ စွဲလမ်းခါဂင်္ဂါမြစ်အတွင်း၌ နဂါးမင်း ဖြစ်လာရလေသည်။ လွန်စွာမှ သတိသံဝေဂဖြစ်ပြီး ဘုရားဖြစ်ပွင့်မပွင့်သိရန် မိမိ၏ သမီးကညာအား နတ်သမီးတမျှ ပြင်ဆင်၍ မြစ်အလယ်တွင် ပါးပြင်းထက်၌ ထားခါ ဂါထာပုစ္ဆာ နှစ်ဂါထာဖြင့် သီဆိုကပြလျက် ဖြေဆိုနိုင်သူအား နဂါးမင်း၏စည်းစိမ်နှင့် မိမိသမီးပါ ထိမ်းမြားပေးမည်ဟု ကြေငြာ၍ လပြည့်နေ့တိုင်း ကပြလေသည်။

## ပစ္စုပ္ပန်

ဘုရားမြတ်စွာဖြစ် ပွင့်လာပြီး နောက်တနေ့၌ မဟာဂရုဏာသမာပတ်ဖြင့် တွေ့မြင်တော်မူသဖြင့် ကပ္ပကြီးအနီးကုက္ကိုပင် (၇) ပင်သို့ ကြွရောက်ခါ ဂါထာဖြေဆိုရန်သွားမည့် ဥတ္တရလုလင်အား ထိုအဖြေနှစ်ဂါထာကို သင်ပေးတော်မူစဉ်ပင် ဥတ္တရလုလင်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ နဂါးမပျို၏ အမေးဂါထာများ ဖြေဆိုလျက် နဂါးမင်းနှင့်တကွသော ပရိသတ်များသည် ဗုဒ္ဓဘုရားရှင်ထံသို့ ဖူးမျှော်ပူဇော်ကြလေသည်။ ဘုရားရှင်၏ဖြစ်ခဲတရား (၄)ပါး ဖြင့်ရှင်း၊ ဂါထာအဖြေဖြင့်ရှင်း၊ ဝေနေယျအပေါင်း(၈၀၀၀၀) တို့အမြိုက်တရား ရကြလေသည်။

## ပဌမဂါထာ မေးဖြေ

၁။ အဘယ်အရာကို ကောင်းစွာလွှမ်းမိုး အစိုးရသောသူအား မင်းဟူ၍ ဆိုပါသနည်း။

* စက္ခုစသောဒွါရ(၆)ပါး၌ အစိုးရသောသူအား မင်းလျှင် စင်စစ်ဖြစ်ပါသည်။

၂။ အဘယ်အရာကိုအစိုးရသောမင်းသည် ကိလေသာကို အစိုးရသောမင်း မည်ပါသနည်း။

* ကာမဂုဏ်၌ ခံမင်မြတ်နိုးနေသော မင်းသည် ကိလေသာကို အစိုးရသောမင်း မည်၏။

၃။ အဘယ်ကဲ့သို့သောမင်းသည်ကိလေသာမြူကင်းသော မင်း မည်ပါသနည်း။

* ကာမဂုဏ်၌ ခုံမင်တပ်မက်ခြင်း ကင်းသော သူသည် ကိလေသာမြူကင်းသော မင်းမည်ပါသည်။

၄။ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို သူမိုက်ဟူ၍ဆိုအပ်ပါသနည်း။

* ပညာမျက်စိမရှိ၊ ကိလေသာမြူကို ခုံမင်တပ်မက်သောသူအား သူမိုက်ဟူ၍ ဆိုရပါသည်။

## ဒုတိယဂါထာ မေးဖြေ

၁။ ပညာမျက်စိ မရှိသောသူမိုက်သည် အဘယ်ရေယဉ်တွင် နစ်မွန်းမျောပါရသနည်း။

* ပညာမျက်စိမရှိသော သူမိုက်သည် သြဃလေးပါး ရေယဉ်အတွင်း နစ်မွန်း မျောပါရသည်။

၂။ ပညာရှိသောပုဂ္ဂိုလ်သည် အဘယ်ကဲ့သို့သော လုံ့လဥဿာဟဖြင့် သြဃရေအယဉ်ကို ပယ်ဖျောက်နိုင်ပါသနည်း။

* ပညာရှိသောပုဂ္ဂိုလ်သည် သမ္မပ္ပဓာန် ဝီရိယလေးပါးဖြင့် သံသရာဝဲသြဃကို ပယ်ဖျောက်နိုင်ပါသည်။

၃။ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်သည် (ယောဂက္ခေမီ) ယောဂလုံးစုံ ကျဆုံးငြိမ်းသူဖြစ်ပါသနည်း။

* ကာမယောဂ စသော အလုံးစုံမကျွန်သော သူကို (ယောဂမှချုပ်ငြိမ်းပြီးသောသူကို) (ယောဂက္ခေမိ) ယောဂများမှ ချုပ်ငြိမ်းပြီးသောသူဟု ဆိုရပါသည်။

**ဟောပြသော ဒုလ္လဘတရားလေးပါးမှာ**

၁။ လူ၏အဖြစ်ကို ရခဲ၏၊
၂။ အသက်ရှည် အနာမဲ့မှုလည်း ရခဲ၏၊
၃။ သူတော်ကောင်းတို့၏တရားကို နာကြားရခဲ၏၊
၄။ ဘုရားဖြစ် ပွင့်တော်မူခြင်းမှာလည်း ရခဲ၏၊
(ဒုလ္လဘကြီးငါးပါး၊ နေ့စဉ်ဟောတရားက တခြားဖြစ်၏)

**ကေနိပါတ် အင်္ဂုတ္တရအဋ္ဌကထာ သဂါထာဝဂ္ဂ**

**သံယုတ်အဋ္ဌကထာ "ပဉ္စမ သစ္စာလေးပါးသိ**

**တေဒင်္ဂဘွဲ့ရ အညာသိကောဏ္ဍညမထေရ်"**

ဤ ဘဒ္ဒကမ္ဘာမှနောက်သို့ ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရ ဘုရားဖြစ်ပွင့်တော်မူသည်။ ၅၈-တောင် ဉာဏ်တော်မြင့် ၁၂-ယူဇနာရောင်ခြည်တော်တို့ဖြင့် တသိန်းတန်းတွင် ဖြစ်ပွင့်တော်မူသည်။ မင်းကတလှည့်၊ မြို့သူမြို့သားကတလှည့်စီ သံဃာတော်ပေါင်း တသိန်း ဆွမ်းလှည့်ပြုကြစမြဲ ဖြစ်သည်။ ထိုအခါ ဟံသာဝတီပြည်ကွင် ဂဟပတိမဟာသာလမျိုးတွင် တဦးသောလုလင်သည် တရားပွဲပရိသတ်အလည်တွင် ရှေးဦးစွာ သစ္စာလေးပါးကို သိမြင်လို၍ သံဃာတော် တသိန်း

ဘိုဖြင့် (၇) ရက်တိုင်တိုင် ဆွမ်းလုပ်ကျွေး၊ တသိန်းတန် ဘိစိဝရိတ် သင်္ကန်းလှူပြီးသော် ထိုဆုကို ပန်ယူသဖြင့် ဗျာဒိတ်တော်ရရှိသည်။

ထိုသူကြွယ်သည် ၉၉၉၉၉-ကမ္ဘာတိုင်ပတ်လုံး လူနတ်တို့၏ စည်းစိမ်တို့ကို ခံစားရပြီးသော် ဤကမ္ဘာမှနောက် ၉၁ ကမ္ဘာထက်တွင် ဗန္ဓုမတီမြို့တံခါး အနီးဘွင် ဂဟပတိ မဟာသာလသူကြွယ် ဖြစ်လာလေသည်။ ဗန္ဓုမမင်းကြီး၏ သားတော်သည် ဝိပဿီဘုရားရှင် ဖြစ်ပွင့်လာသော အခါ မင်းကြီးသည် ၇ နှစ် ၇ လတို့ကာလပတ်လုံး ဘုရားရှင်အား သူတပါးတို့ မဖူးမြင်၊ ဆွမ်း ပစ္စည်းလေးပါးတို့ မကပ်လှူ ရအောင်ပြုထားရာမှ အခွင့်ရပြီး အလှည့်ကျ ဆွမ်းကပ်ကြရ လေသည်။ သံဃာတော်ခြောက်သန်း ရှစ်သိန်းတို့နှင့် တကွ မဟာကာဠသူကြွယ်သည် ကောက်ဦးဆွမ်းကိုးမျိုးကို လှူဒါန်း တော်မူလေသည်။ မိမိ၏လယ်ဝေစု ဂ—မင်းပါယ်မှ စပါးဖုံး နို့နှစ်တို့ကိုခွဲဖောက်ယူပြီး နို့ဖြင့်ချက်၍စတုမဓုဖြင့်ကျွေးလေ သည်။ ၁-မှုံဆန်းဦးအလှူ၊ ၂-ကောက်ဦးအလှူ၊ ၃-ရိတ်ဦး အလှူ၊ ၄-ကောက်လှိုင်းစီးအလှူ၊ ၅-ကောက်လှိုင်းပုံအလှူ၊ ၆-နယ်ဦးအလှူ၊ ၇-ဘဏ္ဍာသွင်းအလှူ၊ ၈ ခြင်ဦးအလှူ၊ ၉-ကျီသွင်းဦးအလှူကြီးများအသက်ထက်ဆုံးပြုပြီး ၉၁-ကမ္ဘာ လုံး လူနတ်တို့၏စည်းစိမ်ကို ခံစားပြီးလျှင်—

ကပိလဝတ်ပြည်အနီး ဒေါနဝတ္ထုပုဏ္ဏားရွာတွင် ဗြာဟ္မဏ မဟာသာလပုဏ္ဏားမျိုး၌ဖြစ်၍ ကောဏ္ဍညဟု ထင်ရှားပြီး

ဗေဒင်သုံးပုံ၌ ကမ်းတဘက်သို့ ရောက်ရလေသည်။ သိဒ္ဓတ္ထ အမည်မှည့်အံ့သော် လက္ခဏာဖတ် ၁၀၈-ဦးမှ ၈-ဦးထပ်ရွေးရာ၌ ပါဝင်သူဖြစ်သည်။ လက်တချောင်းတည်းထောင်၍ ဟောလေသည်။ မြတ်စွာဘုရားလောင်း တောထွက်ပြီဟု ကြားရသဖြင့် အဖေါ်ပုဏ္ဏားသားလေးဦးခေါ်ပြီး ရဟန်းပြုခါ ဘုရားလောင်းအား ခြောက်နှစ်တိုင်တိုင် လုပ်ကျွေးပြီးမှ အာဟာရပြန်စားသဖြင့် မိဂဒါဝုန်တောသို့ထွက်သွားကြလေသည်။

မာရ်ငါးပါးအောင်မြင် ဘုရားရှင်ဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီငါးဦးအား အဦးတရား ဓမ္မစကြာအားဖြင့် ဝါဆိုလပြည့်နေ့တွင် သောတာပတ္တိဖိုလ်ကို ဦးစွာရပြီး လပြည့်ကျော် ၅-ရက်နေ့တွင် ရဟန္တာအရှင် အညာသိကောဏ္ဍည ဖြစ်ပြီး (၁) သစ္စာလေးပါးကိုဦးစွာသိသော တေဒင်္ဂဘွဲ့ထူးကြီးကိုရလေသည်၊ (၂) ယဿသတို့သားစသော ရဟန္တာ ၅၅-ပါး၊ (၃) ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ၃၀ ပါး၊ ၁၁၀၀၀၀ သော အရိယာသောတာပန်များဖြစ်ပေါ်ခါ ၄၅-ဝါကာလပတ်လုံး နိဗ္ဗာန် ကမ်းတဘက်သို့ ကယ်ပို့တော်မူလေသည်။

အညာသိကောဏ္ဍညမထေရ်ကြီးသည် အကြောင်းအမျိုးမျိုးကြောင့် ဘုရားရှင်ထံမှခွင့်ပန်ပြီး မန္တာကိနိမည်သော ဟိမဝန္တာမှဆဒ္ဒန်ရေအိုင်ကြီးတွင် ၁၂ နှစ်တို့ ကာလပတ်လုံး

ဆင်အပေါင်းတထောင်တို့၏ လုပ်ကျွေးခံယူပြီး ကောလာသ တောင်မှ နာဂဒတ္တနတ်မင်းထံမှ ဆွမ်းခံယူဘုဉ်းပေးနေတော် မူသည်။ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်သည် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံး နေတော်မူစဉ် လာရောက် ကန်တော့ပြီး ပရိနိဗ္ဗာန်စံဝင်ခွင့် တောင်းပန် လေသည်။ မန္တာကိနိရေအိုင်ကြီးတွင် ပရိနိဗ္ဗာန်ပြုလေသည်။ သိကြား နတ်မင်း၏ ရတနာပြာသာဒ်ပေါ်တွင်တင်၍ ဘုမ္မစိုးနတ်မှစ၍ ပြဟ္မာပြည်တိုင်အောင် အလောင်းတော်ကို လက်ဆင့်ကမ်း ပူဇော်ပြန်ချပြီးမှ မီးသင်္ဂြိုဟ်လေသည်။

ဓာတ်တော်တို့ကို ဘုရားရှင်ထံသို့ ယူဆောင်ပို့ဆက်ရာမှ ဝေဠုဝန်တံခါးဝအနီးတွင် ဘုရားရှင်ကိုယ်တော်တိုင် စေတီ တည်ထား ဌာပနာသွင်းပေးတော်မူသည်။ **မြတ်လေးငုံ** အဆင်းရှိဓာတ်တော်များကို ရေစစ်ဖြင့် ထည့်ယူလေသည်။ ဘုရားရှင်ထံတွင် ရောက်လာစဉ်က အရှင်ဝင်္ဂီသ မထေရ်က ဂါထာတော်ဖြင့် ထုတ်ဖော်ချီးကျူးပြီး ငိုကြွေးကုန်သော ပရိသတ်တို့အား တရားပြဟောကြားခဲ့ပါသည်။

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနံ
ရတ္တညူနံ ယဒိဒံ။ အညာသိကောဏ္ဍညော

ဟူ၍ တေဒဂ်ပေးတော်မူပါသည်။

## နယသာဂရဓမ္မဒေသနာတော်
## သုတ္တန်ပိဋကတ် သံယုတ်ပါဠိတော်မှ
## အဘယသုတ္တန်ဒေသနာတော်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ အဘယမင်းသားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာတွင် ထိုင်ပြီးလျှင် မြတ်စွာဘုရားကို ဤသို့လျှောက်ထားလေသည်။

အရှင်ဘုရား....(၁) မသိမမြင်ရန် အကြောင်းအထောက်အပံ့မရှိ+အကြောင်း အထောက်အပံ့ မရှိဘဲ မသိမမြင်ခြင်းဖြစ်၏။ (၂) သိမြင်ရန် အကြောင်း အထောက်အပံ့မရှိ+အကြောင်း အထောက်အပံ့ မရှိဘဲ သိမြင်ခြင်းဖြစ်၏ ဟူ၍ ပူရဏကဿပက ဆိုပါသည်ဘုရား။

အရှင်ဘုရားကကော အဘယ်သို့ မိန့်ဆိုတော်မူပါမည်နည်း ဟူ၍လျှောက်ထားလေသည်။

မင်းသား.... (၁) မသိမမြင်ရန် အကြောင်းအထောက်အပံ့ရှိ၏+အကြောင်း အထောက်အပံ့နှင့်တကွ မသိမမြင်ခြင်းဖြစ်သည်။ (၂) သိမြင်ရန် အကြောင်းအထောက်အပံ့ရှိ၏+အကြောင်းအထောက်အပံ့နှင့်တကွ သိမြင်ခြင်းဖြစ်သည် ဟူ၍ ဟောတော်မူလေသည်။ နီဝရဏတရားငါးပါးကိုဟောတော်မူလေသည်။

ဟုတ်တိုင်းမှန်ရာကို မသိမြင်နိုင်အောင် ဖုံးလွှမ်းနှိပ်စက်တတ်သောကြောင့် "နီဝရဏ"မည်၏။

၁။ ကာမရာဂ=ထကြွနှိပ်စက်သောစိတ် = ချိတ်၊မဲနယ်၊ နနွင်း၊ ထန်းကျင့်(နီပါး) ရောသောရေခွက်။

၂။ ဗျာပါဒ–ပျက်စီးစေလိုမှု = မီးဖြင့် ပူပွက်နေသော ရေခွက်။

၃။ ထိနမိဒ္ဓ–လေးလံထိုင်းမှိုင်း = မှော်သေး၊ ရေညှိတို့ ဖုံးသောရေခွက်။

၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စ–စိတ်ပျံ့လွင့်မှု = နောင်တဖန် ပူပန်မှု လေတိုက်၊ တုန်လှုပ်၊ လှိုင်းထသောရေခွက်။

၅။ ဝိစိကိစ္ဆာ–မဝေခွဲနိုင်မှု = ရွှံ့နှစ်တို့ဖြင့် နောက်ကျို၊ မှောင်ရိပ်ကြသောရေခွက်။

မင်းသား.... ဤသာသနာတော်၌ ရဟန်းတို့သည်—

၁။ ဆိတ်ငြိမ်ခြင်းကိုမှီသော၊

၂။ စွဲမက်မှုရာဂကင်းသော၊

၃။ ချုပ်ငြိမ်းခြင်းကိုမှီသော၊

၄။ နိဗ္ဗာန်သို့ညွှတ်သော၊

(က) သတိသမ္ဗောဇ္ဈင်ကို ပွားများနေ၏၊ ဟုတ်တိုင်း မှန်ရာကို သိမြင်ရလေသည်။ ဤသည်ပင်လျှင် သိမြင်ရန် အကြောင်း အထောက်အပံ့ ဖြစ်၏၊

ဤသို့လျှင် အထောက်အပံ့နှင့်တကွ သိမြင်ရခြင်း ဖြစ်လေသည်။

(ခ) ဓမ္မဝိစယသမ္ဗောဇ္ဈင် ....လ....
(ဂ) ဝီရိယသမ္ဗောဇ္ဈင် ....လ....
(ဃ) ပီတိသမ္ဗောဇ္ဈင် ....လ....
(င) ပဿဒ္ဓိသမ္ဗောဇ္ဈင် ....လ....
(စ) သမာဓိသမ္ဗောဇ္ဈင် ....လ ...
(ဆ) ဥပေက္ခာသမ္ဗောဇ္ဈင် ....လ....

တို့ကို ဆင့်ကဲဆင့်ကဲပွားများခြင်းပြုရာသည်။

ဤဗောဇ္ဈင်(၇)ပါးတို့ကား— (၁)မပိတ်ပင် မတားဆီး တတ်ကုန်။ (၂)စိတ်ကို မညစ်ညူးစေကုန်။ (၃)ကြိမ်ဖန်များစွာ ပွားများအပ်သည်ရှိသော် 'အသိဉာဏ်ဝိဇ္ဇာ+ကိလေသာမှ လွှတ်မြောက်မှု ဝိမုတ္တိ'(ဝိဇ္ဇာဝိမုတ္တိ)အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏"ဟု ဟောတော်မူလေသည်။

ထိုအခါ, အဘယမင်းသားသည် အရှင်ဘုရား ဂိဇ္ဈကုဋ်တောင်ကိုတက်၍ ကိုယ်စိတ်ပင်ပမ်းခြင်း အကျိုးခံစားရပါပြီ ဘုရားဟု လျှောက်လေသည်။ သစ္စာလေးပါး တရားထူးကို ရလေသတည်း။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ပ-ဒု ၁၂-၁၃-မှာရှု)

၁။ လောကဓ္ဓ=ရုပ်နာမ်ဖြစ်ပျက် "ဒုက္ခသစ္စာ"ဟူသော သံသရာလောက"ကိုရင်း၊ ပညာပေမိ၊ သိစေတော်မူ၏။

၂။ လောကသမုဒယဥ္စ—ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဖြစ်သော "သမုဒယသစ္စာ"ကိုရင်း၊

၃။ လောကနိရောဓဥ္စ=ဒုက္ခသစ္စာ၏ ကုန်ရာဖြစ်သော "နိရောဓသစ္စာ"ကိုရင်း။

၄။ လောကနိရောဓဂါမိနိပဋိပဒဥ္စ—ဒုက္ခသစ္စာ၏ ကုန်ရာဖြစ်သော"မဂ္ဂသစ္စာ"ကိုရင်း၊ ပညာပေမိ၊ သိစေတော်မူ၏။

* ဤကိုယ်ကောင် အခွံကြီးထဲ၌ပင် "ဒုက္ခသစ္စာ"မှစ၍ **သစ္စာလေးပါး** တွေ့မြင်ရ သိရကြောင်း ဟောသည်။ ဝိပဿနာ "သတိပဋ္ဌာန်တရားလေးပါး"ဖြင့် ရှုကြည့် အားထုတ်ရာသတည်း။

## နယသာဂရဓမ္မဒေသနာတော်
## သုတ္တန္တပိဋကတ် မူလပဏ္ဏာသပါဠိတော်
## ဝတ္ထသုတ္တာန်တရားတော်

ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်၌ "သုန္ဒရိကဘာရဒွါဇ" ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူလေသည်။

အခါတပါး၌—သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံတော်သို့ ရိုသေစွာ ချဉ်းကပ်ပြီးသော် အရှင်ဘုရား အာသဝအပေါင်း'တို့ကင်းစင်ရန် 'ဗာဟုကမြစ်'သို့ ရေချိုးသွားပါသလားဘုရားဟု လျှောက်ထားလေသည်။

အသင်ပုဏ္ဏား–ဗာဟုကမြစ်၊ အဓိသက္ကဆိပ်၊ ဂါယာဆိပ်၊ သုန္ဒရိကမြစ်၊ သရဿတီမြစ်၊ ဗာဟုမတီမြစ်စသောရေချိုးဆိပ်အပေါင်းတို့၌ မည်းညစ်သော ကံရှိသော သူမိုက်အား အမြဲရေချိုးသော်လည်း "ကိလေသာအာသဝတို့မှ မစင်ကြယ်နိုင်ကုန်၊ ငါဘုရား ဟောတော်မူသောရေတွင်း"၌ ရေချိုးသူသာလျှင် စင်ကြယ်စေနိုင်သည်။

၁။ အညစ်အကြေး စွဲကပ်နေသောအဝတ်ကို အရောင်ထပ်ဆိုးသော ဥပမာနှင့်။

၂။ ဖြူဖွေးသောအဝတ်ကို အရောင်ဆိုးသော ဥပမာဖြင့် သိစေသည်။

စိတ်ကို ညစ်မည်းစေသော တရားဆိုး (၁၇) ပါးကို ပယ်ကြဉ်စေတော်မူသည်။ ၎င်းတို့မှာ=

၁။ သူတပါးစည်းစိမ်ကြံစည်မှု — အဘိဇ္ဈာ
၂။ မတော်လောဘဘက်ခြင်း — ဝိသမလောဘ
၃။ သူတပါးပျက်စီးစေလိုမှု — ဗျာပါဒ
၄။ အမျက်ထွက်ခြင်း — ကောဓ
၅။ ရန်ငြိုးဖွဲ့ခြင်း — ဥပနာဟ
၆။ သူတပါးဂုဏ်ကျေးဇူးကိုဖျက်ခြင်း— မက္ခ
၇။ ဂုဏ်ပြိုင်ခြင်း — ပဠာသ
၈။ ငြူစူခြင်း — ဣဿာ
၉။ ဝန်တိုခြင်း — မစ္ဆရိယ

| | | |
|---|---|---|
| ၁၀။ | လှည့်ပတ်ခြင်း | — မာယာ |
| ၁၁။ | စဉ်းလဲခြင်း | — သာဌေယျ |
| ၁၂။ | စိတ်ခက်ထန်ခြင်း | — ထမ္ဘ |
| ၁၃။ | ချုတ်ချယ်ခြင်း | — သာရမ္ဘ |
| ၁၄။ | မောက်မာခြင်း | — မာန |
| ၁၅။ | အလွန်မောက်မာခြင်း | — အတိမာန |
| ၁၆။ | မာန်ယစ်ခြင်း | — မဒ |
| ၁၇။ | သတိမေ့လျော့ခြင်း | — ပမာဒ တို့တည်း။ |

ထို(၁၇)ပါးတို့ ကင်းစင်ရန်၊ ဒါနမှုဖြင့်၎င်း၊ သီလမှုဖြင့်၎င်း ပယ်စွန့်ရာသည်။ စိတ်ကိုစင်ကြယ်ရာသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်(၉)ပါး၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံရာသည်။

တရားတော်မြတ် ဂုဏ်တော် (၆)ပါး၌ ဉာဏ်ဖြင့် သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံရာသည်။

သံဃာတော်မြတ်ဂုဏ်တော်(၉)ပါး၌ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံရာသည်။

ရတနာသုံးပါး၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျှင် အနက်အဓိပ္ပါယ်ကိုသိခြင်း၊ တရားကိုသိခြင်းတို့ဖြင့် ဝမ်းသာခြင်းကို ရ၏၊ ဝမ်းသာသောကြောင့် နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သောစိတ်ကြောင့် ကိုယ်အေးမြ၏၊ ကိုယ်အေးမြ

သောသူအား + ချမ်းသာမှုကိုခံစား၏၊ ချမ်းသာသော ကြောင့်+စိတ်တည်တန့်ခြင်း ရရှိသည်။

ဤသို့အလေ့အကျင့်ရှိသူအား"သလေးဆံမွေး ထမင်းနှင့် အမဲဟင်းလျာကောင်းများ စားရစေကာမူ မဂ်-ဖိုလ်-၏ အန္တရာယ် မဖြစ်နိုင်။ (အဝတ်ကိုလျှော်ဖွတ်ခြင်းနှင့် ရွှေမိုက် ထုပ်ဥပမာ)

အရပ် (၁၀)မျက်နှာသို့ မေတ္တာဖြာပွမ့်စိုရ်လေးပါးပွားနေ သော သူသည်လည်း ထိုကဲ့သို့ပင် ပီတိ-သုခ-ကေဂ္ဂတာကို ရပြီး၊ နာမ်ရုပ်တရားတို့ကို ပညတ်+ပရမတ် ကွဲစွာသိသည်။ ယုတ်ညံ့သော သမုဒယသစ္စာ(လောဘ)ကိုခွဲခြား၍ သိသည်။ မြတ်သော အရိယမဂ်ရှိ၏ဟု ခွဲခြား၍.... ထိုဗြဟ္မစိုရ်တရား ထက်သန်လွန်သော "နိဗ္ဗာန်တရား"ရှိ၏ဟု ခွဲခြား၍သိ၏။ ထိုသူအား အာသဝလေးပါးမှ လွတ်မြောက်လေပြီဟု **အာသိဉာဏ်** ပေါ်၏။ မဂ်ကိစ္စအလိုငှါ တပါးသော ပြုဖွယ် မရှိပြီဟုသိ၏........ထိုသူသည် ငါဘုရား ဟောတော်မူသော ရေတွင်း၌ **ရေချိုးသည်** မည်၏။ စင်ကြယ်သောအရိယာသို့ ရောက်လေသည်။

ပုဏ္ဏားက---အရှင်ဘုရား၊ ဖုံးကွယ်ထားသော အရာကို လှစ်ပယ်ပြသကဲ့သို့ရင်း၊မှောက်သောအိုးကို လှန်သကဲ့သို့ရင်း၊ ဝမ်းသာစွာ သိရပါပြီဘုရားသု လျှောက်ပြီး ရဟန်းအဖြစ်ကို ခံယူ၍ ဆိတ်ငြိမ်ရာသို့ကပ်၍ ထိုတရားကို ပွားသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်လေတော့သတည်း။

၁။ သစ္စာလေးပါးတရားကိုမူ ဒေသနာတော်၌ဖော်ပြပြီး ဖြစ်၏။

၂။ ဝိပဿနာတရား၊ပရမတ်တရားကိုတိုက်ရိုက်မဟောဘဲ "ပိဋိတက်စဉ်"ကို ပဓာနထား၍ တရားပေးတော် မူထားသည်။

၃။ စိတ်၏ အညစ်အကြေးကို ပဌမဖော်ပြပြီး "သမထ-ယာနိက"လမ်းစဉ်မှစပြီး ဝိပဿနာဉာဏ်၊သစ္စာလေး တန်ကို ဝင်အောင် ဟောပြောထားလေသည်။

**ထွေထွေပညာဗဟုသုတ စတုဝေသာရဇ္ဇဉာဏ် ၄-ပါး**

၁။ ချစ်သားရဟန်းတို့ လေးပါးသော အရာတို့၌ ငါ ဘုရားသည် (ရွှံ့ရှာခြင်းကင်းတော်မူ၏) ရဲဝံ့ခြင်း ရှိတော်မူ၏ဟူလို။

(၁) သစ္စာလေးပါး တရားတော်ကို...သိ၏ဟု-ငါ ဝန်ခံသည်။ (ရဲဝံ့စွာ ငါကြွေးကြော်သည်ဟူလို)

(၂) အာသဝတရားလေးပါးတို့ကုန်၏ဟု ငါဝန်ခံ သည်။ (ရဲဝံ့စွာ ငါကြွေးကြော်သည်ဟူလို)

(၃) ပါရာဇိက,လေးပါး စသော မကောင်းသူ တို့သည် ဈာန်,မဂ်,ဖိုလ်၏ အန္တရာယ်ဖြစ်၏-ဟု ငါဘုရား ဟောတော်မူသည်။ (ရဲဝံ့စွာ ကြွေးကြော်သည် ဟူလို)

(၄) အကျင့်သီလ, သိက္ခာ, မဂ္ဂင် တရားတို့သည် သံသရာမှ လွတ်မြောက်ကြောင်းတရား-ဟူ၍ ငါဘုရား ဟောတော်မူသည်။ (ရဲဝံ့စွာ ကြေငြာသည် ဟူလို)

## ၂။ အင်္ဂုတ္တိုရ်ပါဠိတော်+ဓမ္မပဒပါဠိတော်

(၁) လူတို့သည် အတိတ်ဘဝများက စိုက်ပျိုးထားခဲ့ကြသော မျိုးစေ့၏ အသီး,အပွင့်တို့ကိုပင် အမှန်မုချ စားသုံးကြရမည် ဖြစ်လေသည်။

(၂) ထို အတိတ်ဘဝများက စိုက်ပျိုးခဲ့သော မျိုးစေ့၏ အကျိုးပေးမှုကို မည်သည့်ပုဂ္ဂိုလ် တန်းခိုးရှင်+ကံကြမ္မာတို့ကမှ တားမြစ်ပိတ်ပင်ခြင်းငှါ မစွမ်းနိုင်ကြကုန်။

၃။ (၁) စိတ်ခိုင်မြဲပြီး ဇွဲသတ္တိ ရှိသော သူတွင်၊
(၂) ပညာဉာဏ် ဦးစီးသော ထက်သန် ပြင်းပြသည့်ဝီရိယရှိသူတွင်
} မပြီးမြောက်မအောင်မြင်သော အရာဟူ၍ ဘာမျှ မရှိ။

၄။ (၁) လောကတွင် 'မိမိ၏ အကျိုးကိုသာ' သိမြင် တတ်သောသူလောက် (၂) လောကတွင် 'သူတပါး ကျေးဇူးကို' ချေဖျက်တတ်သော သူလောက် } ယုတ်နိမ့်သော သူမျိုး မရှိပေ။

၅။ အလုပ်တွေ ရှုတ်နေ၍ မအားမလပ်နိုင်လို့ပါ-ဟု သင့်ဘယ်တော့မှ ဆင်ခြေ မလဲပါလေနှင့်၊

သင့်ကို ချက်ခြင်း"အား+ရပ်"ဖြစ်မည့် အရာများကတော့ ရှိနေသည် မဟုတ်ပါလား။

## ဘုရားဝတ်ပြု ရှိခိုးရသောအကျိုး(၁၇)ပါး

(အင်္ဂုတ္တိုရ်ပါဠိတော်–ဒုကနိပါတ် – သုခဝဂ်တွင် ဟောတော်မူသည်)

၁။ သူတပါးတို့ ရှိခိုး ခံယူ ထိုက်ခြင်း၊
၂။ စိတ်၏ ရဲရင့်တည်ကြည်ခြင်း၊
၃။ သေသည်၏ အခြားမဲ့၌ သုဂတိသို့ လားရခြင်း၊
၄။ ဘုရားစာဆူသူ၏ ထံတွင် သစ္စာလေးပါးကို သိမြင်ရခြင်း၊
၅။ အမျိုးမြတ်ခြင်း၊

၆။ သူ့အပေါင်းတို့ ရှိသေမြတ်နိုးမှုကို ခံယူရခြင်း၊
၇။ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့် ပြည့်စုံခြင်း၊
၈။ ဉပဓိရှေ့ဆင်းသဏ္ဍာန် ကောင်းမြတ်သူဖြစ်ရခြင်း၊
၉။ ကိုယ်အနံ့ မွှေးကြိုင်ခြင်း၊
၁၀။ ခံတွင်းအနံ့ မွှေးခြင်း၊
၁၁။ ကြီးမြတ်သော ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊
၁၂။ နက်နဲသော ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊
၁၃။ ထက်သော ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊
၁၄။ လျင်မြန်သော ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊
၁၅။ ရွှင်သော ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊
၁၆။ ဆန်းကြယ်သော ပညာဉာဏ်နှင့်ပြည့်စုံခြင်း၊
၁၇။ စကားကောင်းဆိုနိုင်သူ ဖြစ်ခြင်း။

## ပါဠိတော်လာ သိကြားမင်း ဖြစ်နိုင်သောအကျိုး ၇–ပါး

၁။ မိဘကို ရှိသေစွာလုပ်ကျွေး မွေးမြူ ပြုစုသူဖြစ်ခြင်း၊
၂၊ ကြီးမြတ်သောသူကို ရှိသေကြိုးနွံသူ ဖြစ်ခြင်း (သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်)
၃။ စကားချိုသော ယဉ်ကျေးစွာ ပြောဆိုတတ်လေ့ရှိသူ ဖြစ်ခြင်း၊
၄။ သင်းခွဲဂုံးတိုက်ခြင်း၊ ချောပစ်သူ မဖြစ်ခြင်း၊
၅။ ဝန်တို နှမြော တွန့်တိုသောသူ မဖြစ်ခြင်း၊
၆။ သစ္စာစောင့် သိတတ်လေ့ရှိသူ ဖြစ်ခြင်း၊

၇။ အမျက်ဒေါသ နည်းပါးသူဖြစ်ခြင်း၊
(ဤ-၇-ပါးနှင့် ပြည့်စုံသူသည် နောင်အခါ သိကြား ဖြစ်လေသည်)

## နယသာဂရဓမ္မ ဒေသနာတော် သုတ္တန္တပိဋကတ် ထေရီအပဒါန်ပါဠိတော် ၊ရှင်မဘဒ္ဒကုဏ္ဍလကေသီ ရဟန္တာထေရီမ

အစိန္တေယျ ဗုဒ္ဓဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်တွင် များစွာသော ရဟန်းတို့ဖြင့် သီတင်း သုံးနေတော်မူစဉ် ဦးပြည်းပြောင်ပြောင်နှင့် အဝတ်ဖြူဝတ်ဆင် ထားသူ ချောမောလှပသည့် ပရိဗိုဇ်မတဦး ရောက်လာသည်၊ ဘုရားရှင်အား သူတွေ့ရသော ပုဋ္ဌဝကအသုဘ ကမ္မဋ္ဌာန်းကို မေးလျှောက်ရာမှ တရားတော်တို နာရပြီးလျှင် (၁)ပဋိ- သမ္ဘိဒါလေးပါး၊ (၂)အဘိညာဉ်ခြောက်ပါး၊ (၃)ဝိဇ္ဇာသုံး ပါးတို့နှင့်တကွ ရဟန္တာထေရီမ အဖြစ်သို့ ရောက်လေသည်။

၁။ ဤ ဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သော် ကမ္ဘာတသိန်း ထက်၌ ပဒုမုတ္တရ ဘုရားဖြစ် ပွင့်တော်မူသည်တွင် ဟံသာဝတီ ပြည်ရှိ သုမနာသတို့သမီးသည် ဘုရားရှင်၏ တရားသဘင်မှ သုဘာထေရီမအား လျင်မြန်သော ပညာဉာဏ် အဘိညာဉ် တော်ဂ် ထားတော်မူသည်ကို တွေ့မြင် ကြည်နူးရသဖြင့်

ဘုရားအမှူးပြုသော သံဃာတော်များအား ပင့်လျှောက်ပြီး ဆွမ်းခဲဘွယ်တို့ဖြင့် လှူဒါန်းပြီး ထိုမထေရ် အရှင်မကဲ့သို့ တွေ့ရန်ဆုပန်လေသည်၊ ဗုဒ္ဓဘုရားရှင်သည် ဤကမ္ဘာမှ တသိန်းထက်တွင် ဂေါတမ ဘုရားရှင်၏ အထံတော်၌ ထို တောင်ရလတ္တံ့ဟု ဗျာဒိတ် ပေးတော်မူသည်။

၂။ ထိုဘဝမှ စုတေခဲ့သော် (၁) တာဝတိံသာနတ်ပြည် ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်၊ နိမ္မာနရတိနတ်ပြည်၊ ဝသဝတီနတ်ပြည်တိုင်အောင် အဆင့်ဆင့်မြင့်စွာ ခံစားရရှိသည်၊ (၂)ထိုမှလူ့ပြည်တွင် ဖြစ်တိုင်းဖြစ်တိုင်း စကြဝတေးမင်း၏ မိဖုရားမှ ပဒေသရာဇ် မိဖုရားများသာ ဖြစ်ရခြင်း၊ (၃)ဤ ဘဒ္ဒကမ္ဘာတိုင်အောင် အပါယ်လေးပါးကို မရောက်ရဘဲရှိခြင်း။

၃။ ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားရှင် လက်ထက်တွင် ဗာရာဏသီပြည် ကိကီမင်းကြီး၏ သမီးတော် ၇-ပါးတွင် ဘိက္ခုဒါယိကာ မည်သော စတုတ္ထ သမီးတော် ဖြစ်ရပြီး ရဟန်းပြုခွင့် မရ၍ ညီအမ ၇ နှစ်ပါးလုံး အနှစ် ၂၀၀၀၀ ပတ်လုံးအပျိုစင်များ အဖြစ်ဖြင့် ဘုရား ရဟန္တာတို့အား ပစ္စည်းလေးပါးဖြင့် လှူဒါန်းပြီးမြတ်သော အကျင့်ဖြင့် နေကြကုန်သည်၊ ထိုမှ စုတေသော် တာဝတိံသာ နတ်ပြည်တွင် ဖြစ်ရလေသည်၊(၄) ယခုဂေါတမဘုရားရှင် ဖြစ်ပွင့်သောအခါတွင်

ဆုဇဂြိုဟ်ပြည် မဟာဘောဂသူဌေးကြီး၏ ဘဒ္ဒါမည်သော သူဌေးသမီးဖြစ်ရလေသည်၊ သတ်ရန်ထုတ်ဆောင်လာသော ခိုးသူကြီးအား ဘခင်သူဌေးကြီးက ငွေအသပြာ (၁၀၀၀) ဖြင့်ရွေးယူပေး၍ ချမ်းသာစွာနေရာမှ တောင်စောင့်နတ် ပူဇော်လိုသည်ဟူသော ခိုးသား၏စကားအရ၊ ပူဇော်သွားကြရာမှ သတ်၍ အဝတ်တန်ဆာများယူပြီး ပြေးမည့်ခိုးသူကြီးအား ပညာဉာဏ်ဖြင့် အောင်နိုင်လေသည်၊ ထိုအခါ တောင်စောင့်နတ်၏ သာဓု(၃)ကြိမ်ခေါ်သံကို ဘုရားရှင်ကြား၍ ရဟန်းတို့အား မိန့်ကြားတော်မူလေသည်၊ သူဌေးသမီးဘဒ္ဒါသည် ထိုမှ ပရိဗိုဇ်၏ကျောင်းဝင်ပြီး သံဝေဂဓမ္မရ၍ ပုရိဗိုဇ်ပြုလေသည်။

၄။ ဘဒ္ဒါပရိဗိုဇ်သည် အယူဝါဒတို့ကို ရှုတ်ပွားဆင်ခြင်ဆဲ၌ ခွေးတကောင်က ပိုးလောက်တို့ဖြင့် ပြည့်သောလူ၏ လက်တဘက်ကို ကိုက်ချီယူလာ ချသွားရာမှ မှဋ္ဌဝက ကမ္မဋ္ဌာန်း နိမိတ်ရရှိပြီး ဘုရားရှင်ထံ ရောက်ရလေသည်။

၅။ ဗုဒ္ဓဘုရားရှင်က ခန္ဓာငါးပါး အာယတန၁၂-ပါး၊ ဓါတ်၁၈-ပါးတို့ကို ဟောပြီး ထို သင်္ခါရတရားတို့၏ (၁) အနိစ္စလက္ခဏာ၊ (၂)ဒုက္ခလက္ခဏာ၊ (၃) အနတ္တလက္ခဏာတို့ဖြင့် တင်ပြသောအဆုံးတွင် သကဒါဂါမိမဂ်သို့ ဆိုက်လေတော့သည်၊ ရဟန်းပြုခွင့်ရယူ၍ ဗောဓိကျွရဟန်းခေါ်တော်

မှုပြီး ရဟန်းပြုပေးရသည်၊ ရဟန်းမဖြစ်ပြီးသော် ဘုရားရှင် ထံမှခွါ၍ ခြေရေဆေးဆဲ၌ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ထေရီမ ဖြစ်လေသည်။

၆။ ထိုရဟန္တာထေရီမအား ဗုဒ္ဓဘုရားရှင်က ပရိသတ် လေးပါးစုံရှေ့တွင် လျှင်မြန်သော ပညာဉာဏ် အဘိညာဉ် အရာ၌ ဧတဒဂ်ထားတော်မူသည်။ ကျော်ကြား ထင်ရှား သော ဧတဒဂ်ရ ဘဒ္ဒကုဏ္ဍလကေသီထေရီ အရှင်မ တပါး ဖြစ်လာလေသည်။ ဂါထာပေါင်း နှစ်ဆယ်တို့ဖြင့် ဥဒါန်း ကျူးရင့်ဟောပြသည်။

အဋ္ဌမဘာဝိကတွင် ခိုးသားဆိုးဖြင့်တွေ့ဆုံရခြင်းမှာ သံသ ရာမှ **ဘဝ**တခုတွင် မိမိ၏ အပရာပရိယဝေဒနီယကံ၏ အစွမ်း ဖြစ်လေသည်။ ကိကီမင်းကြီး၏ သမီးတော် ၇-ပါးမှာ ထေရီ ၇-ပါးဖြစ်၏။

| | | |
|---|---|---|
| ၁။ | သမဏီမင်းသမီး၊ | ခေမာထေရီမ ဖြစ်လာသည်။ |
| ၂။ | သမဏဂုတ္တာမင်းသမီး၊ | ဥပ္ပလဝဏ် ။ |
| ၃။ | ဘိက္ခုနီမင်းသမီး၊ | ပဋာစာရီ ။ |
| ၄။ | ဘိက္ခုဒါယိကာ၊ | ဘဒ္ဒကုဏ္ဍလကေသီ ။ |
| ၅။ | ဓမ္မာမင်းသမီး | ကိသာဂေါတမီ ။ |
| ၆။ | သုဓမ္မာမင်းသမီး | ဓမ္မဒိန္နာ ။ |
| ၇။ | သံဃဒါယိကာမင်းသမီး | ဝိသာခါ ။ |

## အကျိုးခန္ဓာဟူသော ၁ ခန္ဓာငါးပါး

ဖဿ

↓

ဝေဒနာဖြစ် သင်္ခါရ ဝိညာဏ်ဖြစ်

| | | | | |
|---|---|---|---|---|
| ၁။ | စက္ခုပသာဒရုပ် | — | ရူပါရုံရုပ် | ၁ |
| ၂။ | သောတပသာဒရုပ် | — | သဒ္ဒါရုံရုပ် | ၂ |
| ၃။ | ဃာနပသာဒရုပ် | — | ဂန္ဓာရုံရုပ် | ၃ |
| ၄။ | ဇိဝှာပသာဒရုပ် | — | ရသာရုံရုပ် | ၄ |
| ၅။ | ကာယပသာဒရုပ် | — | ဖောဋ္ဌဗ္ဗာရုံရုပ် | ၅ |
| ၆။ | မနောဓာတ် { ဓာတ် ၁၈-ပါး / အာယတန ၁၂-ပါး } | | ဓမ္မာရုံရုပ် | ၆ |

## ပဋိသမ္ဘိဒါ ၄-ပါး

၁။ အတ္ထပဋိသမ္ဘိဒါ၊
၂။ ဓမ္မပဋိသမ္ဘိဒါ၊
၃။ နိရုတ္တိပဋိသမ္ဘိဒါ၊
၄။ ပဋိဘာနပဋိသမ္ဘိဒါ။

## အဘိညာဉ် ၆—ပါး

၁။ ဣဒ္ဓိဝိဓအဘိညာဉ် = တန်းခိုးအရာ၊
၂။ ဒိဗ္ဗသောတအဘိညာဉ် = နတ်တို့နားကဲ့သို့ကြားသိ

၃။ ပရစိတ္တဝိဇာနာနအဘိညာဉ် = သူတပါးတို့၏ စိတ်ကို အလိုလိုသိ၊
၄။ ပုဗ္ဗေနိဝါသအဘိညာဉ် = ရှေးဘဝစဉ်ဆက်ကိုသိမြင်၊
၅။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်၏မျက်စိကဲ့သို့သိမြင်၊
၆။ အာသဝက္ခယအဘိညာဉ် = ကိလေသာအာသဝတို့ကင်း။

## ဝိဇ္ဇာ ၃–ပါး

၁။ (ပ) ပုဗ္ဗေနိဝါသဉာဏ်ဝိဇ္ဇာ
၂။ (ဒ) ဒိဗ္ဗစက္ခုဉာဏ်ဝိဇ္ဇာ
၃။ (အ) အာသဝက္ခယဉာဏ်ဝိဇ္ဇာ

## နယသာဂရ ဓမ္မဒေသနာတော်
## သုတ္တန္တပိဋကတ်တော်(ဓမ္မပဒ) စူဠပန္ထကထေရဝတ္ထုတော်

သုံးလောကနာထ၊ ဆအသာဓါရဏဉာဏ်ရှင် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စူဠပန္ထကထေရ်သည် ဝါတွင်းလေးလတွင် တဂါထာမျှမရသဖြင့် နောင်တော် မဟာပန္ထကထေရ်နှင်ထုတ်လေသည်။

**အတိတ်။** ။ကဿပတသိန်းထက်တွင် ပဒုမုတ္တရ မြတ်စွာဘုရားရှင်လက်ထက် သူကြွယ်တဦးသည် အိုးအိမ်ထောင်စွန့်၍ ရသေ့ပြုခါ ဟိမဝန္တာတောင်ဘွင် သခ်မ်းကျောင်းဖြင့်နေစဉ် ဘုရားမြတ်စွာ ကြွလာပြီး သီတင်းသုံး၍ ကြာငါးမျိုးဖြင့်

ပြုလုပ်သော ပဒုမ္မာကြာထီးဖြင့် မိုးကာပူဇော်ပြီး ဘုရားရှင် ထံမှဗျာဒိတ်တော်ရရှိလေသည်။ ထိုမှသည် နတ်မင်းအဖြစ် ၂၅-ကြိမ်၊ စကြဝတေးမင်း အဖြစ် ၃၄-ကြိမ်၊ နတ်လူတို့ ဘဝတိုင်း ပန်းထီးမိုးကာခံရလေသည်။ အပါယ်လေးပါး မသိမတွေ့ခဲ့ရပေ။

၁။ ရာဇဂြိုဟ်ပြည်၌ ဓနသေဋ္ဌိသူဌေးကြီး၏ သမီးတဦး ရှိ၍ ဘုံခုနှစ်ဆင့်ရှိသောပြာသာဒ်ဖြင့် ချမ်းသာစွာ ထားရာမှ အိမ်ကျွန်နှင့် ယဉ်ပါး၍ ထွက်ပြေးခါ နေကြလေသည်။ သားနှစ်ဦးရပြီး လမ်းခရီး၌ဖွား၍ ပန္ထကဟု အမည်ပေးလေ သည် (မဟာပန္ထက-စူဠပန္ထက)။ကလေးတို့ကြီး၍ ဘိုးဘွား များထံပို့ပေးလိုက်ကြလေသည်၊ သားကြီး မဟာပန္ထကအား သာမဏေပြုပြီး အသက်နှစ်ဆယ်ပြည့်၍ ရဟန်းပြုလေသည်။ နောင်ညီငယ်အားသည်း ရဟန်းပြုပေးပြန်လေသည်၊ညီတော် မထေရ်မှာ ရှေးကဿပဘုရားရှင်လက်ထက်တော်တွင် ရဟန်း ဖြစ်စဉ် ပညာဉာဏ်ဖြင့် ပြည့်စုံပြီး အခြား ပညာဉာဏ်နဲ့သူ ရဟန်းအား ပြက်ရယ်ပြုအရှက်ရစေခဲ့လေသည်။

၂။ ဗုဒ္ဓဘုရားရှင်သည် အဘယမင်းသား ကောက်ယူ ကျွေးမွေးအပ်သော ဆရာဇီဝက၏ ဆွမ်းဘိတ်ရာ၌ မပါဝင် ရသောစူဠပန္ထကမထေရ်သည် နှင်ထုတ်၍ ထွက်ဆဲတွင် ဘုရားရှင်နှင့်တွေ့၍ ပြန်ခေါ်ပြီးလျှင် (ရဇောဟရဏံ ရဇော ဟရဏံ)သရဇ္ဈာယ်ပြီး ပိတ်ဖြူစပေးရာမှ ဝိပဿနာဉာဏ်ဝင်စဉ်

နိမ္မိတဘုရားရှင်၏ သုံးဂါထာ (ရာဂ, ဒေါသ, မောဟ)ဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့် ရဟန္တာ ဖြစ်လေသည်။ ရှေးမင်း ဖြစ်စဉ်အခါက တိုင်းနိုင်ငံလှည့်လည်ရာတွင် ခွေးသုတ်သော အဝတ်ဖြူတွင် ဆင်ခြင်ဘူးသော အကျိုးဆက် ဖြစ်လေသည်။

၃။ ရဟန်းအပေါင်းတို့၏ တရားသဘင်တွင် ထိုစူဠပန် ထေရ်အား ကယ်ချွတ်တော်မူသော ဘုရားရှင်တို့၏ စွမ်းအား ကို ချီးကျူး ပြောဆိုကြစဉ် ဘုရားရှင် ကြွရောက်လာပြီး ရှေးကလည်း ကယ်တင်ခဲ့ရခြင်းဒေသနာကိုဆောင်လေသည်။ ဗာရာဏသီပြည်တွင် သုဒ္ဓလုလင် ဖြစ်စဉ် ဒိသာပါမောက္ခ ဆရာကြီးရှိရာ တက္ကသိုလ်ပြည်သို့ ပညာသင်သွား၍ သုံးနှစ် ပြည့်သော်လည်း ဘာပညာမှသင်၍မတတ်မှ ဆရာကြီးသည် တောသို့ခေါ်၍ မန္တန်ကို အတင်းသင်ပေး၍ ပြန်လွှတ်သည်။ "ဃဋ္ဋေသိ-ဃဋ္ဋေသိ ကိံ ကရဏာ၊ ဃဋ္ဋေသိ၊ အဟံပိ တံ ဇာနာမိ" (တံ၊သင်သည်။ ဃဋ္ဋေသိ၊ ချုတ်ချယ်ပြစ်မှားဘိ၏။ ဃဋ္ဋေသိ၊ ချုတ်ချယ်ပြစ်မှားဘိ၏။ ကိံ ကရဏာ၊ အဘယ် အကြောင်းကြောင့်။ ဃဋ္ဋေသိ၊ ချုတ်ချယ် ပြစ်မှားဘိရ သနည်း။ အဟံပိ၊ ငါသည်လည်း။ တံ၊ ထိုအကြောင်းကို။ ဇာနာမိ၊သိထားပြီ)။ထိုလုလင် ဗာရာဏသီပြည်ပြန်ရောက်ပြီး ညဉ့်အခါ၌ မင်းသည် ညဉ့်စုံစမ်းထွက်ရာမှ ခိုးသူတို့လာသော ကြောင့် ပြေးကြောင်းသိရပြီး နံနက်တွင်ခေါ်ယူ၍ အသပြာ တထောင်ဖြင့် ဝယ်သည်၊ ထိုမင်းကြီးအား စစ်သူကြီးက

ဆတ္တာသည်မှ တဆင့် လုပ်ကြံစေရာမှ ထိုမန္တန်ကြောင့် ပေါ်ပေါက်ပြီး မင်း၏အသက် ချမ်းသာရာရသည်။

၄။ ထိုစစ်သူကြီးအား ပြည့်နှင်ဒဏ်ပေးခါ ဃန္ဒေ့သိ မန္တန်ရှင် လုလင်အား စစ်သူကြီး အရာသို့ ပေးတော်မူလေသည်။ ထိုလုလင်သည် ယခုစူဠပန္ထကမထေရ်ဖြစ်လာပြီး ဒိသာပါမောက္ခဆရာကြီးသည် ငါဘုရားဖြစ်လာသည်။

## စူဠပန်ထေရ် လေးလကျက်၍ မရသော ဂါထာ

ပဒ္မံယထာ ကောကနုဒံ သုဂန္ဓံ၊
ပတော သိယာ ဖုလ္လ မဝိတ ဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစ မာနံ၊
တပန္တ မာဒိစ္စ မိဝန္တ လိက္ခေ။ ။

၁။ သူတပါး တို့အား အရှက်ရအောင် ပြက်ရယ်ခြင်းကံကြောင့် ဉာဏ်ထိုင်းသူ အဖြစ် ခံစားရသည်။

၂။ ဈာန်စိတ်ဖြင့် ပြီးစေအပ်သော ကိုယ်ကို ဖန်ဆင်းခြင်း မနောမယ အဘိညာဉ် ၌ တေဒဂ် ရလေသည်။

၃။ သစ္စာလေးပါး သိစေရန်မှာ အတိတ်မှ ဝိပဿနာ အဆက်ပေါ်တွင် တည်သည်။

၄။ သစ္စာပြ၍ ဇာတ်တော် ပေါင်းရာတွင် ပရိသတ် အများ အမြိုက် တရားကို ရကုန်သည်။ (ရဟန်းလူ)

## ပါဠိတော်လာ သိကြားမင်းက နေ့စဉ်ရှိခိုးသူ၏ ဂုဏ် လက္ခဏာ လေးပါး

၁။ ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်း စသော ဒါန ဝတ္ထုတို့ကို သဒ္ဓါဖြူစင် စွာဖြင့် ပေးလှူ တတ်လေ့ ရှိသူ ပုညကာရာ။

၂။ ဂရုမြေ သီလဥ္စ မြဲ၍ အဌင်္ဂ သီလ၊ နဝင်္ဂ သီလကို ဥပုသ်နေ့ တို့၌ စောင့်ထိန်း တတ်လေ့ ရှိသူ အနိစ္စ သီလဝန္တ ပုဂ္ဂိုလ်။

၃။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး တို့ကို ရိုသေစွာ ဆည်းကပ် ကိုးကွယ်လေ့ရှိသူ ဥပါသကာညာဏ်။

၄။ တရားသော အလုပ် စင်ကြယ်သော အသက်မွေးမှုဖြင့် သားမယားတို့အား လုပ်ကျွေး ပြုစုသူ ဓမ္မဒါရ ပေါသဂုဏ်။

ကပ္ပဗိန္ဒု —စ–ခ–ဗ–ဝ (ဘုရား လေးဆူ သင်္ကန်း ထောင့်မှ စ,မ များ။)

စက္ခုငါးပါး—ဗုဒ္ဓ၊ ဓမ္မ၊ သမန္တ၊ ဉာဏ၊ ဒိဗ္ဗ။

ဗုဒ္ဓ —ထူးကဲ မှန်မြတ်သော သိခြင်း။

ဓမ္မ —ကြောင်းကျိုးတရား သိခြင်း။

သမန္တ —ဘယ်အရာ ဝတ္ထု မဆို ပြတ်ပြတ်သားသား သိမြင်ခြင်း။

ဉာဏ၊ အ၊ ဣ၊ ယ၊ မိ၊ သ၊ အာ။ (ဆ အသာ ဓာရဏ ဉာဏ်)

ဒိဗ္ဗ—စကြဝဠာကို ထင်ထင်လင်းလင်းသိခြင်း။

အ—အနာဝရဉာဏ်-လောကီ ပိတ်ပင်ခြင်း အကြွင်းမရှိ။

ဣ-ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် - လူတယောက်၏ ပါရမီ အနုအရင့်သိ။

ယ—ယမက ပဋိဟာရိကဉာဏ် -ရောင်ခြည်တော် ခြောက်သွယ်။ (ရေ မီး အစုံ ပြနိုင်)

မ—မဟာ ကရုဏာ သမာပတ္တိဉာဏ် - သတ္တဝါ နု ရင့် ကယ် ချွတ်။

သ—သဗ္ဗညုတဉာဏ်-အလုံးစုံ သိသော သယမ္ဘူဉာဏ်။

အာ—အာသယာ နုသယဉာဏ်-အလိုအတိုင်းလုပ်ပေးနိုင်ခြင်း။ (အလိုသိ)

## နယသာဂရဓမ္မဒေသနာတော်
## ကုက္ကုဋမိတ္တ မိသားစုတို့ ကျွတ်တန်းဝင်ပုံ

လူသုံးဦးတို့၏ မကိုဋ်မှသရဖူ ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံး နေတော်မူစဉ် ဟောတော်မူလေသည်။

တာဝတိံသာနတ်ပြည်မှ ဇနီးမောင်နှံတို့သည် စုတေသော်နတ်သားသည် ရာဇဂြိုဟ်ပြည် မနီးမဝေးတောအုပ်၌ နေသောအမျိုး မုဆိုးတို့ရွာတွင် "ကုက္ကုဋ္ဌမိတ္တ" ဟူသော မုဆိုးဖြစ်လာလေသည်။ နတ်သမီးသည် ရာဇဂြိုဟ်ပြည်ရှိသူ ဘောဂသူဌေးကြီး၏ သမီးလှ ဘဒ္ဒကလျာ ဖြစ်ပြီး ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်ဖြင့် ခံစားရလေသည်။ တနေ့သ၌ မုဆိုးသည် ကျောက်ကွင်း ၅၀၀-တို့မှ မိသော သမင်သားတို့ကို အစိုအခြောက်များကို လှည်းများဖြင့် တင်၍ ရာဇဂြိုဟ်မြို့သို့ဝင်လာစဉ် သူဌေး၏ သမီးမြင်၍ မုဆိုးသား အပြန်တွင် လိုက်သွားပြီး သင့်နေကြရာ သား ၇-ယောက် ရှိပြီး ထိုသားတို့ကို အရွယ်ရောက်သော် ချွေးမ ၇-ယောက် ရရှိပြန်လေသည်။

မြတ်စွာဘုရားသည် နေ့စဉ် ရှုကြည့်မြဲ မဟာကရုဏာသမာပတ်တွင် ထိုမုဆိုး မိသားစုတို့အား မြင်ပြီးသော် သမင်ထောင်ဖမ်းရာ ကျောက်ကွင်း ၅၀၀,တို့ အနီး၌ ခြေတော်ရာပြခါ ချုံရိပ်တွင် သီတင်းသုံး နေတော်မူသည်။ ကုက္ကုဋ္ဌမုဆိုးနံနက်ရောက်လာသော် သမင်များ မမိဘဲ ဘုရားရှင်ကို တွေ့၍ သမင်များ လွတ်ဖြစ်သူ သတ်အံ့-ဟု လေးဖြင့် တင်သော် ဘုရားရှင်က တင်ခွင့်ပြုပြီး လေးကို ချအံ့သောငှါ မပေးသောကြောင့် ဆင်းရဲစွာ ရပ်တည်ရလေသည်။ မိခင်သူဌေးသမီးသည် သားတို့ဖခင် သွားသည်မှာ ကြာမြင့်ပြီ ဆို၍ သား ၇-ယောက်တို့အား စေပြန်၏။ သား ၇-ယောက်

တို့လည်း ဖခင်၏ ရန်သူ-ဟု လေးဖြင့် ခွင်းရန် လေးကို တင်ကြပြီး ချခွင့် မပြု၍ ရပ်တည်ကြကုန်၏။

သားများ ကြာမြင့်ပြန်သော် သူဌေးသမီးသည် ချွေးမ ၇-ယောက်ကို ခေါ်၍ လိုက်လာလျှင် လေးချိန်လျက် ရောက်ကုန်သော လင်နှင့်သားတို့ကို မြင်၍ တဖန် ကြည့်သော် ဘုရားရှင်ကို တွေ့မြင်သဖြင့် ငါ့ဖခင်ကို မနှိပ်စက်ကြကုန်နှင့်-ဟု အော်လျက် ဘုရား၏ ခြေရင်း၌ ဝပ်၍ ရှိခိုး၏။ ထိုအခါ မုဆိုးက အော်.... ငါ့ယောက္ခမ ပေတကား-ဟု၊ သား ၇-ယောက်ကလည်း အော်.... ငါ့အဘိုး ပေတကား-ဟု မေတ္တာ နူးညံ့စိတ် ဖြစ်မှ ဘုရားရှင်က တန်းခိုးတော်ဖြင့် ခွင့်ပြုရာ သူဌေးသမီးသည် လင်နှင့် သားတို့၏ လက်မှ လေးမြားတို့ကို ယူ၍ လွှင့်ပစ်၏။ အားလုံး ဘုရားရှင်ထံ ကန်တော့ ဝတ်ပြုကြ လေသည်။ ဘုရားရှင်၏ ဒါနကထာ, သီလကထာ, ဓမ္မသံဝေဂ ဓမ္မ, ဘာဝနာအဆုံးတွင် ၁၅-ဦးသော မိသားစုတို့သည် သောတာပတ္တိဖိုလ်၌ တည်၍ အစလသဒ္ဓါဖြင့် ပြည့်စုံ လေသည်။ ဘုရားရှင် ပြန်ကြွတော်မူသော် မုဆိုးမိသားစု အားလုံး ရာဇဂြိုဟ်ပြည်သို့ ရွှေပြောင်းခါ ဘခင်သူဌေးကြီး၏ အမွေခံယူ နေကြလေသည်။

ရဟန်းတို့၏ တရားသဘင်တွင် အရှင်အာနန္ဒာ၏ လျှောက် ထားချက်အရ ထို သူဌေးသမီးသည် ၈—နှစ်သမီးကပင် သူဌေးကြီးနှင့် ကျောင်းတော် တရားနာရာတွင် သောတာ

ပတ္တိဖိုလ်၌ တည်ပြီးဖြစ်ကြောင်း မိန့်စကားအရ သောတာပန် မိန်းမနှင့် လင်မှုဆိုးတို့၏ ပြဿနာကို ပြောဆိုကုန်သဖြင့်ရင်း၊ ကုက္ကုဋမိတ္တမုဆိုး ဇနီးမောင်နှံတို့၏ အတိတ်ကိုရင်း ဟော တော်မူရပြန်လေသည်။

ဘုရားရှင်က အဆိပ်နှင့်လက်အနာ ဥပမာပြ ဟောသဖြင့် ပရိသတ်တထောင်တို့ သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဤဘဒ္ဒကမ္ဘာ ၂၀၀၀,တန်းတွင် သာလဂါမရွာတွင် ဓာတ် တော်တို့ကို ဌာပနာ၍ စေတီတည်ကုန်၏။ လူအများတို့သည် အင်္ဂတေ,မြေညက်နှင့် ရောရန် ကြံစည် ဆွေးနွေးကုန်၏။ ဆေးဒါန်း,မြင်းသီလာ,ကျောက်နှင့် နှမ်းဆီကို အတည်ပြုကာ ထိုအင်္ဂတချပ်တွင် ရွှေဖြင့် ထပ်မံစီရင်ကာ အင်္ဂတချပ်ကို အသပြာ တသိန်းတန်၏။ အပြင်က ရွှေအင်္ဂုဖြင့်သာ ပြုကုန်၏။ ဌာပနာအံ့သော အခါတွင် အကြီးအမှူးပြုအံ့သော သူကိုရင်း၊ ဥစ္စာ,ရွှေ,ငွေတို့ကိုရင်း ရလိုကုန်၏။ ရွာခံ သူဌေးက ငွေ တကုဋေ ထည့်ဝင်သော် မြို့က သူဌေးကလည်း နှစ်ကုဋေ ထည့်ဝင်ကုန်၏။ ထိုနည်းဖြင့် ရှစ်ကုဋေစီ ထည့်ဝင်ကြပြီး မြို့သူဌေးက ကုဋေ,လေးဆယ် ကြွယ်ဝ၏။ ရွာသူဌေးက ကိုး,ကုဋေသာ ကြွယ်ဝသဖြင့် ကျန်ငွေ တစ်ကုဋေနှင့်တကွ ဇနီးနှင့် သား ၇-ယောက်၊ ချွေးမ ၇-ယောက်ပါ ဘုရား ကျွန်ပြု ရွှေပြောင်းပြီး လှူသည်။ ထိုအခါ မြို့နေ သူဌေးက သို့ရွာသူ သူဌေးအားပင် အကြီးအမှူးထား၍ စေတီတည်ကြ ကုန်၏။ စေတီတော် ပြီးစီးသော် တိုင်းသူပြည်သားများက

ထိုဘုရားကျွန် မိသားစု ၁၆–ယောက်အား တော်လှန်စေလျက် ခွင့်ပြုကြသော်လည်း ထိုဘုရား၌ပင် အသက်ထက်ဆုံး ဗုဒ္ဓ ဝေယျာဝစ္စပြုခါ နေကြကုန်၏။ စုတေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ကုန်၏။ ဂေါတမဗုဒ္ဓဘုရား ဖြစ်ပွင့်သော် နတ်ပြည်မှ စုတေခဲ့ပြီး ရာဇဂြိုဟ်ပြည် မဟာဘောဂသူဌေးကြီး သမီးဖြစ်လာပြီး နဘ်သားမှာ မုဆိုးတို့ရွာ၌ ကုက္ကုဋမုဆိုး ဖြစ်ပါရလေသည်။ ဗုဒ္ဓဘုရားသည် သစ္စာကို ပြတော်မူ၍ ဇာတ်တော်ကိုပေါင်းသော် ထိုဘုရားတည်သော ပရိသတ်များ ဖြစ်ကုန်၏။ များစွာသော ရဟန်း,လူ ပရိသတ်များ အရဟတ္တ ဖိုလ်သို့ ရောက်ကုန်၏။ သူဌေးသမီးသည် ငယ်စဉ်ကပင် သောတာပန် ဖြစ်သော်လည်း ထိုမုဆိုးကို မြင်ကာမျှဖြင့် ပြာသာဒ်မှ ဆင်း၍ မုဆိုးနောက်သို့ လိုက်ရသည်မှာ "ပုဗ္ဗေ ဝသန္နိ ဝါသေန–ပစ္စုပ္ပန္နဟိ တေနဝါ၊ ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထော ဒကေ" ဟူသော ပဋ္ဌာန်း တရားတော်ဖြင့် မြင်ကာမျှဖြင့် ချစ်ခြင်းမေတ္တာ ဖြစ်ရလေသည်။

## "ဝါတွင်း ဟောမြဲတရား ပွဲစဉ်"

### ဒါနပါရမီမြတ် သဒ္ဒါတရားကပ် လူနတ်နိဗ္ဗာန်ဓါတ်

၁။ ပါရမီ ၁၀–ပါးတို့တွင် ဒါနပါရမီသည် အမြတ်ဆုံး သော ကောင်းမှုတခုဖြစ်သည်။

၂။ ဒါနပါရမီသည် အဦးအစ ပထမတရားဖြစ်၍ ပါရမီ ၁၀–ပါးလုံးကို အကြိုးဝင်အောင် ဖြည့်ကျင့်နိုင်လေ သည်။

၃။ ဒါနပါရမီမှသည် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ ဟူသော အမြင့်ဆုံးအဆင့်သို့ ရောက်အောင် ဆည်းပူး နိုင်လေသည်။

၄။ ပညာရှိ သူတော်ကောင်း အပေါင်းတို့သည် အမြတ်နိုးဆုံးသော ကောင်းမှုကြီးတခုလည်း ဖြစ်လေသည်။

၅။ အလှူပေး အလှူခံမှ စ၍ ခပ်သိမ်းသော သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့ ဝမ်းမြောက်ရွှင်လန်း ပီတိ သောမနဿ ပြည့်လျှမ်းပြီး ဣစ္ဆာသယ ကောင်းမှုကြီး တခုလည်း ဖြစ်လေသည်။

၆။ ကမ္ဘာဦးမှ စ၍ ကမ္ဘာဆုံးသည် တိုင်အောင် အစဉ် ထာဝရ လက်ကိုင်ထားရာ အကျင့်ကောင်း တရားထူးကြီး ဖြစ်၍ ဘုရား အစရှိသော ပညာရှိ သူတော်ကောင်းအပေါင်းတို့ ချီးပထောမနာပြုရာ ကောင်းမှုထူးကြီးလည်း ဖြစ်လေသည်။

၇။ ပုညကိရိယာ ၁၀ ပါး ဟူသော ကာမာဝစရကုသိုလ်ထူးကြီး အစ စွာသော တရားမြတ် ဖြစ်၍ ရှေ့သို့ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာ ကုသိုလ်ကံတို့၏ ပဌမဦး မရှိမဖြစ်သော အခြေခံ တရားလည်း ဖြစ်သည်။

## ၁။ ကံတရားနှင့် ကံ၏ အကျိုးပေး တရားကို သက်ဝင်သူ ကမ္မဿကတာဉာဏ်ရှိသူ

၁။ သတ္တဝါတိုင်းပင် ကုသိုလ်ကံ ပြုတိုင်းပြုတိုင်း ဇော ၇-ချက်တို့သည် အဆက်မပြတ် အနန္တရ ထိုက်၍ ဖြစ်မြဲ ဖြစ်လေသည်။

၂။ ထို ဇော ၇-ချက်တို့သည် ပြုသူ၏ စိတ်,စေတနာ အလျောက် အပြင်းအပြော့ပင် အကျိုးပေးရမြဲ ဖြစ်လေသည်။

၃။ ပုဂ္ဂိုလ်အဆင့်အား နိမ့်မြင့်လျော်စွာလည်း အကျိုး ပေးမြဲ ဖြစ်လေသည်။ ထို ဇော ၇-ချက်တို့ကို ကံကြီး ၄-ပါးဖြင့် အကျိုးပေးဟန်ကား (ဇယားဖြင့်ပြပြီး)။

## ဒါနပါရမီ ခေါင်းပါး ခဲ့ခြင်းဖြင့် ခံစားရမည့် အကျိုးတရားဆိုး ၅-ပါးမှာ

၁။ ဆင်းရဲ မွဲတေသော မိလက္ခုမိဘဝမ်း၌ ပဋိသန္ဓေယူ ရခြင်း (ကိုယ်ရောစိတ်ပါ ဆင်းရဲသူ)

၂။ ပစ္စန္တရစ် ဒေသ တောရပ်ရွာ၌ လူဖြစ်၍ ကြီးပြင်း ရခြင်း။ (ပဝတ္တိ ကာလဆိုး)

၃။ ခန္ဓာကိုယ်ဖြင့် ဆင်းရဲငြိုငြင် ပင်ပန်းစွာ လုပ်ကိုင် ရှာဖွေ အသက်မွေး ဝမ်းကျောင်း ပြုရခြင်း။

၄။ တသက်လုံး ချမ်းသာသုခ ဟူ၍ မခံစားရဘဲ အသက်ထက်ဆုံး ဆင်းရဲစွာ လုပ်ကိုင်စား နေရသူ ဖြစ်ခြင်း။

၅။ ဥစ္စာစီးပွားလည်း ရှာဖွေရခဲလှပြီး၊ ရပြီး ဥစ္စာလည်း ပျောက်ပျက်လွယ် ရသူ ဖြစ်ခြင်း။

## (၂) သီလပါရမီ ခေတ်အကြည်မှာ မြတ်သည့် သိက္ခာမှတ် သီလ လက္ခဏာ (၇) ပါး

၁။ သံသရာဝဋ်မှ လွတ်မြောက်လိုသူ ပညာရှိ သူတော်ကောင်း အပေါင်း တို့သည် မြတ်နိုးစွာ ကျင့်သုံးရာ တရားလည်း ဖြစ်သည်။

၂။ လူ နတ် တိရစ္ဆာန် ဖြစ်စေ၊ ဖွားမြင် သည်မှ စပြီး ဟသက် ပတ်လုံး မြဲမြံစွာ ဆောက်တည်ရာ တရား စာရိတ္တသီလလည်း ဖြစ်သည်။

၃။ ဘုရားစသော ပညာရှိသူ တို့ထည် ချီးမွမ်း အပ်သော အမြတ်ဆုံးသော အကျင့်ကောင်းလည်း ဖြစ်သည်။

၄။ အာဒိဗြဟ္မ စရိယတရား နိဗ္ဗာန်သို့ သွားရာ လမ်းမကြီး၏ အဦးအစလည်း ဖြစ်သည်။

၅။ သီလက္ခန္ဓမဂ္ဂင် ဖြစ်၍ နိဗ္ဗာန်သို့သွားရာလမ်းမ ကြီး၏ အဦးအစလည်း ဖြစ်သည်။

၆။ ကမ္ဘာဦးမှ စ၍ ရှေးဘုရားလောင်း သူတော်ကောင်း တို့၏ ရိုးရာ အကျင့်တရားလည်း ဖြစ်သည်။

၇။ စတုပါရိသုဒ္ဓိ သီလ၊ သီလကြီး ၄-ဖြာဖြင့် သူတော်ကောင်းတို့ နိဗ္ဗာန်တိုင်အောင် ကျင့်ဆောင် ရသောတရား ဖြစ်သည်။

## ၄၄ ၄-သီလတရား ချို့ယွင်းခဲ့သော် အပြစ်ငါးပါး

စက်ကြီး—၄-ပါး။ ၁။ ရောဂါ ထူပြောသော (မကျန်းမာသူ) မိဘဝမ်း၌ ဖြစ်ရသည်။

ဣန္ဒြိယဒွါ—၄-ပါး။ ၂။ ခက်ခဲစွာ ဖွားမြင် ရပြီး ရောဂါဘယ ထူပြောသူ ဖြစ်ရသည်။

သီလကြီး-၄-ပါး။ ၃။ အင်္ဂါ ချို့ယွင်း ရခြင်း၊ ဥပဓိရုပ် ချို့ယွင်း ယုတ်ညံ့ရသည်။

၄။ မြင်သူတကာတို့ မုန်းတီးခြင်းခံရပြီး စွပ်စွဲ ခံရလေ့ ရှိသည်။

၅။ သက်တမ်းမပြည့်မီ သေဆုံးရသည်။

## ပြုပြင် စီရင်ရသော စက်ကြီး ၄-ပါး

၁။ ပဋိရူပ ဒေသဝါသစက်—သင့်အပ်သော အရပ်၊ အင်္ဂါ ၅-ပါးစီ ရှိသည်။

၂။ ပုဗ္ဗေစ ကတပုညတာစက်—ရှေးကောင်းမှုရှိ။

၃။ အတ္တသမ္မာ ပဏိဓိစက်—ကိုယ်စိတ် ထိန်းနိုင်။

၄။ သပ္ပုရိသ သံသေဝစက်—ပညာရှိ သူတော်ကောင်း မှီဝဲ။

မေတ္တာပျက်လျှင် ဟီရိဩတ္တပ္ပပျက် ဒုစရိုက်ဖြစ်။
ကံ စိတ် ဥတု အာဟာရကြောင့် ရုပ်နာမ်ဖြစ်။
နာမ် ရုပ် အကြောင်း ရုပ် နာမ် အကျိုး။

၁။ ကမ္မသမ္မောဟ–ကံ ကံ၏ အကျိုးတရားကို မသိခြင်း၊ ကမ္မသကတဉာဏ် ဖြစ်အောင် ခံယူပါ။

၂။ ဓမ္မသမ္မောဟ–တရားမသိ (ဓမ္မဝဝတ္ထာနဉာဏ်) ကမ္မသကတဉာဏ် ဖြစ်အောင် ခံယူပါ။

၃။ လက္ခဏာ သမ္မောဟ–လက္ခဏာ မသိ (လက္ခဏာ ဝဝတ္ထာနဉာဏ်) ကမ္မသကတဉာဏ် ဖြစ်အောင် ခံယူပါ။

၄။ ပစ္စယ သံမ္မောဟ– (ပစ္စယ ဝဝတ္ထာနဉာဏ်) ကမ္မသကတဉာဏ် ဖြစ်အောင် ခံယူပါ။

၅။ နိဗ္ဗာန သမ္မောဟ– (နိဗ္ဗာန ပဋိဝေဓဉာဏ်) ကမ္မသကတဉာဏ် ဖြစ်အောင် ခံယူပါ။

စာရိတ္တသီလ မွေးသင်္ချေမှ အလိုလို လုံခြုံခြင်း၊ (အကုသိုလ်မဖြစ်) ကုသိုလ်မရ။

ဝါရိတ္တသီလ–ကျင့်သုံး ခံယူ ဆောက်တည်သော သီလ။

ပရမတ္ထသီလ–အသက်သာ စွန့်မည်၊ သီလကို မစွန့်၊ စာမရိုင့်ကဲ့သို့ ကျင့်။

| | | |
|---|---|---|
| **အဓိသီလ သိက္ခာ** | **အဓိစိတ္တ သိက္ခာ** | **အဓိပညာ သိက္ခာ** |
| အင်္ဂါ ၃ | အင်္ဂါ ၃ | အင်္ဂါ ၂ |
| ဓမ္မက္ခန္ဓာ | ဓမ္မက္ခန္ဓာ | ပရိယတ္တိသာသနာ |
| (၂၁၀၀၀) | (၂၁၀၀၀) | (၄၂၀၀၀) |

ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ သည်၊ ပရိယတ္တိ သာသနာမည်၏။

ပရိယတ္တိ သာသနာသည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။

(သီလက္ခန္ဓ မဂ္ဂင်၊ သမာဓိက္ခန္ဓ မဂ္ဂင်၊ ပညာက္ခန္ဓ မဂ္ဂင်) မဂ္ဂင် ၃-ပါးသည် မဂ်-၄ ဖိုလ်-၄ နိဗ္ဗာန် ပရိယတ္တိသည် (၁၀)ပါးသော တရားတော်မြတ် ဖြစ်လေသည်။ (လောကုတ္တရာတရား ၉-ပါးယူ)

နိဗ္ဗာန်ရောက်ဘွယ် ကြွေးကိုးဆယ် အကြောင်းကြောင့် အကျိုး ဗောဓိဉာဏ် ရင့်သည်၊ အကျိုး ဗောဓိဉာဏ် အကြောင်းခံလျှင် မဂ် ဖိုလ် အကျိုးရ ဖြစ်သည်။

## သီလဝိသုဒ္ဓိ

* * မည်သူ တဦးတယောက် တို့က မဆို၊ မိမိ ကျင့်သုံးဆောက်တည်သော သီလသည် သီလကြီး လေးဖြာနှင့်အညီ ကျင့်သုံး ဆောက်တည်လျှင် (နိစ္စ-သီလဝန္တ) ပုဂ္ဂိုလ် ဖြစ်၍ အဓိသီလ သိက္ခာနှင့် ပြည့်စုံသော သီလ ဝိသုဒ္ဓိ ဖြစ်လေသည်။

**၃ သမာဓိစေတ် ကိန်းဝပ်အပ် သူမြတ်နိဗ္ဗာန် ဝေကန်တည်း။**

ဂုဏ် (၆) ပါးနှင့် ပြည့်စုံသော မဂ်ပညာ မဂ္ဂင်တရားမြတ်မှာ-

၆- အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှါ
၆-နိဗ္ဗာနယ

၅- သစ္စာ —၄-ပါးကို ကောင်းစွာ ထိုးထွင်း သိခြင်းငှါ
၅-သမ္မောဒါယ

၄- သစ္စာ —၄-ပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ
၄-အဘိညာယ

၃- ကိလေသာ ငြိမ်းခြင်း တည်းဟူသော ဥပါဒိ သေသ နိဗ္ဗာန် အကျိုးငှါ
၃-ဥပသမာယ

၂- သစ္စာ —၄-ပါးကိုသိခြင်းကိုပြုတတ်သောအကျိုးငှါ
၂-ဉာဏ ကရဏီ

၁- သစ္စာ —၄-ပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော
၁-စက္ခု ကရဏီ

## သမာဓိက္ခန္ဓမဂ္ဂင်-အဓိစိတ္တသိက္ခာ-စိတ္တဝိသုဒ္ဓိ

၁။ သီလက္ခန္ဓမဂ္ဂင်, သီလဝိသုဒ္ဓိ, အဓိသီလသိက္ခာ အာရုံ ငါးပါးအတိုက်ခတ်ကို သီလကြီး လေးဖြာဖြင့် စောင့်စည်းခြင်း။

၂။ အကြင် ပုဂ္ဂိုလ်သည် သုံးပါးသော သီလဂုဏ်ကို ဦးစွာ မပြည့်စုံစေဘဲ အကြင်အကြောင်းကို စွဲ၍ သမာဓိဂုဏ်နှင့် ပြည့်စုံရာ၏၊ ထိုအကြောင်းသည် မရှိသည်သာတည်း။

၃။ သမာဓိ တရားကို ဖြစ်စေသော သမထ ၄၀-တို့မှ တပါးကို စွဲမြဲစွာအားထုတ်ရလေသည်။

(အာနာပါန)

**သမထ+သမာဓိတရား၏ ဂုဏ်လက္ခဏာ ၇-ပါး**

၁။ သီလစင်ကြယ်စေပြီးသော် အလယ်၌ ကောင်းခြင်း သမာဓိတရားကို ရှေးဘုရားအလောင်း သူတော်ကောင်းတို့သည် အစဉ်ရှာမှီးထူထောင်အားထုတ်ကြမြဲဖြစ်သေသည်။

၂။ အင်္ဂါ ၃-ပါး (၁၂) ပါးနှင့် ပြည့်စုံသော သမာဓိ တရားကို နိဗ္ဗာန်၏ ပေါင်းကူးတံတားသဘွယ်ဖြစ်၍ မရှိ၍ မဖြစ်သော တရားမြတ်ပင် ဖြစ်လေသည်။

၃။ ဝဋ္ဋဘဂသံသရာမှ ထွက်မြောက်လိုသူ,နိဗ္ဗာန်ကိုရှာမှီး သူမှန်သမျှ အဓိက ထူထောင်အားထုတ်ရသော တရားမြတ် ဖြစ်သည်။

၄။ စိတ်ဓာတ် တည်ငြိမ် စူးစိုက်မှု သမာဓိတရားသည် သန္တိသုခ၏ အစ,ပဘာဝတရားလည်း ဖြစ်သည်။

၅။ ပညာကျွန္တမဂ္ဂင်သို့ကူးဝင်ရာတွင် တခုတည်း တလမ်း တည်းသောတံခါးကြီးလည်း ဖြစ်သည်။

၆။ ရှေးသာသနာပ ခါသမယကပင် ရသေ့ဝိဇ္ဇာ ယောဂီ

ဟူသမျှတို့သည် လောကီ အဘိညာဏ်တန်ခိုး အမျိုးမျိုးကို ဖြစ်စေလျက် အကျိုးကျေးဇူး ပြုကြကုန်သော တရားကြီး လည်းဖြစ်လေသည်။

၇။ သမထ၏ သိခါပတ္တသည် ဈာန်အဘိညာဉ်ကို ဖြစ်စေပြီးလျှင် ဗြဟ္မာပြည်မြတ်သို့ လားရာသောတရားဖြစ်၍ ဗြဟ္မာ့ပြည်မှသည် ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်ရသော တရားမြတ် လည်းဖြစ်လေသည်။

**သမထ+သမာဓိချို့တဲ့ခဲ့သော် အပြစ်ငါးပါးမှာ**

၁။ ကိုယ်,စိတ် ဆင်းရဲနေသော မိဘာဝမ်း၌ ပဋိသန္ဓေ နေရခြင်း။

၂။ ဆင်းရဲစွာ ဖွားမြင်ရပြီး အသိတရားမရှိ၊ စိတ်စေတ် ဆင်းရဲသော ပတ်ဝန်းကျင်၌ကြီးရခြင်း။

၃။ တွေ့ဆုံပေါင်းမိသမျှသောသူ အပေါင်းတို့က စိတ် ဆင်းရဲမှုကိုသာ ပြုလုပ်ခံရခြင်း။

၄။ သီလ,သမာဓိ တရားမြတ်ကို ကောင်းစွာအားထုတ် ခွင့်မရရှိခြင်း။

၅။ အသက်ထက်ဆုံး စိတ်ချမ်းသာ,အလိုဆန္ဒပြည့်ဝမှုကို မခံစားရဘဲ စိတ်ဆင်းရဲမှုဖြင့်သာ တွေ့ဆုံ ခံစားနေရပြီး သေဆုံးရခြင်း။

**အာလောက**—ကိုဖုံးလွှမ်းထားသော မောဟ အမိုက်တိုက် ကိုဖျက်ဆီးတတ်သော ပညာမျက်စိထင်ရှား ဖြစ်၏။

**ဝိဇ္ဇာ** —ကိုထိုးထွင်းသိမြင် ထင်ရှားဖြစ်၏။

**ပညာ** —ဇာတိစသော (၇) ပါး အပြားသိခြင်း ထင်ရှားဖြစ်၏၊ (ဒုက္ခသစ္စာ-သမုတိသစ္စာ)။

**ဉာဏ** —ကိုသိခြင်းထင်ရှားဖြစ်၏။

**စက္ခုံ** —ကိုမြင်တတ်သော ပညာမျက်စိ ထင်ရှား ဖြစ်၏၊ပဋိပဒါနုက္ခန္ဓာ,ပရမတ္ထဒုက္ခသစ္စာ။

(ပင်ကိုယ်အားဖြင့် လောဘ(၁)ပါး၊ အခြင်းအရာ အားဖြင့် ၃·ပါး)။

## နိဗ္ဗာန်၏ သဘောတရားများ

### နိဒါန်း

ဗုဒ္ဓဘုရားရှင်၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာများသာလျှင်နိဗ္ဗာန်ကို ကောင်းစွာ သိမြင်ကြလေသည်။ ပုထုဇဉ်တို့အား နိဗ္ဗာန် ဆိုတာ ဘယ်လိုပါဟု ပြောဟောရပါမူ မွေးကတည်းက မျက်စိ အလင်းမရသော သူအား အဖြူ, အဝါ, အနီ, အစိမ်း စသော အရောင်များ၏သဘောကို မြင်လေအောင် နေရောင် လရောင်တို့၏ သဘောကိုသိမြင်လေအောင် ဘယ်လို ပြော၍မှမသိနိုင်ကြသလိုဘယ်လိုပြော၍မှလဲသိမြင်မည်မဟုတ် ပေ။ သို့သော် နိဗ္ဗာန်၏ဂုဏ်ကျေးဇူးတရားများကိုမူ ပညာရှိ သူတော်ကောင်း သုတေသီ ဂဝေသီတို့က မှန်းစမ်း သိမြင် သဘောပေါက်၍လိုချင်,ရချင် ရောက်ကြရမြဲပင် ဖြစ်ပါသည်၊ သို့ဖြစ်၍–နိဗ္ဗာန်၏ သဘောတရားများကို ဆည်းပူးလေ့လာ ကြိုးစားကြရပါမည်။

| ၃၁-ဘုံသခ်ၤတနယ်မြေ | နိဗ္ဗာန်အသခ်ၤတဓာတ် |
|---|---|
| ၁။ အိုခြင်း၊နာခြင်း၊ သေခြင်းရှိသည်။ | အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိ။ |
| ၂။ ပျက်စီးခြင်းအနိစ္စ၊ဆင်းရဲခြင်းဒုက္ခရှိသည် | ပျက်စီးခြင်း၊ ဆင်းရဲခြင်း ဘေးမရှိ။ |
| ၃။ မတည်မမြဲခြင်းသဘော။ | ထာဝရဓာတ်သဘော။ |
| ၄။ စိတ်နှင့်ကံတို့၏ ဖန်ဆင်းမှုရှိသည်။ | ကံ,စိတ်တို့၏ မဖန်ဆင်း မပြုပြင်နိုင်ခြင်း။ |
| ၅။ အစအဆုံးရှိသည်၊ အာဒိ၊ အန္တ။ | အစအဆုံးမရှိ၊ အနာဒိ၊ အနန္တ။ |
| ၆။ မသန့်ရှင်းချေ၊ မွေးဖွားခြင်းဇာတာ။ | သန့်ရှင်းသည်၊ အဇာတာ မွေးဖွားခြင်းမရှိ၊ |
| ၇။ အဝိဇ္ဇာ၊ဥပါဒါန်၊လောဘ၊ဒေါသရှိသည်။ | ဤတရားဆိုးများမှ ကင်းရှင်းသည်။ |
| ၈။ သံယောဇဉ်ကျိုး ၁၀-ချောင်းဖြင့် ချုပ်နှောင်သည်။ | မည်သည့်အနှောင်အဖွဲ့မှမရှိ၊ လွတ်လပ်၏။ |
| ၉။ ဝဋ်ဆင်းရဲသံသရာတွင်း၌ နစ်၏။ | သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၏။ |
| ၁၀။ မီး ၁၁-ပါးတို့ လောင်ကျွမ်း၏။ | လွတ်မြောက်သောအရသာတခုသာ ရှိ၏။ |
| ၁၁။ သံဝရသဘော ချိုးနှိမ်ရ၏။ | အသံဝရချိုးနှိမ်၍ မရသောသဘော။ |

| | |
|---|---|
| ၁၂။ အကန့်အသတ် ရှိ၏။ | အကန့်အသတ်မရှိ။ |
| ၁၃။ ဝေဒနာ၊ တဏှာတို့ဖြင့် အိနေ၏။ | ဝေဒနာ၊ တဏှာတို့မှ လွတ်မြောက်၏။ |
| ၁၄။ တကယ်မရှိ၊ ပရမတ်မဟုတ်–မမြဲ။ | တကယ်ရှိ၊ ပရမတ်ဖြစ်ပြီးမြဲ၏။ |
| ၁၅။ သတ္တဝါတကယ်မရှိ။ | နိဗ္ဗာန်သည် တကယ်ရှိသည်။ |

၁၆။ နိဗ္ဗာနံ ''အသင်္ခတံ၊'' နိဗ္ဗာန်ဟာရေမြေ လေမီးဆိုတဲ့မဟာဘုတ်ကြီး ၄–ပါးတို့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ တည်ဆောက်ထားတဲ့ အရာမဟုတ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုကင်းစင်ခြင်း။

၁၇။ နိဗ္ဗာနံ နိစ္စံ၊ နိဗ္ဗာနံ ပရမံ သုခံ၊ နိဗ္ဗာန်တည်မြဲခြင်းရှိပြီး မြတ်သော ချမ်းသာဖြစ်သည်။ တကဲ့ချမ်းသာစင်စစ် ဖြစ်လေသည်။

* ဤသို့ အကျဉ်းမျှဖြင့်ပင် နိဗ္ဗာန်၏ သဘောတရားကို ပညာရှိ အရိယာအပေါင်းတို့သည် ချမ်းသာစင်စစ်ကြီးဖြစ်၍ စံဝင်ကိန်းပျော်ကြလေသတည်း။

## နိဗ္ဗာန်ပြသနာ (ပုစ္ဆာ ဝိသဇ္ဇနာ)

### မဇ္ဈိမပဏ္ဏာသ ပါဠိတော် အဂ္ဂိဝစ္ဆသုတ်မှ ဝစ္ဆအနွယ် ပရိဗိုဇ်၏ အမေးနှင့် အဖြေ

၁။ အရှင်ဂေါတမမှာ အယူတခုခု ဆိုတာ ရှိပါသလား။ အယူဆိုတဲ့ စကားကို ငါဘုရား ပယ်ထားပြီးပြီ။

(၁) ဒါက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဘဲ၊

(၂) ဒါက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ဖြစ်ကြောင်း တရားဘဲ။

(၃) ဒါက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်၊ ချုပ်ကြောင်း တရားဘဲလို့-

ဒီသဘောတွေကို မြင်ထားပြီးပြီ ဒါကြောင့် မြတ်စွာဘုရားဟာ ငါဘဲ၊ ငါ့ဥစ္စာ၊ ငါဟူသော ထောင်လွှားမှု ကိန်းဝပ်ခြင်း ဆိုတဲ့ ထင်မှတ်မှု အားလုံး မွှေနှောက်မှု အားလုံးကုန်တာကြောင့် တပ်မက်ခြင်း ကင်းတာကြောင့်၊ ချုပ်တာကြောင့်၊စွန့်တာကြောင့် စွဲလမ်းမှု ဥပါဒါန် မရှိတာကြောင့် (လွတ်မြောက်တယ်) လို့ ဆိုတယ်။

၂။ အရှင်ဂေါတမလွတ်မြောက်ရှိတဲ့ စိတ်ရှိတဲ့ ရဟန်းဟာ ဘယ်မှာ ပဋိသန္ဓေ အားဖြင့် ဖြစ်ပါသလဲ, ဖြစ်တယ် ဆိုတဲ့ အဖြစ်ကို မရောက်တော့ဘူး။

၃။ ဒီလိုဆို မဖြစ်ဘူးလား, မဖြစ်ဘူး ဆိုတဲ့ အဖြစ်ကိုလဲ မရောက်တော့ဘူး။

၄။ ဒီလိုဆို ဖြစ်လဲ ဖြစ်သလား,မဖြစ်လဲ မဖြစ်ဘူးလား။ ဖြစ်လဲဖြစ် မဖြစ်လဲ မဖြစ် ဆိုတဲ့ အဖြစ်ကိုလဲ မရောက်တော့ဘူး။

၅။ ဒီလိုဆို ဖြစ်တယ်လဲ မဟုတ် မဖြစ်တယ်လဲ မဟုတ်လား။

ဖြစ်တယ်လဲ မဟုတ်၊ မဖြစ်တယ်လဲ မဟုတ် ဆိုတဲ့ အဖြစ်ကိုလဲ မရောက်တော့ဘူး။

အကျွန်ုပ်တော့ဖြင့် နားမလည်တော့ဘူး တွေဝေသွားပြီ၊ အရှင်ဂေါတမ ဦးစွာ ဟောလိုက်တဲ့ တရားကြောင့် ကြည်လင်လာတာ ကလေးတောင် ပျောက်သွားပြီ။

ဗုဒ္ဓ— သင် နားမလည်ဘို့ ထိုက်ပေသပေါ့၊ ဒီတရားဟာ (၁)နက်လဲ နက်နဲတယ်၊ (၂)မြင်နိုင် ခဲတယ်၊ (၃) လျှော်အသိနိုင်ခဲတယ် (၄) ငြိမ်သက်တယ်၊ (၅) မွန်မြတ်တယ်(၆)ကြံဆပြီး သိထိုက်တဲ့ အရာလဲ မဟုတ်ဘူး၊ (၇) သိမ်မွေ့လွန်း လှတယ်၊ (၈) ပညာရှိတွေသာ သိရတယ်၊ (၉) သာသနာတော်မှ တခြားအယူ တခြား၊ အကြိုက် တခြား အလို၊ တခြားအယူမှာ အားထုတ်ခြင်း ရှိတဲ့ တခြား ဒိဋ္ဌိဘောင်

မှာ ဆရာရှိနေတဲ့ သင်ဟာ နားလည် သဘောပေါက် သိမြင်ဘို့ ခက်တယ်။

အို.... ဝစ္ဆ သင့်ကို ပြန်မေးမယ်၊ သင့်ရှေ့မှာ ငြိမ်းသွားတဲ့ မီးတောက်ဟာ အဲဒီ အရပ်က နေပြီးတော့ ဘယ် အရပ် ဆီသို့ သွားသလဲ ဆိုတာ သင် ဘယ်လို ပြောမလဲ။

အရှင်ဂေါတမ သွားတယ် ဆိုတဲ့ အရေ အတွက်သို့ မရောက် တော့ဘူး၊ သွားတယ်လို့ ဆိုစရာလဲ မရှိ တော့ပါ။

အဲဒီ မီးတောက်ဟာ ထင်း စသော လောင်စာကို အစွဲ ပြုပြီး၊ အကြောင်း ပြုပြီး တောက်ပါတယ်၊ လောင်စာ မရှိပြီ ဖြစ်တဲ့ အတွက် (ငြိမ်းပြီ) ဆိုတဲ့ အရေ အတွက်သို့သာ ရောက်ရ ပါတော့တယ်၊ အို.... ဝစ္ဆ ဤ အတိုင်းပါဘဲ၊ ကောင်းပေစွ။

## ဗုဒ္ဓသာသနာအရိယာဝိဇ္ဇာပညာခွင်ကြီးသည် သမုဒ္ဒရာ၏ အံ့ဘွယ် (၈) ဖြာနှင့် တူပုံသည်ကား

၁။ **ဝေလာတိက္ကမသာသနာ—** မဟာသမုဒ္ဒရာ ကြီးသည် မြစ်ကြီး(၅)သွယ် မြစ်ငယ် (၅၀၀)တို့မှ နေ့စဉ် ရေစီးဆင်း နေသော်လည်း ပြည့်လျှံသွားပြီဟူ၍ ကမ်းကို မလွန်နိုင် ထို့အတူ ဗုဒ္ဓသာသနာ အရိယာဝိဇ္ဇာပညာခွင်ကြီးလည်း

စတုပါရိသုဒ္ဓိသီလ၊ အာစိဏ္ဏကံ သစ္စာအဓိဋ္ဌာန်ဝိရတီဟူသော အကြောင်းကြောင့် အသက်ကိုသာလျှင် စွန့်ကုန်ရာသည်၊ သီလတည်းဟူသောကမ်းကိုမကျော်လွန် မလွန်ကျူးကုန်ရာ။

၂။ **အနုပုဗ္ဗသိက္ခာသာသနာ**— မဟာသမုဒ္ဒရာကြီးသည် အစဉ်အတိုင်း နက်ရှိုင်းကျယ်ဝန်းသွားဘိသကဲ့သို့ ထို့အတူဗုဒ္ဓ **သာသနာ အရိယာဝိဇ္ဇာပညာခွင်ကြီးသည်**လည်း သရဏဂုဏ် ပဉ္စသီလ စသော သိက္ခာငါးပါး စသော အရိယာဝိဇ္ဇာ ဓာတ်တက်စဉ်ငါးပါး၊ သိက္ခာသုံးပါး၊ ပဋိစ္စသမုပ္ပါဒ် အဘိ ဓမ္မာသစ္စာ (၄)ဖြာ နိဗ္ဗာန်တိုင်အောင် အစဉ်အတိုင်းနက်နဲ သိမ်မွေ့ဆန်းကြယ်၍ သွားလေသည်။

၃။ **မဟာန္တာဝါသသာသနာ** — မဟာသမုဒ္ဒရာကြီးသည် တိမိလ၊ ပိင်္ဂလ အာနန္ဒာ စသော ငါးကြီးတို့ချမ်းသာစွာ နေလောက်သကဲ့သို့ ထို့အတူ ဗုဒ္ဓသာသနာ အရိယာဝိဇ္ဇာ ပညာခွင်ကြီးသည်လည်း အရိယာသာဝက (၃)ပါးတို့နှင့် ရင့်မှာတကျိပ် နုမှာငါးရာ ဘုန်းသမ္ဘာရှင် သိဒ္ဓိရှင်စသော ဘုန်းပညာ ကြီးသူများပင်ဖြစ်စေ ချမ်းသာစွာ မွေ့လျော် ဆည်းပူးနိုင်လေသည်။

၄။ **ဧကနာမသာသနာ** — မဟာသမုဒ္ဒရာကြီးသို့ အစိရဝတီ၊ မဟီ၊ သရဘူ၊ ရောဝတီ၊ သံလွင် စသော မြစ်ချောင်း အပေါင်းတို့မှ စီးဝင်လာသမျှရေအပေါင်းတို့သည် မိမိ၏မူလ မြစ်ရေအမည်ကိုစွန့်၍ မြရောင်နှင့်တူသော သမုဒ္ဒရာရေတမျိုး

တစားတည်း ဖြစ်သွားဘိ သကဲ့သို့ ထို့အတူ **ဗုဒ္ဓသာသနာ အရိယာဝိဇ္ဇာပညာခွင်ကြီးသည်လည်း** လူမျိုး တရာ့တပါး ဘာသာ အစားစားတို့မှ အရိယာဝိဇ္ဇာပညာ ခံယူခြင်းနှင့် သာသနာ့ဝန်ထမ်း ပဥ္စင်းရဟန်းအဖြစ်သို့ ခံယူပြီးသည်နှင့် တပိုင်နက် ဘုရားရှင်၏တပည့်သား သာဝက ဘိက္ခု အရိယာ ဝိဇ္ဇာခေတ်ဝင် ပါရမီရှင် တမျိုးတစားတည်းသာ ဖြစ်သွားရ လေတော့သည်။

၇။ **အနုနာပူရသာသနာ**—မဟာသမုဒ္ဒရာကြီးသည် မိုးမ ရွာခြင်း၊ မိုးရွာလွန်းခြင်းတို့ကြောင့် ကမ်းကိုတက်ပြည့်ကျော် လျှံသွားခြင်း,လျော့နည်းသွားခြင်း မရှိသကဲ့သို့ ထို့အတူ **ဗုဒ္ဓ သာသနာ အရိယာဝိဇ္ဇာပညာခွင်ကြီး** သည်လည်း အရိယာ ဝိဇ္ဇာပညာခေတ် ပရိနိဗ္ဗာန်စံဝင်သူ မရှိခြင်း, အလွန်များခြင်း တို့ကြောင့် သဘောတရား ၉-ပါးနှင့် ပြည့်စုံသော နိဗ္ဗာန ခေတ်သည် လျော့နည်းသွားသည်ဟူ၍ မရှိ အစဉ် ထာဝရ ခေတ်တည်ထွန်းလျက်ပင်ရှိလေသည်။

၆။ **ကေရသသာသနာ**—မဟာသမုဒ္ဒရာကြီးသည်မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့မှ အစဉ်အမြဲ စီးဝင်လာကြသော ရေအပေါင်းတို့သည် မူလရေချိုမှကင်းပျောက်၍ ဆားငံရေ အရသာ တမျိုးတစားတည်းသာဖြစ်လာဘိသကဲ့သို့ ထို့အတူ **ဗုဒ္ဓသာသနာအရိယာဝိဇ္ဇာပညာခွင်ကြီး** သည်လည်း လူမျိုး အစားစား ဘာသာအများတို့မှ အရိယာဝိဇ္ဇာခေတ်ခံယူခြင်း ဗုဒ္ဓသာသနာခေတ် ခံယူခြင်း ပြီးမြောက်သည်နှင့် တပိုင်နက်

သကျဝံသ သာကိယအရိယာဝိဇ္ဇာခေတ်ဝင် ပါရမီရှင် တမျိုးတစားတည်းဖြင့် ဝိမုတ္တိရသ တခုတည်းသာ ဖြစ်လာရလေတော့သည်။

၇။ **ရတနာကရသာသနာ** — မဟာသမုဒ္ဒရာကြီးသည် အဘိုးအနဲ့ဂ္ဃထိုက်တန်သော အထူးထူးသော ရတနာ ၁၀-ပါးတို့ များစွာတည်ရာဖြစ်ဘိသကဲ့သို့ ထို့အတူ **ဗုဒ္ဓသာသနာ အရိယာဝိဇ္ဇာပညာခွင်ကြီး** သည်လည်း အရိယာဝိဇ္ဇာခေတ်တက်စဉ်များ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ တည်ရာဖြစ်၍ ပြည့်စုံလေသည်။

၈။ **ဒုဿီလဥက္ခိပနသာသနာ**— မဟာသမုဒ္ဒရာကြီးသည် အထူးထူးသော မြစ်ချောင်းအပေါင်းတို့မှ စီးဝင်လာသမျှသော အမှိုက်၊ ဒိုက်၊ အသေကောင်ပုပ် တို့ကို လက်မခံကမ်းထက်သို့ရိုက်လွှင့်တင်လိုက်ဘိသကဲ့သို့ ထို့အတူ ဗုဒ္ဓသာသနာ အရိယာဝိဇ္ဇာ ပညာခွင်ကြီး သည်လည်း သစ္စာဖောက်ကံကြီးထိုက်များ အတွင်းပုတ် ဒုဿီလရဟန်းရောင်, အရိယာဝိဇ္ဇာခေတ်ရောင်ဆောင်သော ပါပညစ်ခေါင်တို့အားလက်မခံပြင်ပသို့ထုတ်လွှင့်ပယ်ပစ်လိုက်ခြင်းသဘောတရားရှိလေသည်။

အထက်ဖော်ပြပါ သမုဒ္ဒရာ အင်္ဂါရှစ်ပါး သဘောတရားများကို သိမြင်ကြကုန်သော ပါရမီရှင် ဆွေတော်မျိုးတော်အပေါင်းတို့သည် အခါအခွင့်ကြုံကြိုက်ဆဲ အခွင့်အရေးကြီးတရပ်ဖြစ်သော အရိယာဝိဇ္ဇာပညာခွင်ကြီးတွင် မသိသုံးပါးလက်ကိုင်ထား၍ ဣဒ္ဓိပါဒ်( ၄ ) ပါးဖြင့် အသောကတရား

(၅) ပါးကို ယုံကြည်စွာဖြင့် အကျိုး (၄) ပါးထမ်းဆောင်ကြကုန်ရာသည်။

## ပကတိ သာဝက ဗောဓိဆုရှင်များအတွက် အန္တိမခေတ် တရားတော်

### နိဒါန်း

၁။ ပကတိသာဝက ဗောဓိဆုရှင်သည် နိမ္မိတဗုဒ္ဓ ရောင်ပျံ့ ဘုရားရှင်နှင့် ကျွတ်တန်းဝင်ရန် အာရုံစူးစိုက် ထားရပါမည်။

၂။ နိဗ္ဗာနခေတ်ကိုယခုချက်ခြင်းရယူရောက်,မျက်မှောက်ပြုလိုသောဆန္ဒ တာခေတ် ပြင်းမှုရပါမည်။

၃။ ဝဋ္ဋဘဝ ခန္ဓာ ဒုက္ခသစ္စာကို သိမြင်ပြီး နိဗ္ဗိန္ဒခေတ် နိက္ခမခေတ်၊ နိဿရဏခေတ် (နိ ၃-လုံးခေတ်) အဏ္ဏာသယ တည်ကိန်းရပါမည်။

၄။ နိဗ္ဗာနခေတ်သဘောတရား (၉)ပါးကို ကောင်းစွာ သဘောပေါက်ထားပြီး ဖြစ်ရပါမည်။

၅။ မိမိအားထုတ်ရမည့် "အန္တိမ ဝိပဿနာနည်း"၏ အားထုတ်နည်းကို ကောင်းစွာ တတ်သိထားပြီး ဖြစ်ရပါမည်။

၆။ မိမိပယ်သတ်ရမည့် ကိလေသာများကို လက္ခဏာ အစဉ်နှင့် မဂ်အစဉ်ကို ကောင်းစွာ သဘောပေါက်ရပါမည်။ ပါဒ့ စာအုပ် ၉၆-ဂ-၁၃-ရှိသည်။

၇။ သစ္စာ (၄) ပါး တရားများကို သိစွမ်းနိုင်သမျှသိ သဘောပေါက်အောင် ကောင်းစွာ ဆည်းပူးထား ရပါမည်။

၈။ မိမိအားထုတ်ဘို့ တတ်ကျွမ်းရမည့် တရားများမှာ နေ့စဉ် အားထုတ်ရန် တရားများမှာ—

## အလုပ်သဘောများ

၁–မေတ္တာချာန်လုပ်ထုံးကို ကောင်းစွာတတ်ကျွမ်းပြီး အားထုတ်ဝတ် မြဲရပါမည်။

၂-ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအားထုတ်နည်း တတ် ကျွမ်းပြီး အားထုတ်ဝတ် မြဲရပါမည်။

၃–အန္တိမ ဝိပဿနာလုပ်ထုံးကို ဖိုလ် (၅) ပါးဖြင့် အစဉ်တစိုက်အားထုတ်ရပါမည်(၂-၃-၅)

၄–ရတနာဒီပံသစ္စာမီး ကောင်းစွာကူးတတ်ပြီးနေ့စဉ် ဝတ်မြဲစွာ အားထုတ်ရမည်။


**၉။ အချိန်ရှိတွင် အားထုတ်ရန်တရားမြတ် ၂ ပါးမှာ—**

၁။ ဗုဒ္ဓ၏ "အနေကဇာတင်" (ခေါ်) ဥဒါန်းကျူး ဂါထာတော် + လောကုတ္တရာသိဒ္ဓိတင်+ လောကုတ္တရာဝိဇ္ဇာမိုရ်ဂါထာတော်ကို အနက်ပါရ အောင်ကျက်ပြီး သစ္စာ(၄)ပါး ဗုဒ္ဓခေတ် ကူးယူ ကျင့်သုံးရပါမည်။ ပီတိသောမနဿ ရွှင်မြူးရ ပါမည်။


၂။ နိစ္စမူဝပုဒ္ဓါနုဿတိလုပ်ထုံး (၄၃၄၄)ကို တရားချိန်မှ တပါးသောအချိန်များတွင် သတိ=ဝီရိယဖြင့် အာရုံပွားရပါမည်။

* ပကတိသာဝက ဗောဓိရှင်သည် အခြားသော ခေတ် ရှုပ်စေမည့် **ဂန္ဓာရီဂိုဏ်းလုပ်ငန်း** နှင့် အခြား တပါးသော လုပ်ထုံးများအပေါ်၌ စိတ်ဝင်စား ပျံ့လွင့်ခြင်း မဖြစ်ပွားရန် သတိကြီးစွာ ထားပါလေ။

## ဗုဒ္ဓ မြတ်စွာဘုရားရှင်၏ ဇာတာတော်




၁၂-ရာသီခွင်တွင် အတွင်းညစ်ပုံစံ။




ဗုဒ္ဓဘုရားရှင်၏ ဇာတာတော်ခွင်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇေယျတု သဗ္ဗ မင်္ဂလံ။ ။ကလိယုဂ် သက္ကရာဇ်- ၂၄၇၇-ခု၊ မဟာ သက္ကရာဇ် ၆၈-ခုနှစ်၊ ကဆုန် လပြည့် သောကြာနေ့ မွန်းတည့် စက် ၁၂-နာရီ မြန်မာနေ့ ၂-ချက် တီး တိတိ အချိန်တွင် ကပိလဝတ်ပြည် သုဒ္ဓေါဒန မင်းကြီး ၏ မိဖုရား မဟာမာယာမှ သိဒ္ဓတ္ထမင်းသား ဘုရားလောင်း တော်ကို ဝိသာခါ နက္ခတ်နှင့် ယှဉ်၍ ဖွားမြင်တော် မူ ပါသည်။

၂။ မဟာ သက္ကရာဇ် ၉၇-ခုနှစ်၊ သက်တော် ၂၉-နှစ် ဝါဆိုလပြည့် ဘနင်းလာ နေ့တွင် တောထွက်တော် မူသည်၊ ဒုက္ကရ စရိယာ ၆-နှစ် ကျင့်ပြီးသော် မဟာသက္ကရာဇ် ၁၀၃-ခု နှစ်၊ သက်တော် ၃၅-နှစ်တွင် ကဆုန် လပြည့် ဗုဒ္ဓဟူး နေ့၌ ဗုဒ္ဓ သဗ္ဗညုတ ဘုရားစင်စစ် ဖြစ်ပွင့်တော် မူပါသည်၊ မြတ် စွာ ဘုရား၏ ဇာတာတော်၌ တနင်္ဂနွေ အစ ရာဟု အဆုံး ဂြိုဟ် ၈-လုံး တို့သည် အတွင်း ဥစ် ၈-ချပ်ကို ရသဖြင့်(အဌ ဥစ္စော သမ္မာ သမ္ဗုဒ္ဓေါ) ဟူသော ပါဠိအရ ဘုရားဖြစ်တော် မူခြင်း ဖြစ်ပါသည်။

၃။ မဟာ သက္ကရာဇ် ၆၈-ခု ကဆုန်လပြည့် သောကြာ နေ့ မွန်းတည့် အချိန်တွင် သိဟ်-လဂ်-ရာဟု၊ ပြိဿ-တနင်္ဂနွေ ဗုဒ္ဓဟူး သောကြာ၊ မေထုန်-အင်္ဂါ၊ ဗြိစ္ဆာစနေ၊ ကန် ကြာ သပတေး၊ မိန်-စနေတို့ အတွင်း ဥစ် ၈-ချပ် ရပါသည်၊

(ရွှေသိပ် မီးတောက်လို ခြုံသော့ဟောက် ပြိုဿာ၊ ဆင်ပူးမင်း တိတျာ၊ တူရာသီ မုန်လှ၊ နောက်မိန်နေ ဟိုင်းချလို့၊ ဂြိုဟ်ဗျူဟ မိဿခွင်၊ ဂြိုဟ်ဇိဝါ ကရကဋ်၊ မှတ်ပေတော့ ဥစ် အိမ် သာရှင်၊ မူလ၏ အနေတွင်၊ ၁၂-ပင် စားပါတော့လေး။) ဟူသော အညွှန်း တေးထပ် အရ၊ သိပ် စနေ၊ ပြိုဿာအင်္ဂါ၊ တူမှာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ မိန် ရာဟု၊ ပြိဿ တနင်းလာ၊ ကရကဋ် ကြာသပတေး၊ အတွင်း ဥစ် ရာသီများ ဖြစ်ပါသည်။

၄။ မူလ မဟာ သက္ကရာဇ် ၆ဂ ခုကို၊ ၁၂ နှင့် စားလျှင် ဂ-ကြွင်းသည်၊ ဂြိုဟ် အသီးသီး၏ အတွင်း ဥစ် ရာသီမှ၊ ဂ-တန့် ရေတွက်ပြီး၊ ဂြိုဟ် အသီးသီးကို ချကြည့်လျှင် ဘုရား ရှင်၏ ဇာတာခွင်တွင်၊ ဤ အတိုင်းပင် ထပ်တူ ဂြိုဟ် ရှိပါ သည်၊ ဥပမာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ ရှိသော တူ ရာသီမှ ဂ-တန့် ရေတွက်လျှင် ပြိဿသို့ ကျ၏၊ ၎င်း ပြိဿ၌ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ ဂြိုဟ် ၃-လုံး ရှိနေသည် ကို တွေ့ရ ပါမည်၊ အခြား ဂြိုဟ်များ ကိုလဲ ဤအတိုင်း ချ ကြည့်ပါလေ။

ရာဟုကိုမူ ဂ-တန့် ပြောင်းပြန် ချယူပါလေ၊ ရာဟု၏ အတွင်း ဥစ် အိမ်သည်၊ မိန်ရာသီ ဖြစ်ရာ၊ ၎င်းမှ အစ ပြု၍ ကုမ် မကာရ ဓနု စသည် ပြောင်းပြန် ဂ-တန့်ရေလျှင်၊ သိပ်၌ ရာဟု ရှိနေသဖြင့် အတွင်း ဥစ် ရလေသည်၊ လဂ်နှင့်ရာဟု ပူးသည် ဤသို့ အတွင်း ဥစ် ဂ-ချပ် ရသဖြင့် အခြား ကိန်း

များနှင့်ပင် တွက်စရာ မလိုဘဲ ဘုရားစင်စစ် ဖြစ်မည့် ဇာတဝ ပင် ဖြစ်ပါသည်။

၅။ မဟာ သက္ကရာဇ် ၁၄၈-ခု၊ သက်တော် ၈၀ ကဆုန် လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံဝင်ရန်မှာလဲ အတွင်း ဥစ် ကိန်း ဆင်ပုံ၏၊ အခြေ အမြစ်ကို သိမြင်ပါက ထင်ရှားပါ သည်၊ အိန္ဒိယ ဗေဒင်ကျမ်းများ အရ (ကောင်း-အောင်- သာ-ဘယ်-ညာ-လက်-နဲ့-ရွေး) ဟူသော လင်္ကာ အရ ပြိဿစန်း၊ မိဿ တနင်္ဂနွေ၊ မိန် သောကြာ၊ ကရကဋ် ကြာ သပတေး၊ မကာရ အင်္ဂါ၊ ကုမ် ဗုဒ္ဓဟူး၊ တူ စနေ၊ ဗြိစ္ဆာ ရာဟု များမှာ အပြင် ဥစ် များသာ ဖြစ်ပါသည်၊ အိန္ဒိယ ဗေဒင် ပညာတွင် အဲ့တွင်း ဥစ်နှင့် အတွင်း ကသစ်တို့ ဟူ၍ မရှိပါ။

၆။ အတွင်း ဥစ်၏ စွမ်းအားကား။ ။တချပ် ရလျှင် ပင် ကောင်းလှ ပါသည်၊ ၄-ချပ် ရပါက ရာဇရုပ် ဖြစ်သည် ၅-ချပ်မှာ စကြာမင်း ဖြစ်သည်၊ ၆-ချပ်ကား သာဝက ရဟန္တာများ၊ ၇-ချပ်မှာ ပစ္စေက ဗုဒ္ဓါ၊ ၈-ချပ်မှာ ဗုဒ္ဓ ဘုရား ဖြစ်ပါသည် လူတိုင်းပင် ဥစ် ရကြသည် မဟုတ်ပါ။

၇။ ယခု ဇာတာ သက္ကရာဇ်များသည်၊ ပုပ္ပါးစောရဟန်း မင်းပြုပြီး နောက်မှ သက္ကရာဇ် ဖြစ်၍ ပုဂံ သက္ကရာဇ် ခေါ် ပါသည်၊ ဇာတာ တွက်၍ မရပါ၊ မဟာဘုတ်တိုင် ထူရန် သာ ရပါသည်၊ မဟာ သက္ကရာဇ်သို့ ပြောင်း၍ တွက်မှသာ မှန်ကန်ပါသည်။

☆ယခု သက္ကရာဇ် ၁၃၃၃-ခု နှစ်မှာ ဘုရားရှင်၏ သာသနာတော် ၂၅၁၅-ခု နှစ်နှင့် ပဉ္စမ မဟာ သက္ကရာဇ် ၁၄၈-နှစ် ရောပြီးမှသာ တွက်ရပါသည်။

## ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ကြောင်း အင်္ဂါ-၅ပါး

၁။ ရတနာသုံးပါးကို အသက်နှင့်ထပ်တူ ဆည်းကပ်ကိုးကွယ်သူဖြစ်ခြင်း၊ (အဝေစ္စပ္ပသာဒ သရဏဂုဏ်ရှိသူ)

၂။ ကံနှင့်ကံ၏ အကျိုးပေးတရားကို သက်ဝင်ယုံကြည်ခြင်း၊ (ကမ္မဿကတဉာဏ်နှင့် ပြည့်စုံခြင်း၊ တနည်း ယုံကြည်ခြင်း)

၃။ တရားတော်ကို ကောင်းစွာ ခံယူကျင့်သုံးသူ ဖြစ်ခြင်း၊ (ဓမ္မာနုဓမ္မပဋိပန္နဂုဏ် ပြည့်စုံသူ)

၄။ ၃၁-ဘုံကိုဝဋ်ဘုံ၊ ဒုက္ခဘုံကြီးအဖြစ် ခံယူထားပြီး တနည်း-နားလည်ထားပြီး ဝဋ်ဆင်းရဲဘဝ ခန္ဓာမှ လွတ်မြောက်လိုသော စိတ်ဓါတ် အစဉ်ကိန်းဝပ်သူ၊ (နိဿရဏဓါတ်၊ နိက္ခမဓါတ် ကိန်းဝပ်သူ)

၅။ နိဗ္ဗာန်ကို အစဉ်အာရုံ ကိုင်းရှိုင်းသူ ဖြစ်ခြင်း၊ (နိဗ္ဗာနသစ္စိကာရဏဉာဏ်ရှိသူ)

## ပညာရှိတို့သည် အဘယ်ကြောင့် တရားအားထုတ်ကုန်သနည်း

၁။ သေဆုံး စုဟောသောအခါတွင် တစုံတခုသော တရားကိုလက်ကိုင်ထားပြီး သေရန်၊

၂။ သံသရာတွင် ကောင်းစွာ လည်နိုင်ရန်၊
၃။ ပါရမီ- ၁၀- ပါးကို ကောင်းစွာ ဖြည့်ကျင့်နိုင်ပြီး ဗောဓိဉာဏ် ရင့်သန်စေရန်၊
၄။ ဗောဓိဉာဏ်ရင့်ပြီး မဂ်ဉာဏ် + ဖိုလ်ဉာဏ်ကို ရရှိစေရန်၊
၅။ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်မှ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန်။

၂၄-ပစ္စည်းတည်းဟူသော စွဲချက်အရ ကံဟူသော တရားသူကြီးက စီရင်ဆုံးဖြတ်ပစ်ချရာကို သတ္တဝါဟူသမျှ ခံရစမြဲပင်ဖြစ်လေသည်။

ပြုပြင်စီရင်အပ်သော အကြောင်းလေးပါး ကံ-စိတ်-ဥတု-အာဟာရကို လုံ့လဝီရိယနှင့် ပြုပြင်ရာသည်။

ဒါနနည်းသော်-( ၁ )ဆင်းရဲသော မိဘဝမ်းတွင် ဝင်စားသည်၊
( ၂ )ဆင်းရဲစွာ လုပ်ကိုင်စားရသည်၊
( ၃ )တသက်လုံး ဆင်းရဲခြင်းဖြင့်ပင် သေဆုံးရသည်။

သီလနည်းသော်-( ၁ )ဥပမိချုပ်ညှံ့သည် အင်္ဂါရုပ်ပျက်ယွင်းသည်၊
( ၂ )အနာရောဂါ ပေါသည်၊
( ၃ )သက်တမ်းစေ့မနေရ။

သမထနည်းသော်-(၁)မကြာခဏ စိတ်ဆင်းရဲ၊ ပဋိပက္ခ
ရှိသောမိဘ၊ စိတ်ဆင်းရဲသော မိဘ၌ဖြစ်၏၊
(၂)တွေ့သည့် သူတိုင်းက စိတ်ဆင်းရဲ
အောင် ပြုလုပ်သည်။
(၃)တသက်လုံးစိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့်
နေရတတ်သည်။

ဝိပဿနာနည်းသော်-(၁)ဉာဏ်ပညာမကောင်း၊
(၂)ပညာမသင်ရ၊
(၃)လွတ်လပ်စွာ တရားအားမထုတ်ရ။

လူတယောက်အား တန်ဘိုးဖြတ်လိုသော် ၎င်း၏ ဝီရိယ၊
သစ္စာ၊ သဒ္ဓါဖြင့် ဆုံးဖြတ်၍ ရနိုင်လေသည်။

**စိတ်အင်္ဂါ-၄-ပါး**

၁။ ဂူဟာသယံ-ဟဒယဝတ္ထုရုပ် ဟူသော နှလုံးအိမ်၌
တည်ကိန်း၏၊

၂။ အသရီရံ-အထည်ဒြပ်သဏ္ဌာန်မရှိ၊

၃။ ဒူရင်္ဂမံ-အဝေးသို့လည်း သွားရောက်ကျက်စား၏၊

၄။ ဧကစရံ-တခုဖြစ်ပြီးမှ တခုဖြစ်၏။

ဆန်းကြယ်သောကြောင့် စိတ် တနည်းအာရုံကို သိသော
ကြောင့်စိတ်။

မိစ္ဆာစာရ ပရဒါရကံ-သူတပါးတို့၏ အိမ်ယာ ကျူး လွန်ခြင်းသည်— (၁)ငရဲ ၇၀၀ (၂)ပြိတ္တာ-၇-ဘ၀ (၃) တိရိစ္ဆာန်-၇-ဘ၀(၄)နပုံးပဏ္ဍုက် (၅)ယောကျ်ားတလှည့် မိန်းမတလှည့်(၆)မိန်းမဖြစ်သော်လည်း ခင်ပွန်းတို့၏ စွန့်ပစ် ခံရ(၇)ကိုယ်အနံ့နံလွန်းပြီး သူများစွန့်ပစ်ခြင်းကို ခံရသည်။

## နှံ့ယသာဂရဓမ္မဒေသနာတော်

၁။ ပါရမီရှင်ဟူသမျှ မုချသိရမည့် 'ဥဒယဗ္ဗယ'တရား ငါးပါးဟူသည်မှာ—

၁။ သင်္ခါရ=ခန္ဓာကိုယ်တွင်ပုဂ္ဂိုလ်သတ္တဝါမရှိ ခန္ဓာငါးပါး နာမ်ရုပ်တရား နှစ်ပါးသာရှိသည်။

၂။ ဝိကာရ=ထိုနာမ်ရုပ်တို့သည် မတည်မမြဲဖြစ်ပြီး ပျက် မြဲသဘောသာရှိသည်မှန်၏။

၃။ လက္ခဏ= ထို နာမ်ရုပ်တို့ ဖြစ်ပျက်သောကြောင့် 'အနတ္တလက္ခဏာ' သဘောသာ ကေန်အစစ်ဖြစ် သည်။

၄။ နိဗ္ဗာန်=ထိုနာမ်ရုပ် သင်္ခါရနယ်မှ လွတ်မြောက်ရာ 'မဖြစ်ပျက်သော အသင်္ခတ' ဓါတ်သည်လည်း ကေန် အမှန်ရှိသည်။

၅။ ပညတ်=သဘောသုံးပါးရှိသော ခေါ်ဝေါ်သမုတ် ခါမျှသာ သမုတိပညတ် ဖြစ်သည်၊ သမုတိသစ္စာ အနေဖြင့် အမှန်သာရှိသည်။

၂။ လောကတွင် 'အထွေထွေ ဗဟုသုတပညာ' သည် မြတ်နိုးထိုက်သော 'ရတနာ' တပါးပင် ဖြစ်သည်။
(၁)ဗဟုသုတကို ဆည်းပူးမြတ်နိုးခြင်းသည် 'အသိပညာကို ဆည်းပူးမြတ်နိုးသည် မည်၏။
(၂)ဗဟုသုတကို တိုးပွားစေသူသည် တရားဓမ္မကို ပွားများစေသည်မည်၏။
(၃)ဗဟုသုတပညာသာ ပြည့်စုံပါက ပစ္စည်းဥစ္စာကို ငှင်း၊ကုသိုလ်ဓမ္မကိုငှင်း အသိအလိမ္မာ အရည်အချင်းကိုငှင်း၊ လိုရာပြီးစေနိုင်လေသည်။

သို့မှသာ နက်ရှိုင်းရှုပ်ထွေး ဘေးအန္တရာယ်တွေ ပေါများလှသော ဤလူ့ဘောင် သမုဒ္ဒရာကြီးကို လမ်းမှန်အတိုင်း စိတ်ချမ်းသာစွာဖြင့် အောင်မြင်စွာ ကူးမြောက်နိုင်ပေမည်။

၃။ လောကတွင် အသက်နှင့် စည်းစိမ်ကိုပါ စွန့်ထိုက်သောအချက် ၂-ချက်သာ ရှိလေသည်။
(၁)ရတနာ ၃-ပါးဖြစ်သော ဗုဒ္ဓသာသနာရေး အတွက်ငှင်း၊
(၂)မိမိ၏ ပေါ်ဓိဉာဏ် ရင့်သန်ရေးအတွက်ငှင်း အသက်ကို စွန့်ရသည်။
ယင်းနှစ်ချက်ကို ထိခိုက်မခံဘဲ ရှိရာသည်၊ ထိုစိတ်ဓါတ် မြင့်မားလာသည်နှင့်အမျှ ဘဝလဲ မြင့်မားရလေသည်။

၄။ လောကတွင် မိမိအမှားများကို အစဉ်သုံးသပ်၍ ကြိုးစား ပြုပြင်လေ့ ရှိသူသည် တနေ့ထက်တနေ့ လူတော်လူကောင်း ဖြစ်ထွန်းလာရမြဲ ဖြစ်သည်။ (သူတပါးအပြစ်ကို ရှုကြည့်နေပါက ရန်များပြီး မုန်းမည်)

၅။ လောကတွင် သူ့သဘောအတိုင်း ဖြစ်ပေါ်နေသော လောကဓံတရား အမျိုးမျိုးတို့နှင့် ထူးဆန်းသော လူ့စိတ်ဆန္ဒတို့ တွေ့ဆုံမိလျှင် ပဋိပက္ခတို့ ဖြစ်ပေါ်မြဲပင်ဖြစ်လေသည်၊ ထိုသဘောတရားကို သိမြင်ပြီး မိမိ၏စိတ်ဓါတ်ကိုသာ ပြုပြင်ရလေသည်၊ အံကိုက်စေရပါမည်၊ ယင်းတို့ဖြင့် ခံနိုင်ရည် တိုးတက်လာပြီးလျှင် ဆထက်တိုးတက် လာပါလိမ့်မည်၊ ဤသို့မှ် သင်မပြုလျှင် သင်၏စိတ်သည် လောကဓံအမျိုးမျိုးတို့၏ ထောင်းထုမှုဒဏ်ဖြင့် အစဉ် ဆင်းရဲဒုက္ခသောကများဖြင့် အသက်တိုရမည်သာ ဖြစ်လေသည်။

## နိဗ္ဗာနဓာတုသဘောတရား

### ၁။ သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်

၁။ မျက်စိနဲ့ မမြင်ကောင်းတဲ့ ဉပါဒ်, ဌီ, ဘင် ဆိုတဲ့ အပိုင်းအခြားမရှိတဲ့ ထက်ဝန်းကျင် ဆိပ်ကမ်းရှိတဲ့ အသိဉာဏ် အထူးနဲ့သိမြင်ရတဲ့ နိဗ္ဗာန်ဟာရှိပေတယ်။

၂။ အဲဒီနိဗ္ဗာန်မှာ ရေ,မြေ,လေ,မီး မတည်ရှိဘူး၊ အဲဒီနိဗ္ဗာန်မှာ အရှည်,အတို,အကြီး,အငယ်, အကောင်း,အဆိုးလဲ မရှိဘူး၊ အဲဒီနိဗ္ဗာန်မှာ နာမ်နဲ့ရုပ် မကြွင်းမကျန် ချုပ်တယ်၊ အဲဒီနာမ်ရုပ်မှာ ဝိညာဉ်ချုပ်လို့ ဒီနာမ်နဲ့ရုပ်လဲ ချုပ်ရတယ်။

## ၂။ ဥဒါန်းပါဠိတော် ပထမနိဗ္ဗာနပဋိသံယုတ္တသုတ်

၁။ မဂ်ဉာဏ်ဖိုလ်ဉာဏ်စသည်တို့ရဲ့ အာရုံပြုရာအကြောင်းဆိုတဲ့ အနက်သဘောကြောင့် အာယတနတည်ရာလို့ ဆိုတဲ့ နိဗ္ဗာန်ဟာ ထင်ရှားရှိသည်သာဖြစ်တယ်။

၂။ နိဗ္ဗာန်မှာ ဘဝတခုခုကလာတာကို လာစရာဌာန ရယ်လို့မရှိတဲ့အတွက် ငါမဟောဘူး၊ နိဗ္ဗာန်ကနေပြီး ဘဝတခုခုဆီသို့သွားတာကို ငါမဟောဘူး၊ မြေတောင်စသည်တို့လိုတည်ရာမရှိတဲ့အတွက် တည်ခြင်းကိုလဲငါမဟောပါဘူး။

၃။ စုတေရွေ့လျောတာကိုလဲ ငါမဟောဘူး၊ ပဋိသန္ဓေအားဖြင့် ဖြစ်တာကိုလဲ ငါမဟောဘူး။

၄။ နိဗ္ဗာန်ဟာ နာမ်သဘောဖြစ်တဲ့အပြင် အကြောင်းကင်းတဲ့အတွက် ဘယ်မှာမှတည်မနေဘူး။

၅။ အဖြစ်သဘော မရှိတဲ့အပြင် အဖြစ်သဘောရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့အတွက် ဖြစ်တဲ့သဘောမဟုတ်ဘူး၊ အာရုံပြုမှုမရှိသည်သာတည်း။ ဒီသဘောသာ ဝဋ်ဆင်းရဲ ဟူသမျှရဲ့ အဆုံးဖြစ်တယ်။

## ၃။ ဥဒါနိ်းပါဠိတော် တတိယနိဗ္ဗာနပဋိသံယုတ္တသုတ်

၁။ အကြောင်းတွေဆုံစည်းလို့မဖြစ်တဲ့ပေ၊ အကြောင်းတွေဆုံစည်းပြီး မစီမံတဲ့ ထွက်မြောက်ရာ နိဗ္ဗာန်ဟာ ပရမတ်အနေနဲ့ တကယ်ရှိပေတယ်။

၂။ ဤတွင် (၁) မဖြစ်ခြင်းအဇာတ၊ (၂) ထင်ရှားမဖြစ်ခြင်း အဘူတ၊ (၃) မပြုလုပ်ခြင်း အကတ၊ (၄) မစီမံခြင်း အသင်္ခတတို့သည် ထွက်မြောက်ရာ နိဗ္ဗာန်ကိုချည်းခေါ်ဆိုသည့်၊ စကားလုံးများသာ ဖြစ်လေသည်။

## ၄။ ဣတိဝုတ်ပါဠိတော် နိဗ္ဗာနဓာတုသုတ်မှ

၁။ ဒီ အတ္တဘောမှာ အဲဒီရဟန္တာပုဂ္ဂိုလ်အားချမ်းသာခံစားခြင်းစတဲ့ ကြိယာအဗျာကတ ခံစားခြင်းအားလုံးတို့ဟာ တဏှာစတဲ့ သဘောတို့နဲ့ မနှစ်သက်တော့ဘဲ တဖန်ပြန်ပြီး မဖြစ်တဲ့ အနေနဲ့ ငြိမ်းအေးသွားတာကိုဘဲ ခန္ဓာငါးပါး ကြွင်းသေးတဲ့ အနုပါဒိသေသနိဗ္ဗာန်လို့ဆိုရတယ်။

## ၅။ အရှင်နာဂသေနနိရောဓနိဗ္ဗာနပဥှာ

၁။ ချုပ်တာသည် နိဗ္ဗာန်မည်၏၊ ပုထုဇဉ်အားလုံးဟာ အတွင်းအပအာယတနတွေကို အလွန်နှစ်သက်ကြတယ်၊ စွဲလမ်းပြောဆိုကြတယ်၊ အဆုံးတိုင် သက်ဝင်ပြီး တည်ကြတယ်။ အဲဒီတဏှာရေအယဉ်နဲ့ မျောပါရတယ်၊ ဇာတိဖြစ်ရတယ်၊

အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းဘေး တွေကမလွတ်ကြရဘူး။

၂။ အရိယာဖြစ်တဲ့တပည့်ဟာ အာယတနတွေကိုအလွန် နှစ်သက်မှုမရှိတော့ဘူး၊ အဆုံးတိုင်သက်ဝင်ပြီး မတည်လေ တော့ တဏှာချုပ်ရတယ်၊ တဏှာချုပ်လေတော့ ပြင်းစွာ စွဲလမ်းမှုဥပါဒါန်ချုပ်ရတယ်၊ ပြင်းစွာစွဲလမ်းမှုချုပ်လေတော့ ဘဝချုပ်ရတယ်၊ ဘဝချုပ်တော့ ဖြစ်ခြင်းဇာတိ ချုပ်ရတတ်၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသတွေလဲချုပ်ရတယ်။ အဲသလို ဆင်းရဲအစုချုပ်သွားတယ်၊ အဲသလိုချုပ်သွားတာဟာ နိဗ္ဗာန် မည်ပါတယ်။

၃။ နိဗ္ဗာန်ဟာတည်ရာမရှိလို့ အရှေ့,အနောက်,တောင်, မြောက်,အထက်,အောက် ဗီလာ အရပ်တွေမှာ ဖြစ်စေ အမြဲ အစွဲ တည်နေတယ်လို့မရှိပါဘူး။

၄။ နိဗ္ဗာန်ဖြစ်ကြောင်းဟောတော်မမူပါ၊ အကြောင်း အကျိုးကင်းတဲ့သဘောဖြစ်၏။ မရှိတာဟာ နိဗ္ဗာန်မဟုတ်ပါ၊ တကယ်ရှိပါတယ်၊ လေဟာ တကယ်ရှိပါတယ်၊ သို့သော် အဆင်းသဏ္ဌာန်၊ အကြီးအငယ်ဟူ၍ မပြနိုင် မမြင်နိုင်သလို ပါဘဲ၊ အရိယာများသည် ကိုယ်တိုင်တွေ့သိရလို့ နိဗ္ဗာန်ရှိ ကြောင်း ထင်ရှားပါတယ်။

## ၆။ အဋ္ဌကထာဆရာကြီး အရှင်ဓမ္မပါလနှင့် အရှင်မဟာ ဗုဒ္ဓဃောသ

၁။ အသင်္ခတဓာတ် ဆိုသည်ကား အသင်္ခတ သဘော ဖြစ်သော နိဗ္ဗာန် ပေတည်း၊ ယင်းနိဗ္ဗာန်ကို အာရုံ ပြုပြီး သကာလ ရာဂ စသည်တို့ ကုန်တတ်သောကြောင့် ရာဂ၊ ဒေါသ၊ မောဟ ကုန်ရာသည် နိဗ္ဗာန် မည်၏၊ (သဠာယတန ဝဂ် သံယုတ် ပါဠိတော်) အရ ဟောသည်။

၂။ သဠာယတန သံယုတ် ပါဠိတော် အရဟတ္တ ပဉှာ သုတ် ရာဂ ဒေါသ မောဟ ကုန်ရာသည် အရဟတ္တဖိုလ် ဟု ခေါ်ပါသည်။

၃။ နိဗ္ဗာန် ဆိုတာ ဓမ္မာယတန ထဲမှာ အကျုံး ဝင်တဲ့ ပရမတ္ထ တရားပါ အရဟတ္တဖိုလ် ဆိုတာက ခန္ဓာ ၄-ပါးတို့ ဖြစ်ပါတယ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးတဲ့ ဓမ္မသေနာပတိ အရှင် သာရိပုတြာဟာ နိဗ္ဗာန်ကိုဘဲ မေးမေး အရဟတ္တဖိုလ် ကိုဘဲ မေးမေး ကိလေသာ ကုန်ရာကိုသာ မိန့်မှာတော် မူမှာ ပါဘဲ ဟု (ဝိဘင်း အဋ္ဌကထာ အာယတနဝိဘင်း ဓမ္မာယတန နိဒ္ဒေသ) အရ ဟောပါသည်။

၄။ နိဗ္ဗာန်ကို အာရုံ ပြုပြီးတော့ အကြောင်း ပြုပြီးတော့ ရာဂ စတဲ့ တရားတွေ ကုန်မှာတယ်၊ ဒါကြောင့် နိဗ္ဗာန်ကို ရာဂ ကုန်ရာ၊ ဒေါသ ကုန်ရာ၊ မောဟ ကုန်ရာ တို့သည် နိဗ္ဗာန်ပင် ဖြစ်ပါသည်။

၅။ အဝိဇ္ဇာ တဏှာ ဆိုတဲ့ တရားနှစ်မျိုးဟာ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ အကြောင်းပြုပြီးတော့ ယင်းနိဗ္ဗာန်မှာ ကုန်ပြီ၊ ယင်းနိဗ္ဗာန် ပျက်စီးပြီ၊ ယင်း နိဗ္ဗာန်မှာ ချုပ်ငြိမ်းပြီ နိဗ္ဗာန်မှာ ရုပ်ပါရုံစတဲ့ တစုံတခုသော တရားဆိုလို့ လုံးဝ မရှိတော့ပေ။

## ၇။ ရှင်ဥက္ကံသမာလာ (မဟာဒွါရနိကာယ) အုတ်ဖို ဆရာတော် (၁၁၇၉÷၁၂၆၇)

၁။ ဘုရား ရဟန္တာ ပစ္စေက ဗုဒ္ဓါ တို့သည် နိဗ္ဗာန်ပြည် မြတ်သို့ ရောက်ခါ ကံစသော အကြောင်းတရား လေးပါး တို့ ပြုပြင် စီရင်ခြင်း ကင်းသော "အမတနာမ် ဝိသေသ+ အမတ ရုပ်ဝိသေသ" ဖြင့် စံနေတော်မူလေသည်။

၂။ ဤနည်းသာ ဥစ္ဆေဒ၊ နတ္ထိ၊ အကြိယ၊ အဟေတုက၊ သဿတဒိဋ္ဌိများမှ ကင်းလွတ်သော ယူဆနည်း ဖြစ်ကြောင်း။

၃။ နိဗ္ဗာန်သို့ ရောက်သော ဘုရားရှင်ကို ပဓာန နည်း အစုတ္တ သိဒ္ဓိနည်း တို့ဖြင့် နိဗ္ဗာန်၌ သွင်း၍ နိဗ္ဗာန်ဟုပင် ခေါ်ဝေါ်ရကြောင်း ဟောကြား ယူတော်မူသည်။

## ၈။ ပထမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး (၁၁၈၄—၁၂၅၅)

၁။ နိဗ္ဗာန်ဟူသည် ထင်ရှား မရှိ၊ နိဗ္ဗာန် ရောက်သူတို့ လည်း အလုံးစုံ ကွယ်ပျောက် ပြတ်တောက်၍ (အချည်းနှီး

တုဠ္ဆ+အဘာဝ) အဖြစ်သို့ ရောက်၍ သွားကြလေတော့သည် ဟူသော အယူကို ခုခံ ကာကွယ်ကာ(ဝါ) ရှင်းလင်း ငြင်းဆိုကာ ⟹ နိဗ္ဗာန်သည်ရှင်း၊ နိဗ္ဗာန်ချမ်းသာသည်ရှင်း၊ နိဗ္ဗာန်သို့ ရောက်ပြီးနောက် အမြဲတည် စံနေခြင်းသည်ရှင်း ရှိပုံကို–

၂။ နိဗ္ဗာန်ဟူသည် (၁၁)ပါးသော မီးအပေါင်း တို့မှ ငြိမ်းအေးခြင်း ဓာတ်အစုကို ခေါ်ခြင်း ဖြစ်သည်၊ ယင်းနိဗ္ဗာန်သည် ၁၊ လုံးလုံးကြီး ဘယ်ဟာ တခုမှမရှိသော အဇ္ဈာတ အဘာဝမျိုးမဟုတ် ၂၊ ရှန့်ကြမ်းစွာဖြစ်နေသည့် အဇ္ဈာတ အဘာဝမျိုး မပေါ်ဘဲ နူးညံ့သိမ်မွေ့လှ ပါသည်။

၃။ နိဗ္ဗာန် ထင်ရှား ရှိပုံမှာ ပရိနိဗ္ဗာန် ပြုမည့်ပုဂ္ဂိုလ် မပေါ်လာမီကပင် ကမ္ဘာကမ္ဘေ ဖြစ်၍နေနှင့်သော အရှိမျိုး မဟုတ်။

၄။ ယင်းနိဗ္ဗာန်သည် ဖြစ်လိုရာ၌ ဖြစ်နေသည့် တရားမျိုး မဟုတ်၊ ပရိနိဗ္ဗာန ရဟန္တာ ပုဂ္ဂိုလ်တို့၏ ကိုယ် ခန္ဓာကို စွဲ၍ သာလျှင်၊ ထို ကိုယ်ခန္ဓာ ကွယ်လွန်သည့် အခါ ဖြစ်ပေါ် လာသော "တရားထူး ဝိသေသ" ဖြစ်သည်။

၅။ နိဗ္ဗာန်သည် ခန္ဓာ၌ပင် ဖြစ်သည်၊ ခန္ဓာနှင့် စပ်၍ နေသည် ဟူရာ၌ ခန္ဓာနှင့်မှုချ မစပ်၊ ခန္ဓာငြိမ်းခြင်းနှင့်သာ မှုချစပ်၏။ ခန္ဓာ မငြိမ်း မပျောက်လျှင် နိဗ္ဗာန်လဲ မပေါ် မရောက်လာပါ။

၆။ နိဗ္ဗာန်ရောက်သည် ဟူရာ၌ နိဗ္ဗာန်ရှိရာ ပုဂ္ဂိုလ်က သွားရသည် မဟုတ်၊ ပုဂ္ဂိုလ်ရှိရာသို့ နိဗ္ဗာန်က ရောက်လာသည်။

၇။ နိဗ္ဗာန် ရောက်သွားသူတို့သည် အလုံးစုံ ပြတ်တောက်သည့် အဖြစ်သို့ ရောက်၍ သွားခြင်း မဟုတ်၊ မိမိတို့ ရောက်ရာ နိဗ္ဗာန်၌ပင် မအို့မသေ အမြဲတည်စံကြရသည်။

၈။ ပရိနိဗ္ဗာန် ပြုသွားကြသည့် ဘုရား၊ ရဟန္တာ ပုဂ္ဂိုလ် ဟူသမျှ ပျောက်၍ ပြတ်၍ မသွား၊ နိဗ္ဗာန်၌ သဿတလည်း မဟုတ်၊ ဥစ္ဆေဒလည်း မကျ၊ 'မဇ္ဈိတ္တာကာရ'ယင်း ၂-ရပ်တို့မှ လွတ်သော အလည် ၊လတ် သဘောဖြစ်သော အခြင်းအရာ နက်နဲသော သဘောဖြစ်၍ အမြဲတည်နေတော်မူကြသည်။

## ၉။ မြို့ပြင်ကြီးဆရာတော် (၁၁၈၉+၁၂၆၃)

၁။ ခန္ဓာငါးပါး သင်္ခါရတရားသည် 'သင်္ခတဓမ္မ'မည်၏။ ပရမတ်အသင်္ခတဖြစ်သော နိဗ္ဗာန်ဟူသော ဝိသင်္ခါရတရားသည် 'အသင်္ခတဓမ္မ'မည်၏။

၂။ နိဗ္ဗာန်သည် အကြောင်းတို့ အညီအညွတ်ဖြစ်၍ မပြုပြင် မစီရင်အပ်သည် အမြဲတည်းဟူသော အကြောင်း ဗျုပ္ပတ္တိနိမိတ်ကြောင့် 'အသင်္ခတ'မည်သည်။

၃။ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ခြင်းကြောင့် ဖြစ်သော သဘောမဟုတ်ကြောင်းကို သိစေရန် (၁) အဇာတ၊

အကြောင်းတို့ကြောင့် မဖြစ်သော 'အကြောင်းမဲ့သော'ဟု ဟောတော်မူသည်။ ဤသို့လျှင် နိဗ္ဗာန်သည် အကြောင်းနှင့် ကင်း၍အကြောင်းမရှိဘဲ အလိုလိုအားဖြင့်သာ ဖြစ်တတ်သော သဘောဖြစ်လေသလော,ဟု မေးမြန်းဘွယ် ယုံမှားဘွယ် ရှိပြန်သဖြင့်။ (၂) အဘူတံ၊ အကြောင်းနှင့် ကင်း၍ မိမိဘာသာလည်း မဖြစ်သော,ဟု ဟောတော်မူပါသည်။ ထို နိဗ္ဗာန်ဖြစ်ရန် ဖြစ်စေရန် တစုံတခုသော အကြောင်းကမှ မပြု,ဟု သိစေရန်။ (၃) အကတံ၊ တစုံတခုသော အကြောင်းမှ မပြုအပ်သော,ဟု ဟောတော်မူပါသည်။

၄။ နိဗ္ဗာန်အား ဥပါဒ်,ဋ္ဌီ,ဘင် ဟူသော သင်္ခတလက္ခဏာ မရှိ၊ ထိုသင်္ခတလက္ခဏာမှ ကင်းသောကြောင့် (၄) အသင်္ခတံ၊ မပြုပြင် မစီရင်အပ်သော,ဟု ဟောတော်မူပါသည်။

၅။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ်နိဗ္ဗာန် အစစ်သည် ဖြစ်ခြင်းပျက်ခြင်း မရှိသောကြောင့် မြဲသော သဘောရှိသည်။ ယင်းသို့ မြဲသော သဘောဖြစ်သောကြောင့် အစဉ်မပြတ် အခါခပ်သိမ်း ထင်ရှားရှိသည်။ အစဉ်မပြတ် အမြဲထင်ရှားရှိသော အားဖြင့် တည်နေလေသည်။ ဆရာတော်ကြီးက စူဠနိဒ္ဒေသပါဠိတော်, သေတကေတုဇာတ် ပါဠိတော်(ဓမ္မပဒပါဠိတော်)ကို ညွှန်ပြလေသည်။

## ၁၀။ လယ်တီဆရာတော်ဘုရားကြီး(၁၂၀၈+၁၂၈၅)

၁။ ပရိနိဗ္ဗာန်စံဝင်တော်မူသည် နိဗ္ဗာန်သို့ ရောက်တော်မူသည် နိဗ္ဗာန်သို့ ကြွသွားတော်မူလေသည်,ဟူသော စကားများမှာပင် နိဗ္ဗာန်ဘက်ဆီသို့ ကူးတက်ဆက်နွယ်၍ သွားသောတရား,ဟူ၍ တစုံတရာ မရှိပြီ,ဟူသော အနက်သည် တချက်တည်း ပါ၍ သွားလေတော့သည်။

၂။ လူ့ပြည်မှ ကွယ်လွန်၍ နတ်ပြည်သို့ ရောက်လေသည်,ဟု ဆိုရာဝယ်— (၁) ရောက်အပ်သော နတ်ပြည်။ (၂) ရောက်တတ်သော ပုဂ္ဂိုလ်။ (၃) လူ့ပြည်မှ ကွယ်ပျောက်၍ နတ်ပြည်၌ ပေါ်လာခြင်း,ဟူသော ရောက်ခြင်းကြိယာ,ဟူ၍ ၃–ချက် ထင်ရှားစွာ တွေ့မြင်ရသကဲ့သို့ပင်။

၃။ (၁) ရောက်အပ်သော နိဗ္ဗာန်ဌာန။ (၂) ရောက်တတ်သော ပရိနိဗ္ဗုတပုဂ္ဂိုလ်။ (၃) ခန္ဓာငါးပါး အဖြစ်မှ ကွယ်ပျောက်၍နိဗ္ဗာန်တည်းဟူသော လောကုတ္တရာဘုံဌာနမှာ ထိုပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်းကြိယာ,ဟူ၍ ၃–ချက် ရအောင်ပင် ကြံယူကြရသည်။

၄။ ရဟန္တာပုဂ္ဂိုလ်တို့ စုတိကမ္မဇရုပ် ချုပ်တော်မူပြီးနောက် ရဟန္တာတို့၏ သန္တာန်မှာ နိဗ္ဗာန်သို့ ကူးဘက် ဆက်နွယ်၍ သွားသော တရား,ဟူ၍ တစုံတရာ မရှိပြီ၊ (သံယုတ်ပါဠိတော်)။

၅။ ရဟန္တာတို့ စုတိကမ္မဇရုပ် ချုပ်ပြီးနောက် ထိုရဟန္တာတို့၏ ခန္ဓာမှ နိဗ္ဗာန်သို့ ကူးတက် ဆက်နွယ်၍ သွားသော ပရမတ်တရား,ဟူ၍ မရှိပြီ၊ ပညတ်တရား,ဟူ၍လဲ မရှိပြီ။

၆။ လောက၌ ခန္ဓာငါးပါးက တခြား၊ ခန္ဓာငါးပါး အရှင်သခင် အတ္တ(ဝါ)သတ္တဝါ ပုဂ္ဂိုလ်က တခြား,ဟု ယူလေ့ရှိကြသည်။ လက်စသတ် ခန္ဓာချုပ်ငြိမ်းရာတွင် ပုဂ္ဂိုလ်သတ္တဝါလည်း ပြတ်တောက်လေတော့သည်,ဟု ယူလျှင် မရှိနတ္ထိ အယူမျိုးဖြစ်၏။ ပြတ်စဲအယူ ဥစ္ဆေဒဒိဋ္ဌိမျိုး ဖြစ်သည်။

၇။ လက်စသတ် ခန္ဓာချုပ်ငြိမ်းသော်လည်း ခန္ဓာရှင်, ပုဂ္ဂိုလ်, သတ္တဝါ, အတ္တကား မချုပ်,ဟု ယူလျှင် အရှိအတ္ထိ အယူတည်း၊ တည်မြဲအယူ သဿတဒိဋ္ဌိမျိုး ဖြစ်သည်။

၈။ ထို့ကြောင့် ခန္ဓာငါးပါး ထင်ရှားရှိမှ ယင်းနှင့်ဆိုင်သည့် သတ္တဝါ,စသော ပညတ် ဝေါဟာရမျိုး ရှိနိုင်သည်။ ခန္ဓာငါးပါး လက်စသတ် ချုပ်ငြိမ်းခဲ့လျှင် ထိုသန္တာန်နှင့် စပ်ဆိုင်သည့် ပညတ်တရားများ ရှိနေစရာ မလိုပြီ၊ ထို့ကြောင့် အသခ်ၤတနိဗ္ဗာန်သို့ ရောက်နေသည့် ပရမတ်တရား+ပညတ်တရား,ဟူ၍ မရှိတော့ပြီ။

၉။ သင်္ခတတရားတို့၏ ဖြစ်မှုရှိခြင်းကို ဘာဝ,ဟု ခေါ်၏၊ မဖြစ်မှု,မရှိမှုကို အဘာဝ,ဟု ဆိုသည်။ ဖြစ်ခြင်းရှိ နယ်က ဒုက္ခနယ်တည်း၊ ဖြစ်ခြင်း မရှိသော အဘာဝနယ်ကား သုခ နယ်ကြီးပေတည်း။

၁၀။ အဘာဝ,ဆိုသော်လည်း ကိလေသာ ခန္ဓာတို့၏ မရှိမှုကို ရည်၍သာ ခေါ်ဆိုခြင်း ဖြစ်၏။ အသင်္ခတပရမတ် တရားအနေနဲ့ကား ရိုးရိုးမှန်သော ဘာဝပင်တည်း။

၁၁။ လောကဥ္ဇ ရှိသမျှ သုခသည် ဘာဝသုခမျိုး ဖြစ်သော်လည်း မမြဲသော အနိစ္စတရားမျိုးသာ ဖြစ်သောကြောင့် ခဏချင်း ခဏချင်း ကွယ်ပသော အဘာဝမျိုး ဖြစ်လေသည်။

၁၂။ သန္တိဘာဝ ချုပ်ငြိမ်းသော ဘာဝသည်သာလျှင် နိစ္စထာဝရ၊ ဘာဝသုခမျိုး ဖြစ်သည်။

၁၃။ နိဗ္ဗာန်,ဟူသည် အစဉ်ဖြစ်ပေါ်နေသော စိတ်, စေတသိက်,ရုပ် တရားတို့၏ အဖြစ်ငြိမ်းမှုပေတည်း။

၁၄။ ထိုအဖြစ်ငြိမ်းမှုအား ကျေးဇူးပြု၍ တည်နေသော ဓာတ်အဘာဝကြီး သီးခြားရှိသည်။ နိဗ္ဗာန်ကြီး အစစ် ဖြစ်သည်။ (ကိလေသာခန္ဓာ၏ အဖြစ် ချုပ်ငြိမ်းမှုသည် ထိုနိဗ္ဗာန်ကြီး၏ အကျိုးဆက်မျှသာ)ဟု အချို့ဆရာတို့က ယူကြ၏။ ထိုအယူမှာ ပါဠိတော်နှင့် မညီပေ။ (မြို့ပြင်ကြီး ဆရာတော်၏ အယူကို ဆိုလိုသည်)

"လယ်တီဆရာတော်၏ အယူအဆ ပြီး၏"

## ပါဠိတော် ဒေသနာအရ ထောက်ထားစရာများ

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ပညာခွင် ဒု-တက်စဉ် စာအုပ် ၁၂ မှ ၁၃ ကိုရှင်း။

၂။ ပညာခွင် ဒုတိယ, စာအုပ်၊ စာမျက်နှာ ၁၂၄,ရှိ ဥဒါန်း ပါဠိတော်ကိုရှင်း ဆင်ခြင်ရာသည်။

၃။ ပညာခွင် ဒုတိယ, စာအုပ်၊ စာမျက်နှာ ၁၂၅,ရှိ နိဗ္ဗာန် အာရုံပြု မျက်မှောက်ပြုပုံကို ရှုပါ။

ဤကဲ့သို့သော ဗုဒ္ဓသာသနာတော်ကြီးကို ခံယူကြ သူတို့သည် အဆုံးတိုင် ဗုဒ္ဓသာသနာတော်ကို ခံယူ မျက်မှောက်ပြုခြင်း၊ စံဝင်တော်မူခြင်း ဟူသည်ကိုလည်း ကျေးဇူးရှင်ညောင်ရမ်း ဆရာဘုရား၏ အဆုံးအဖြတ် သဘောတရားယူဆချက်များကို ခံယူ မှတ်သား၍ အာစရိယဝါဒကို ရယူကုန်ရာသည်။

၁။ နိဗ္ဗာန်၏ သဘောတရားများ ဂုဏ်လက္ခဏာများ။
၂။ ဘုရား,ရဟန္တာတို့၏ စုတိသဘောတရားများ။
၃။ နိဗ္ဗာန်သို့ စံဝင်ခြင်း,ဟူသော သဘောတရားများ။
၄။ သဥပါဒိသေသ နိဗ္ဗာန်နှင့် အနုပါဒိသေသ နိဗ္ဗာန် သဘောတရား ဆက်ပုံ။

## ညွှန်းချက်

၁။ ဒွါရမဟာနိကာယ အုတ်ဖို,ဆရာတော်ဘုရားကြီး၏ "စန္ဒမဏ္ဍလသုတ္တာ နိဗ္ဗာန်စာတမ်း"။
၂။ ပဌမ ရွှေကျင်,ဆရာတော်ဘုရားကြီး "ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတိဒီပနီ" ကျမ်း။

၃။ မြို့ပြင်ကြီး,ဆရာတော် "အဘိဓမ္မတ္ထ သရူပဒီပကာ" ကျမ်း။
၄။ လယ်တီ,ဆရာတော်ဘုရားကြီး 'နိဗ္ဗာနဒီပနီ' ကျမ်း။

---

## ဗုဒ္ဓဘုရားရှင်၏ပဌမဝစန
## ဗုဒ္ဓါဘိသေကအနေကဇာဥဒါန်းကျူး ဂါထာတော်

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိပုနပ္ပုနံ၊
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

**ဘောဂဟကာရက**၊ရုပ်နာမ်ဟူကလိန် ခန္ဓာအိမ်ကို၊ကြိမ်ဖန်များစွာတည်ဆောက်လာသော၊ တဏှာအကြောင်းဟူရား—ဟယ်- လက်သမား။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ရုပ်နာမ်ဖြစ်ပျက် ဆင်းရဲချက်ပြင်းသော ဒုက္ခသစ္စာ မှန်ပါပေ၏။ ဂဟကာရံ၊ ဝဋ္ဋဘဝ ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာသော တဏှာယုတ်စွ၊ သမုဒယသစ္စာကို။ ဂဝေသန္တော၊ စိစစ်စောကြောစုံစမ်းရှာဖွေလာသကဲ့သို့သော ငါဘုရားသည်။ အနိဗ္ဗိသံ၊ ထို သဗ္ဗညုတဉာဏ်တော်ကို မရောက်ရသေးသည် ဖြစ်၍။

အနေကဇာတိသံသာရံ၊ မရေမတွက်နိုင်သော ဘဝများစွာ သံသရာတို့ကာလပတ်လုံး။ သန္ဓာဝိဿံ၊ ၃ဝ-ဘုံ စုန်ဆန်မြောပါ ကျင်လည်ပြေးသွားခဲ့ရပေပြီ။ ဘောဂဟကာရကာ၊ ရုပ်နာမ် ယှက်လိန် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာတဲ့ တဏှာအကြောင်းတရား .. ဟယ် ... လက်သမား။ တွံ၊ သင့် ကြောင်းရင်းမူလ ...သမုဒယသစ္စာကို။ ဒိဋ္ဌော၊ တွေ့မြင်သည်။ အသိ၊ဖြစ်ပြီ။ တွံ၊သင်တဏှာသည်။ ပုန၊ တဖန်။ ဂေဟံ၊အတ္တ ဘောကည်းဟူသောအိမ်ကို။ နကာဟာသိ၊ မတည်ဆောက်နိုင် တော့လတ္တံ့။ တေ၊ သင်-တဏှာလက်သမား အကြောင်း တရား၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဖာသုကာ၊ကိလေသာ တည်းဟူသော အိမ်၏ အခြင်နှင့်တူသော လောဘကို။ ဘဂ္ဂါ၊ငါချိုးဖျက်အပ်ပြီ။ ဂဟကူဋံ၊ကိလေသာတည်းဟူသော အိမ်၏ အထွဋ်နှင့်တူသော အဝိဇ္ဇာကို၊ ဝိသင်္ခတံ၊ အရဟတ္တ မဂ်ပညာတည်းဟူသော မဂ္ဂသစ္စာဖြင့် ငါဖျက်ဆီးအပ်ပြီ၊ မဂ္ဂသစ္စာတည်းဟူသောအရဟတ္တမဂ် ဓါးသံလျက်ဖြင့်ငါဖျက် ဆီးအပ်ပြီ။ ဝိသင်္ခါရဂတံ၊ ပြုပြင်စီရင်ခြင်းကင်းသော။ မေ၊ ငါဘုရားသခင်၏။ စိတ္တံ၊ စိတ်တော်သည်။ တဏှာနံ၊ တဏှာ တို့၏။ ခယံ၊ ကုန်ခန်းခြင်းသို့။ အဇ္ဈဂါ၊ နိဗ္ဗာန်သို့ ငါရောက်ရှိပြီ။

# ကျေးဇူးရှင် ညောင်ရမ်းဆရာဘုရားသည် ဦးဓမ္မစာရီမူမှ ကူးယူ ပေးတော်မူသည် ပကတိသာဝကဗောဓိရှင်များ၏ ဆုတောင်း

[ရတနာဒီပံတွင်လည်း ဤအတိုင်းပင် ဆိုရပါသည်]

၁။ ဤအဓိဋ္ဌာန်သစ္စာ တည်မှန်ပါသဖြင့်—

ဘုရားတပည့်တော်သည် ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ဉာဏ်ကေန်ရောက်ရစေသတည်း။ အကယ်၍ မရောက်ငြားအံ့ တာဝတိံသာနတ်ပြည်၌သာလျှင် အရဟတ္တမဂ်ဉာဏ်အရဟတ္တဖိုလ်ဉာဏ်ကို ရောက်ရပြီးလျှင် အထက်မဂ် အထက်ဖိုလ်တို့ကို ပေါက်မြောက်ရ၍ ရောင်တော်ပျံ့မြတ်စွာဘုရား ပွင့်တော်မူသောအခါတွင် မမေ့မလျော့ ဖူးတွေ့ရ၍ ကျွတ်စာရင်းဝင်သချာတွင် ပါဝင်ရပြီးလျှင် ပကတိသာဝကဗောဓိဆုဖြင့် ပရိနိဗ္ဗာန်ကေန်စံဝင်ရစေသတည်း။

၂။ ဤ အဓိဋ္ဌာန်သစ္စာတည်မှန်သဖြင့်—

ဘုရားတပည့်တော်သည် အကယ်၍ ပါရမီမပြည့်သဖြင့် ယခုဘဝတွင် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်မရောက်မရနိုင်လျှင်(၃)ဘဝတိုင်တိုင်လူသားဘဝဖြင့် ပါရမီ(၁၀)ပါး ဝိပဿနာတရားကို ကောင်းစွာဆည်းပူး ဖြည့်ကျင့်နိုင်ရ၍ (၃)ဘဝမြောက်သောဘဝတွင် အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် ကေန်ရောက်ရစေသတည်း။ အကယ်၍ မရောက်ရ

ပြောအံ့၊ တာဝတိံသာနတ်ပြည်တွင် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ရောက်ရ၍ အထက်မဂ်အထက်ဖိုလ်တို့ကို ပေါက်မြောက်ရပြီးလျှင် ရောင်တော်ပံ့ မြတ်စွာဘုရား ပွင့်တော်မူသောအခါတွင် မဖွဲ့မလျော့ဖူးတွေ့ရ၍ ကျွတ်စာရင်းဝင် သချၤာတွင် ပါဝင်ရပြီးလျှင် ပကတိသာဝက ဗောဓိဆုဖြင့် ပရိနိဗ္ဗာန်ကေန်စံဝင်နိုင်ရစေသတည်း။

၃။ ဤအဓိဋ္ဌာန်သစ္စာ တည်မှန်ပါသဖြင့်—

ဘုရားတပည့်တော်သည် ဘယ်နည်းနှင့်မျှ ၇-ဘဝထက် မကျော်မလွန်နိုင်စေသတည်း။ ဤအတွင်း၌သာလျှင် အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ကေန်ရောက်ရ၍ ပရိနိဗ္ဗာန် ကေန်စံဝင် ရစေသတည်း။

* ဆုတောင်းသောအခါတွင်ဖြစ်စေ၊ ဆုသစ္စာ ပြုလုပ်သောအခါတွင်ဖြစ်စေ၊ ရတနာဒီပံသစ္စာမီး ကူးသောအခါတွင်ဖြစ်စေ၊ ဤ (၃)ခွန်းသော စကားကိုသာလျှင် ပန်သ အားထုတ်ရပါမည်။

---

## ဗုဒ္ဓ အာဝေဏိက ဂုဏ်တော် (၁၈) ပါး (ဓာရဏာ ပရိတ်)


၁။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ တို့၌ မပိတ် မပင်သောဉာဏ် ရှိတော်မူခြင်း ၃-ပါး။

၂။ ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည် ဉာဏ်တော်လျှင် ပြဋ္ဌာန်းခြင်း ၃ ပါး။

ဗုဒ္ဓဘုရားရှင်၏ နှုတ်ဦးမင်္ဂလာ ဥဒါန်းကျူး သစ္စာ၄-ပါးပြ ဂါထာ

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ ဂဟကာရံ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ ဂဟကာရက
ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊ သဗ္ဗာ တေ ဖါသုကာဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ ဝိသင်္ခါရဂတံ စိတ္တံ တဏှာနံ ခယမဇ္ဈဂါ။

၁




၅

လောကီ အကျိုးစီးပွား အောင်ခြင်းမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံပြီး၊ လောကုတ္တရာ မဂ်,ဖိုလ်,နိဗ္ဗာန် အကျိုးစီးပွားကို လိုလားကုန်သော ပါရမီရှင်တို့သည်၊ သက်တော်ထင်ရှား သဗ္ဗညုတ မြတ်စွာဘုရားခင်ကို ဦးထိပ်ထက်တွင်တင်ပြီး၊ အာရုံ ကြည်ညိုလေးမြတ်စွာဖြင့် အပရာဇိတ အောင်ခေတ်ခံယူပြီး အစဉ်ကြိုးရင့်ပါလေ။ ဇယားပုံ အနက်အဓိပ္ပါယ်ကို သဘောပေါက်ခံယူခြင်း ပြုပါလေ။

၃။ ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ယုတ်ခြင်း၊ မရှိခြင်း ၆-ပါး။

၄။ မြူးတူးခြင်း မရှိ၊ မြူးတူးလိုသော စကားမရှိ၊ ချွတ်ယွင်းခြင်း မရှိ၊ အဆောတလျင် ပြုသော အမှု မရှိ၊ ကြောင့်ကြခြင်း မရှိ၊ မစုံစမ်း မဆင်ခြင် မှု၍ ပြုခြင်း မရှိ ၆-ပါး။

ဗုဒ္ဓ အာဝေဏိက ဂုဏ်တော်= ၁၈—ပါးတည်း။

## ပစ္စေကဗုဒ္ဓါ ရဟန္တာတို့နှင့် မဆက်ဆံ ကုန်သော ဗုဒ္ဓဘုရား၏ အံ့ဘွယ်အထူး ကျေးဇူးတော် ၁၈-ပါး မှာ

၁။ ဝတ်တော် မူသော သင်္ကန်းတော်သည် ဖွတ်ဆိုးခြင်း နယ်ခြင်း၊ နွမ်းရိခြင်း မရှိခြင်း ၁-ပါး။

၂။ ဆံတော် တောထွက်တော်မူသောအခါ၊ ဖြတ်တော်မူသည့် အတိုင်း၊ မတို မရှည် လက် ၂-သစ် သာ တည်ခြင်း။

၃။ ကိုယ်ဝတ်တော်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ သပိတ်၊ ရေစစ်၊ ဓမကရိုဏ်၊ ဟူသော ပရိက္ခရာ တော် တို့ကို ဆောင်သော်လည်း၊ ကိုယ်တော်နှင့် မထိ လက် ၄-သစ်မျှ ခြားလျက် ရှိခြင်း။

၄။ သပိတ်တော်ဆေးလျှင်၊ လက်တော်ပါ စင်၏၊ လက်တော် ဆေးလျှင် သပိတ်တော်ပါ စင်ခြင်း။

၅။ မုန့်ညင်းစေ့ခွန် ထဲသို့ ပရိက္ခရာ ၈-ပါးနှင့် တကွ စကြဝဠာလျှောက် နိုင်ခြင်း။

၆။ ၆-ပါးသော ရောင်ခြည်တော်တို့ လွှတ်သော် အရပ် ၁၀ မျက်နှာတိုင်သို့ ရောက်ခြင်း။

၇။ တန်ခိုးတော်ဖြင့် ဝေနေယျတို့ အလိုသို့ လိုက်၍၊ ကိုယ်တော်ကို သိန်းသန်း မက ဖန်ဆင်း၍ ချွတ် တော် မူခြင်း။

၈။ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် တည်း ဟူသော ခေတ် ၃ ပါး၌၊ အမိုက်ကို သော်၎င်း၊ အလင်းကိုသော်၎င်း၊ ဖန်ဆင်း နိုင်ခြင်း။

၉။ ကိုယ်တော်ကို အထက်ကောင်းကင်ပြင်သို့ ရောက် အောင် လဝန်းပေါ်သကဲ့သို့ မြင့်တော် မူနိုင်ခြင်း။

၁၀။ သန့်ရှင်းသော၊ သာယာသော၊ သိလွယ်သော၊ နာချင် ဘွယ်သော၊ ပျံ့သော၊ လုံးသော၊ နက်သော၊ ပဲ့တင်ထပ်သော၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟောတော် မူသော တရား သည်၊ ပရိသတ် ရှိလေရာရာက ကြားနိုင်ခြင်း။

၁၁။ လူနတ်တို့၏ စိတ်ကို သိနိုင်သော-အာသယာနုသယ ဉာဏ်တော် ရှိခြင်း။

၁၂။ ကျွတ်လတံ့သော ဝေနေယျ တို့ကို သိတော် မူနိုင်သော၊ မဟာကရုဏာ သမာပတ္တိဉာဏ်တော် ရှိခြင်း။

၁၃။ ကျွတ်လတံ့သော ဝေနေယျတို့၏၊ ဣန္ဒြေ အနုအရင့်ကို ပိုင်းခြား သိမြင်နိုင်သော ဣန္ဒြိယ ပရောပယတ္တိဉာဏ်တော်။

၁၄။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်၊ ဤငါးယျခုံ တရားငါးပါး၌ ကောင်းစွာ သိတော် မူခြင်း ၅-ပါး။ (အစုစု ၁၈-ပါးတည်း)

ဘုရားရှင် တို့၏ ဂုဏ် ကျေးဇူးတော် တို့ကား အနန္တပင်ဖြစ်သော်လည်း နဝဂုဏ် ဆိုသော စကားကဲ့သို့ သင်္ချာအားဖြင့် အံ့ဘွယ်အထူး ဂုဏ် ၁၈-ပါးကို ပြတော် မူပါသည်။

## ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ ပရိနိဗ္ဗာန ဝိထိ သဘောတရား

### (၁) မရဏာ သန္နဇောစိတ်

၁။ ဘဝဂတိ တခုခုသို့ မဖြစ် လတံ့သော ပုဂ္ဂိုလ်တို့အား ပရိနိဗ္ဗာန် ပြုသောကာလ၌ ဖြစ်သော ဝိထိ စိတ်တို့တွင် စုတိကိုလွှတ်၍ မနောဒွါရာဝဇ္ဇာန်း မရဏာ သန္နကြိယာဇောတို့သည်၊ နာမ် ရုပ် လက္ခဏာ ပညတ်ကို အာရုံ ပြုကုန်၏၊ ထိုအာရုံသည် ကံ ကမ္မ နိမိတ် ဂတိ နိမိတ် ဟူသော အမည်

မရှိ၊ အဘယ်ကြောင့် ဆိုသော် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ တို့သည် တစုံတခုသော ဘဝဂတိ တို့၌ ဖြစ်လတံ့သောပုဂ္ဂိုလ် မဟုတ်သောကြောင့်တည်း။ (အဘိဓမ္မတ္ထ ဝိဘာဝနိဋ္ဌိကာ)

၁။ နာမရူပ ဓမ္မာဒိက မေဝ ၌ အာဒိဝန်ကား လက္ခဏာ ပညတ်ကို ယူအပ်၏။

၂။ စုတိ ပရိယော သာနံ၊ အရကား မနောဒွါရိက ဝီထိ စိတ်ကိုသာ ယူအပ်၏။

## (၂) စုတိစိတ်

၁။ စုတိစိတ်သည် ပစ္စုပ္ပန် ဘဝ၌ ရှေးဦးစွာ ဖြစ်သော ပဋိသန္ဓေစိတ်၏ အာရုံနှင့် တူသောကံ၊ ကမ္မ နိမိတ် ဂတိနိမိတ် ၃–ပါးတို့တွင် တပါးပါးကို အာရုံပြု၏။

၂။ ခပ်သိမ်းသော သတ္တဝါတို့အား တခုသော ဘဝ၌ ပဋိသန္ဓေ စိတ်သည်ရင်း၊ ဘဝင်စိတ်သည်ရင်း၊ စုတိ စိတ်သည်ရင်း တူသော အာရုံ ရှိသည်သာလျှင် ဖြစ် ကုန်၏။

၃။ ပစ္ဆိမ ဘဝိက ဖြစ်သော ဘုရား အလောင်းတော်သည် ပဌမ မဟာ ဝိပါက်စိတ်ဖြင့် သာလျှင် အဆုံးစွန်သော ဘဝ ပဋိသန္ဓေကို ယူကုန်၏။

၄။ မဟာဝိပါက်ဉာဏသမ္ပယုတ် တိဟိတ်ပဌမအသင်္ခါရိက စိတ်သည် ပစ္ဆိမ ဘဝိက ဘုရားလောင်း တို့၏ ပဋိ

သန္တေစိတ် ဖြစ်ရကား ထို မဟာဝိပါက် ဉာဏသမ္ပယုတ် တိဟိတ် ပဋ္ဌမ အသင်္ခါရိက စိတ်သည် ပင်လျှင် စုတိစိတ် ဖြစ်၏၊ ထိုစုတိ စိတ်သည် ပရိတ္တာရမ္မဏ ကောန်သာတည်း။

၅။ မဟာဂုတ် လောကုတ္တရာ နိဗ္ဗာန် ပညတ်ကို အာရုံမပြုကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါး တို့တွင် ဂတိနိမိတ်ကိုသာ အာရုံ ပြု၏။ (ဓမ္မသင်္ဂဏီ အဋ္ဌကထာ အဘိဓမ္မတ္ထ သင်္ဂဟ လက်သန်း အဋ္ဌကထာ)

## (၃) ပရိနိဗ္ဗာနစေတ် အနုပါဒိသေသ နိဗ္ဗာနစေတ်

၁။ ဝိရတ္တ ဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်သည် အကြင်အခါ သေ၏၊ ထိုအခါ ရှေးရှေးကာလက ပြုတူး၍ စိတ်သန္တာန်၌ ပါ၍ လာသော အပရာ ပရိယကံ ဥပပဇ္ဇ ဝေဒနီယကံ၊ ဒိဋ္ဌဓမ္မ ဓေဒနီယကံ ဟူသော ကမ္မဘဝတွေနှင့် တကွ ယခု ရရှိ၍ နေသော ပစ္စုပ္ပန်ခေတ် ဖ-ပါး ဘဝခဲကြီး၏ ဒုက္ခဝန်ထုပ် ဝန်ပိုးကြီးကို အပြီးတိုင် လက်စသတ် စုတိစိတ် ချုပ်သည်နှင့် တပြိုင်နက် ချုပ်ကြကုန်၏၊ ဤ ရုပ်နာမ် သင်္ခါရတို့ ချုပ်ဆုံးသွားခြင်းနှင့် တပြိုင်နက် အေးငြိမ်းမှု "သီတိသန္တိ" နိဗ္ဗာန်ခေတ်ကြီးသည် ရှေ့မှ ကပ်လျက်ပင် စံဝင်ရလေသည်။

(သတ္တင်္ဂုတ္တရ ပါဠိတော်)

၄။ သေက္ခ ပုဂ္ဂိုလ်တို့ ရောက်အပ်သော နိဗ္ဗာန်၊ ရဟန္တာ မသေမီ ရရောက်အပ်သော နိဗ္ဗာန်ကို ခန္ဓာကို ခန္ဓာငါးပါး

ရှိစဉ် ဖြစ်၍ သ ဥပါဒိသေသ နိဗ္ဗာန် မည်၏၊ ခန္ဓာ ဝန်ထုပ်ကြီးထဲ၌ ဝင်ပြီး ထမ်းရွက် နေရခြင်းသည် လူသေကောင်ထဲ ဝင်နေရသော တုသိတ နတ်သား ကဲ့သို့ အလွန်ဆင်းရဲ ပင်ပန်းလေးလံ လှစွာသော ခါတ် ၆-ပါး ဝန်ထုပ်ကြီးကို ထမ်းရွက် နေရသော ရဟန္တာအား စတုဇရုပ် ချုပ်ဆုံး စုတိပြီးခြင်း အသင်္ခတဓာတ် ဝိမုတ္တိ ရသ နိဗ္ဗာန် စံဝင်လေသည်၊ သေငြိမ်း၍ သွားသော မီးတောက် ကဲ့သို့ ရုပ်နာမ် သင်္ခါရ ချုပ်ဆုံးကာ စုတိမရဏမှ လွတ်ခြင်းပင် သီတိသန္တိ နိဗ္ဗာန် စံဝင် ကိန်းလေသည်။ (ဣတိဝုတ် ပါဠိတော်)

## (၄) အရှင် အနုရုဒ္ဓါ၏ ဥဒါန်းဂါထာ
## (အခြား ဥဒါန်း ဂါထာများ)

၅။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် ပြုသော အခါ၊ အရှင် အနုရုဒ္ဓါမထေရ်သည် "အနေဇော သန္တိ မာရဗ္ဘ ယံ ကာလ မကရိ မုနိ" စသော ဥဒါန်း ကျူးရင့်သော ဂါထာအရ ကျည်းကန် ရှင် နန္ဒမဇ စသော အချို့ကမူ မြတ်စွာဘုရား၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံ ပြုသည် ဟူ၍ ဖြစ်လေသည်၊ ဤအယူ အဆကို ပရမတ္ထ သဘာဝ ဖြစ်သော အာရုံ၊ အာရမ္မဏိက၊ ပစ္စည်း၊ ပစ္စယုပ္ပန္န ဓမ္မတို့အရ မှား၏ဟု ထောက်ပြကြပုံမှာ ပဋ္ဌာလောကန မှုအရ ဂတိနိမိတ် ကိုသာ စုတိစိတ် အာရုံပြုကြောင်း ခိုင်မာစွာ ပါဠိတော်များ ထောက်ပြကြလေသည်။ (အထက်ပါစာ ပါဠိတော်များ)

## "အသိဉာဏ်နှင့် ပဋိသန္ဓေသဘာဝ"

၁။ **အသိ-ဗုဒ္ဓဝိဇ္ဇာ၊** ဘုရားရှိခိုးခြင်း၊ ဘုရားတည်ခြင်း၊ ဘုရားကြည်ညိုခြင်း သဘောတရား။

၂။ **ဉာဏ်-ဓမ္မဝိဇ္ဇာ၊** တရားအားထုတ်ခြင်း၊ တရားတည်ခြင်း၊ တရားကြည်ညိုခြင်း သဘောတရား။

၃။ **ပဋိသန္ဓေသဘာဝမှာ—**

(၁) ဇာတိပဋိသန္ဓေ တဖန်ပြန်နေသူသည် ကွယ်လွန်စုတေသူလည်း မဟုတ်။

(၂) အခြား တစုံတယောက်သော သူလည်း မဟုတ်ပေ။ (အင်္ဂါ ၂-ပါး ရှိသည်) မှန်ထဲမှ အရိပ် ဥပမာကို ယူပါ—

(က) မှန်ရှေ့တွင် ရပ်နေသူက အကြောင်းတရား၊

(ခ) မှန်ထဲမှာ ထင်နေတဲ့ အရိပ်က အကျိုးတရားပင် ဖြစ်လေသည်။

တနည်း—မှန်ထဲက အရိပ်ဟာ မှန်ရှေ့က လူ၏ ဇာတိပဋိသန္ဓေ ပြန်နေတဲ့သူဘဲ, ဟုလည်း ယူရပါသည်။


တနည်း—အတိတ်ဘဝက ခန္ဓာငါးပါးနှင့် ယခုပစ္စုပ္ပန်မှာရှိတဲ့ ခန္ဓာငါးပါးတရားတွေဟာ အတူတူဘဲ,လို့ ဆိုလျှင်လည်း၊ ယူလျှင်လည်း မှားပါသည်။

....တဖန် အတိတ်ဘဝက ခန္ဓာငါးပါးတွေနဲ့ ယခု ခန္ဓာငါးပါးဟာဖြင့် ကင်းလွတ်တဲ့ ခန္ဓာငါးပါးတွေဘဲ့လို့ ဆိုရင်လဲ၊ ယူရင်လဲ မမှန်ပေဘူး။

....အနာဂတ်မှာ ခန္ဓာငါးပါး ပေါ်လာရဦးမှာဖြစ်တဲ့ ယခု လုပ်ရှားမှု ပြုလုပ်သမျှတွေ ရှိနေလို့ဘဲ ဖြစ်ပါတယ်။

....အမှန်တရားမှာ- ဝိညာဉ်တို့၊အတ္တတို့ ဆိုတာတွေဟာ လူတွေရဲ့ စိတ်တွေပေါ်မှာ ဖုံးအုပ်နေတဲ့ အဝိဇ္ဇာ တိမ်သလ္လာတွေကြောင့် တကယ်ရှိတယ်လို့ ထင်နေကြခြင်းသာ ဖြစ်ပါသည်။

ဖုံးနေပုံမှာ




(တဏှာ အကြောင်း+ဥပါဒါန် အကျိုး)

↓

(ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ)

အဘိဓမ္မာနည်းဖြင့် ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရန်မှာ—

၁။ ရတနာ ၃-ပါး၌ အသက်ထက် မြတ်နိုးစွာ ဆည်းကပ်ခြင်း။

၂။ ကံနှင့် ကံ၏ အကျိုးပေး တရားကို အဘိဓမ္မာနည်းဖြင့် သိမြင် ယုံကြည်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်တရားကို ကောင်းစွာ ယုံကြည်ခြင်း။

၃။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိကို အစွန်းလွတ်အောင် ခံယူတတ်ခြင်းတို့ ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်
## (FOURTH DIMENSION EVOLUTION THEORY)

၁။ သိပ္ပံပညာ Genral Science ဆိုသည်မှာ ရုပ်ဝတ္ထုတို့ကို အပူအအေးပေး၍၎င်း၊ အခြားနည်းဖြင့်၎င်း လက်တွေ့စမ်းသပ်မှု၏အဖြေကို ခံယူသိရှိရခြင်းဟုဆိုပေသည်။တနည်းအားဖြင့်—ယထာဘူတ အရတိုင်း သဘာဝတရားတို့၏ အမှန်တကယ်ဖြစ်ပျက်နေသော လှုပ်ရှား ပြောင်းလဲနေသည့် အခြင်းအရာသဘောတရားများ၏ အစငယ်ကလေးများကို ဘာဓတလေစီလက်တွေ့ စမ်းသပ်ရှာဖွေ စူးစမ်းမှုများမှ ပေါ်ပေါက် သိရှိလာရသော အချက်အလက်များကို(သဘာဝဂုဏ်ရား၏ ဖုံးဝှက်မှုများကို ) ဖြေရှင်း တွေ့ရှိရချက်များကိုပင် သိပ္ပံပညာဟုသတည်း။

၂။ ကုဋ္ဌေကဋ္ဌာ မရေမတွက်နိုင်အောင်များပြားလှသည့် သဘာဝတရားစုများမှ တစတလေမျှ စမ်းသပ် စူးစမ်းတွေ့ရှိရမှုကလေးများကိုစုစည်းကာ သိပ္ပံပညာဟူ၍ ဖော်ပြကြွားဝါနေကြခြင်းမှာ သမုဒ္ဒရာရေကလေး တစက်နှစ်စက်ကို ရရှိပြီး အူမြူးနေသကဲ့သို့ငင်း၊ ရတနာကုဋ္ဌေကုဋ္ဌာမက တည်ရှိသော သမုဒ္ဒရာဝမ်းပြင်မှ ရွှေစကလေး တစ, နှစ်စကို ရရှိသကဲ့သို့ သာတည်း။

၃။ လောက၌ မသိသေးသောတရားသာရှိ၏၊ မသိအပ်သောတရားဟူ၍ဘာမျှမရှိဟူသည့်အတိုင်း သိပ္ပံပညာဟူသော ရုပ်ဝတ္ထုပစ္စည်းများ၏ စမ်းသပ် စစ်ဆေး ရှာဖွေမှုတည်းဟူသော အချိန်နှင့် ငွေရော အသက်ပါ အကုန်အကျများပြားလှပြီး ပင်ပန်းဆင်းရဲလှစွာသော ဤနည်းကို ခေတ်လူများ ပီသစွာဆက်လက်၍ ဆည်းပူးနေရဦးမည်သာ ဖြစ်လေသည်။

၄။ အမှန်တကယ်မှာ ထိုရုပ်ဝတ္ထုတို့၏ တိုက်စစ်ဆေးမှုထက် စိတ်ဓာတ် Moral Psychology နည်းကောင်းနည်းမြတ်ဖြင့်သာလျှင် အကြွင်းမရှိလွယ်လင့်တကူ အချိန်မကုန်ငွေမကုန်လူမပန်းဘဲ သိမြင်နိုင်သောနည်းကို လေ့ကျင့်ကြဖို့ လိုအပ်ပေသေးသည်။ ယင်းရုပ်ဝတ္ထုနည်းဟုဆိုသော်လည်း ထိုလုပ်ကြံမှုအပေါ်တွင် လူတို့၏စိတ်တန်ခိုး တွေ့ကြုံသိမြင်မှုလည်း အမှန်တကယ် ဦးဆောင်ပါဝင်နေကြောင်းကိုမူ မသိဘဲရှိနေကြလေသေးသည်။

၅။ လက်ရှိသိပ္ပံပညာ၏ သဘောတရားနှင့် ပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်ဟူသော ယထာဘူတ သဘာဝတရားစု များမှတခုကို သာဓကထုတ်၍ ဖော်ပြပါမည်။

၁။ သက်ရှိ သတ္တဝါများသည် သက်မဲ့ အရာဝတ္ထုဒြပ်စု များ၏ ပေါင်းစည်းမှုမျှ တညီညွတ်မှု ပြည့်စုံသော အခါတွင် သက်ရှိအဖြစ်သို့ အလွန်တရာနှေးကွေးစွာ တဖြည်းဖြည်းခြင်း ကူးပြောင်း ဖြစ်ထွန်းလာရစမြဲ ပင်ဖြစ်ပါသည်။ ထိုစကာစုးတို့တွင် အကြောင်း တရားများ၏ ညီညွတ် ပြည့်စုံမှုဟူသော သဘော တရားဓမ္မကိုမူ ပဋိစ္စသမုပ္ပါဒ် တရားတော်မှတပါး တရားအခိုင်အမာညွှန်ပြနိုင်သောဘုရားလည်းမရှိပေ၊ တရားလည်းမရှိပေ။

၂။ ဤနည်းကိုမှီး၍ လူတို့၏ ဓာတ်ခွဲခန်းများမှ သက်မဲ့ ဒြပ်ဝတ္ထုတို့အား မျှတညီညွတ်သောအင်အားဖြစ်လာ စေပြီး သက်မဲ့ဒြပ်စုံမှသည် သက်ရှိသတ္တဝါဖြစ်ပေါ် လာစေရန်ကား ယထာဘူတ သဘာဝဓာတ်ခွဲခမ်း ကြီးမှ ဖန်တီးထုတ်လုပ်သလောက် မမြန်ဆန် မတိုး တက်နိုင်မည်ပင် ဖြစ်ပေသည်။

၃။ သက်မဲ့ဒြပ်ထုနှင့် သက်ရှိသတ္တဝါ ( ရုပ်နှင့် စိတ် ) တို့သည် လုံးဝ သီးခြား သဘောတရား တခြားစီ မဟုတ်ကြောင်းကိုမူကား သိပ္ပံပညာရှင်တို့က ခံယူ

ထားပြီးဖြစ်သော်လည်း အမှန်စင်စစ်ရုပ်နှင့်စိတ်သည် တခြားစီသာဖြစ်ပြီးလျှင် တခြားစီ မဖြစ်စကောင်း သောအရာများလည်းဖြစ်ပေသေးသည်။ ဤသဘော တရားကို သိမြင်ရန် များစွာလိုအပ်ပါသည်။

၄။ ယထာဘူတ သဘာဝ ဓာတ်ခွဲခန်းကြီးမှ ဤကမ္ဘာ လောကကြီးတွင် နေနှင့်လ၊ မြေနှင့်ရေတို့ ရှိနေသမျှ ကာလပတ်လုံး လေရှိနေဘိသကဲ့သို့ သက်မဲ့ဒြဗ် ရုပ်ထုတွေ(ကုန်ကြမ်းတွေ)ရှိနေသမျှ ကာလပတ်လုံး သက်ရှိ သတ္တဝါတွေကို ဤကမ္ဘာ လောကကြီးက ဓာတ်ကြီးဟူသော ဓာတ်ခွဲခန်းကြီးမှ အစဉ်မပြတ် ထုတ်လုပ်ပေးနေဦးမည်သာ ဖြစ်လေသည်။ဗုဒ္ဓဘုရား တို့၏ နှုတ်သိမ်းမှုဘက်က ရှုံးချင် ရှုံးပေလိမ့်ဦးမည်၊ သဘာဝတရား၏ ဓာတ်ခွဲခန်းကြီးမှ ထုတ်လုပ်မှုကား ရှုံးဘွယ်အကြောင်းကို မမြင်နိုင်ပေ။

၅။ သိပ္ပံနည်းအားဖြင့် ဝိညာဉ်ဓာတ်ကို သက်မဲ့အရာ ဝတ္ထုများမှ ဖန်တီးသဖြင့် ရနိုင်ကြောင်း အတည် ပြုထားပုံကလေးမှာ ဓာတုပစ္စည်းများကို လျှပ်စစ် ဓာတ် ဖြတ်သန်းစေခဲ့ရာမှ သက်ရှိအရာများဖြစ်ပေါ် လာပုံကို မတော်တဆ သဘောမျိုးဖြင့် တွေ့ရှိခဲ့ လေသည်။ သို့သော် ဖြစ်ပေါ်လာသော သက်ရှိ သတ္တဝါများသည်(က) ဓာတ်ပေါင်းများမှ ရုတ်တ

ရက် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းမျိုးနှင့် (ခ) မူလကပင် ခွာတ်ပေါင်းများ အတွင်း၌ သေဆုံးနေခဲ့ကြသော သက်ရှိအရာများဖြစ်ခဲ့ဘူးလေသလားဟူ၍ ရှင်းလင်း သိသာရန်ခက်ခဲခဲ့လေသည်။

၆။ စီလီကပ်ပိုတက်နှင့် ဟိုက်ဒရောလစ် ငရဲမီးကိုရှောပြီး လက်သီးဆုပ်ခန့်ရှိသော သံအောက်ဆိုက်တုံး တခုကို ထည့်လိုက်ပြီး ဘက်ထရီမှ လျှပ်စစ်ခွာတ်အားကို ထိုခွာတ်ရည်အတွင်းသို့ဖြတ်သန်း၍ သံအောက်ဆိုက် တုံးသို့စီးဝင်စေလျက် ရက်သတ္တပတ် အတော်ကြာ လာသောအခါ၌ (၂-ပတ် ၃-ပတ်) လျှပ်စစ်ခွာတ် လိုက်နေသော သံတုံးသည် ၎င်းအပေါ်၌ အဖြူရောင် အရာဝတ္ထု သေးသေးကလေးများ ခိုကပ်နေသည်ကို တွေ့လာရပေသည်။ တဖန်ဆက်လက်ပြီး ရက်အတန် ကြာသော် ထိုအရာဝတ္ထုကလေးများသည် ၂-ဆမျှ ပို၍ ကြီးထွားလာလေသည်။ ၎င်းနောက်မှ အမျှင် ကလေးများ ၄-ခု ၆-ခု ၈-ခုစီ ပေါ်ထွက်လာကြ လေသည်။ ၂၆ ရက်ကြာသောအခါ၌ကား ပိုးမွှား ကောင်ကလေးများနှင့် ပို၍တူလာပါသည်၊ အမျှင် ကလေးများမှာ ခြေထောက်ကလေးများ ဖြစ်ပြီး ၎င်းတို့၏ခြေပေါ်၌ မတ်တပ်ရပ်၍ လာကြလေသည်၊ ၂၈-ရက် ကြာသောအခါတွင် အမျှင်ကလေးများ တဖြည်းဖြည်း လှုပ်ရှားလာလေသည်၊ နောက်ရက်

အနည်းငယ်ကြာသောအခါတွင်ထိုအရာကလေးများ
သည် ပိုးမွှားကောင်ကလေးများဖြစ်ခါကျောက်တုံး
မှခွါပြီး ကော့စတစ်အက်ဆစ်ရေများတွင် ရွှေလျား
ကူးခတ်၍နေတော့သည်။

၇။ ထပ်၍ ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ
ထိုအဖြူရောင်သတ္တဝါကလေးများသည် တရာကျော်
မျှ သံအောက်ဆိုက်တုံးတွင် စုဝေး၍နေကြလေသည်၊
အားကောင်းသောမှန်ဘီလူးဖြင့် သေချာစွာစစ်ဆေး
သောအခါ သတ္တဝါကလေးများမှာ တချို့က
ခြေ ၄-ချောင်း၊ တချို့ကခြေ ၆-ချောင်း၊ တချို့က
ခြေ ၈-ချောင်းရှိကြသော ခေါင်း,ကိုယ်ခန္ဓာ ပြည့်စုံ
သော သတ္တဝါကလေးများအဖြစ် တွေ့မြင်လာကြရ
ပေသည်။

၈။ အပြင်လေထု တွေ့ထိနိုင်သော နေရာတွင် စမ်းသပ်က
လေထဲမှ ဝင်ရောက် ဖြစ်ထွန်းစရာ ရှိ၍ ထပ်မံပြီး မှန်
ခန်းများမှ လေကိုထုတ်ပင်ပြီးဖန်ပြွန်များ အတွင်း၌
ရေကိုလည်း ပိုမိုကင်းအောင် အပူပေးပြီးမှ ထပ်မံ
စမ်းသပ်သော အခါ၌လည်း အထက်ပါ အတိုင်းပင်
အလားတူ အကောင် ကလေးများ ဖြစ်ထွန်းလာကြ
ရ ပြန်ပါသည်။

၉။ ထိုပိုးကောင် ကလေးများသည် လျှပ်စစ်ဓာတ် လိုက်
နေသော ဓာတ်ရည်မှ ပေါက်ပွား လာခဲ့ကြသည်

ဟူ၍ ယူဆကြရပါသည်၊ ထပ်မံ၍ သံသယဖြစ်ရပုံမှာ ထိုပိုးကောင် ကလေးများသည် သန့်စင်သော ဓာတ်ရည်တွင် အလိုအလျောက် ပေါက်ပွားဖြစ်ထွန်း လာရခြင်းလား၊ သေနေသော ပိုးကောင်ကလေးများမှ လျှပ်စစ် ဓာတ်အားနှင့် ဓာတ်ရည် တို့ကြောင့် ကိုယ်ခန္ဓာနှင့် အသက်ဝိညာဉ် ပြန်လည်ဖြစ်ထွန်း လာခြင်းလားဟု သိပ္ပံပညာသည် ယနေ့တိုင်အောင် မဖြေရှင်းနိုင်ဘဲ ရှိခဲ့လေသည်၊ ဤကား **Evolution Theory** အရ သိပ္ပံပညာမှ သာဓက တရပ်ကို ထုတ်၍ ပြပါသည်။

၆။ ဤကား သမုဒ္ဒရာကို သိပ္ပံပညာ ပေတံပြင့် တိုင်းတာခြင်းဖြစ်၏ ဗုဒ္ဓ မြတ်စွာဘုရား၏ ပဋိစ္စသမုပ္ပါဒ် တရားတော်သည် ထိုကဲ့သို့သော ပြဿနာမျိုးမရှိ ပကတိ စင်ကြယ်စွာဖြင့် အမှန်ကို အမှန် အတိုင်း၊ အရှိကို အရှိအတိုင်း၊ မရှိကို မရှိအတိုင်း အမှန်တရားကို ဖြေရှင်း နိုင်လေသည်၊ ဤကမ္ဘာလောကဓာတ် ယထာဘူတ သဘာဝ ဓာတ်ခွဲခန်းကြီးမှ နေနှင့်လ တို့ ရှိနေသမျှ ကာလပတ်လုံး မြေ-ရေ-လေ-မီး မဟာဘုတ်ရုပ် ၈-ပါး၊ အကြောင်းတရားတို့၏ ပြည့်စုံညီညွတ်မျှတသော ဥတု၏ သတ္တိ ရုပ်ဒြဗ် ပစ္စည်းတို့တွင် ကံ စိတ် ဟူသောဝိညာဏဓာတ် ပေါင်းစည်း ညီမျှဖြစ်ပေါ် လာကြရသော ထုတ်လုပ်မှုနည်း အတိုင်း မဟာပထဝီ မြေအပြင်၌ အစဉ်ပင် သတ္တဝါ


အပေါင်းတို့ကိုထုတ်လုပ်ပေးနေလိမ့်ဦးမည်ပင် ဖြစ်လေသည်။ ဤကား အနမတဂ္ဂ သံသရာ ဟူသော မူလဘူတ ပြကတူ အစ အရင်းပင် ဖြစ်လေသည်။

၇။ ယင်းမှစတင်၍သုံးဆယ့်တဘုံ၌ သဗ္ဗေ၊ ခပ်သိမ်းကုန် သောသတ္တာသတ္တဝါဟူသမျှအပေါင်းတို့သည်ဟူသောစာရင်း တွင် ဝင်လာသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်နှင့် စေတသိက် ရုပ်ကလာပ်စည်း စသည်တို့ကို ဒေသနာတော်တွင် ထင် လင်းစွာပဋိသန္ဓေစိတ်ကတခု၊စေတသိက်က ၃၃-ပါး၊ကမ္မဇရုပ် ကလာပ်စည်း ၃၀- စသော တရားတော် အစဉ်တို့တို့ ဒေသနာ တော်တွင် အထင်အရှား ရှိပြီး ဖြစ်ပါသည်၊ ထိုသည်မှ စ၍ ဝဋ္ဋဘဝ ဟူသော ဝိပါကွန္တာကို အိုနာသေ ဖြစ်တည်ပျက်တို့ ဖြင့် ဘဝကို ဆက်ခါ ကမ္ဘာတွေ သင်္ချေသင်္ချာ ဘဝတွေ အနန္တာ ၃၁-ဘုံ စုန်ဆန်မြောပါလျက် အနုတ်အသိမ်းကောင်း လှသော ဗုဒ္ဓဘုရားရှင်တို့ ဖြစ်ပွင့်ပြီး နိဗ္ဗာန်သို့ ဘဝဇာတ်သိမ်း ခန္ဓာငြိမ်း၍ပင် သွားကြရလေတော့ သတည်း။

ဤကား အကျဉ်း ဆိုးသော နည်းဖြင့် ယထာ ဘူတ သဘာဝ တရားမှန်ကို ကေန် သိမြင်နိုင်ကြရန် နည်းပင် ဖြစ် ပါသည်။

ဗုဒ္ဓ သာသနာတော်၏ အဆုံးအမ၌ တည်သူ တို့သည် အဆုံးတိုင် သာသနာတော်၌ တည်ကြပါစေ သတည်း။

(၁) အကြောင်းတရားကို စွဲ၍ ဖြစ်သော အကျိုးတရား "ပဋိစ္စသမုပ္ပါဒ်" တရားတော်ကို အလည်ပိုင်းမှ ဟောကြားသော ဒေသနာတော်ဖြစ်သည်။
(၂) အနန္တကမ္ဘာများတွင် အနန္တရဝဋ်ဘဝ ခန္ဓာ၏ ဒုက္ခသစ္စာပြ ဒေသနာတော် ဖြစ်သည်။




ကမ္ဘာတိုင်းကမ္ဘာတိုင်း , ဘဝတိုင်းဘဝတိုင်း,နိဗ္ဗာန်ရောက်ဘွယ် ကျေး-၉၁-ကိုဖြည့်ကျင့်ဆည်းပူးသောကြောင့်ဗောဓိဉာဏ်ရင့်၍ရင့်၍လာသည်

(၁) အစိန္တေယျ ဗုဒ္ဓဘုရားရှင်သည် လက်သည်းပေါ်တွင် သဲမြေ အနည်းငယ် တင်ပြီးလျှင် မဟာပထဝီမြေကြီးထု သဲမြေနှင့် နှိုင်းစာ၍ ဟောတော်မူသည်။
(၂) အချို့သော သတ္တဝါတို့သည် အနန္တကမ္ဘာများတွင် အနန္တရဘဝများဖြင့် သံသရာတွင် ကျင်လည်နေရာမှ စက်ကြီး ၄ ပါးနှင့် ကြုံဆုံခိုက်တွင် ပါရမီ ၁၀-ပါးကို ဖိုလ် ၅ ပါးဖြင့် အားထုတ် ဆည်းပူးလာကြ၍သာ ကမ္ဘာတွေ ဘဝတွေ များလှသောအခါ တဘဝထက် တဘဝ, တကမ္ဘာထက် တကမ္ဘာ တိုးတက်၍ လာရခြင်း ဖြစ်သည်။
(၃) ဝဋ်ဘဝခန္ဓာ အမျိုးမျိုးမှ ရရှိလာခဲ့သော "ဝါသနာဘာဂီ" မျိုးစေ့အားသည်လည်း ကြီးပွါး၍ လာခဲ့ရာမှ "သက်ဆိုင်ရာ ဗောဓိဉာဏ်" ရင့်၍ ရင့်၍ လာရပါတော့သည်။
(၄) အကျိုး ဝိပါက်ခန္ဓာ,ဝဋ်ဘဝခန္ဓာတို့သည် အစဉ် လှုပ်ရှားမှု ၂၄-ပစ္စည်း ကုသိုလ်,အကုသိုလ် အကြောင်းတရားများကို "ဇော ၇-ချက်"အတိုင်း "ကံကြီး ၄-ပါး"က စီရင်သည်။
(၅) သက်ဆိုင်ရာ ဗောဓိဉာဏ် ရင့်သန်လာသည်နှင့်အမျှ "အဘိဓမ္မာ"+ ပရမတ္ထပညာဉာဏ်,ဝိပဿနာဉာဏ် သည်လည်း ဖွံ့ဖြိုးလာကာ "စကျွငါးပါး"သည် လင်း၍ လင်း၍သာ လာရလေတော့သည်။ ထိုအခါ မိမိ၏ ပဋ္ဌာန်း ဆက်မိရာ ဗုဒ္ဓဘုရားရှင်များ, ပစ္စေကဗုဒ္ဓါများ, ပညာရှိ သူတော်ကောင်းများနှင့် ကြုံဆုံ ဖူးရသည်။
(၆) သံသရာဟာ အစ,ရှိထားသလို အဆုံးလည်း ရှိရမြဲပင် ဖြစ်သည်-ဟူသော "ယထာဘူတ သဘာဝဓမ္မ"အတိုင်း သီးစားပင် တပင်သည် သူ့အချိန်တန်လျှင် ပွင့်,သီး ရဘိသကဲ့သို့ ပါရမီရှင်များသည်လည်း "ဗောဓိဉာဏ်" ရင့်သန် ရင့်သန်၍ လာကာ မိမိ၏ ပါရမီဖြည့်ဘက် ဘုရားရှင် ဖြစ်ပွင့်ရာ ကမ္ဘာတခုခုတွင် ဗုဒ္ဓဘုရား ဖြစ်ပွင့်သော အခါ၌ မိမိသည်လည်း အင်္ဂါ ၃-ပါးနှင့် ပြည့်စုံလျှက် "ဗောဓိအားလျော်စွာ" သစ္စာ ၄-ပါးကို သိမြင်ရမြဲ ဖြစ်ပါသည်။
(၇) သမ္မာသမ္ဗောဓိ, ဆုရှင်များနှင့် ပစ္စေကဗောဓိ, ဆုရှင် ၂-ပါးမှာမူ သယမ္ဘူ အားဖြင့်သာ ဖြစ်ပွင့်တော်မူကြမြဲ ဖြစ်ပါသည်။

၁။ ကဿပ မြတ်စွာဘုရားသည် ကိကိ မင်းကြီးအား ဟောသည်၊

၂။ ဂေါတမ မြတ်စွာဘုရားသည် အင်္ဂုလိမာလနှင့် စပ်၍ မဟာသုတသောမ မင်းအား နန္ဒပုဏ္ဏားက ဟောသည်။ (ပေါရိသာဒဇာတ်တွင်)

၃။ လက်ာဒီပကျွန်း တောင်တခုကို မှီ၍ နေသော ရဟန်း တကျိပ်နှစ်ပါးတို့သည် မုလေးတောကိုစွဲ၍ သုမနမည်သော ရွာ၏အနီး တောင်ခြေရှိ ကညင်ပင် ကြီး၏ အရင်း၌ ညအိပ်စဉ်ပင် တပါးသော ရဟန်း ကဆောင်၍ ရွတ်၏၊ ထိုအခါ ရုက္ခစိုးနတ်က ထွက်၍ ပူဇော်သည်၊ ဆိမီးများကပ်လှူသည်၊ (၁၂)နှစ်ပတ် လုံး ဆွမ်းလှူဝတ်ပြုလေသည်။

၄။ ညှော်သည်နတ်သားကလဲ မိမိရသော ဆွမ်းဖြင့် ပူဇော် လေသည်။

## တဂါထာလျှင် အဘိုးတသိန်း ပူဇော်ရသော သတသဟဿာရဟ ဂါထာတော်

(မဓုရသဝါဟိနီ ၅၃)

၁။ သကိံ ဒေဝ မဟာရာဇ၊ သဗ္ဗိ ဟောတိ သမာဂမော သာ နံ ပါလေတိ သင်္ဂတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော၊

၂။ သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ နပါပိ-
ယော၊

၃။ ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရံပိ
ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ
သဗ္ဘိ ပဝေဒယန္တိ၊

၄။ နဘဉ္စ ဒူရေ ပထဝီစဒူရေ၊ ပါရံ သမုဒ္ဒဿ
တဒါဟုဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ သတဉ္စ ဓမ္မံ
အသတဉ္စ ရာဇ။

* နောက် (၂)ဂါထာကား ဣန္ဒဝဇိရာနှင့် ဥပေန္ဒဝဇိရာ ရောသောဥပဇာတိ ဂါထာတည်း။

၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သဗ္ဘိ၊ ကျေးဇူး ပညာနှင့် ပြည့်စုံသော သူတော်ကောင်းတို့နှင့်။ သကိံဒေဝ၊ တကြိမ်မျှလျှင်။ သမာဂမော၊ ပေါင်းဘက်မိသည်၊ ဟောတိ၊ ဖြစ်၏။ သာသင်္ဂတိ၊ ထိုပေါင်းဘက်မိခြင်းသည်။ နံ၊ ထိုပေါင်း ဘက်မိသောသူကို။ ပါလေတိ၊ ပစ္စုပ္ပန် သံသရာအပြစ်လွတ် ကြောင်းကို စောင့်ရှောက်၏။ အသဗ္ဘိ၊ ပညာမဲ့သူ ကျေးဇူးကို မသိတတ်သော သူယုတ်တို့နှင့်။ ဗဟု၊ အကြိမ်များစွာ။ သင်္ဂမော၊ ပေါင်းဘက်ခြင်းသည်။ နံ၊ ထိုပေါင်းဘက်သော

သူကို၊ နပါလေတိ၊ ပစ္စုပ္ပန်သံသရာ အပြစ်လွတ်အောင် မစောင့်ရှောက်ပေ။

၂။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗိဝေ၊ ပညာရှိသောသူ၏ ကျေးဇူးကို သိသောသူတို့နှင့်သာ။ သမာသေထ၊ ပေါင်းဘော်ရာ၏။ သဗ္ဗိ၊ ပညာရှိသော သူတို့၏ ကျေးဇူးကိုသိတတ်သော သူတော်ကောင်းတို့နှင့်။ သမ္ဘဝံ၊ အဆွေခင်ပွန်းဘွဲ့ခြင်းကို။ ကုဗ္ဗေထ။ ပြုရာ၏။ သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ချီးမွမ်းထိုက်သော ကျင့်ဝတ်တရားမြတ်ကို။ အညာယ၊ သိ၍။ ဇီဝန္တော၊ အသက်ရှင်သောသူသည်။ သေယျော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ နဟောတိ၊ မဖြစ်။

၃။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ သုစိတ္တာ၊ အဆန်းတကြွယ် ပြုအပ်ကုန်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဝေကေန္တေန၊ စင်စစ်သဖြင့်၊ ဇီရန္တိ၊ ဆွေးမြေ့ အိုပျက်တတ်ကုန်၏။ အထော၊ ထိုမှို၊ သရီရံပိ၊ သုက္က-သောဏိတကြောင့် ဖြစ်သော မဟာဘုတ် (၄)ပါးလျှင် အကြောင်းရင်းရှိသော ကိုယ်ခန္ဓာသည်လည်း။ ဇရံ၊ အိုခြင်းသို့။ ဥပေတိ၊ ရောက်တတ်၏။ သတဉ္စ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ ဓမ္မော၊ အကျင့်သိက္ခာတရားသည်။ ဇရံ၊ အိုခြင်းသို့။ နဉပေတိ၊ မရောက်၊ သန္တော၊ သူတော်ကောင်းတို့သည်။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ ဟဝေ၊

စင်စစ်၊ ပဝေဒယန္တိ၊ ပြောဘက်ပြုကုန်၏၊ လေးမြတ်စွာချစ်ကြည်ကုန်၏။

၄။ နဘဥ္စ၊ ကောင်းကင်သည်လည်း။ ပထဝိတော၊ မြေပြင်မှ၊ ဒူရေ၊ ဝေးလံ၏။ ပထဝိစ၊ မြေကြီးသည်လည်း။ နသော၊ ကောင်းကင်မှ၊ ဒူရေ၊ ဝေးလံ၏။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏၊ ပါရံ၊ ကမ်းတဘက်နှင့်တဘက်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကမ်းနှစ်ဘက်သည်။ ဒူရေ၊ ဝေးလံ၏ဟူ။ အာဟု၊ ဆိုကြကုန်၏။ [illegible]ဟော၊ ယုံထက်ကား၊ မဟာရာဇ၊ မင်းမြတ်။ သတံ၊ သူတော်သူမြတ်တို့၏။ ဓမ္မဥ္စ၊ ကျင့်ဝတ်သိက္ခာ တရားသည်ရင်း၊ အသတံ၊ မသမာသူယုတ်တို့၏။ ဓမ္မဥ္စ၊ ကျင့်ဝတ်တရားသည်ရင်း။ ဟဝေ၊ စင်စစ်။ ဒူရတရံ၊ အလွန်လျှင် ကွာဝေးလှခြင်းဟူ၍။ ဝဒန္တိ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ဆိုကြကုန်၏။

## မေတ္တာ၏ အကျိုး တရားများ

**လင်္ကာ**—မေတ္တာပွါးမျိုးရအကျိုးကား အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနတ်၊ စောင့်မှတ်နတ်များ၊ ဆိပ်ကားမနှံ့၊ စိတ်ပျံ့တည်ကြည်၊ လှသည်မျက်နှာ၊ သေခါမတွေ့၊ ဖြစ်လေဗြဟ္မာ၊ ဆဲ့တခါစဉ်၊ အာနိသင်ကို၊ လျင်လျင်အမြဲ၊ ရ၏မှတ်။ ။

## ဓမ္မဒါယာဒသုတ် ပါဠိတော်

၁။ မျက်မှောက်သော ဘဝ၌၊ အပြစ် ဘေးဒဏ် အပေါင်းမှ၊ ကင်းလွတ်စေသည်။

၂။ တန်ခိုးကြီးသော နတ်များ၏၊ ကာကွယ် စောင့်ရှောက်ခြင်းကို ခံရသည်။

၃။ ရန်သူမျိုးငါးပါး ဘေးမှ၊ ကင်းဝေးစေသည်။

၄။ သူတပါးတို့၏ လုံ့လပယောဂဖြင့်၊ အသက် စည်းစိမ်မှ ကင်းလွတ်စေသည်။

၅။ ဥပဒ္ဒဝေဒက ကံဆိုးများ၊ မကျမရောက်နိုင်ကုန်။

၆။ ခပ်သိမ်းသူ အပေါင်းတို့၏၊ ချစ်ခင်မြတ်နိုးခြင်းကို ရရှိသည်။

၇။ စိတ်သောက ဗျာပါဒ ဒုက္ခများ၊ မနှိပ်စက် နိုင်ကြကုန်။

၈။ မကောင်းသော အတတ်ပညာ၊ နတ်ဘီလူး နတ်မိစ္ဆာများ၊ မကျရောက် မနှိပ်စက်နိုင်ကြကုန်။

၉။ သမထ, သမာဓိတရားကို၊ ပီတိ ဓာတ်အားဖြင့်၊ အခြေခိုင်ခံ့စေသည်။

၁၀။ ဝိပဿနာ ပညာဉာဏ်၏ အခြေခံတရားကို ဖြစ်စေသည်။

၁၁။ သုခပဋိပဒါလမ်းဖြင့် ချမ်းသာစွာ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်သည်။

၁၂။ ဒုတိယဘဝတွင်၊ ပဌမစျာန် ဖြဟ္မာ့ဘုံ၊ ဒုတိယဘုံ၊ တတိယဘုံတွင် ဖြစ်ပြီး အကနိဋ္ဌာဘုံသို့ မရောက်မီ ပရိနိဗ္ဗာန်သို့ စံဝင်နိုင်ဘည်။ (ဘုံစဉ်စံ)

ဤကား ပါဠိတော် ဒေသနာအရ မေတ္တာ၏ အကျိုးများတည်း။

---

## မေတ္တာပို့ ဆုတောင်း ဂါထာ

၁။ တေန သစ္စေ သုခါယန္တု၊ ဇနာ ဣဋ္ဌာ မင်္ဂနော၊
ပရေသံ ဟိတ မိစ္ဆေယျုံ၊ ဟိတံ မေ ဣစ္ဆိတံ ပရော။
၂။ နညာ ဒုက္ခ မိစ္ဆေယျုံ၊ မာ မေ ဒုက္ခံ ဣစ္ဆိတံ ပရော၊
နဟိံ သေယျုံ ပရံ ပါဏံ၊ မာ မံ ဝိဟိံသတံ ပရော။
၃။ နစ ဘဝေ အဟံ ဝေရီ၊ မာ ဝေရီ ဟောတု မေ ပရော၊
ကုမဂ္ဂဉ္စ ဝိဝဇ္ဇေတွာ၊ ဉဇုံ သုမဂ္ဂံ,ဇဂ္ဂါ ဘဝေ။

၁။ ဇတေန၊ ထိုကုသိုလ်ကောင်းမှု အထူးထူးဟို့ကြောင့်။ သစ္စေ၊ ခပ်သိမ်းကုန်သော။ ဇနာ၊ လူ,နတ်,ဖြဟ္မာ,သတ္တဝါ ဟူသမျှ အပေါင်းတို့သည်။ ဣဋ္ဌာ မင်္ဂနော၊ လိုအပ်သမျှ ဣဋ္ဌထွေထွေ ကျက်သရေ အမျိုးမျိုးနှင့် ပြည့်စုံကြကုန်သည် ဖြစ်၍။ သုခါယန္တု၊ ကိုယ်စိတ် ရွှင်လန်း၍ ချမ်းသာကြပါစေ ကုန်သတည်း။ အဟံ၊ ငါသည်။ ပရေသံ၊ သူတပါးတို့၏။ ဟိတံ၊ အကျိုးစီးပွါးကို။ ဣစ္ဆေယျုံ၊ လိုလား နှစ်သက်ရလို၍။

ပရော၊ သူတပါးတို့ကလည်း။ မေ၊ ငါ၏။ ဟိတံ၊ အကျိုး စီးပွါးကို။ ဣစ္ဆိတံ၊ လိုလား နှစ်သက်ပါစေသတည်း။

၂။ အဟံ၊ ငါသည်။ အညဿ၊ သူတပါး၏။ ဒုက္ခံ၊ ဆင်းရဲကို။ နဣစ္ဆေယျံ၊ မလိုလား မနှစ်သက်ရလို။ ပရောစ၊ သူတပါးတို့ကလည်း။ မေ၊ ငါ၏။ ဒုက္ခံ၊ ဆင်းရဲကို။ မာဣစ္ဆိတံ၊ မလိုလာ မနှစ်သက်ပါစေသတည်း။ အဟံ၊ ငါသည်။ ပရံ ပါဏံ၊ တပါးသော သတ္တဝါကို။ နဟိံသေယျံ၊ မညှဉ်းဆဲ ရလို။ ပရောစ၊ သူတပါးတို့ကလည်း။ မံ၊ ငါ့ကို။ မာဝိဟေသတံ၊ မညှဉ်းဆဲဘဲ ရှိပါစေသတည်း။

၃။ အဟံ၊ ငါသည်။ ပရေသံ၊ သူတပါးတို့၏။ ဝေရီ၊ ရန်သူသည်။ နဘဝေ၊ မဖြစ်ရလို။ ပရောစ၊ သူတပါးတို့ကလည်း။ မေ၊ ငါ၏။ ဝေရီ၊ ရန်သူသည်။ မာ ဟောတု၊ မဖြစ်ဘဲ ရှိပါစေသတည်း။ ပါဏိနော၊ သတ္တဝါအပေါင်း တို့သည်။ ကုမဂ္ဂဥ္စ၊ လမ်းဆိုး,လမ်းယုတ်,လမ်းမှားကိုရင်း။ ဝင်္ကဥ္စ၊ လမ်းကောက်, လမ်းညစ်ကို ၎င်း။ ဝိဝဇ္ဇေတွာ၊ ရှောင်ကွင်း ဖယ်ကြဉ်၍။ သုမဂ္ဂံ၊ ကောင်းမြတ်သော ကျင့်စဉ် လမ်းကို။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ ယန္တု၊ လိုက်သွား နိုင်ပါစေသတည်း။ အဟဥ္စ၊ ငါသည် တမူလည်း။ ကုမဂ္ဂဥ္စ၊ လမ်းဆိုး,လမ်းယုတ်ကိုရင်း။ ဝင်္ကဥ္စ၊ လမ်းကောက်,လမ်းညစ် ကိုရင်း။ ဝိဝဇ္ဇေတွာ၊ ဖယ်ရှောင် ကွင်း၍။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ သုမဂ္ဂေ၊ လမ်းမှန်,လမ်းကောင်းသို့ လိုက်ကျင့် သွားနိုင်သည်။ ဘဝေ၊ ဖြစ်ရပါလို၏။

## ကထိန်ခင်းခြင်း အကြောင်းအကျိုးများ

၁။ ကျေးဇူးရှင်ဆရာဘုရားသည် ခပ်သိမ်းသော ပါရမီရှင်များ၏ ပါရမီသမ္ဘာရ တိုးတက်စိမ့်သောငှါ ဗုဒ္ဓသာသနာပြုလုပ်ငန်းတရပ်ဖြစ်သော ကထိန်ခင်းခြင်း ဒေသနာတော်ကို မိန့်မှာတော် မူလိုက်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဝါတော် ၂၄၊ သက်တော် ၅၉ နှစ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ကထိန်ခွင့်ပြုတော်မူပါသည်။ ကထိန်ကာလသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ ရက်ပေါင်း(၃၀) ကထိန်ခေတ်အဖြစ် ခွင့်ပြုတော်မူပါသည်။ သံဃာငါးပါး ရှိလျှင် ကထိန်ခင်းနိုင်ပါသည်။

၂။ ပါဝေယျတိုင်းသား သုံးကျိပ်သော ရဟန်းတို့ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ ထိုရဟန်းတို့သည် တိစီဝရိက်ဓုတင်ဆောင်၍ ဝါကျွတ်သော် သာကေတမှ ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးကြွလာစဉ် မိုးကြီးမိသဖြင့် ရွှံ့ရေအလူးလူးဖြစ်နေသော ဒုက္ခကို တွေ့မြင်ရသောကြောင့် မဟာကရုဏာတော်ထားပြီးခွင့်ပြုတော်မူသည်။ ကထိန်မှာ သံဃာတော်များ၏အလုပ်သာဖြစ်လေသည်။ "ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿဒေမ"ဟူ၍ (၃)ခါဆို၍ကပ်လှူရပါသည်။ "ဤသင်္ကန်းကို ကထိန်ခင်း၊ခြင်းငှါ သံဃာတော်တို့အား ကပ်လှူပါကုန်၏"ဟုဆိုပြီး လှူဒါန်းကြရသည်။

၃။ **ကထိန်၏ အကျိုးကို သံဃာတော်များ ခံစားရသည်မှာ....**

(၁) ဆွမ်းဘောဇဉ်ဖြင့် ဖျက်သင့်သည် ဖြစ်လျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ဒါယကာအိမ်သို့သွားခြင်း၊
(၂) တိစီဝရိက် အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို မယူမူ၍သွားနိုင်ခြင်း၊
(၃) အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းတို့ကိုသုံးနိုင်ခြင်း၊
(၄) ဂဏဘောဇဉ်ကိုသုံးဆောင်နိုင်ခြင်း၊
(၅) အသင့်ဖြစ်ပေါ်လာသော သင်္ကန်းတို့ကို ခံယူနိုင်ခြင်း ဟူသောအာနိသင် ၅-ပါးရှိပါသည်။

၄။ **ဒါနရှင် ဒါယကာ—ဒါယိကာမများက ရရှိသော အကျိုးမှာ....**

(၁) သူတပါးအပေါ်၌ အစိုးရခြင်း၊
(၂) လူနတ်တို့ပူဇော်ခံရခြင်း၊
(၃) ရတနာရွှေငွေ ဥစ္စာမိုးမြေ ပေါများကြွယ်ဝခြင်း၊
(၄) မိမိ နှစ်သက်[illegible] စား[illegible]ာက်ဘွယ်များ ပေါများရရှိခြင်း

(၅) မိမိနှစ်သက်သောအဝတ်တန်းဆာများ ပြည့်စုံ ရရှိခြင်း။
(၆) ရွှေအဆင်းကဲ့သို့လှပခြင်း၊
(၇) အညစ်အကြေးသန့်ရှင်းစင်ကြယ်ခြင်း၊
(၈) ကိုယ်ခန္ဓာမှအရောင်အဝါများထွက်ခြင်း၊
(၉) ဘုန်းတန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊
(၁၀) အသားအရေများ ဝါဂွမ်းကဲ့သို့ နူးညံ့သိမ် မွေ့ခြင်း၊
(၁၁) ဘေးဥပဒ်ကင်းဝေးပြီးကျန်းမာသန်စွမ်းရခြင်း
(၁၂) နိဗ္ဗာန်အမတသို့ချမ်းသာစွာစံဝင်နိုင်ခြင်း ဟူ၍ ၁၂-ပါးရရှိပါသည်။

၅။ အရိယာဝိဇ္ဇာခေတ်ဝင် ပါရမီရှင် အပေါင်းတို့သည် ခေတ်ပေါင်း၍ မိမိတို့တိုင်းနယ်မြေရှိ ဗသမမ္မ သံဃာတော် များရှိရာ ဩဝါဒစရိယဆရာတော် သံဃာတော်များ ရှိရာ ကျောင်းတော်များတွင် ဗသမမ္မရိပ်သာ ကျောင်းတော်များ တွင် မိမိတို့စွမ်းရည်ရှိသလောက် ဗိုလ် ၅-ပါး လက်ကိုင်ထား ပြီး "ကထိန်သင်္ကန်း" ကပ်လှူခြင်း ကောင်းမှုမြတ်ကို ပြုလုပ် နိုင်ကြပါကြောင်း။

၆။ ဘုရား ချီးမွမ်းသောအကျိုး ( မြဲသောအကျိုး ) ကုသိုလ်တို့၏ မြဲသောအကျိုးကို ရခြင်းနှင့်အတူ နိဗ္ဗာန်စံဝင် နိုင်ခြင်း (အတုလကာရီ-ဇာတကထုံး) ဝဋ်ကြွေး အချို့မှ ကင်းလွတ်စေခြင်း(သုတ္တန်မှအကျိုး)တို့ ထူးကဲပါသည်။

## သုတ္တန္တပိဋကတ် သစ္စကသုတ် ပါဠိတော်အရ ဗုဒ္ဓဘာသာ အခြေခံတရား

၁။ ဗုဒ္ဓ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ပေါက်သော ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အဂ္ဂိဝေဿန မည်သော သစ္စက ပရိဗိုဇ်သည် အရှင်အဿဇိထေရ်မှ တဆင့် ဗုဒ္ဓဘုရားထံသို့ ကြီးစွာသော ကြိမ်းပချက် ပြုခါ လိစ္ဆဝီမင်းသား ငါးရာ ခြံရံ ရောက်လာပြီး ပရိသတ်စုံ ဗိုလ်ပုံ အလယ်၌ အမေးပုစ္ဆာဝါဒ တင်လေ သဖြင့် ဘုရားရှင် ဟောတော် မူလေသည်။

၁။ ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ခံစားခြင်းသည် အမြဲမရှိ၊ မှတ်သားခြင်းသည် အမြဲမရှိ၊ ပြုပြင် စီရင်မှုသည် အမြဲမရှိ၊ အထူးသိမှု ဝိညာဉ်သည် အမြဲမရှိ။
၂။ ရဟန်းတို့ ရုပ်သည် ကိုယ်အတ္တ မဟုတ်၊ ခံစားခြင်းသည်ကိုယ်အတ္တ မဟုတ်၊ မှတ်သား ခြင်းသည် ကိုယ်အတ္တ မဟုတ်။
၃။ ရဟန်းတို့ အလုံးစုံသော ပြုပြင် စီရင်မှုတို့သည် အမြဲမရှိ၍ အလုံးစုံသော တရားတို့သည် ကိုယ်အတ္တမဟုတ်ကုန်၊ အစိုးမရ၍ မမြဲသောကြောင့် ဆင်းရဲခြင်းမှန်ကြောင်း ဟောတော်မူသည်။

၂။ ဗုဒ္ဓဘာသာ တရားတော်သည် "အနတ္တ ဝါဒ" ကို လက်ကိုင် ထားပြီးလျှင် လက်မခံခြင်း (၃) ပါးနှင့် လက်ခံ

ခြင်း (၁)ပါးပေါ်၌ အခြေစိုက် ထားလေသည်၊ လက်မခံခြင်း(၃)ပါးမှာ—

၁။ **နိမ္မာန**–ဖန်ဆင်းတော်မူသော ဘုရားကို လက်မခံခြင်း ထိုဖန်ဆင်းသော ဘုရားကို လက်ခံလိုက်လျှင်၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ပြစ်ပယ်ရာ ရောက်လေသည်၊ ကြောင်း ကျိုး ဆက်တရား ဖြစ်သောကမ္မသကတာဉာဏ်ကို ဆန့်ကျင်သော ကမ္မသမ္မောဟဖြစ်လေသည်။

၂။ **ဣဿရ**–အစိုးရသော ဘုရား၊ သတ္တဝါတို့ကံကို စီရင်စိုးပိုင်သော ဘုရားကို လက်မခံခြင်း၊ ထိုဣဿရကို လက်ခံလျှင်ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့ကိုငြင်း၊ ကမ္မသတ္တော ဝိဘဇ္ဇတိ၊ စိတ္တေန နီယျတေ လောကောကို ငြင်း၊ကံနှင့် ကံ၏အကျိုးပေး သဘောတရားကို လက်မခံရာ ရောက်လေသည်။

၃။ ဂန္ထ မည်သည့် ကျမ်းဂန် ကိုမှ အခိုင်အမာ ဟုတ်ပြီးဟူ၍ လက်မခံခြင်း၊ လက်ခံလိုက်လျှင် လူတို့၏ ကိုယ်ပိုင်ဉာဏ် ကွန့်မြူးခွင့် လူ့အသိတရား ပါရမီ စွမ်းအား ဗောဓိဉာဏ်ကို၊ လက်မခံ၍ လူမပီသရာ ရောက်လေသည်၊ လူ့ဉာဏ်ဟူသည် အဆုံးအဆ အတိုင်းမသိ နိုင်ပေ။

၃။ လက်ခံခြင်းတပါးမှာ–ဘဝအေလျှင်ကို အတိတ်အနာဂတ်အားဖြင့် လက်ခံလေသည်။လက်မခံလျှင် တဘဝစံ ဥစ္ဆေဒ

ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ အမိုက် တိုက်သို့ ကူးဝင်သွားရာ ရောက်လေသည်။

ဗုဒ္ဓဘာသာသည် ဤအခြေခံ(၄)ခု ပေါ်၌ အခြေတည်၍ အနတ္တဝါဒကို ကိုင်စွဲခါ၊ ဒုက္ခသစ္စာမှသည်၊ သစ္စာ(၄)ပါး တရားမြတ်ကို ပေါက်ရောက် သိပိုင်ရန် ဖြစ်လေသည် ။

၄။ ဓမ္မပဒ အလိုအားဖြင့် ဗုဒ္ဓဘာသာ ဖြစ်ရန် သရဏဂုဏ်(၃)ပါး တည်လျှင် ဗုဒ္ဓဘာသာ ဖြစ်ကြောင်း အင်္ဂါ တပါးသာ ရှိပြီး အဘိဓမ္မာ အလိုအားဖြင့်မူ အင်္ဂါ(၁)ပါး ရှိပါသည်။

၁။ ကံနှင့်ကံ၏ အကျိုးပေးတရား၌ ကမ္မသကတာ ဉာဏ်ဖြင့် သက်ဝင်ရာတွင်၊ ဇော ၇ ချက်တွင် ကံ ၄-ပါးဖြင့် အကျိုးပေးပုံကို ကောင်းစွာ သက်ဝင် သိမြင်ခြင်း။

၂။ ပဋိစ္စ သမုပ္ပါဒ် တရားတော်ကို အင်္ဂါ ၁၂-ပါးလုံး သဘောပေါက် လက်ခံ ယုံကြည်သူ ဖြစ်ခြင်း။

၃။ သဿတ ဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ ၂-ဘက်စွန်း လွတ်အောင် ဘဝ၊ ခန္ဓာငါးပါးတွင် ယုံကြည် ယူဆခြင်း။

သုတ္တန် ဒေသနာတော် အလို အားဖြင့် အင်္ဂါ ၅-ပါး ပြည့်စုံလျှင် ဗုဒ္ဓဘာသာ ဖြစ်လေသည်။

ဗုဒ္ဓကရဏ ၄-ပါး

၁။ ပြုနိုင်ခဲ့သောအရာကို—ပြုနိုင်ရပါမည်။

၂။ စွန့်နိုင်ခဲ့သောအရာကို—စွန့်လွှတ်ရသည်။

၃။ ပေးနိုင်ခဲ့သောဝတ္ထုကို—ပေးနိုင်ရာသည်။
၄။ သည်းခံနိုင်ခဲ့သောအမှုကို—သည်းခံနိုင်ရာသည်။

ဗုဒ္ဓကိုရသည့် သူတပါးတို့ထက် သဒ္ဓါ-ဝီရိယ-ပညာဉာဏ် ကြီးမြတ်သူဖြစ်၍"အသိတရား"လည်း ကြီးမြတ်ရာ ဤတရား ၄-ပါးကား ဘုရားအဖြစ်ကို ပြုတတ်သော တရားပါတည်း။ ထူးသော ဥဏ္ဏာလုံမွေ့ရှင်တော်ဖြစ်လာခဲ့လေသည်။

## စတုဝေသာရဇ္ဇဉာဏ်(ဂုဏ်) ၄-ပါးမှာ

ဗုဒ္ဓသည် ဝိတသာရဒ-ရွှံရှာခြင်း ကင်း၍ ရဲရင့်ခြင်းသို့ ရောက်သောတရား ၄-ပါး၊ ချစ်သားရဟန်းတို့ ဤ ၄-ပါး သောတရား၌ ငါဘုရားသည် ရွံရှာခြင်းကင်းတော်မူ၏။

(၁) သစ္စာ ၄-ပါးတရားမြတ်ကိုသိ၏ဟု ငါဝန်ခံသည်။
(၂) အာသဝေါတရား ၄-ပါးကုန်၏ဟု ငါဝန်ခံသည်။
(၃) ပါရာဇိကစသောမကောင်းမှုသည် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု ငါဘုရား ဟောတော်မူသည်။
(၄) အကျင့် သီလ စသော မဂ္ဂင် ၈-ပါး တရားသည် သံသရာမှ ထွက်မြောက်ကြောင်း ဟူ၍ ငါဘုရား ဟောတော်မူသည်။

ဤ ၄-ပါးသောအရာ၌ တစုံတယောက်သော ရဟန်း ပုဏ္ဏား, နတ်, မာရ်, ဗြဟ္မာ တို့သည် မဟုတ်လေတကားဟု စောဒနာလတ္တံ့ဟူ၍ မမြင်သောကြောင့် ရဲရင့်ခြင်းသို့ရောက် တော်မူ၏။

# နိဂုံး

၁။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိ ဒုလ္လဘော ဟူသော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ ချီးပကော်ရော် ပူဇော်အပ်သော စကားကိုပင် ထပ်မံ၍ ဂုဏ်ပြု ထောမနာ ပူဇော်အပ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် လောကီတခွင်တွင် ဗုဒ္ဓ ဘုရားရှင်သည် သာလျှင် **အဓိက, ပဓာန** အကျဆုံးသော အတိ ဒုလ္လဘဓမ္မ ဖြစ်ခြင်းကြောင့်ပါတည်း၊ ဗုဒ္ဓဘုရား ပွင့်မှသာ ဓမ္မတရား, သံဃာများ ဖြစ်ထွန်းလာပြီးလျှင် သတ္တဝါ ဝေနေယျ အများတို့ မှာလည်း နေတွေ့သော ကြာပဒုမ္မာ ကဲ့သို့ ဖြစ်ပါသတည်း။

၂။ ထို ဗုဒ္ဓဘုရားရှင်၏ အနန္တ ဂုဏ်ကျေးဇူးတော် မြတ်ဖြင့်သာ ဤကဲ့သို့သော ဓမ္မဒေသနာတော် နယသာဂရ ကျမ်းတော်ကို ပြုစု ချီးပရခြင်း ဖြစ်ပါသဖြင့်၊ ထို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဂုဏ်ကျေးဇူးတော်တို့ကို ခပ်သိမ်းကုန်သော ဝေနေယျ အများတို့ အကျိုးခံစား ချမ်းသာတကာ တို့၏ အထွတ် အထိပ် ဖြစ်သော အတိသိဝ, မဟာနိဗ္ဗာန ခေတ်ကြီးကို ရရောက်မည် ဖြစ်သောကြောင့် ပါတည်း။ ခံစံကြရခြင်း ပြီးစီးကြပါစေ သတည်း။

၃။ ဤဓမ္မ ကျမ်းငယ်ဖြင့် ကျေးဇူး ကြီးမြတ်လှပေသော မွေးသည့် မိခင်ဘခင် ကျေးဇူးရှင်နှစ်ပါး အစထား၍ အနန္တ ငါးပါးတို့အား ပူဇော်အပ်ပါသည်။

၄။ ဓမ္မကထိက, ဓမ္မာစရိယ ပုဂ္ဂိုလ်မြတ်တို့သည် ဤတရားခေါင်းစီး စာမူဖြင့် ပဋ္ဌာနထားပြီး ဝေနေယျအပေါင်းတို့အား သနားမေတ္တာ ကရုဏာထား၍ ဓမ္မဒေသနာတော်ချီးမြှင့်ခြင်း ပြုကြပါရန်နှင့် ခပ်သိမ်းသော သူတော်စင်အပေါင်းတို့ သည်လည်း ဤဒေသနာ ကျမ်းငယ်အား ဖတ်ရှုပြီး သက်ဆိုင်ရာ ကျမ်းများတွင် အကျယ်တဝင့် လေ့လာဆည်းပူး အားထုတ်ကြခြင်းဖြင့် လောကီချမ်းသာ မင်္ဂလာအပေါင်း လောကုတ္တရာ ချမ်းသာ ရတနာ အပေါင်းတို့ဖြင့် ပြည့်ဝမွန်းထုံ ကုံလုံပြီး ပြည့်စုံကြပါစေသတည်း။

၅။ ဤ ကျမ်းမြတ်၏ အကျိုးပြုနိုင်မည့် ဂုဏ်ကျေးဇူးကို ဗုဒ္ဓ သာသနာတော်မြတ် အတွက် အထောက် အကူ ဖြစ်ကြသည် ဆိုပါက အကျိုးကျေးဇူး သက်ရောက်သည် ဆိုပါက ဒုတိယတွဲကို ဆက်လက်၍ ထုတ်ဝေသွားရန် ရည်ရွယ် ထားပါသည်။

ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ချမ်းသာကြပါစေ။
**ညောင်ရမ်း–ဇေယျပဏ္ဍိတ။**

ဓမ္မဒေသနာ နယသာဂရမျာကျမ်း ပြီး၏။

၃။ **ကထိန်၏ အကျိုးကို သံဃာတော်များ ခံစားရသည်မှာ....**

(၁) ဆွမ်းဘောဇဉ်ဖြင့် ဖျက်သင့်သည် ဖြစ်လျက် ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ဒါယကာအိမ်သို့သွားခြင်း၊
(၂) တိစီဝရိက် အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို မယူမူ၍သွားနိုင်ခြင်း၊
(၃) အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာ မပြုသော သင်္ကန်းတို့ကိုသုံးနိုင်ခြင်း၊
(၄) ဂဏဘောဇဉ်ကိုသုံးဆောင်နိုင်ခြင်း၊
(၅) အသင့်ဖြစ်ပေါ်လာသော သင်္ကန်းတို့ကို ခံယူနိုင်ခြင်း ဟူသောအာနိသင် ၅-ပါးရှိပါသည်။

၄။ **ဒါနရှင် ဒါယကာ—ဒါယိကာမများက ရရှိသော အကျိုးမှာ....**

(၁) သူတပါးအပေါ်၌ အစိုးရခြင်း၊
(၂) လူနတ်တို့ပူဇော်ခံရခြင်း၊
(၃) ရတနာရွှေငွေ ဥစ္စာမိုးမြေ ပေါ်များကြွယ်ဝခြင်း၊
(၄) မိမိ နှစ်သက်**သော** စား**သော**က်ဘွယ်များ ပေါများရရှိခြင်း

(၅) မိမိနှစ်သက်သောအဝတ်တန်းဆာများ ပြည့်စုံရရှိခြင်း။
(၆) ရွှေအဆင်းကဲ့သို့လှပခြင်း၊
(၇) အညစ်အကြေးသန့်ရှင်းစင်ကြယ်ခြင်း၊
(၈) ကိုယ်ခန္ဓာမှအရောင်အဝါများထွက်ခြင်း၊
(၉) ဘုန်းတန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊
(၁၀) အသားအရေများ ဝါဂွမ်းကဲ့သို့ နူးညံ့သိမ်မွေ့ခြင်း၊
(၁၁) ဘေးဥပဒ်ကင်းဝေးပြီးကျန်းမာသန်စွမ်းရခြင်း
(၁၂) နိဗ္ဗာန်အမတသို့ချမ်းသာစွာစံဝင်နိုင်ခြင်း ဟူ၍ ၁၂-ပါးရရှိပါသည်။

၅။ အရိယာဝိဇ္ဇာခေတ်ဝင် ပါရမီရှင် **အ**ပေါင်းတို့သည် ခေတ်ပေါင်း၍ မိမိတို့တိုင်းနယ်မြေရှိ ဗ**သ**ဓမ္မ သံဃာတော်များရှိရာ ဩဝါဒစရိယဆရာတော် သံဃာတော်များ ရှိရာ ကျောင်းတော်များတွင် ဗသဓမ္မရိပ်သာ ကျောင်းတော်များတွင် မိမိတို့စွမ်းရည်ရှိသလောက် ဗိုလ် ၅-ပါး လက်ကိုင်ထားပြီး "ကထိန်သင်္ကန်း"ကပ်လှူခြင်း ကောင်းမှုမြတ်ကို ပြုလုပ်နိုင်ကြပါကြောင်း။

၆။ ဘုရား ချီးမွမ်းသောအကျိုး ( မြဲသောအကျိုး ) ကုသိုလ်တို့၏ မြဲသောအကျိုးကို ရခြင်းနှင့်အတူ နိဗ္ဗာန်စံဝင်နိုင်ခြင်း (အတုလကာရီ-ဇောတိကထုံး) ဝဋ်ကြွေး အချို့မှကင်းလွတ်စေခြင်း(သုတ္တန်မှအကျိုး)တို့ ထူးကဲပါသည်။

## သုတ္တန္တပိဋကတ် သစ္စကသုတ် ပါဠိတော်အရ ဗုဒ္ဓဘာသာ အခြေခံတရား

၁။ ဗုဒ္ဓ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ပေါက်သော ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အဂ္ဂိဝေဿန မည်သော သစ္စက ပရိဗိုဇ်သည် အရှင်အဿဇိထေရ်မှ တဆင့် ဗုဒ္ဓဘုရားထံသို့ ကြီးစွာသော ကြိမ်းပချက် ပြုခါ လိစ္ဆဝီမင်းသား ငါးရာ ခြံရံ ရောက်လာပြီး ပရိသတ်စုံ ဗိုလ်ပုံ အလယ်၌ အမေးပုစ္ဆာဝါဒ တင်လေ သဖြင့် ဘုရားရှင် ဟောတော် မူလေသည်။

၁။ ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ခံစားခြင်းသည် အမြဲမရှိ၊ မှတ်သားခြင်းသည် အမြဲမရှိ၊ ပြုပြင် စီရင်မှုသည် အမြဲမရှိ၊ အထူးသိမှု ဝိညာဉ်သည် အမြဲမရှိ။
၂။ ရဟန်းတို့ ရုပ်သည် ကိုယ်အတ္တ မဟုတ်၊ ခံစားခြင်းသည်ကိုယ်အတ္တ မဟုတ်၊ မှတ်သား ခြင်းသည် ကိုယ်အတ္တ မဟုတ်။
၃။ ရဟန်းတို့ အလုံးစုံသော ပြုပြင် စီရင်မှုတို့သည် အမြဲမရှိ၍ အလုံးစုံသော တရားတို့သည် ကိုယ်အတ္တမဟုတ်ကုန်၊ အစိုးမရ၍ မမြဲသောကြောင့် ဆင်းရဲခြင်း မှန်ကြောင်း ဟောတော်မူသည်။

၂။ ဗုဒ္ဓဘာသာ တရားတော်သည် “အနတ္တ ဝါဒ” ကိုလက်ကိုင် ထားမြဲးလျှင် လက်မခံခြင်း (၃) ပါးနှင့် လက်ခံ

ခြင်း (၁)ပါးပေါ်၌ အခြေစိုက် ထားလေသည်၊ လက်မခံခြင်း(၃)ပါးမှာ—

**၁။** **နိမ္မာန**–ဖန်ဆင်းတော်မူသော ဘုရားကို လက်မခံခြင်း ထို ဖန်ဆင်းသော ဘုရားကို လက်ခံလိုက်လျှင်၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ပြစ်ပယ်ရာ ရောက်လေသည်၊ ကြောင်း ကျိုး ဆက်တရား ဖြစ်သောကမ္မသကတာဉာဏ်ကို ဆန့်ကျင်သော ကမ္မသမ္မောဟဖြစ်လေသည်။

**၂။** **ဣဿရ**–အစိုးရသော ဘုရား၊ သတ္တဝါတို့ကံကို စီရင်စိုးပိုင်သော ဘုရားကို လက်မခံခြင်း၊ ထိုဣဿရကို လက်ခံလျှင်ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့ကိုရင်း၊ ကမ္မသတ္တေ ဝိဘဇ္ဇတိ၊ စိတ္တေန နိယျတေ· လောကောကို ၎င်း၊ကံနှင့် ကံ၏အကျိုးပေး သဘောတရားကို လက်မခံရာ ရောက်လေသည်။

၃။ ဂန္ထ မည်သည့် ကျမ်းဂန် ကိုမ အခိုင်အမာ ဟုတ်ပြီး ဟူ၍ လက်မခံခြင်း၊ လက်ခံလိုက်လျှင် လူတို့၏ ကိုယ်ပိုင်ဉာဏ် ကွန့်မြူးခွင့် လူ့အသိတရား ပါရမီ စွမ်းအား ဗောဓိဉာဏ်ကို၊ လက်မခံ၍ လူမပီသရာ ရောက်လေသည်၊ လူ့ဉာဏ်ဟူသည် အဆုံးအဆ အတိုင်းမသိ နိုင်ပေ။

၃။ လက်ခံခြင်းတပါးမှာ–ဘဝအလျှင်ကို အတိတ်အနာဂတ်အားဖြင့် လက်ခံလေသည်။လက်မခံလျှင် တဘဝစံ ဥစ္ဆေဒ

ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ အမိုက်တိုက်သို့ ကူးဝင်သွားရာ ရောက်လေသည်။

ဗုဒ္ဓဘာသာသည် ဤအခြေခံ(၄)ခု ပေါ်၌ အခြေတည်၍ အနတ္တဝါဒကို ကိုင်စွဲခါ၊ ဒုက္ခသစ္စာမှသည်၊ သစ္စာ(၄)ပါး တရားမြတ်ကို ပေါက်ရောက် သိပိုင်ရန် ဖြစ်လေသည် ။

၄။ ဓမ္မပဒ အလိုအားဖြင့် ဗုဒ္ဓဘာသာ ဖြစ်ရန် သရဏဂုဏ်(၃)ပါး တည်လျှင် ဗုဒ္ဓဘာသာ ဖြစ်ကြောင်း အင်္ဂါတပါးသာ ရှိပြီး အဘိဓမ္မာ အလိုအားဖြင့်မူ အင်္ဂါ(၃)ပါး ရှိပါသည်။

၁။ ကံနှင့်ကံ၏ အကျိုးပေးတရား၌ ကမ္မသကတာ ဉာဏ်ဖြင့် သက်ဝင်ရာတွင်၊ ဇော ၇ ချက်တွင် ကံ ၄-ပါးဖြင့် အကျိုးပေးပုံကို ကောင်းစွာ သက်ဝင် သိမြင်ခြင်း။

၂။ ပဋိစ္စ သမုပ္ပါဒ် တရားတော်ကို အင်္ဂါ ၁၂-ပါးလုံး သဘောပေါက် လက်ခံ ယုံကြည်သူ ဖြစ်ခြင်း။

၃။ သဿတ ဒိဋ္ဌိ၊ ဥစ္ဆေဒ ဒိဋ္ဌိ ၂-ဘက်စွန်း လွတ်အောင်ဘဝ၊ ခန္ဓာငါးပါးတွင် ယုံကြည် ယူဆခြင်း။

သုတ္တန် ဒေသနာတော် အလို အားဖြင့် အင်္ဂါ ၅-ပါး ပြည့်စုံလျှင် ဗုဒ္ဓဘာသာ ဖြစ်လေသည်။

## ဗုဒ္ဓကရဏ ၄-ပါး

၁။ ပြုနိုင်ခဲသောအရာကို—ပြုနိုင်ရပါမည်။

၂။ စွန့်နိုင်ခဲသောအရာကို—စွန့်လွှတ်ရသည်။

၃။ ပေးနိုင်ခဲ့သောဝတ္ထုကို—ပေးနိုင်ရာသည်။
၄။ သည်းခံနိုင်ခဲ့သောအမှုကို—သည်းခံနိုင်ရာသည်။

ဗုဒ္ဓကိုရသည့် သူတပါးတို့ထက် သဒ္ဒါ-ဝီရိယ-ပညာဉာဏ် ကြီးမြတ်သူဖြစ်၍ "အသိတရား" လည်း ကြီးမြတ်ရာ ဤတရား ၄-ပါးကား ဘုရားအဖြစ်ကို ပြုတတ်သော တရားပါတည်း။ ထူးသော ဥဏ္ဏာလုံမွေ့ရှင်တော်ဖြစ်လာရလေသည်။

## စတုဝေသာရဇ္ဇဉာဏ်(ဂုဏ်) ၄-ပါးမှာ

ဗုဒ္ဓသည် ဇီတသာရဒ-ရွံ့ရှာခြင်း ကင်း၍ ရဲရင့်ခြင်းသို့ ရောက်သောတရား ၄-ပါး၊ ချစ်သားရဟန်းတို့ ဤ ၄-ပါး သောတရား၌ ငါဘုရားသည် ရွံ့ရှာခြင်းကင်းတော်မူ၏။

(၁) သစ္စာ ၄-ပါးတရားမြတ်ကိုသိ၏ဟု ငါဝန်ခံသည်။
(၂) အာသဝေါတရား ၄-ပါးကုန်၏ဟု ငါဝန်ခံသည်။
(၃) ပါရာဇိကစသောမကောင်းမှုသည် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ဟု ငါဘုရား ဟောတော်မူသည်။
(၄) အကျင့် သီလ စသော မဂ္ဂင် ၈-ပါး တရားသည် သံသရာမှ ထွက်မြောက်ကြောင်း ဟူ၍ ငါဘုရား ဟောတော်မူသည်။

ဤ ၄-ပါးသောအရာ၌ တစုံတယောက်သော ရဟန်း ပုဏ္ဏား, နတ်, မာရ်, ဗြဟ္မာ တို့သည် မဟုတ်လေတကားဟု စောဒနာလတ္တံ့ဟူ၍ မမြင်သောကြောင့် ရဲရင့်ခြင်းသို့ရောက် တော်မူ၏။

# နိဂုံး

၁။ ဗုဒ္ဓေါ ဗုဒ္ဓေါ ါတိ ဃောသော အတိ ဒုလ္လဘော ဟူသော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်၏ ချီးပကော်ရော် ပူဇော်အပ်သော စကားကိုပင် ထပ်မံ၍ ဂုဏ်ပြု ထောမနာ ပူဇော်အပ်ပါသည်၊ အဘယ်ကြောင့် ဆိုသော် လောကီ တစ္ခင်တွင် ဗုဒ္ဓ ဘုရားရှင်သည် သာလျှင် အဓိက, ပဓာန အကျဆုံးသော အတိဒုလ္လဘဓမ္မ ဖြစ်ခြင်းကြောင့်ပါတည်း၊ ဗုဒ္ဓဘုရား ပွင့်မှသာ ဓမ္မတရား, သံဃာများ ဖြစ်ထွန်းလာပြီး လျှင် သတ္တဝါ ဝေနေယျ အများတို့ မှာလည်း နေတွေ့သော ကြာပဒုမ္မာ ကဲ့သို့ ဖြစ်ပါသတည်း။

၂။ ထို ဗုဒ္ဓဘုရားရှင်၏ အနန္တ ဂုဏ်ကျေးဇူးတော် မြတ်ဖြင့်သာ ဤကဲ့သို့သော ဓမ္မဒေသနာတော် နယသာဂရ ကျမ်းတော်ကို ပြုစု ချီးပရခြင်း ဖြစ်ပါသဖြင့်၊ ထို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဂုဏ်ကျေးဇူးတော်တို့ကို ခပ်သိမ်းကုန်သော ဝေနေယျ အများတို့ အကျိုးခံစား ချမ်းသာတကာ တို့၏ အထွတ် အထိပ် ဖြစ်သော အတိသီဝ, မဟာနိဗ္ဗာန ဓာတ်ကြီးကို ရရောက်မည် ဖြစ်သောကြောင့် ပါတည်း။ ခံစံကြရခြင်း ပြီးစီးကြ ပါစေ သတည်း။

၃။ ဤဓမ္မ ကျမ်းငယ်ဖြင့် ကျေးဇူး ကြီးမြတ်လှပေသော မွေးသည့် မိခင်ဘခင် ကျေးဇူးရှင်နှစ်ပါး အစထား၍ အနန္တ ငါးပါးတို့အား ပူဇော်အပ်ပါသည်။

နိဂုံး

၄။ ဓမ္မကထိက, ဓမ္မာစရိယ ပုဂ္ဂိုလ်မြတ်တို့သည် ဤတရားခေါင်းစီး စာမူဖြင့် ပဌာန်းထားပြီး ဝေနေယျအပေါင်းတို့အား သနားမေတ္တာ ကရုဏာထား၍ ဓမ္မဒေသနာတော်ချီးမြှင့်ခြင်း ပြုကြပါရန်နှင့် ခပ်သိမ်းသော သူတော်စင်အပေါင်းတို့သည်လည်း ဤဒေသနာ ကျမ်းငယ်အား ဖတ်ရှုပြီး သက်ဆိုင်ရာ ကျမ်းများတွင် အကျယ်တဝင့် လေ့လာဆည်းပူး အားထုတ်ကြခြင်းဖြင့် လောကီချမ်းသာ မင်္ဂလာအပေါင်း လောကုတ္တရာ ချမ်းသာ ရတနာ အပေါင်းတို့ဖြင့် ပြည့်ဝမွန်းထုံ ကုံလုံပြီး ပြည့်စုံကြပါစေသတည်း။

၅။ ဤကျမ်းမြတ်၏ အကျိုးပြုနိုင်မည့် ဂုဏ်ကျေးဇူးကို ဗုဒ္ဓသာသနာတော်မြတ် အတွက် အထောက်အကူ ဖြစ်ကြသည် ဆိုပါက အကျိုးကျေးဇူး သက်ရောက်သည် ဆိုပါက ဒုတိယတွဲကို ဆက်လက်၍ ထုတ်ဝေသွားရန် ရည်ရွယ် ထားပါသည်။

ဗုဒ္ဓဂုဏ်တန်ခိုးဖြင့် ချမ်းသာကြပါစေ။
ကောင်ရမ်း-ဇေယျပဏ္ဍိတ။

ဓမ္မဒေသနာ နယသာဂရများကျမ်း ပြီး၏။